
www.burmeseclassic.com

No.85, June 2014

# ဂမ္ဘီရလောက

မဂ္ဂဇင်း



ဒဂုန်ရွှေမျှား

မုံ့ဒွေးသူမြင့်

နန္ဒာမိုးကြယ်

မောင်မြင့်မား (ဗိုလ်ကလေး)

မင်းမြင့်နိုင် (ဘူးသီးတောင်)

အလင်္ကာသူရ

စန်းလွင်ဦး (ခရာမြိုင်)

တွင်းကြီးသား တင်ဝင်းဦး

ဦးသောဘိတ

ဂမ္ဘီရဆရာလှမျိုး (B.Sc)

မင်းဘုန်းသိင်္ခသူ

ဝေယံသိန်း

အောင်ကြာသက်ဝေ

– သုသာန်ထဲက မိစ္ဆာမ – တုတ်ပြီး တေးပြီးဆေး – သေရှု – ဝိညာဉ်လေလေလား ဦးတာတီး

– ကုဗ္ဗာသယကျောက်နီမျက်ရှင်နှင့် ဂမ္ဘီရကျောက်မိကျောင်းကြီး – တစ်ခုခုတော့

– ဒေါ်နုတောင်ရွှေမှ ဘဝဆက်အနွယ်တော် – မြဟုစိန်ရဲ့ ဘိုးမိုက်ဆံ

– အိပ်မက်တံတား – မီးလုံးကြီးများ – ဝိညာဉ်ကလပ်တား

– ကျွတ်သူတော်တောရောင် – ကြယ်ကြွေည

www.burmeseclassic.com

www.burmeseclassic.com



Quality Publishing Hou

သ်ချုပ်အောင်ဆန်း၏
ာ်သားဘဝနှင့်ပတ်သက်သော
ကြောင်းအရာများကို
ည်စုံစွာဖော်ပြထားသော

# စ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့





# ဗိုလ်တေဇ

ဘဝကောက်ကြောင်း
ရသဟန်အတ္ထုပ္ပတ္တိ

Quality စာတည်းအဖွဲ့

ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

# ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဒုတိယအကြိမ်




ဆုပြည့်စုံထွန်းစာပေ


အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃


http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

No-85, June 2014

# ဂမ္ဘီရလောက

အမှတ် (၈၅)၊ ဇွန်လ၊ ၂၀၁၄ ခုနှစ်


စိညာဉ်ကလဲ့စား
ဒဂုန်ရွှေမျှား ၆

စုတ်ပြီး စားပြီးအေး
မင်းမြင့်နိုင် (ဘူးသီးတောင်) ၃၄

သေလူ
ဝေယံသိန်း ၄၄

ဝိညာဉ်လေလား ဝိုးတဝါး
အလင်္ကာဒုရ ၆၀

ကုက္ကူသယကျောက်နီမျက်ရှင်နှင့် ဂမ္ဘီရကျောက်မိကျော
ဝန်းလွင်ဦး (ခရမ်း) ၈၆

တစ်ခုခုတော့ တစ်ခုခု ...
နန္ဒာမိုးကြယ် ၁၀၃

သုသာန်ထဲက မိစ္ဆာမ
တွင်းကြီးသား တင်ဝင်းဦး ၁၁၆

ဒေါနတောင်ခြေမှ ဘဝဆက်အနွယ်တော်
မုဒုံသူမွန် ၁၅၅

ပြဟ္မစိုရ် ဘိုးပိုက်ဆံ
ဂမ္ဘီရဆရာလှမျိုး (B.Sc) ၁၆၆

အိပ်မက်တံတား
အောင်ဇာသက်ဝေ ၁၈၇

မီးလုံးကြီးများ
မောင်မြင့်မား (ဗိုလ်ကလေး) ၂၀၄

ကျွတ်သူတော်စောနောင်
ဦးသောဘိတ ၂၁၆

ကြယ်ကြွေည
မင်းဘုန်းသိခ်သူ ၂၂၆

Next Month Preview ၅


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အယ်ဒီတာချုပ် | ◄► | ကိုမြင့်ထွန်း (Quality) |
| တာဝန်ခံအယ်ဒီတာ | ◄► | ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉) |
| အုပ်ချုပ်မှု အယ်ဒီတာ | ◄► | မခင်မာရွှေ |
| အယ်ဒီတာအဖွဲ့ | ◄► | ဉာဏ်လင်းထက် |

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နေဇင်လတ်၊ ရှိုင်းကိုကိုနိုင်၊ ဝေလင်းကျော်ကျော်၊ တင်မောင်မောင်ထွေး၊ မြမြသင်း၊ ဝင်းဝင်းမော်၊ ပေပာလှိုင်၊ ဝင်းဝင်းမာ နှင်းမြင့်မြတ်အောင်၊ ပိုပိုဇင်၊ အိမြ၊ ပီပီဇင်။

ထုတ်ဝေသူ
ဒေါ်ခင်မာရွှေ (ရုပ်ပြည့်ပုံထွန်းစာပေ)၊ [၀၃၉၀၅၊ (မြ)၊ အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့]

မျက်နှာဖုံး
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး လှသစ်အောင် (အင်းလျား)၊ ရန်နိုင်ဦး၊ ကိုကိုကြီး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ။

ကွန်ပျူတာနှင့် ဖလင်
Quality

ပုံနှိပ်သူ
မြို့ဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

စာအုပ်ချုပ်
တင်မေထွန်း

| | | |
|---|---|---|
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ |

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃







**Next Month**






**Preview**

www.burmeseclassic.com

www.burmeseclassic.com





လူတို့သည် စုတိစိတ်ကျပြီးနောက် ဘဝတစ်ပါးပြောင်းသွားသောအခ
ဘဝသစ်သို့ မရောက်မီအကြား တစ်ခါတစ်ရံ ရုပ်အကောင်အထည်
မရှိဘဲ ကျွန်ုပ်တို့ဘုံနှင့် တစ်စပ်တည်းတည်ရှိသော အများခေါ်ဝေါ်သည
“တစ္ဆေဘုံ” သို့ ရောက်သွားတတ်သည်ဟု ဆို၏။

# ဝိညာဉ်ကလဲ့စား ဒဏ္ဍာရီများ

www.burmeseclassic.com

www.burmeseclassic.com




ထိုဘုံမှာ နာမ်ဝိညာဉ်များသာ ကျက်စားလျက်ရှိရာ ၎င်းတို့၏ ပဋိသန္ဓေမှာ ပဋိသန္ဓေ (၄) မျိုးရှိသည့်အနက် အမိဝမ်းနှင့်လွယ်၍မွေးရသော ပဋိသန္ဓေလည်းမဟုတ်၊ ဥမှပေါက်ဖွားရသော ပဋိသန္ဓေလည်းမဟုတ်၊ သစ်ပင် ဝါးပင်တို့မှဖြစ်သည့် သံသေဒဇပဋိသန္ဓေလည်း မဟုတ်ဘဲ နတ်များ၊ ဗြဟ္မာများကဲ့သို့ ဘွားခနဲ ဖြစ်ပေါ်လာရသော ဥပပါတ်ပဋိသန္ဓေမျိုးဖြစ်လေသည်။

ထိုဝိညာဉ်ဘုံသားများမှ ကိုင်တွယ်၍ရသော ခွေးသားပင် မဟုတ်စေကာမူ ၎င်းတို့အလိုရှိရာ ရုပ်ဆင်းသဏ္ဌာန်အမျိုးမျိုးကို ဆောင်နိုင်သည့် ကမ္မဇိဒ္ဓိတန်ခိုးဟုဆိုအပ်သော သိဒ္ဓိတစ်မျိုး ပြီးမြောက်လျက်ရှိရကား ထိုသဏ္ဌာန်များကိုလည်း ကျွန်ုပ်တို့ ဘုံသားများအား တွေ့မြင်စေလိုသည့်အခါမှသာ တွေ့မြင်စေနိုင်၏။

ထိုဝိညာဉ်ဘုံမှာ ကျွန်ုပ်တို့ဘုံနှင့် တစ်ပြေးတည်းရှိသည့်ပြိုင်ဖြစ်ရသည့် ဘဝမှာလည်း အရှိန်ရှည်ညောင်းခြင်း မရှိလှသေးဘဲ လူ့ဘဝနှင့် နီးစပ်လှသဖြင့် သူတို့ဖြစ်ခဲ့သည့် ဘဝဟောင်းကို ပြန်ပြောင်း အမှတ်ရမည်ဆိုကလည်း ရနိုင်လောက်ပေသည်။

လောကဓာတ်နည်းအားဖြင့်ဆိုသော် "သေခြင်း" ဆိုသည်မှာ အခွန့်ရှည်ကြာစွာ မခံနိုင်သော အိုမင်းဟောင်းနွမ်းသည့် ရုပ်ကလာပ်ကို စွန့်ပစ်ကာ ရုပ်သစ်လဲလှယ်ခြင်းမျှသာဖြစ်၍ လူ့ဘဝမှစုတေ၍ ဤကဲ့သို့ ဥပပါတ်ပဋိသန္ဓေတည်နေသောဘဝသို့ရောက်သောအခါ အိပ်မက်မက်သောသူသည် ရုတ်တရက် နိုးလာသည်နှင့်တစ်ပြိုင်နက် ခပ်ရေးရေးမျှထင်၍ကျန်ရစ်သော မိမိ၏အိပ်မက်ကို ပြန်၍အမှတ်ရသကဲ့သို့ ရှိချေမည်။

သို့ဖြစ်ရကား ထိုဝိညာဉ်ဘုံသားများသည် တစ်ခါတစ်ရံ မိမိတို့ ရုပ်ဟောင်းသဏ္ဌာန် အသွင်အပြင်ကိုဆောင်ကာ ကျွန်ုပ်တို့၏ဘုံသို့ ပြန်လာတတ်ကြောင်းများဖြင့် ပြောသံကြားရဖူးလေသည်။ ထိုဘုံသားများသည် ကျွန်ုပ်တို့ဘုံသားများအား ကြောက်ရွံ့လှ၍ တတ်နိုင်သမျှ ရှောင်ကြဉ်ကြသည်ဆိုစေကာမူ ရံဖန်ရံခါ ၎င်းတို့သည် ကျွန်ုပ်တို့ဘုံသို့ လာရောက်လာကာ ဘေးအန္တရာယ်အမျိုးမျိုးကိုပင် ပေးတတ်သည်ဟု ယုံကြည်ကြလေသည်။

ယခုရေးသားအံ့သော အတ္ထုပ္ပတ္တိမှာ ဦးဘိုးတော်ထံမှတစ်ဆင့်ကြားသိရသည့်အတိုင်း ရေးသားခြင်းဖြစ်ရာ ဝိညာဉ်ဘုံနှင့် လူ့ဘုံအဆက်အသွယ် တစ်ခုကိုဖော်ပြသော အတော်အတန်ထူးဆန်းသည့် အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။

သို့ဖြစ်၍ ကျွန်ုပ်သည် ဦးဘိုးတော်၏ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို သူ ပြောပြသည့်အတိုင်း အောက်တွင် ရေးသားအပ်ပါသည်။

✓ ✓✓

ကျွန်ုပ်မောင်ဘိုးတော်သည် အထက်မြန်မာပြည် အမည်မဖော်လိုသော တောင်တစ်တောင်တွင် အကျဉ်းကျခံလျက်ရှိစဉ် ကျွန်ုပ်တို့မှာ တောင်မှ တောင်မှူးကြီး အခွင့်ယူ၍သွားသဖြင့် သူ၏နေရာသို့ ရန်ကုန်မှ ရို(၅)မေယာ





www.burmeseclassic.com

www.burmeseclassic.com

ဆိုသူထောင်မှူးသစ်တစ်ယောက်ရောက်ရှိလာ၏။ နောက်ရောက်လာသော ထောင်မှူးမှာ အင်္ဂလိပ်သွေး အတော်ပင်ပါသော အင်္ဂလိပ်ကုလား ကပြား တစ်ယောက်ဖြစ်၍ အသက် (၄၀) ကျော်ခန့်ရှိပြီးလျှင် အလွန်မွန်ရည်သော ရုပ်လက္ခဏာရှိလေသည်။

မျက်နှာမှာလိုက်လျောလွန်းခြင်းလည်းမရှိ၊ ကြမ်းကြုတ်လွန်းသည်လည်း မဟုတ်သော မျက်နှာမျိုးရှိ၍ တည်ကြည်ခြင်း၊ ခန့်ညားခြင်း၊ ဩဇာတိတ္တ မရှိခြင်းတို့သည် တစ်ပေါင်းတစ်စည်းတည်း ပေါင်းစပ်ထားသကဲ့သို့ ရှိဘိ၏။ အနေအထိုင်၊ အမူအရာအားဖြင့် ယခင်က ကျွန်ုပ်တွေ့ခဲ့ဖူးသော ထောင်မှူး များနှင့်မတူဘဲ တရားသူကြီးတစ်ယောက်ကဲ့သို့လည်းကောင်း၊ ဝတ်လုံ တစ်ယောက်ကဲ့သို့လည်းကောင်းရှိခနပြီးလျှင်မြန်မာစကားကောင်းကောင်း တတ်၍ ယဉ်ကျေးဖော်ရွေစွာ ပြောဆိုတတ်လေသည်။

သူ့တွင် (၇) နှစ်အရွယ် သမီးကလေးတစ်ယောက်နှင့် (၅) နှစ်အရွယ် သားယောကျ်ားကလေးတစ်ယောက်ပါလာရာ ကလေးများ၏ မိခင်မှာ မကို လူမျိုး ကုလားမတစ်ယောက်ဖြစ်ပြီးလျှင် အငယ်ဆုံးကလေး ငယ်စဉ်ကပင် ဆုံးရှာခဲ့ပြီဖြစ်ကြောင်း သိရှိရ၏။ ကလေးများအား ထောင်မှူးကြီး၏ မိခင် အိုကြီးနှင့် အာယားကုလားမ တစ်ယောက်တို့က ကြည့်ရှုရ၏။

ထောင်မှူးကြီးရောက်ပြီးနောက် သုံးရက်အတွင်း၌ပင် ထောင်သား များကို စစ်ဆေးခြင်း၊ ထောင်အလုပ်များကို ကြည့်ရှုခြင်း၊ ထောင်သားအဝင် အထွက် စာရင်းအင်း၊ ထောင်၏ ကျန်းမာရေး၊ ထောင်အုပ်ချုပ်ပုံ စသည် တို့ကိုကြည့်ရှုကာ စီမံခန့်ခွဲ၍ပြီးလေပြီ။

ထိုအတွင်း ကျွန်ုပ်သည် ထောင်မှူးကြီးနှင့် နှစ်ကြိမ်၊ သုံးကြိမ်မျှ မျက်နှာ ချင်းဆိုင်မိရာ ထောင်မှူးကြီးမှာ ကျွန်ုပ်အကြောင်းကို အတော်အတန် သိရှိပြီး ဖြစ်ဟန်လက္ခဏာနှင့် ကျွန်ုပ်အား စောင်းပါးရိပ်ခြည် ကြည့်ရှုသည်ကို သတိ ပြုမိ၏။ ထောင်တွင်း၌ ဆိုးသွမ်းသူများ၊ ဦးထုပ်ရထောင်ဗာရာများ၊ ထောင် တမန်များ၊ ၎င်းတို့အကြောင်းကို ရေးမှတ်ထားသော ရာဇဝင်အတိုကောက် များရှိရာ ထောင်မှူးကြီးမှာ ကျွန်ုပ်၏ရာဇဝင်ကို ဖတ်ပြီးဟန်ရှိ၏။



ထောင်မှူးကြီးမှာ ထိုအခါက သူနေထိုင်မည့်အခန်းကို ဆေးကြောခြင်း၊ ရှင်းလင်းသုတ်သင်ခြင်း၊ ဆေးသုတ်ခြင်း၊ အိမ်ထောင်ပရိဘောဂများကို နေရာချထားခြင်းများ ပြုလုပ်နေသဖြင့် အကျဉ်းသမားနှစ်ယောက်နှင့် ဦးထုပ်ဖြူဗာရာနှစ်ယောက်တို့က ထိုအလုပ်များကို လုပ်ကိုင်ဆောင်ရွက် ရလေရာ ကျွန်ုပ်က အုပ်ချုပ်သူ အကြီးအကဲအဖြစ်ဖြင့် လိုက်ပါရ၏။

ဤသို့ နှစ်ရက်၊ သုံးရက်မျှ ပြုလုပ်နေရစဉ်အတွင်း တစ်နေ့သော နံနက် ခင်းတွင် ကျွန်ုပ်သည် နှင်းဆီပန်းတစ်စည်းကို ထောင်ခြံအတွင်းမှ ယူလာ၍ အိမ်ရှေ့စားပွဲပေါ်ရှိ ပန်းတကောင်းတွင် စိုက်ထိုးလျက်ရှိရာ ထောင်မှူးကြီးနှင့် မျက်နှာချင်းဆုံမိ၍ ကျွန်ုပ်က အရိုအသေပြုလိုက်၏။ ထိုအခါ ထောင်မှူးကြီး လည်း ကျွန်ုပ်အား ကြည့်ပြီးနောက် ...

"ထောင်မင်းသား မောင်ဘိုးထော်မဟုတ်လား"

ဟုမေးလိုက်ရာ မြန်မာလို အတော်ပီသစွာ မေးလိုက်ခြင်းဖြစ်၍ ကျွန်ုပ် မှာ ပထမအံ့အားသင့်နေပြီးမှ ဟုတ်ပါကြောင်းနှင့် ဖြေဆိုရလေ၏။

"မောင်မင်း - ဘာမှုနဲ့ ရောက်လာသလဲ"

"ရိုက်မှုပါ - သခင်"

"ဘယ်သူ့ကို ရိုက်လို့လဲ"

"တပည့်ကလေးတစ်ယောက်က မိုက်မိုက်ကန်းကန်း ပြန်ပြောလို့ ကျွန်တော်မျိုး ဆုံးမမိတာ နံရိုးနှစ်ချောင်း ကျိုးသွားတဲ့အတွက် ကျွန်တော်မျိုး ထောင်ကျရပါတယ်"

"အရင်က ထောင်ဘယ်နခါ ကျဖူးသလဲ - မောင်ဘိုးထော်"

"ဒီတစ်ခါပါဆိုရင် (၆) ခါ ရှိပါပြီ သခင်"

"ဘာမှုတွေလဲ"

"အားလုံး ဓားထိုးမှုနဲ့ ရိုက်မှုချည်းပါပဲ"

"လိမ်တာ၊ ခိုးတာ မရှိဘူးနော်"

"ကျွန်တော်မျိုး - မလိမ်တတ်ပါဘူး။ ခိုးလည်း ဘယ်တော့မှ မခိုးဘူး"

"ဒေါသကြီးသလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒေါသကြီးတာ မဟုတ်ပါဘူး – သခင်၊ ကျွန်တော်မျိုးအပေါ်မှာ မဟုတ်တာလုပ်ရင် ဘယ်သူ့ကိုမှ မခံတတ်ဘူး၊ ပြန်လုပ်ရမှ စိတ်ကျေနပ်တယ်"

"မောင်မင်း – အကျင့်စာရိတ္တကောင်းတဲ့ အကြောင်းနဲ့ သတ္တိရှိတဲ့ အကြောင်းအရင်ထောင်မှူးကြီးက ကောင်းကောင်းရေးပစ်ခဲ့တာပဲ၊ အထက်လူကြီးများမှာ အရေးအကြောင်းရှိရင် တကယ်အကူအညီရတဲ့လူတစ်ယောက်လို့ ပြောတယ်"

"မှန်ပါတယ် – အထက်လူကြီးများကို ကျွန်တော်မျိုး ရှိသေပါတယ်"

"မောင်မင်းဇာတိ – ဘယ်အရပ်ကလဲ"

"အထက်ရွှေဘို တောဘက်ကပါ"

"ရွှေဘိုသားများဟာ အင်မတန် သတ္တိကောင်းတယ် ဆိုပါကလား၊ အင်္ဂလိပ်လို ရေးထားတဲ့ မြန်မာရာဇဝင်တွေကို ကျွန်ုပ် နည်းနည်းပါးပါး ဖတ်ဖူးတယ်"

"မှန်ပါတယ်၊ သူတို့က မျိုးချစ်စိတ် ရှိကြပါတယ်"

"မောင်ဘိုးထော် – ဘယ်ထောင်တွေမှာ တနေ့ဖြစ်ဖူးသလဲ"

"ရန်ကုန်၊ အင်းစိန်၊ မြောင်းမြ၊ သာယာဝတီ..."

"တော်ပါပြီ...တော်လောက်ပါပြီ၊ ဒါထက် ဒီထောင်က အကောင်တွေ တော်တော်ငြိမ်ငြိမ်ဝပ်ဝပ် ရှိကြရဲ့လား"

"ရှိကြပါတယ် – သခင်ကြီး၊ နို့ပေမဲ့ – သုံးလေးယောက်ကတော့ နည်းနည်းဆိုးချင်တယ်"

"သူတို့က ဘာလုပ်ဖူးလို့လဲ"

"ထောင်သားအချင်းချင်း ရိုက်ဖူးတယ်၊ ဒုတိယထောင်မှူးတစ်ယောက်ကို လက်သီးနဲ့ ထိုးဖူးတယ်၊ ထောင်မှူးကလေးကို တစ်ယောက်က ခဲနဲ့ပေါက်ဖူးတယ်၊ ဒီဟာပါပဲ"

"ထောင်သားတွေအပေါ် မောင်ဘိုးထော်က အတော်ပဲ ဩဇာညောင်းတယ်ဆိုတဲ့အကြောင်း ကျွန်ုပ် သိရတယ်"



"မှန်ပါတယ် – ကျွန်တော်မျိုးကိုတော့ သူတို့ ချစ်ကြောက်ရှိသေပါတယ်"

"ဒါမှလည်း အုပ်ချုပ်လို့ လွယ်တာပေါ့လေ၊ အချင်းချင်း အုပ်ချုပ်တာ ကျွန်ုပ်တို့လည်း သက်သာတာပေါ့"

ထိုခဏ၌ လက်ဖက်ရည်ပွဲရောက်လာသည်နှင့် ထောင်မှူးကြီးသည် ကျွန်ုပ်အား မျက်နှာခပ်ချိုချိုနှင့် ကြည့်လိုက်သဖြင့် ကျွန်ုပ်လည်း အခြားပြုလုပ်ဆောင်ရွက်ရန်ရှိသည့် အိမ်မှုကိစ္စများကို ပြုလုပ်လျက်ရှိလေ၏။

ထိုနေ့မှစ၍ ထောင်မှူးကြီးနှင့် အတော်ပင် မျက်မှန်းတန်းမိပြီဖြစ်၍ ထောင်မှူးကြီးသည် ၎င်း၏ အလုပ်ခန်းကိုလည်းကောင်း၊ အိမ်သို့လည်းကောင်း မကြာခဏခေါ်ကာ ကျွန်ုပ်အား ခိုင်းစေ၏၊ ကျွန်ုပ်ကလည်း ဝတ္တရားရှိသည့်အတိုင်း ရိုသေကျိုးနွံစွာ ဆောင်ရွက်ပေး၏။

✓ ✓ ✓

ကျွန်ုပ်မှာ ဤကဲ့သို့ ထောင်မှူးကြီးအိမ်သို့ ဝတ်ကြီးဝတ်ငယ်များကို ဆောင်ရွက်ပေးရန် မကြာခဏ ဝင်ထွက်သွားလာနေသဖြင့် ထောင်မှူးကြီးအား ပြောရဲဆိုရဲဖြစ်၍လာပြီးလျှင် ကလေးများနှင့်လည်း အတော်ပင်ခင်မင်ရင်းနှီး၍ လာခဲ့လေသည်။

ကလေးများမှာ အဖ အင်္ဂလိပ်ကပြား၊ အမိ မဂိုကုလားမတို့မှ ဆင်းသက်ပေါက်ဖွားလာသော သားသမီးများဖြစ်ကြသည့်အတိုင်း ချစ်စဖွယ်ကောင်းသော ကလေးများဖြစ်လေသည်၊ အကြီးဖြစ်သူ မေရီမှာ အသက် (၇) နှစ်ခန့်မျှရှိပြီဖြစ်၍ ဖြူဖွေးနုထွတ်သော အသား၊ ရှည်ကော့သော မျက်တောင်၊ ပြာသည်ဆိုရုံမျှ ပြာလဲ့လဲ့ရှိသော မျက်လုံး၊ နက်မှောင်သော ဆံပင်များရှိပြီးလျှင် နှာတံကောင်းကောင်း မျက်လုံးပြူးပြူးရှိနေ၏။

ဖြူဆွတ်၍ပန်းနုရောင်ပေါက်နေသော အင်္ဂလိပ်လူမျိုးတို့၏အသားနှင့် ပြာလဲ့သော မျက်လုံးများကိုလည်းကောင်း၊ မိခင်ဘက်မှ မဂိုလူမျိုးတို့၏

www.burmeseclassic.com

ပေါ်လွင်သောနှာတံနှင့် မည်းနက်သော ဆံပင်တို့ကိုလည်းကောင်း ရေစပ်ကာ အမွေရထားသကဲ့သို့ ရှိနေ၏။ နနယ်ဖြူဝင်းလျက် ဖောင်းဖောင်းမို့မို့ ရှိနေသော ပါးကလေးများမှာ အရောင်ရင့်သော ပန်းသီးကဲ့သို့ ရှိနေ၏။ မေရီမှာ မြန်မာစကားကို အတော်ပင်ပြောတတ်ပြီဖြစ်ရာ ကျွန်ုပ်လာတိုင်း ကျွန်ုပ်အနီးသို့ကပ်၍...

"ဦးလေးကြီး - ဦးလေးကြီး"

ဟု ခေါ် လေ့ရှိ၏။ ကျွန်ုပ်လည်း မေရီ၏ နူးညံ့သောပါးပြင်ကလေးများကိုကိုင်ကာ ကျွန်ုပ်၏ ကြမ်းတမ်းသော လက်များဖြင့် ပွတ်သပ်လိုက်သော အခါ မေရီသည်...

"အို - ဦးကြီးကလဲ"

ဟု ပြောကာ မျက်စောင်းထိုး၍ ကြည့်တတ်၏။ ၎င်း၏ အပြစ်ကင်းမဲ့၍ ပြာလဲ့သော မျက်လုံးကြီးများကို မြင်ရသောအခါ ကျွန်ုပ်၏ကြမ်းတမ်းမိုက်မဲသောဘဝအကြောင်းကို ပြန်ပြောင်းအောက်မေ့ကာ သတိတရားရမိ၏။ ကျွန်ုပ်၏ နေရင်းဇာတိကိုလည်းကောင်း၊ ကျွန်ုပ်၏ မိဘဆွေမျိုးများကိုလည်းကောင်း အမှတ်ရမိ၏။ မေရီသည် ငါ၏သမီးကလေးပင် ဖြစ်ပါတော့ဟု ဆုတောင်းမိ၏။ မေရီသည် ရုပ်ရည်လှပသည်မဟုတ်၊ ပါးစပ်မှလည်း ချစ်စဖွယ် တွတ်တီးတွတ်တာပြောတတ်လေရာ ကျွန်ုပ်မှာ ဤသို့ပြောဆိုရနေသည့်အချိန်များတွင် ကျွန်ုပ်၏ ရုန့်ရင်းကြမ်းတမ်းသော ဘဝကိုပင် မေ့လျော့၍ ရှိနေတော့၏။

အငယ်ဘောဘီကား အသက် (၅)နှစ်ခန့်သာ ရှိသေး၍ အလွန်ဆော့သောကလေးတစ်ယောက် ဖြစ်ရာ၊ မေရီကဲ့သို့မဟုတ်ဘဲ အရွယ်နှင့်မလိုက်အောင် ကြမ်းတမ်းလေသည်။ စကားသင်စ ဖြစ်သေး၍ မြန်မာစကားကို မပီကလာ ပီကလာပြောတတ်၏။ ရုပ်ရည်အားဖြင့် ဖခင်နှင့်တူပြီးလျှင် ခုန်လိုက်၊ ပေါက်လိုက်၊ ပြေးလိုက်၊ လွှားလိုက်၊ တက်လိုက်နှင့် အမြဲဆော့၍နေသော ကလေးဖြစ်သည့်အတိုင်းအာယားကုလားမပင် ဘောဘီအား ဆလံသ ရလေသည်။



အချိန်သည် တရွေ့ရွေ့ကုန်လွန်လာခဲ့၍ ကျွန်ုပ်၏ထောင်သက်မှာလည်း တက်၍လာသည်နှင့်အမျှ ကျွန်ုပ်၏ လွတ်မြောက်ရန် ရက်များသည်လည်း နီးကပ်၍ လာခဲ့လေပြီ။ ထောင်မှူးကြီးရောက်သည်မှ (၃)လကျော် (၄) လခန့်မျှကြာရှိသောအခါ တစ်နေ့သောနံနက်ခင်း၌ ကျွန်ုပ်သည် လက်သမားရုံတွင် ဦးထုပ်ဖြူဗာရာတစ်ယောက်နှင့် စကားပြောနေစဉ် ထောင်မှူးကြီး၏ အော်ဒလီကုလားတစ်ယောက်လာရောက်ကာကျွန်ုပ်အား ထောင်မှူးကြီးက ယခုအလိုရှိကြောင်း ပြောကြားလာသဖြင့် ကျွန်ုပ်လည်း ထောင်မှူးကြီးအိမ်သို့ လိုက်ပါသွားရလေ၏။

အချိန်မှာ နံနက် လက်ဖက်ရည်သောက်ချိန် ဖြစ်သော်လည်း ထောင်မှူးကြီးသည် စားပွဲဝိုင်းပေါ်တွင် တည်ခင်းထားသော လက်ဖက်ရည်ကို သောက်ပြီးဟန်မရှိသေးဘဲ လက်နှစ်ဖက်နောက်သို့ပစ်ကာ အခန်းထဲတွင် လူးလာတုန့်ပြန်စကြီလျှောက်လျက်ရှိသည်ကို တွေ့ရလေသည်။ ဆံပင်မှာ သပ်ရပ်စွာ မရှိဘဲ စုတ်ဖွားဖွားပွယောင်းယောင်းရှိနေရာ ထောင်မှူးကြီးသည် ဦးခေါင်းကို မကြာမကြာကုတ်ကာ ကျွန်ုပ်ဝင်လာသည်ကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် လျှောက်မြဲလျှောက်၍ နေပြန်၏။

တစ်ခဏမျှကြာလတ်သော် ကျွန်ုပ်အား လှမ်း၍...

"ဟော့ - မောင်ဘိုးထော် ရောက်လာပြီလားဟေ့"

"မှန်ပါတယ် - သခင်ကြီး"

"သိပ်ခက်တာပဲ - မောင်ဘိုးထော်။ ဒီဟာ ယုံရမှာလည်းအခက်၊ မယုံရမှာလည်းအခက်ပဲ။ ကျွန်ုပ်ကိုအကြံကလေးများ နည်းနည်းပါးပါး ပေးစမ်းပါဦး မောင်ဘိုးထော်"

"အမိန့်ရှိပါ - သခင်ကြီး၊ ကျွန်တော်မျိုး တတ်နိုင်သမျှ ကူညီဖို့အသင့်ရှိပါတယ်"

"ခက်တယ် - မောင်ဘိုးထော် - ခက်တယ်။ အထင်ခံ အမြင်ခံ ရန်သူဆိုရင် ကျွန်ုပ် မကြောက်ပါဘူး။ ဓားချင်းယှဉ်ပြီး ခုတ်မလား၊ သေနတ်ချင်းပြိုင်ပစ်ချင်သလား၊ ဒါမှမဟုတ်ရင် လက်သီးချင်းပဲ ထိုးဦးမလား၊ ကျွန်ုပ်က အဆင်သင့်ပဲ။ အခုတော့ - မောင်ဘိုးထော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုရန်သူမျိုးမို့လဲ - သခင်ကြီးရဲ့ ကျွန်တော်မျိုး ရှေ့ကနေပြီး အသေခံစမ်းပါရစေ"

"မြောင်းမြထောင်က ဂျက်ဆင်ဆိုတဲ့ ဒုတိယထောင်မှူးကလေးက ကျွန်ုပ်ရဲ့တပည့်ပဲ - မောင်ဘိုးထော်။ ကျွန်ုပ်နဲ့ ရန်ကုန်မှာ တစ်ခါတွေ့တုန်းက သူ့အသက်ကို တစ္ဆေတစ်ယောက်က ကယ်ခဲ့ဖူးတယ်ဆိုတဲ့အကြောင်း ကျွန်ုပ်ကို ပြောဖူးတယ်။ လက်စသတ်တော့ ကယ်တဲ့တစ္ဆေဟာ မောင်ဘိုးထော်ပဲကိုး"

"မှန်ပါတယ် - သခင်ကြီး။ သူ့ကို ထောင်သားတွေက လုပ်ကြံမယ့်အကြောင်း ကျွန်တော်မျိုးက ကြိုတင်သိလို့ လက်မတင်ကလေး အချိန်မီ ကယ်လိုက်ရပါတယ်"

"တော်ပါပေတယ်၊ မောင်ဘိုးထော် - သဘောထားကြီးပါပေတယ်။ ထောင်ကျနေတဲ့ ထောင်ကျတစ်ယောက် ဗာရာပဲဖြစ်ဖြစ်၊ တစ္ဆေပဲဖြစ်ဖြစ်၊ ရိုးရိုးအကျဉ်းသားပဲဖြစ်ဖြစ် ထောင်မှူး၊ ထောင်ပိုင်တွေရဲ့အသက်ကိုကယ်ဖို့ နေနေသာသာ အမြဲမုန်းနေတာသာ ကျွန်ုပ် တွေ့ဖူးတယ်"

"သခင်ကြီးပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ - ကိစ္စတစ်ခုမှာ ဘယ်ဘက်က မှားတယ်၊ ဘယ်ဘက်က မှန်တယ်၊ ဘယ်သူတရားတယ်၊ ဘယ်သူ မတရားဖူးဆိုတာ စဉ်းစားပြီးမှ ကျွန်တော်မျိုးက လုပ်ပါတယ်။ တကယ်လို့ ထောင်မှူးကသာ မတရားဘူးဆိုရင် ကျွန်တော်မျိုးလည်း လုပ်ကြံတဲ့ဘက်ကနေပြီး အားပေးသင့်ရင် အားပေးမှာ အမှန်ပဲ"

"ဒီလိုသဘောမျိုးကို ကျွန်ုပ်က သာပြီး ကြိုက်သေးတယ်။ ကိုင်း - ကျွန်ုပ်ပြောတာ နားထောင်စမ်းပါဦး။ မောင်ဘိုးထော်က ဗုဒ္ဓဘာသာပဲ မဟုတ်လား"

"မှန်ပါတယ် - သခင်ကြီး၊ ကျွန်တော်မျိုး ဗုဒ္ဓဘာသာပါပဲ"

"သေပြီးတဲ့လူတစ်ယောက်ဟာ ကျွန်ုပ်တို့ဘုံကိုပြန်လာပြီး ဒုက္ခပေးနိုင်သလား"

"မဟုတ်တာ - သခင်ကြီး၊ သေပြီးသားလူတစ်ယောက်က ဘာဒုက္ခပေးနိုင်ရမှာလဲ"



"သူတို့နေတဲ့ ဝိညာဉ်ဘုံက ကျွန်ုပ်တို့ဆီကို လာကောလာနိုင်သလား"

"တစ္ဆေခြောက်တာကို သခင်ကြီးပြောနေတာ ထင်ပါရဲ့"

"ဟုတ်တယ် - မောင်ဘိုးထော်၊ မြန်မာမှာ ဘယ်လိုခေါ်တယ်လို့တော့ ကျွန်ုပ်ကောင်းကောင်း နားမလည်ဘူး။ နို့ပေမဲ့ - ကျွန်ုပ် မြင်ရတယ်။ ကျွန်ုပ် မျက်စိနဲ့ တပ်အပ်မြင်ရတယ်။ သေပြီးတဲ့လူတစ်ယောက် ကျွန်ုပ်ကို ဒုက္ခပေးရအောင် ပြန်လာနေတယ်"

"ဖြစ်ပုံကို တစ်ဆိတ် အမိန့်ရှိပါဦး - သခင်ကြီး။ သခင်ကြီးပြောတာ ကျွန်တော်မျိုး ကောင်းကောင်း နားမလည်သေးပါဘူး"

"ဒီလို - မောင်ဘိုးထော်။ ကျွန်ုပ်ဟာ အရင်က ထောင်မှူးမဟုတ်ဘူး၊ တရားသူကြီး လုပ်ခဲ့ဖူးတယ်။ စက်ရှင်တရားသူကြီးအဖြစ်နဲ့ (၄)နှစ်လုပ်ခဲ့ဖူးတယ်။ ကျွန်ုပ် ဗီရိုနဲ့အပြည့်ပါလာတဲ့ စာအုပ်တွေဟာ ကျွန်ုပ်တရားသူကြီး လုပ်တုန်းက ဥပဒေစာအုပ်တွေ ချည်းပဲ။ စက်ရှင်တရားသူကြီးဆိုတာ မောင်ဘိုးထော်သိတဲ့အတိုင်း ဓားပြမှု၊ ပြန်ပေးမှု၊ လူသတ်မှုမှစပြီး အမှုကြီးတွေ စီရင်ရပြီး လွှတ်တန်လွှတ်၊ ချတန်ချ၊တစ်ကျွန်းပို့တန်ပို့၊ ကြိုးပေးတန်လည်း ပေးရတာပေါ့လေ။ ဒါနဲ့ ကျွန်ုပ် မန္တလေးမှာ စက်ရှင်မင်းကြီးအဖြစ်နဲ့ နေတုန်းက ဖကီးခေါ်တဲ့ ကုလားဘုန်းကြီးတစ်ယောက်ကို ကြိုးမိန့်ပေးဖူးတယ်။ အမှုက အင်မတန်ထင်ရှားတဲ့ အမှုတစ်ခုပဲ။ သူနဲ့အဖော် တခြားဖကီးတစ်ယောက်ကို သတ်တဲ့အမှုပဲ မောင်ဘိုးထော်ရဲ့"

"အမိန့်ရှိပါ - သခင်ကြီး"


"စက်ရှင်မင်းကြီးတစ်ယောက်အတွက် ကြိုးမိန့်ပေးရတယ်ဆိုတာ ခဆန်းတော့ပါဘူး။ ဒါပေမဲ့ - မောင်ဘိုးထော်၊ ကျွန်ုပ်ဟာ မိဘမျိုးရိုးကစပြီး ဖြူစင်ဖြောင့်မတ်လာတော့ လာဘ်သပ်ပကာကိုမယက်ဘူး။ ဘယ်တော့မှယူလည်း မယူဘူး။ ကျွန်ုပ်ရတဲ့လခနဲ့ ကျွန်ုပ် ဘိုလပ်မှာဝင်ထားတဲ့ အစုတွေကရတဲ့ အမြတ်တွေနဲ့ဟာ လာဘ်ယူစရာမလိုပါဘူး။ တရားကို မှန်မှန်ကန်ကန် ကျွန်ုပ် စီရင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားက တရားသူကြီးဖြစ်လို့ ကျုပ်ကို ကြိုးမိန့် ပေးခဲ့တာ။ ကျုပ်မှာတော့ လည်ပင်းမှာ ကြိုးကွင်း တပ်ပြီး မရှူမလှသေရပြီ။ ကျုပ် တကယ်သတ်လို့ အမှုမှန်ဖြစ်ရင်တော့ ကျုပ် စိတ်မနာပါဘူး။ အခု တော့ ကျုပ်မှာ မဟုတ်ဘဲနဲ့ အသေခံရတာ။ ဒီဘဝ မဟုတ် ဘယ်ဘဝမှမကျေဘူး။ ကျုပ်ကိုယ်ကြီးကို ခင်ဗျားသတ်နိုင်ပေမယ့် ကျုပ်ရဲ့ဝိညာဉ်ကိုတော့ ခင်ဗျား မသတ်နိုင်ဘူး။ ဒီတော့ ကျုပ်ဖြစ်တဲ့ ဝိညာဉ်ဘဝကေလာပြီး ကလဲ့စားချေလှည့်မယ်။



ကျွန်ုပ်စိတ်ထဲမှာ အပြစ်မရှိဘူးထင်ရင် အောက်ရုံးက ဘာပဲပြောပြော လွှတ်တော်ကိုအယူခံလို့ ကျွန်ုပ်ရဲ့အလုပ်ပဲပြုတ်ပြုတ် ဆိုင်းမနေဘူး၊ တစ်ခါ တည်း လွှတ်ပစ်လိုက်တာပဲ။ ကျွန်ုပ် စိတ်ထဲမှာ အပြစ်ရှိတယ်ထင်ရင်လည်း ဘယ်အရေးပိုင်က၊ ဘယ်မင်းကြီးကပြောပြော၊ ဘယ်သူ့မျက်နှာမှ မထောက် ဘူး၊ တစ်ခါတည်း အပြစ်ပေးတာပဲ။ တရားခံတစ်ယောက်ကို အပြစ်ပေးဖို့ လွှတ်ဖို့ဆိုတာက တရားဥပဒေအပေါ်မှာသာ တည်တယ်ဆိုတာ မောင်ဘိုး တော် သိပြီးသားပဲ"

"မှန်ပါတယ် - သခင်ကြီး"



"ဒါကြောင့် ဘယ်သူ့မျက်နှာမှမထောက်ဘဲ တရားဥပဒေအတိုင်း စီရင် ခဲ့ရင်ဖြင့် ကျွန်ုပ်လုပ်တာတွေဟာ အင်မတန်အမှားနည်းလိမ့်မယ်လို့ ကျွန်ုပ် ယူဆတယ်"

"မှန်ပါ"

"ဒါနဲ့ - တရားသူကြီးဆိုတာ စစ်ဆေးရတဲ့ တရားခံတွေက များလွန်းလို့ ဘယ်သူ့ကို ဘာမှုနဲ့ ဘယ်တုန်းက ဘာအပြစ်ပေးလိုက်တယ်ဆိုတာ ကျွန်ုပ် ကောင်းကောင်းမမှတ်မိတော့ဘူး။ နို့ပေမဲ့ - ဒီကုလားဘုန်းကြီးတစ်ယောက် ကိုတော့ ကျွန်ုပ် စိတ်ထဲက ဖျောက်ဖျက်လို့မရနိုင်အောင် ဖြစ်နေတယ် - မောင်ဘိုးတော်၊ ကျွန်ုပ်သေတဲ့အထိ သူ့ကိုတော့ သတိရနေလိမ့်မယ် ထင်တယ်၊ ဒီဘုန်းကြီးကို ကြိုးမိန့်ပေးပြီးကတည်းက သူ့ကိုကြောက်နေတဲ့ စိတ်ဟာ ကျွန်ုပ်ဝမ်းထဲမှာ အမြဲကိန်းအောင်းနေပြီ မောင်ဘိုးတော်"

"ဘာကြောင့် - သည်လောက် အစွဲအလမ်းကြီးနေရတာလဲ သခင်၊ ပြီး တော့ သူ့ကို အမြဲကြောက်နေရအောင် သေပြီးသားလူတစ်ယောက်က ဘာ တတ်နိုင်ဦးမှာလဲ သခင်ကြီးရဲ့"

"မဟုတ်ဘူး - မောင်ဘိုးတော် - မဟုတ်ဘူး၊ သူတတ်နိုင်တယ်၊ သူ့ကို အသက်ရှင်နေတဲ့လူထက် ကျွန်ုပ် ကြောက်နေတယ်"

"ကြောက်ပုံကို အမိန့်ရှိပါဦး သခင်ကြီး"

"သူက ကျွန်ုပ်အစတင်ကပြောတဲ့ဝိညာဉ်ဘုံမှာနေတဲ့လူတစ်ယောက်ပဲ၊ ဒီဘုံက ကျွန်ုပ်ဆီကို လာတာ သုံးခါရှိပြီ"

"မဟုတ်နိုင်ပါဘူး - သခင်ကြီး"

"ဘာမဟုတ်နိုင်ရမှာလဲ၊ ဒုတိယအကြိမ်လာတဲ့အခါမှာ ကျွန်ုပ်မျက်စိ နဲ့ ဘာပ်အပ်မြင်ရတယ်"

"မှန်ပါ၊ အမိန့်ရှိပါ - သခင်ကြီး"

"ဒီဇကီးကိုကျွန်ုပ်ကြိုးပေးလိုက်တော့ သူက သူမဟုတ်ရတဲ့အကြောင်း၊ ပိမ်များကသာ လီဆယ်ပြီး အမှုဆင်ထားတဲ့အကြောင်းတွေ ပြောတာ ဘ၊ မောင်ဘိုးတော်လည်း အမှုတွေ မကြာမကြာ ဖြစ်ဖူးသားပဲ သိမှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့၊ တရားခံဆိုတာ ဒီလိုပြောရိုးပြောစဥ် ပြောကြတာမျိုးပဲ၊ ဒီလိုပြောတာ ကျွန်ုပ်တို့အတွက် အဆန်းမဟုတ်တော့ပါဘူး။ အမှုကတော့ အမှုမှန်တစ်ခုပဲ - မောင်ဘိုးထော်၊ အမှုအကြောင်းကိုတော့ အရှည်မပြောပါရစေနဲ့၊ သက်သေခံကောင်းကောင်းကြီး လုံလောက်တဲ့ အမှုဆိုတာ ယုံမှားစရာမရှိဘူး၊

ဒါနဲ့ - အယူခံဖို့ရက်ပေးပြီး ခမျာ အယူခံမှာလည်းရှုံးတော့ နောက်ဆုံးကြိုးပေးခံရရှာတယ်၊ ဒါနဲ့ - သူ့ကို ကြိုးပေးပြီးတဲ့ညမှာ ကျွန်ုပ်အိပ်မက်တစ်ခုမက်တယ်၊ ကျွန်ုပ် အမိန့်ပေးလိုက်တဲ့အခါတုန်းက ဝတ်ထားတဲ့ အဝတ်အစားဝတ်လို့၊ နို့ပေမဲ့ - မျက်နှာကတော့ သွားကျဲကျဲ မျက်တွင်းဟောက်ပက်နဲ့ လူ့သေကြီးပဲ၊ လက်က စိပ်ပုတီးကိုင်ပြီး ...

"ခင်ဗျားက တရားသူကြီးဖြစ်လို့ ကျုပ်ကို ကြိုးမိန့်ပေးခဲ့တာ၊ ကျုပ်မှာတော့ လည်ပင်းမှာ ကြိုးကွင်းတပ်ပြီး မရှုမလှသေရပြီ၊ ကျုပ် - တကယ်သတ်လို့ အမှုမှန်ဖြစ်ရင်တော့ ကျုပ်စိတ်မနာပါဘူး၊ အခုတော့ ကျုပ်မှာ မဟုတ်ဘဲနဲ့အသေခံရတာ၊ ဒီဘဝမဟုတ် ဘယ်ဘဝမှမကျေဘူး၊ ကျုပ်ကိုယ်ကြီးကို ခင်ဗျားသတ်နိုင်ပေမယ့် ကျုပ်ရဲ့ဝိညာဉ်ကိုတော့ ခင်ဗျား မသတ်နိုင်ဘူး၊ ဒီတော့ ကျုပ်ဖြစ်တဲ့ဝိညာဉ်ဘဝကလာပြီး ကလဲ့စားချေလှည့်မယ်၊ ဘယ်လိုချေမယ် ထင်သလဲ၊ ခင်ဗျားကလေးတွေ အားလုံးကိုကျုပ်ဇိဝိန်ခြွေမယ်၊ တစ်ယောက်ပြီးတစ်ယောက် ကျုပ်သေသလို လည်ပင်းမှာ ကြိုးကွင်းတပ်ပြီး သေရစေ့မယ် နားလည်လား၊ စောင့်သာကြည့်ပေတော့" ဆိုပြီး တစ်ခါတည်း ပျောက်သွားတယ်၊ ဒါနဲ့ - ကျုပ်လည်း အိပ်ရာက ဇောချွေးတွေပြန်ပြီး လန့်နိုးတော့တာပဲ - မောင်ဘိုးထော်ရယ်"

ထောင်မှူးကြီးသည် နဖူးမှ ချွေးများကို လက်ကိုင်ပဝါနှင့် သုတ်လျက်ရှိလေ၏။

"တယ်ပြီးထူးဆန်းပါလား - သခင်ကြီး"

"ထူးဆန်းဆို ဒီဟာပဲလေ၊ သူတို့ဇကီးတွေဆိုတာ ဟိန္ဒူရှေးဟောင်းကျမ်းကြီးတွေကိုအင်မတန်တတ်ပြီး ဝိညာဉ်ကိုစေစားတတ်တဲ့အတတ်တွေ ဘာတွေ တတ်လို့လားတော့ မပြောတတ်ဘူး၊ ကျွန်ုပ်အတွက်ဆိုရင်



ထူးဆန်းဆို ကျွန်ုပ်တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးတယ်။ ဒါနဲ့ တံခါးဟာ လေမတိုက်ဘဲနဲ့ တရွေ့ရွေ့ပွင့်လာပြီး ကြည့်နေတုန်း မတ်တတ် ဖြုန်းဆို မီးခိုးလုံးကြီးလိုလို ဖြူဖြူအလုံးကြီးတစ်ခု မထင်မရှားပေါ်လာရာက တစ်နေရာထဲကို တဖြည်းဖြည်း စုစုလာပြီး နောက်ဆုံးလူတစ်ယောက်ရဲ့ ပုံသဏ္ဍာန်ပေါ်လာတာကိုး။



ကျွန်ုပ် နည်းနည်းကလေးမှ မကြောက်ပါဘူး။ အခုတော့ - သားသမီးကလေးတွေအတွက်ဖြစ်လို့ ကျွန်ုပ်လည်း အများကြီး စိုးရိမ်မိတယ်"

"မှန်တာပေါ့ - သခင်ကြီး၊ ကိုယ့်ရင်သွေးဆိုတော့ စိုးရိမ်ကြစမြဲပါပဲ"

"ဒါနဲ့ နောက်တစ်နှစ်လောက်ကြာတော့ ကျွန်ုပ် စိတ်ထဲမှာ ဒီအကြောင်း မေ့မတတ်ဖြစ်နေတုန်း တစ်ည ကျွန်ုပ်အိမ်ရှေ့ဧည့်ခန်းမှာ စာဖတ်နေတယ်၊ အချိန်က ည (၁၀) နာရီကျော်ကျော်လောက်ရှိပြီ၊ ဒါပေမဲ့ - ပူတဲ့ရာသီမို့ ကျွန်ုပ်တို့ မအိပ်နိုင်ကြသေးဘူး၊ ဒီတုန်းက မေရီနှင့် ဘေဘီတို့အမေ

www.burmeseclassic.com

မသေသေးဘူး မောင်ဘိုးထော်ရဲ့၊ ဒါနဲ့ ခေါင်းရင်းခန်းမှာရှိတဲ့ ပန်ကာဖွင့်ပြီး စာဖတ်နေတယ်။ ကျွန်ုပ်မိန်းမက အနားက ကုလားထိုင်တစ်လုံးပေါ်မှာ ဇာထိုးနေတယ်။

ဒါနဲ့ – တော်တော်ကြာတော့ ကျုပ်မိန်းမက အိပ်ချင်ပြီဆိုပြီး အိပ်ခန်းထဲ ဝင်သွားတော့ ကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ စာအုပ်က အတော်ကလေးဖတ်ကောင်းတဲ့ စာအုပ်ဖြစ်လေတော့ တော်တော်နဲ့ ကျုပ်မထဖြစ်ဘူး။ ဒါနဲ့ – နောက်နာရီဝက်လောက်ကြာတော့အောက်ကိုဆင်းတဲ့ တံခါးမကြီးဆီက လေအေးကလေး တစ်ချက်သုတ်လာပြီး ကျောထဲမှာ စိမ့်ခနဲဖြစ်သွားတာ ကျွန်ုပ်သိလိုက်တယ်။ ဒီတော့ – ဘယ့်နယ်လဲ၊ တံခါးဟာ စေ့ထားရက်သားနဲ့ ဘာကြောင့် လေဝင်ပါလိမ့်မလဲလို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိတာကိုး မောင်ဘိုးထော်ရဲ့"

"မှန်ပါ၊ အမိန့်ရှိပါဦး"

"ဒါနဲ့ – ကျွန်ုပ်လည်း တံခါးကိုကြည့်လိုက်တော့ သေသေချာချာစေ့ထားတဲ့တံခါးဟာ လက်လေးသစ်လောက် ဟ,နေပြီး ဒီက လေဝင်လာတာ တွေ့ရတာကိုး။ ဒါနဲ့ – ကြည့်နေရင်း တံခါးဟာ လက်လေးသစ်လောက် ဟ,ရာက တစ်မိုက်လောက်၊ ပြီးတော့ တစ်ထွာလောက်၊ ပြီးတော့ တောင်ဆုပ်လောက်၊ ပြီးတော့ တစ်တောင်လောက်၊ တဖြည်းဖြည်းပွင့်လာပါရော – မောင်ဘိုးထော်ရယ်၊ လေလည်းမတိုက် လူလည်း မရှိဘဲနဲ့ တကယ်ထူးဆန်းတာပါပဲ၊ လူတစ်ယောက် တံခါးကိုတွန်းပြီး အခန်းထဲကို တဖြည်းဖြည်းဝင်လာတဲ့ အတိုင်းပါပဲ။

ဒါနဲ့ – ကျွန်ုပ်လည်း စာရေးစားပွဲ လက်ဝဲဘက်အံဆွဲထဲမှာ ခြောက်လုံးပြူး ထားတာ သတိရမိလေတော့ အံဆွဲကို ဖွင့်လိုက်တာကိုး။ နို့ပေမဲ့ ကျွန်ုပ် စိတ်ကသာဖွင့်တာ လက်က မဖွင့်နိုင်တော့ဘူး။ ကျွန်ုပ်ရဲ့ခြေဖဝါးလက်တွေ ဟာ ကြိုးနဲ့တုပ်ထားသလို နည်းနည်းကလေးမှ မလှုပ်နိုင်ဘူး . . . မောင်ဘိုး ထော်။ တစ်ပေလောက်သာ ဝေးတဲ့နေရာကို ကျွန်ုပ်ရဲ့လက် မရောက်နိုင် တော့ဘူး"



"သိပ်ထူးဆန်းတာပါပဲ – သခင်ကြီး"

"ထူးဆန်းဆို ကျွန်ုပ်တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ ဒါနဲ့ တံခါးဟာ လေမတိုက်ဘဲနဲ့ တရွေ့ရွေ့ပွင့်လာပြီး ကြည့်နေတုန်း မတ်တတ် ဖြူနီးဆို မီးခိုးလုံးကြီးလိုလိုဖြူဖြူအလုံးကြီးတစ်ခုမထင်မရှားပေါ်လာရာကတစ်နေရာ ထဲကို တဖြည်းဖြည်း စုစုလာပြီး နောက်ဆုံးလူတစ်ယောက်ရဲ့ပုံသဏ္ဍာန် ပေါ်လာတာကိုး – မောင်ဘိုးထော်ရဲ့၊ တခြားဟုတ်ပါရိုးလား၊ မောင်ဘိုးထော် – ကျွန်ုပ် ကြိုးမိန့်ပေးလိုက်တဲ့ ဖကီးကြီးပေါ့၊ လက်ထဲမှာစိပ်ပုတီးကြီးနဲ့၊ မျက်နှာက ပကတိ ကမ္ဘာ့ဗွာန်းရုပ်လို မတုန်မလှုပ် စိုက်ကြည့်နေမိတယ်၊ သူက ကျွန်ုပ်မျက်နှာကို တည့်တည့်ကြီး လက်ညှိုးထိုးပြီး . . .

"နင့်ကလေးအကြီးဆုံး သေရမယ်"

လို့ ဟိန္ဒူဘာသာနဲ့ ခပ်တိုးတိုးရွတ်တယ် – မောင်ဘိုးထော်၊ ဒီတော့ ကျွန်ုပ်မှာ ဒေါသလည်းဖြစ်၊ ကြောက်လည်းကြောက်၊ လှုပ်ကလည်း မလှုပ် နိုင်နဲ့ နောက်ဆုံးကျွန်ုပ်ရဲ့မိန်းမကိုအော်ပြီးခေါ်တာကိုး၊ နို့ပေမဲ့ – မောင်ဘိုးထော် ရေ – အသံတစ်စက်မှ မထွက်တော့ဘူး။ ကျွန်ုပ်ဟာ အကောင်းပကတိက စကားမပြောတတ်တဲ့လူတစ်ယောက် ဖြစ်သွားတာပဲ။

ဒါနဲ့ ကျွန်ုပ်လည်း မီးခိုးလုံးထဲက ထွက်လာတဲ့ သေပြီးသားအကောင်ကြီး ကို ကြည့်ရင်း တစ်ခါတည်း လူကလည်း မလှုပ်နိုင်၊ ပါးစပ်ကလည်း မအော် နိုင် ဖြစ်နေတော့တာတာပဲ၊ ဒါပေမဲ့ – ဒီအရုပ်ကြီးဟာ ကြာကြာတော့ မခံပါ ဘူး။ တစ်မိနစ်လောက်လည်း ကြာရော ပုံသဏ္ဍာန်ဟာ တဖြည်းဖြည်း ခပ် ဝါးဝါးဖြစ်လာပြီး နောက်ဆုံး တစ်ခါတည်း ပျောက်ကွယ်သွားတော့တာပဲ"

"နောက် ဘယ်လိုဖြစ်တာလဲ – သခင်ကြီး"

"ဒီအလောင်းကောင်ကြီးဟာ ပျောက်သွားရော ကျွန်ုပ် လှုပ်ရှားနိုင်လာ တယ်၊ အသံလည်း ထွက်လာနိုင်တယ်။ ဒီတော့မှ အံဆွဲထဲက သေနတ်ကို ဆွဲပြီး တံခါးပေါက်ပြေးသွားတော့ တံခါးလည်း ပိတ်ရက်ပဲ၊ ဘာမှလည်း မတွေ့ရဘူး။ ဝိညာဉ်ဘဝက ပြန်လာခဲ့မယ်လို့ အရင်က အိပ်မက်ပေးတဲ့ အတိုင်း ဒီအကောင်ကြီး ပြန်လာတာနဲ့တူတယ် မောင်ဘိုးထော်၊ ဒါနဲ့ –



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်ကို သူရဲဘောကြောင်တဲ့ လူတစ်ယောက် ထင်မှာစိုးလို့ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ အသိမပေးဘူး၊ ကျွန်ပ်မိန်းမကိုတောင် မပြောဘူး၊ ကျွန်ပ်လည်း အဲဒီနေ့ကစပြီး ကလေးတွေကို သိပ်ဂရုစိုက်တာပဲ"

"ကလေးအကြီးဆိုတာက ဘယ်သူပါလဲ သခင်ကြီး"

"ကျွန်ပ်မှာ သားသမီး သုံးယောက်ရှိတယ် - မောင်ဘိုးထော်၊ အကြီးဆုံးဆိုတာက ဒေစီတဲ့၊ အခုရှိတဲ့မေရီထက် (၆) နှစ်ကြီးတယ်၊ သည်တော့အထူးသဖြင့် ဒေစီကို ကျွန်ပ်မျက်စိအောက်က အပျောက်ကို မခံတော့ဘူး၊ သည့်လောက် ကျွန်ပ်သတိထားတယ်၊ ကျောင်းကိုလည်း ဒရဝမ်ကုလားနဲ့ လွှတ်တယ်၊ အပြန်လည်း အာယားမက သွားကြိုတယ်၊ အိပ်တဲ့ နေရာမှာရော၊ နေတဲ့ နေရာမှာရော ကျွန်ပ်တတ်နိုင်သလောက် အမြဲကြည့်နေတာပဲ၊

ဒေစီက အသက် (၁၂) နှစ်သာ ရှိသေးတယ်၊ အိမ်မှာ အင်မတန်အဖော်အလှော်ရတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ အိမ်ထောင်မှု သိမ်းဆည်းရာမှာ သူ့အမေကို အများကြီး အကူအညီပေးရှာတယ်၊ စာကိုလည်း ကြိုးစားလိုက်သေးတယ်၊ အိမ်မှာလည်း အမေကြီးကို ကူညီမိအောင် ကူညီလိုက်သေးတယ်၊

ဒါနဲ့ - တစ်နေ့တော့ အိမ်အောက်ထပ်မှာ ကျွန်ပ်နဲ့ ကျွန်ပ်မိန်းမ လက်ဖက်ရည်သောက်နေကြတယ်၊ မေရီနဲ့ ဘေဘီတို့လည်း စားပွဲမှာပဲ ရှိကြတယ်၊ ဘေဘီ့ကို သူ့အမေက ရင်ခွင်ထဲမှာချီလို့ မေရီကတော့ ကျွန်ပ်အနားက ကုလားထိုင်မှာ ထိုင်နေတယ်၊ ဒီအခါ လက်ဖက်ရည်စားပွဲမှာ လက်သုတ်ပဝါ မရှိသေးတာနဲ့ အိမ်ပေါ်က ဗီရိုထဲမှာ ဒေစီတက်ပြီး ယူချေဦးမယ်ဆိုပြီး ပြောပြောဆိုဆို ပြေးတက်သွားတယ်၊ ကျွန်ပ်တို့လည်း လက်ဖက်ရည်ကို သောက်မြဲတိုင်း ဆက်သောက်နေကြတာ ဒေစီ ရုတ်တရက် ပြန်ဆင်းမလာလို့ သူ့အမေက...

"ဒေစီ - မြန်မြန်လာ၊ ကြာလိုက်တာ - သမီးရယ်၊ ဘာများလုပ်နေသလဲ"

လို့ အိမ်ပေါ်ကို လှမ်းပြောလိုက်တော့...



"လာပါပြီရှင် - ကျွန်မလာပါပြီ၊ အမယ်လေး - ကျွန်မကြောက်လိုက်တာ မာမီရယ်၊ လာပြီ - လာပြီ - ကျွန်မ လာပါပြီ"

လို့ စူးစူးဝါးဝါး ပြန်ပြောလိုက်တာ ကြားရတာကိုး မောင်ဘိုးထော်ရဲ့၊ နို့ပေမဲ့ - အသံက ရိုးရိုးပြောလိုက်တဲ့ အသံမဟုတ်ဘူး၊ အင်မတန်ကြောက်နေလို့ တုန်တုန်ရီရီပြောလိုက်ရတဲ့ အသံမျိုးပဲ၊ ဒါနဲ့ ကျွန်ပ်က...

"ဟယ် - ဒေစီ ဘာဖြစ်ပါလိမ့်"

လို့အောက်မေ့ပြီး အိမ်ပေါ်တက်ပြေးတော့ သူ့အမေလည်း ဘေဘီကို ချီပြီးနောက်က တစ်ခါတည်း ပါလာတယ်၊ လှေကားလည်း တက်မိရော လူတစ်ယောက်ကြမ်းပေါ်လဲကျသလို အိမ်ပေါ်က "ဒုန်း" ခနဲအသံကြီးတစ်ခု ကြားလိုက်ရတယ် မောင်ဘိုးထော်ရဲ့၊ အိမ်ပေါ်ရောက်တော့ လား - လား - ဒေစီဟာ လည်ပင်းမှာ ကြိုးကွင်းပြတ်ကလေးတန်းလန်းနဲ့ ကြမ်းပေါ်မှာ လဲနေတာ တွေ့ရတယ်၊ ကြိုးက ဘာကြိုးထင်သလဲ၊ ကျွန်ပ်ရဲ့ဖိုင်တွဲတွေကို ချည်ဖို့ထားတဲ့ လက်သန်းဖျား တစ်ဝက်လောက်သာရှိတဲ့ ပိတ်စအနီကြိုးကလေး၊ လူတစ်ယောက် မပြောနဲ့၊ ခွေးတစ်ကောင်တောင် ခိုင်အောင်ချည်လို့မရတဲ့ ကြိုးမျိုး - မောင်ဘိုးထော်၊ အဲဒီကြိုးနှစ်လံလောက်ကိုယူ၊ ထုတ်မှာချည်၊ ကြိုးကွင်းလုပ်ပြီး စာအုပ်ဗီရိုပေါ်ကခုန်ချတဲ့ လက္ခဏာပဲ မောင်ဘိုးထော်ရဲ့၊ ကြိုးကွင်းလည်း တင်းတယ်ဆိုရုံကလေးတင်းပြီး မခိုင်လို့ ပြတ်ကျသွားတာပဲ၊ ကြိုးပြတ်ကလေးလည်း ထုတ်မှာ တန်းလန်းမြင်ရတယ်၊ ဒါနဲ့ ကျွန်ပ်လည်း...

"ဟယ် - ဒေစီ ဘယ်လိုဖြစ်တာလဲ"

ဆိုပြီး လည်ပင်းက ကြိုးကွင်း ကပျာကယာဆွဲဖြတ်ပြီး ပွေ့လိုက်တော့ ဒေစီ အသက်ငွေ့ငွေ့ပဲ ရှိတော့တယ်၊ ဒီအချိန်မှာ အိမ်နီးပါးချင်းတစ်ယောက်ရော၊ အစေခံတွေရော၊ ဒရိုင်ဘာရော ရောက်လာကြတာကိုး မောင်ဘိုးထော်၊ ဒါနဲ့ - ကျွန်ပ်ရဲ့ ဒရိုင်ဘာကို ဆရာဝန်ကြီးခေါ်ဖို့ မော်တော်ကားနဲ့ လွှတ်လိုက်ရတယ်၊ နောက် ဆရာဝန်ကြီးလည်း ရောက်တော့လာပါရဲ့၊ နို့ပေမဲ့ - ဆရာဝန်မရောက်ခင်ပဲ ဒေစီဟာ ကျွန်ပ်လက်ပေါ်မှာ မျက်လုံးကလေးနှစ်ဖက်လှန်ပြီး အသက်ပျောက်သွားရှာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"သနားစရာကောင်းလိုက်လေ - သခင်ကြီးရယ်။ နေပါဦး - ဒီဘာမဟုတ်တဲ့ လက်သန်းများတစ်ဝက်လောက်ရှိတဲ့ ပိတ်စကြိုးကလေးက သေနိုင်သလား ခင်ဗျာ"

"အံ့ဩစရာပေါ့ - မောင်ဘိုးထော်ရယ်၊ ဆရာဝန်တောင် လည်ပင်းအစ်လို့ သေရတာထက် အကြောက်လွန်ပြီး နှလုံးသွေးရပ်လို့ ပျက်စီးရတဲ့ လက္ခဏာရှိတယ်လို့အစစ်ခံတယ်။ အဲဒါ - ကျွန်ုပ်ရဲ့သမီးအကြီးဒေစီရဲ့ဇာတ်လမ်းပဲ။ အဲဒီလို ကျွန်ုပ်ရဲ့ရင်သွေး မရှုမလှဆုံးသွားရတော့ ကျွန်ုပ်လည်း ရူးမတတ်ဖြစ်ပြီး သည့်လောက်တောင် ဒုက္ခပေးလှတဲ့ရာထူးကို ငါမတပ်မက်တော့ပါဘူးဆိုပြီး တစ်ခါတည်းအလုပ်က ထွက်ပစ်လိုက်တယ်။ နောက်တော့မှ ကျွန်ုပ်မိန်းမဘက်က ဆွေမျိုးတော်တဲ့မြန်မာပြည်ထောင်မင်းကြီးက "ခင်ဗျား ဒီလိုအလုပ်မရှိဘဲနေလို့ ဘယ်ဖြစ်ဦးမလဲ၊ အလုပ်တစ်ခုခုတော့ လုပ်ဦးတဲ့၊ ဣန္ဒြေရပါတယ်ဆိုပြီး အခုလုပ်ပေးလိုက်တယ်"

"မောင်ဘိုးထော်က ဘယ်လိုတွေးမိလို့လဲ"

"သခင်ကြီးရဲ့ရုပ်ရည်ကြည့်ရတာ ထောင်မှူးထက် တရားသူကြီးပဲဖြစ်ဖြစ်၊ ဝတ်လုံတော်ရပဲဖြစ်ဖြစ် တစ်ခုခုနဲ့ တူတယ်လို့ တွေးမိပါတယ်"

"လူကဲခတ် အတော်ကောင်းသားပဲ။ ဒါနဲ့ - နောက် ကျွန်ုပ် မိန်းမလည်း ဆုံးပြီး ဒီကလေးနှစ်ယောက်နဲ့ ထောင်မှူးအလုပ်ကို လုပ်ခဲ့တာ အခုတစ်ခါ ထပ်ပြီး မနေ့ညက ဒီဇာကီးကောင်ကြီးကို အိပ်မက်မက်ပြန်တယ် - မောင်ဘိုးထော်"

"အိပ်မက်ဆိုတာ စိတ်စွဲလမ်းလို့လည်း မက်တတ်ပါတယ် သခင်ကြီး"

ဘယ်က စိတ်စွဲလမ်းရမှာလဲ - မောင်ဘိုးထော်။ ကျွန်ုပ် စိတ်မစွဲလမ်းတတ်ပါဘူး။ အိပ်မက်ထဲမှာ အရင်က ကျွန်ုပ်မြင်ရတဲ့ ရုပ်အတိုင်းပါပဲ၊ မျက်တွင်းဟောက်ပက် သွားကျဲကျဲကြီးနဲ့လာပြီး . . .

"အင်း - ဒီတစ်ခါတော့ နင့်ကလေးအလတ်ကို ငါခေါ်ရလိမ့်မယ်၊ ဟဲ - ဟဲ - နားလည်လား"



တဲ့ ပြောပြီး တစ်ခါတည်း သူပေါ်လာတဲ့အတိုင်း ဒီစကားပြောပြီး အသံနက်ကြီးနဲ့ ရယ်လိုက်ရာက ပြုန်းခနဲပျောက်သွားတော့တာပါပဲ။ ကျွန်ုပ်မှာ ဒီကလေးနှစ်ယောက်ပဲ မျော်မြော်စရာရှိတယ် မောင်ဘိုးထော်။ ဒီအထဲကများ မတော်တဆ တစ်ယောက်ပဲ့သွားမှဖြင့်၊ အို - ကျွန်ုပ် တွေးတောင် မကြည့်ဝံ့ဘူး - မောင်ဘိုးထော်"

"မဖြစ်နိုင်ပါဘူး - သခင်ကြီး။ ကျွန်တော်မျိုးတို့ မျက်စိအောက်မှာ ဘယ်နည်းနဲ့မှ ဒီလိုမဖြစ်ရပါဘူး။ ကျွန်တော်မျိုး တစ်ယောက်ရှိပါသေးတယ်။ ကျွန်တော်မျိုးရှေ့က အသေခံပါမယ်"

"မောင်ဘိုးထော်ပြောလိုက်တာဖြင့်တကယ်အားရှိစရာပဲမောင်ဘိုးထော်။ အသေခံတာက ဟုတ်ပါရဲ့။ နို့ပေမဲ့ - ကျွန်ုပ်တို့နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရမှာက ကျွန်ုပ်တို့ ဘုံသားမဟုတ်ဘဲ ဝိညာဉ်ဘုံသားဖြစ်နေတယ် မောင်ဘိုးထော်"

ထိုခဏ၌ ထောင်မှူးကလေးတစ်ယောက်သည် ဖိုင်တွဲများကို ပိုက်ကာ ယမန်နေ့က ရောက်လာသော အကျဉ်းသားသစ်များစာရင်းကို လက်မှတ်ရေးထိုးရန် ယူလာသဖြင့် ထောင်မှူးကြီးလည်း စကားကို ရပ်လိုက်လေ၏။

ဖိုင်တွဲများကို လက်မှတ်ရေးထိုးပြီး၍ ထောင်မှူးကလေးပြန်သွားသော အခါ ထောင်မှူးကြီးက ယခုလာမည့် တနင်္ဂနွေနေ့မှာ မေရီ (၇) နှစ်စေ့သော မွေးနေ့ဖြစ်သဖြင့် မြို့ပေါ်မှ လူကြီးလူကောင်းနှင့် အရာရှိကြီးများ အပါအဝင် လူ (၂၀) ခန့်မျှကိုထိုအထိမ်းအမှတ် လက်ဖက်ရည်ပွဲကလေးသို့ ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ ဤအိပ်မက်ကြောင့် အယူသည်းကာ ဤပွဲလမ်းကိုလည်း မဖျက်လိုကြောင်း၊ သို့ဖြစ်၍ ယခုမှစ၍ ထိုလက်ဖက်ရည်ပွဲကလေး ပြီးသည်အထိ သူ၏ ကလေးနှစ်ယောက်အား မျက်စိအောက်မှ အပျောက်မခံဘဲ စောင့်ရှောက်ပေးရန်အကြောင်း ပြောကြားလေရာ၊ ကျွန်ုပ်လည်း ထောင်မှူးကြီးအား မစိုးရိမ်ရန်အကြောင်းအားပေးစကားပြောပြီးလျှင် နံနက်စာပုံစံဆွဲရန် အချိန်ရောက်သည်နှင့် ထောင်မှူးကြီးအိမ်မှ ပြန်ခဲ့လေသည်။

✓ ✓ ✓



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ထောင်မှူးကြီး၏အထက်ပါ ထူးဆန်းသော အဖြစ်အပျက်ကိုကြားရသဖြင့် အင်္ဂလိပ်သွေးများသော အင်္ဂလိပ်ကပြားတစ်ယောက်က ကျွန်ုပ်တို့အယူဝါဒဖြစ်သည့် တစ္ဆေသရဲများကို ယုံကြည်ရသလောဟု တွေးမိ၏၊ တစ်ခါတစ်ရံဆီလျော်အောင်ဖြစ်လာတတ်သည့်အကြောင်းအရာများနှင့် တိုက်ဆိုင်မိသဖြင့် ဤကဲ့သို့ အယူသည်းတတ်သည်ကိုလည်း တွေးမိ၏။

သို့သော် ထောင်မှူးကြီး၏အဖြစ်အပျက်မှာဖြစ်ပေါ်လာခဲ့သော အခြင်းအရာများကို တစ်ခုစီတွေးတောကြည့်လိုက်သောအခါ အမှတ်မထင်ဆီလျော်အောင် ဖြစ်လာခြင်းများ မဟုတ်တန်ရာပေ။ ကုလားဘုန်းကြီးအား ကြိုးမိန့်ပေးလိုက်ခြင်းမှစ၍ အိပ်မက်လာ၍ပေးပုံ၊ ထို့နောက် ကိုယ်ထင်ပြပုံ၊ ထို့နောက် ထိုဝိညာဉ် ကြိမ်းဝါးသည့်အတိုင်း ဒေစီသေဆုံးသွားပုံတို့မှာ တစ်ခုနှင့်တစ်ခု အကျိုးအကြောင်း ဆက်စပ်ကြည့်လိုက်က မတော်တဆ အလျဉ်းသင့်၍ ကံအားလျော်စွာ ဆီလျော်အောင် ဖြစ်ပေါ်လာသော အကြောင်းများမဟုတ်ပေ၊ သို့ဖြစ်၍ မယုံကြည်ရန်လည်း ခဲယဉ်းလှလေသည်၊

သို့နှင့် ကျွန်ုပ်လည်း ထိုနေ့ညနေစောင်းမှစ၍ ထောင်မှူးကြီးအိမ်တွင် ည၌ (၈) နာရီထိုးသည်အထိ နေရပြီးလျှင် နံနက်တိုင်းလည်း (၆) နာရီထိုး အရောက်သွားရ၏။ အိမ်တွင်ရှိသမျှ ကြိုးများကိုလည်း မည်သည့်ကြိုးကိုမျှ မထားဘဲ အရေးတကြီးသုံးရသည့် ပိုက်ဆံကြိုး၊ အဝတ်ကြိုးကလေးများကို ပင် ဗီရိုထဲတွင် လုံခြုံစွာသော့ခတ်ထား၏။ အာယားကုလားမကိုလည်း မေရီအား ကြိုးနှင့်မကစားစေရန် ကြပ်တည်းစွာ အမိန့်ပေးထား၏၊ သစ်သားလက်ကိုင်ကလေးနှစ်ဖက်နှင့် ကြိုးခုန်၍ ကစားသော ကိရိယာကလေးကိုပင် ကလေးအားမပေးဘဲ သိမ်းဆည်းထား၏။

တနင်္ဂနွေနေ့သို့ ရောက်သောအခါ ထောင်မှူးကြီးသည် မိမိအိမ်ရှေ့ ဥယျာဉ်မြက်ခင်းပေါ်တွင် ညစာ (၂၀) ကျော် (၃၀) ခန့်အားလက်ဖက်ရည်ပွဲ တည်ခင်းကျွေးမွေးရာ ထောင်ဗရာ (၄) ယောက်နှင့် ထောင်သား (၂) ယောက်တို့ကို အလုပ်ကြမ်းများ ခိုင်းစေ၍ ကျွန်ုပ်က ထောင်မှူးကြီးနှင့် မနီး



မဝေးနေရပြီးလျှင် ကွင်းပြင်ထဲတွင် အာယားနှင့် ထိန်းကျောင်းလျက်ရှိသော ကလေး ၂ယောက်ကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေရ၏။

(၅) နာရီထိုးပြီးနောက် ဧည့်သည်များသည် တဖြည်းဖြည်း ပြန်စပြုပြီ ဖြစ်ရာ၊ နောက်ဆုံး၌ ထောင်အရာရှိ နှစ်ယောက်၊ သုံးယောက်တို့နှင့် ထောင်မှူးကြီးသာ စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ကာ ဆေးလိပ်များသောက်လျက် ကျန်ရစ်ခဲ့ကြ၏။ ကျွန်ုပ်သည် မြက်ခင်း၏ ထောင့်တစ်ထောင့်တွင်ထိုင်ကာ အာယားကုလားမနှင့်အတူ ကစားနေသော ကလေးနှစ်ယောက်ကို စောင်းပါး ရိုပ်ခြည် ကြည့်ရှုလျက်ရှိလေသည်။

မေရီသည် ကြယ်ပြာရောင် ဂါဝန်ကလေးကိုဝတ်ကာ ဖိနပ်အဖြူကို စီးထားပြီးလျှင် ဦးခေါင်းတွင်လည်း လက်မခန့်ရှိဖဲကြိုးအပြာကလေးကိုစီးထားသဖြင့် အစိမ်းနရောင် မြက်ခင်းပေါ်၌ ပျော်ရွှင်စွာ ပြေးလွှားလျက်ရှိ၏၊ အာယားကုလားမ၏လက်ထဲတွင်ကား တောင်ဆုပ်ခန့်ရှိ ယမင်းရုပ်ကလေး တစ်ခုကို ကိုင်ထားရာ မေရီသည် အာယားထံမှ ထိုယမင်းရုပ်ကလေးကို တောင်းယူပြီးလျှင် ဘီးလေးဘီးတပ်ထားသော လက်တွန်းလှည်းကလေး ပေါ်တွင် အရုပ်ကလေးကိုတင်ကာ လက်တွန်းလှည်းကလေးကို ရှေ့တိုး နောက်ငင် ဆွဲ၍နေလေ၏။

ဤကဲ့သို့ - ပျော်ရွှင်စွာ ကစားနေသည့် ချစ်စဖွယ်ကောင်းသော မေရီမှာ ခင်၏စိတ်ကို မဆိုထားဘိဦး၊ ကျွန်ုပ်ကဲ့သို့ ကြမ်းတမ်းခက်ထန်သော ထောင်သားတစ်ယောက်၏ စိတ်ကိုပင် ပျော့ပျောင်းအောင် ဆွဲနိုင်သော စိတ်ရှိ၏၊ အငယ်ဖြစ်သော ဘောဘီမှာမူ မြင်းရုပ်ကိုခွစီးကာ အနီး၌လည်း အခြားကစားစရာများ စုပုံလျက်ရှိလေသည်၊ ဘောဘီကစားနေသော နေရာမှာ မေရီနှင့် ကိုက် (၂၀) ခန့်ဝေး၍ မြက်ခင်း၏အခြားထောင့်စွန်းတစ်ခု၌ ရှိလေသည်၊

ဘောဘီသည်မြင်းရုပ်ကလေးကိုစီးလျက်ရှိရာမှ မြင်းရုပ်ကိုပစ်ထားခဲ့ပြီး နောက် လေးထောင့်ကတ်ထူသေတ္တာတစ်လုံးထဲမှ စက္ကူလေတံခွန်နှင့် ချည်လုံးတစ်လုံးကို ထုတ်ယူပြီး စွန်လွှတ်လေ၏၊ ဘောဘီမှာအရွယ်နှင့်မလိုက်



www.burmeseclassic.com

www.burmeseclassic.com

အောင် တတ်သောကလေးတစ်ယောက်ဖြစ်သည့်အတိုင်း စက္ကူစွန်ကလေးသည် တစ်ခဏချင်း၌ပင် အပေါ်သို့ဝါးတစ်ရိုက်ခန့် လွင့်တက်လျက်ရှိနေလေပြီ၊ ထိုအချိန်၌ကားဧည့်သည်အားလုံး ပြန်သွားပြီဖြစ်၍ ထောင်မှူးကြီး တစ် ယောက်သာ စားပွဲနှင့်ထိုင်ကာ ကလေးများကစားနေသည်ကို ကြည်နူးစွာ ကြည့်လျက်ရှိလေ၏၊ အာယားကုလားမမှာ ၎င်းအား မှာကြားထားသည့် အတိုင်း မေရီအနီးမှပင် မခွာဘဲ ရှိနေ၏၊

ဆောင်းဦးပေါက်ဖြစ်သဖြင့် မြောက်လေကလေးသည် တစ်ချီတစ်ချီတွင် သုတ်လျက်ရှိလေရာ၊ ဘေဘီလွှတ်နေသော စွန်ကလေးသည် လေထဲတွင် ယိမ်းယိုင်လွင့်ပါး၍နေသဖြင့် ဘေဘီသည်စွန်ကိုမနိုင်မနင်းရှိနေရကား အာယားကုလားမကို ဟစ်အော်၍ခေါ်လေ၏၊ သို့သော် ကုလားမသည် မြေမသွားဘဲ ရယ်မောကြည့်ရှုလျက်သာရှိလေရာ ထိုခဏ၌ မေရီသည် အရုပ်နှင့် လှည်းကလေးကို ပစ်ထားခဲ့ပြီးလျှင် "လာပြီ - လာပြီ" ဟု ဟစ်အော်ကာ လက်ကလေးနှစ်ဖက်ကို မြှောက်လျက် ဘေဘီရှိရာသို့ပြေးသွား၏၊

ထိုအခိုက်၌ ဘေဘီသည် စွန်ကြိုးကို နောက်ဆုတ်၍ဆွဲကာ နောက်သို့ တဖြည်းဖြည်းဆုတ်လာသဖြင့် စွန်ကြိုးသည် မေရီပြေးလာသည့် လမ်းတွင် ကန့်လန့်ဖြတ်ကာ ရှိလေ၏၊ သို့ရှိစဉ် စွန်သည် လေထဲတွင် အထက်အောက် လည်လျက်ရှိလေရာ ဘေဘီသည်နောက်သို့ဆုတ်လာရင်း ရစ်လုံးကို ရှေ့တိုးနောက်ငင် လုပ်လျက်ရှိသောကြောင့် စွန်ကြိုးမှာလည်း စွန်ကစားတိုင်း အထက်အောက်ဝိုက်ကာ ဝှေ့ယမ်းကစားလျက်ရှိလေ၏၊

ထိုအခါ၌မေရီမှာစွန်ကြိုးသည်မေရီနှင့်နှစ်လံခန့်မျှသာ ဝေးတော့သဖြင့် စွန်ကြိုးသည် မေရီ၏လည်ပင်းကို ရစ်ပတ်တော့မည်ကဲ့သို့ရှိစဉ် တစ်ချိန်လုံး အံ့အားသင့်၍ ကြည့်နေမိသော ကျွန်ုပ်မှာ ထိုအခါမှ ရုတ်တရက် သတိရ၍ လာပြီးလျှင် မေရီဆီသို့တစ်ခါတည်းဟစ်အော်ပြေးသွားလေ၏၊ သို့ပြေးသွားစဉ်၌ပင် မေရီသည် စွန်ကြိုးဆီသို့ တည့်တည့်ကြီး ဝင်၍တိုးလေရာ ထိုခဏ၌ လေတစ်ချက်ကစားလိုက်သဖြင့် စွန်သည် အပေါ်သို့ ထောင်၍တက်သွား



ပြီးနောက် ယခင်ကထက် လျင်မြန်စွာ ကောင်းကင်တွင် လည်လျက်ရှိလေသည်၊

ဤသို့လည်ရင်းပင် စွန်ကြိုးသည် မေရီ၏ပခုံးစွန်းနှင့် ပထမငြိပြီးနောက် မေရီ၏လည်ပင်းကို နှစ်ပတ်သုံးပတ်မျှ လျင်မြန်စွာ ရစ်ပတ်လိုက်လေ၏၊

ထိုအချိန်ကား ကျွန်ုပ်ရောက်သွားပြီဖြစ်၍ ကျွန်ုပ်သည် ကြိုးစနှစ်ဖက်ကို တစ်ဖက်စီဆွဲယူလိုက်ပြီးလျှင် ကြိုးကို လက်မများဖြင့် လျင်မြန်စွာဖြုတ်ချပြီးနောက် မေရီ၏လည်ပင်းတွင် ရစ်ပတ်၍နေသောစွန်ကြိုးကို ဖြေလိုက်လေ၏၊ သို့သော် ကျွန်ုပ်ကား နောက်ကျခဲ့ချေပြီ၊

ကြိုးကို ဖြည်လိုက်သည်နှင့်တစ်ပြိုင်နက် မေရီသည် လက်များဖြင့် လည်ပင်းကလေးကို ဆုပ်ကိုင်ကာ မြက်ခင်းပေါ်သို့ လဲကျသွားလေရာ ကျွန်ုပ်လည်း လျင်မြန်စွာ ကောက်ယူပွေ့ချီလိုက်လေ၏၊ ထိုအခါ၌ ထောင်မှူးကြီးနှင့် အာယားကုလားမသည်လည်းကောင်း၊ ထောင်ပြာတာ တစ်ယောက်နှင့်တာရာတစ်ယောက်သည်လည်းကောင်း ရောက်လာကြတော့၏၊

ကျွန်ုပ်သည်မေရီအားအလိုက်သင့်ပွေ့ချီထားလေရာ မေရီမှာ မျက်လုံးကလေးများပြူးထွက်ကာ သွေးများဆုတ်လျက်ရှိနေလေပြီ၊ နှင်းဆီပွင့် တမျှ နီမြန်းလှသောပါးကလေးမှ အနီရောင်များပင် တဖြည်းဖြည်း ဖျော့တော့၍ လာတော့၏၊ ထောင်မှူးကြီးသည် ဒုတိယ ထောင်မှူးကြီးကိုခေါ်ရန် ထောင်ပြာတာကို လွှတ်လိုက်ရာ ထောင်ပြာတာလည်း ပြေး၍သွားလေ၏၊

ဒုတိယထောင်မှူး ရောက်လာသောအခါ ထောင်မှူးကြီးသည် ထောင်ဆရာဝန်ကို အမြန်ဆုံးအကြောင်းကြားရန် ပြောလိုက်သဖြင့် နောက် ၅ မိနစ်ခန့်ကြာသောအခါ ဆရာဝန်ကြီးလည်းရောက်လာလေ၏၊ သို့သော် ဆရာဝန်ကြီးသည် မေရီအား အဆောတလျင် စမ်းသပ်ပြီးနောက် ပါးစပ်မှစုတ်သပ်ကာ ဦးခေါင်းကို ယမ်းလိုက်လေ၏၊

"ကျုပ်အသည်းကွဲပြီ မောင်ဘိုးထော်၊ ဒါဟာ ကျုပ်ပေါ့လျော့မှုပဲ"

"မဟုတ်ဘူး သခင်ကြီး၊ ကျွန်တော်မျိုး အပြစ်လည်း ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မောင်ဘိုးထော် - တအားပြေးသွားတာ ကျွန်ုပ် အမြင်သားပဲ မောင်ဘိုးထော်၊ သည့်ထက်ပိုပြီး ဘယ်တတ်နိုင်မလဲ၊ ကျွန်ုပ် ချီးမွမ်းပါတယ်၊ ကျွန်ုပ်သာဆိုရင် ကြိုးကိုတောင် ဖြတ်မိမှာမဟုတ်ဘူး၊ အံ့အားသင့်ပြီး မုချ ရပ်နေမှာပဲ၊ မောင်ဘိုးထော် အပြစ်မပါပါဘူး"

ထို့နောက် ဆရာဝန်ကြီးသည် မေရီ၏ လည်တိုင်ကလေးပေါ်တွင် သွေးခြည်ဥ၍ကျန်ရစ်ခဲ့သောကြိုးရာကလေးများကိုလည်းကောင်း၊ စွန်ကြိုးကိုလည်းကောင်းကြည့်ရှုပြီးလျှင် ကလေးကစားသည့်အပ်ချည်ကြိုးကလေး သုံးပတ်ရစ်ပတ်ရုံမျှနှင့် လည်ပင်းအစ်၍ သေရသည်ဆိုခြင်းမှာ သဘာဝ အတိုင်းဆိုက မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း၊ ဤမျှလောက် အပ်ချည်အင်အားသည် ထိုထက်နနယ်သော အခါလည်သားကလေးအရွယ် ကိုပင် ညှစ်သတ်ရန် မဖြစ်နိုင်ကြောင်း၊ ယခုကဲ့သို့ ထူးဆန်းသောအမှုကိုမိမိ တစ်သက်နှင့်တစ်ကိုယ် မတွေ့ဘူးကြောင်းဖြင့် ရှင်းလင်းပြောပြလေရာ၊ ကျွန်ုပ်တို့မှာ မျက်ရည်ကျရုံမှ တစ်ပါး မတတ်နိုင်ချေ။

✓ ✓✓

နောက်တစ်လခန့်အကြာ၌ ကျွန်ုပ်သည် ထိုအကျဉ်းထောင်မှ ထွက်ခဲ့ရလေရာ ထောင်မှူးကြီးအား နှုတ်ဆက်သောအခါ မေရီကို သတိရသဖြင့် ထောင်မှူးကြီးရော ကျွန်ုပ်ပါ မျက်ရည်များ လည်၍လာကြသဖြင့် အတော်ပင် ဣန္ဒြေဆည်၍ စကားပြောကြရ၏။ ထောင်မှူးကြီးက အလွန်ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောဆိုလေရာ ကျွန်ုပ်က ဆိတ်ဆိတ်သာနေလိုက်ရ၏။

ထို့နောက် ကျွန်ုပ်လည်း ထိုမြို့တွင်မနေတော့ဘဲ၊ အောက်ပြည်အောက်ရွာသို့ စုန်ဆင်းခဲ့ရာ (၇) နှစ် (၈) နှစ်အရွယ်ကပြားမကလေးများကို မြင်တိုင်း ကျွန်ုပ်လက်ပေါ်တွင် အသက်ပျောက်၍သွားရရှာသော မေရီကို သတိရမိ၏။ ဤသို့သတိရမိရုံမျှမက ထောင်မှူးကြီး၏ ရာဇဝင်ကို ပြန်ပြောင်းစဉ်းစားလိုက်မိတိုင်း သူ၏သားကလေး "ဘောဘီ" အတွက်ကိုပါ တွေး၍ပူပင်မိ၏။ သို့သော် နောက်ထပ်ကား သူတို့အကြောင်းကို သတင်းတစ်စုံတစ်ရာ မကြားရတော့ဘဲ ရှိလေရာ၊ ထောင်မှူးကြီးသားအဖအပေါ်၌ စွဲလမ်းမိသော ကျွန်ုပ်သံယောဇဉ်သည်လည်း နောက်ဆုံးတွင် တဖြည်းဖြည်း လျော့ပါး၍ သွားလေတော့သတည်း။

☛ ဒဂုန်ရွှေမျှား

စာ
မူ
ရှင်
များ
သို့

"ဂမ္ဘီရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

ပေးစားရှာဖြင့်
ဂမ္ဘီရလောကမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




# ကုတ်ကြီး ဓားပြီးဆေး


မင်းမြင့်နိုင် (ဘူးသီးတောင်)

အောက်လင်းဓာတ်မီးအိမ်နှစ်လုံး၏ အလင်းရောင်အောက်တွင် အသက် (၁၅) နှစ်အရွယ်ရှိ ရွာသားယောကျ်ားလေးသုံးဆယ့်နှစ်ယောက်သည် စက်ဝိုင်းပုံစံဖြင့် ဝိုင်းပတ်ထိုင်နေကြသည်၊ လူစက်ဝိုင်း၏ အလယ်တွင် ဆံပင်ယောင်တစောင်းထုံး၍ ခါးတွင်ရှမ်းဘောင်းဘီ အနက်ရောင်ဝတ်ဆင်ထား သော အသက်ငါးဆယ်ကျော်ခန့်ရှိ မြန်မာ့ကိုယ်လုံ သိုင်းဆရာကြီး ဝိုင်းဝဏ္ဏက မတ်မတ်ရပ်လျက်၊ စက်ဝိုင်းသဏ္ဍာန် ဝိုင်းပတ်ထိုင်နေကြသော သိုင်းသင်တန်းသားများအား သိုင်းပညာအကြောင်း ပြောကြားနေခြင်း ဖြစ်လေ၏။

"ရိုးရာကိုယ်လုံပညာဆိုတာ နိုင်ငံအသီးသီး လူမျိုးတိုင်းမှာ ရှိကြတယ်၊ အရှေ့တိုင်းပြည်တွေဖြစ်တဲ့ ဂျပန်ပြည်မှာဆိုရင် ဂျပန်ရိုးရာ ကိုယ်လုံပညာဖြစ်တဲ့ ကရာဒိုတေး၊ ဂျူဒို၊ ဂျူဂျစ်ဆု၊ ကင်ဒိုဓားသိုင်းနဲ့ အိုက်ကီဒို၊ နပန်းစတဲ့ ကိုယ်လုံပညာရှိတယ်။ ကိုရီးယားမှာဆိုရင် တိုက်ကွမ်ဒို၊ တရုတ်မှာ ကွန်ဖူး၊

www.burmeseclassic.com

ရှောင်လင်၊ ဝူရှူး၊ ထိုက်ချီချွမ်၊ ဟပ်ကပ် ဆိုတဲ့ ကိုယ်လုံပညာတွေနဲ့၊ ထိုင်းလူမျိုးတွေမှာကတော့ - မွေထိုင်းလက်ဝှေ့နဲ့ ထိုင်းရိုးရာသိုင်းပညာတွေ ရှိကြတယ်၊ အိန္ဒိယလူမျိုးတွေမှာကတော့ - အိန္ဒိယနပန်းနဲ့ တုတ်သိုင်းပညာ၊ အင်္ဂလိပ်လူမျိုးတွေမှာကတော့ - ဘောက်ဆင်ခေါ်တဲ့ အင်္ဂလိပ်လက်ဝှေ့ ပညာတွေဟာ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ရိုးရာကိုယ်လုံပညာတွေ ရှိကြတယ်။ ငါတို့ မြန်မာလူမျိုးတွေမှာလည်း ရိုးရာကိုယ်လုံပညာဆိုတာ ဟိုး - ရှေးပဝေသဏီ ဘုရင်ခေတ်အချိန်ကာလတည်းက ရှိခဲ့တဲ့ပညာရပ်ပဲ ဖြစ်တယ်၊ ပွဲကျောင်းခေါ်တဲ့ ဘုန်းတော်ကြီးကျောင်းလို့ခေါ်ကြတဲ့ အရည်းကြီးကျောင်း



ရန်သူက တပည့်တို့ရဲ့ ခန္ဓာကိုယ်ကို
ဖမ်းချုပ်ကိုင်လို့ မရတော့ဘဲ
ဆီမန်းရဲ့ အစွမ်းကြောင့် ချောပြီး
လွတ်ထွက်သွားလိမ့်မယ်။
ချုပ်ကိုင်လို့ မရဘူးပေါ့ကွယ်။



တွေမှာလည်း သင်ပေးခဲ့ကြတယ်။ မြန်မာ့ရိုးရာကိုယ်လုံသိုင်းပညာမှာ လက်နက်မဲ့ လက်သိုင်းခေါ်တဲ့ ဗန်တိုပညာနဲ့ လက်နက်နဲ့ တိုက်ခိုက်တဲ့ ဗန်ရှည်ပညာဆိုပြီး နှစ်မျိုးနှစ်စား ခွဲခြားထားတယ်။ လက်နက်နဲ့ တိုက်ခိုက်ရတဲ့ ပညာတွေမှာ တုတ်သိုင်း၊ ဓားသိုင်း၊ လှံရှည်၊ လှံတို သိုင်းနဲ့ ကြိုးသိုင်းအပြင် ကြိုးဆက်တုတ်သိုင်းခေါ်တဲ့ နှစ်ချောင်းဆက် တုတ်သိုင်း ရှမ်းအခေါ်နဲ့ (ခွန်ထောက်ခ)လို့ခေါ်တဲ့ နှစ်ချောင်းဆက် တုတ်သိုင်းတွေဆိုတာ ရှိတယ်။ လက်နက်မဲ့ ဗန်တိုပညာမှာ မြန်မာ့လက်ဝှေ့ပညာလည်း ပါတယ်။ ဓားနှစ်လက်နဲ့ စုံတိုက်ခိုက်တဲ့ပညာတွေ အများကြီးရှိကြတယ်။

မြန်မာ့ရိုးရာကိုယ်လုံ သိုင်းပညာမှာ အကသိုင်း၊ အလှသိုင်းနဲ့ အချသိုင်းဆိုပြီး ရှိပြန်သေးတယ်။ အကဆိုတာကတော့ ရှမ်းအိုးစည်သံ နောင် - ဗိန်နောင် တီးကွက်နဲ့ကတဲ့ လက်သိုင်း၊ ဓားသိုင်း၊ တုတ်သိုင်းတွေ ကြိုးသိုင်းတွေနဲ့ ကပြကြတဲ့ အကသိုင်းကွက်လေးကွက်၊ ရှစ်ကွက်၊ ဆယ့်နှစ်ကွက်၊ သုံးဆယ့်ခြောက်ကွက်စတဲ့ ခြေကွက်ဆုတ်တက် အကွက်တွေနဲ့ ကပြကြတယ်။ အလှသိုင်းကွက်ဆိုတာလည်း အဲဒီလို အကသိုင်းကွက်တွေနဲ့ တစ်ယောက်ချင်း၊ နှစ်ယောက်တစ်ယောက်၊ လေးယောက်တစ်ယောက်၊ ခြောက်ယောက်တစ်ယောက် ဇာတ်တိုက်ပြီး တိုက်ခိုက်ပြတဲ့ အလှတိုက်ကွက်ကို အလှသိုင်းလို့ခေါ်ပြီး၊ တကယ့်ရန်သူနဲ့ တွေ့ရတဲ့အခါ တိုက်ခိုက်ရတဲ့ အချသိုင်းဆိုပြီး အက၊ အလှ၊ အချ၊ သိုင်းဆိုပြီး ခွဲခြားထားသေးတယ်။

မြန်မာ့ရိုးရာကိုယ်လုံသိုင်းပညာမှာ စန်းဝင်ခန်းထွက်၊ ဖျာလိပ်ဝင်၊ ဖျာလိပ်ထွက်၊ အမြင့်မှ အနိမ့်ဆင်း စတဲ့ဆရာဖြစ် သိုင်းကွက်တွေလည်း ရှိသေးတယ်။ ခက်ခဲနက်နဲတဲ့ လေသိုင်းပညာဆိုတာကတော့ အလွန်ခက်ခဲတဲ့ ပညာပဲပေါ့ကွယ်။ သမထယာနိက ပညာနဲ့လည်း ဆက်နွယ်နေတဲ့ ပညာပေါ့။ ဒီလောက်ရှင်းပြတဲ့အတွက် တပည့်တို့ နားလည်သင့်သလောက် နားလည်ပြီ ထင်တယ်၊ နားလည်ကြရဲ့လားကွယ့်"

"နားလည်ပါတယ် - ဆရာကြီး"

www.burmeseclassic.com

ရှိးရာကိုယ်လုံပညာအကြောင်းများကို ရှည်လျားစွာ ရှင်းပြပြီး တပည့်များအား မေးလိုက်ခြင်းဖြစ်သည်။ တပည့်များက ပြန်လည်ဖြေကြားလိုက်ကြ၏။

"ကိုင်း - တပည့်တို့ကို ဆီမန်းတိုက်ရမယ်။ တစ်ယောက်ချင်း ဆရာ့နားကို လာပြီး ဆီမန်းလာသောက်ကြ"

သိုင်းဆရာကြီး ဦးစိုင်းဝဏ္ဏက ငှက်ပျောပွဲများအနီး တင်ထားသော ဆီမန်းခွက်ကို ယူလိုက်ပြီးလျှင် သိုင်းသင်တန်းသားတစ်ယောက်လျှင် ဟင်းခတ်ဇွန်းတစ်ဇွန်းကျစီ ဆီမန်းကို တိုက်လိုက်လေ၏။ ဆီမန်းတိုက်၍ပြီးလျှင် ဆရာဦးစိုင်းဝဏ္ဏမှ -

"အခုလို တပည့်တို့ကို ဆီမန်းတိုက်ရတာက တပည့်တို့တစ်တွေ ရန်သူနဲ့ရင်ဆိုင်တွေ့လိုက်တဲ့အခါ ဆီမန်းဟာ ခန္ဓာကိုယ်ထဲကနေ ပြန်ထွက်လာလိမ့်မယ်။ ရန်သူက တပည့်တို့ရဲ့ခန္ဓာကိုယ်ကို ဖမ်းချုပ်ကိုင်လို့ မရတော့ဘဲ ဆီမန်းရဲ့အစွမ်းကြောင့် ချောပြီးလွတ်ထွက်သွားလိမ့်မယ်။ ချုပ်ကိုင်လို့ မရဘူးပေါ့ကွယ်"

ထိုစဉ် သင်တန်းသားများအတွက်မှ သောင်းထွန်းဆိုသူမှ ထ၍မေးလိုက်လေ၏။

"ဆရာကြီးခင်ဗျာ - ကျွန်တော်တစ်ခုမေးပါရစေ။ တုတ်ပြီးဓားပြီး ဆီမန်းမရှိဘူးလား၊ ရှိရင်ပေးပါ ခင်ဗျာ"

"ဆရာကြီးခင်ဗျာ - ကျွန်တော်တို့ကို ပေးပါခင်ဗျာ"

"ရှိတာပေါ့ကွယ် - ဆီမန်းတို့၊ ထုံးမန်းတို့၊ ကွမ်းယာမန်းတို့ဆိုတဲ့ တုတ်ပြီးဓားပြီးဆေးတွေ ရှိကြတယ်။ ဒါပေမဲ့ - အဲဒီဟာတွေက တစ်ပွဲထိုးခေါ်တဲ့ တစ်ရက်ပဲပြီးတယ်။ နောက်တစ်ရက် မကူးဘူးကွယ့်"

"တစ်သက်လုံးပြီးတဲ့ တုတ်ပြီး ဓားပြီးဆေးမရှိဘူးလား - ဆရာကြီး"

"တစ်သက်လုံးပြီးစေတဲ့ တုတ်ပြီး ဓားပြီး ဆေးဆိုတာ ရှိတာပေါ့ကွာ။ ဒါပေမဲ့ - အဲဒီဆေးဟာ ကောင်းကျိုးပေးသလို ဆိုးကျိုးလည်းပေးတယ် တပည့်တို့"



"ဘယ်လိုကောင်းကျိုးဆိုးကျိုးတွေလဲ - ဆရာကြီး၊ ပြောပြပါခင်ဗျာ"

"ကောင်းကျိုးဆိုတာကတော့ အရေးအကြောင်းနဲ့ ကြုံတွေ့ပြီး ရန်သူရဲ့ အလစ်အငိုက်တိုက်ခိုက်မှုကိုခံရလို့ မိမိခန္ဓာကိုယ်ပေါ်ကို တုတ်၊ ဓားတစ်ခုခု ကျရောက်လာခဲ့ရင် မကွဲမပြတ်၊ မရှစေနိုင်တာ ကောင်းကျိုးပဲပေါ့ကွယ်"

"ဆိုးကျိုးဆိုတာကရော ဘာကိုပြောတာလဲ - ဆရာကြီး"

"အမ်း - သိချင်ကြတော့လည်း ပြောပြရမှာပေါ့လေ၊ အဲဒီ တုတ်ပြီးဓားပြီးဆေးကို စားပြီးတဲ့လူဟာ ယောက်ျားဘဝဆုံးသွားရတယ်ကွယ်။ မျိုးဆက်ပြတ်သွားရတယ်ပေါ့လေ"

"မျိုးဆက်ပြတ်တယ်ဆိုတာ ဘာကိုပြောတာလဲ - ဆရာကြီးရဲ့"

"မျိုးဆက်ပြတ်တယ်ဆိုတာက - အဲဒီ တုတ်ပြီးဓားပြီးဆေးစားထားတဲ့သူဟာ ကလေးမရတော့ဘူးလို့ ပြောတာကွယ့်"

"ဆရာကြီးတွေ့ဖူးတဲ့ တုတ်ပြီး ဓားပြီးတဲ့သူ ရှိလားခင်ဗျာ။ တကယ်ရော ပြီးသလား - ခင်ဗျာ"

"ပြောလက်စနဲ့ ပြောရတော့မှာပေါ့ကွယ်။ တပည့်တို့က တုတ်ပြီး ဓားပြီး ဆေးအစွမ်းကို လက်တွေ့သိချင်မြင်ချင်ကြတယ်ဆိုတော့လည်း ပြရသေးတာပေါ့ကွယ်။ ဒါပေမဲ့ - အလကားတော့ မရဘူးပေါ့။ လှီးရင် ငါးကျပ်၊ ခုတ်ရင် သုံးကျပ်ပဲ။ ကဲ - မင်းတို့ထဲက ခုတ်ကြည့်ချင်တဲ့သူ လှီးကြည့်ချင်သူတွေ ဆရာကို လာခုတ်၊ လာလှီးလှည့်ကြ"

သိုင်းဆရာကြီး ဦးစိုင်းဝဏ္ဏသည် သူဝတ်ထားသော ရှမ်းဘောင်းဘီ အောက်အနားစအား ပင့်လိပ်၍ သူ၏ပေါင်သားများကို ဖော်ထားလေသည်။ ပြီးလျှင် သိုင်းသင်တန်းသားများကို လှမ်းခေါ်နေလေတော့သည်။

"ဆရာ့ကို ခုတ်ရမှာလား၊ ဆရာကြီးရယ် - ဖြစ်ပါ့မလားဗျာ။ တော်ကြာ - ပြတ်သွား ရှသွားမှဖြင့် ဒုက္ခတွေများကုန်ပါဦးမယ်"

သိုင်းသင်တန်းသားတစ်ယောက်မှ စိုးရိမ်စွာပြောလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

"အေးလေကွာ – ဆရာ့ကို ခုတ်နိုင်းတာပေါ့။ ကဲ – သင်တန်းသားထဲက ဖြစ်ဖြစ်၊ လာကြည့်ကြတဲ့ ရွာသားတွေထဲက ဖြစ်ဖြစ်၊ တုတ်ပြီး ဓားပြီးဆေး အစွမ်းသတ္တိကို သိချင်မြင်ချင်ကြရင် ကျုပ်ကိုလာပြီး ခုတ်ကြည့်၊ လှီးကြည့်နိုင်ပါတယ်။ ဓါးနဲ့ ခုတ်ရင် သုံးကျပ်၊ လှီးရင် ငါးကျပ် ပေးရပါမယ်။ အားမနာပါနဲ့ လာကြပါ"

သိုင်းဆရာကြီး ဦးစိုင်းဝဏ္ဏသည် သိုင်းသင်တန်းသားများနှင့် သိုင်းသင်နေကြသည်ကို လာရောက်ကြည့်ရှုကြသော ရွာသားများကိုပါ တုတ်ပြီး ဓားပြီးဆေးအား စမ်းသပ်ကြည့်လိုသူများ စမ်းသပ်ကြည့်နိုင်ကြောင်း ဖိတ်ခေါ်လိုက်လေ၏။ ကြည့်နေကြသော ရွာသားများအတွင်းမှ အသက်လေးဆယ်ခန့် ရှိသူကြီးမြင့်ဆိုသူမှ ထွက်လာပြီးလျှင် –

"ဆရာကြီး ခင်ဗျာ – ကျွန်တော် တစ်ချက်လောက် ခုတ်ကြည့်ပါရစေ၊ ပြတ်သွားခဲ့ရင် ကျွန်တော့် အပြစ်မဟုတ်ဘူးနော်၊ ဆရာကြီး တာဝန်ပဲ ဟုတ်လား"

"ဟုတ်ပါတယ် – ဟုတ်ပါတယ်၊ ကျုပ် – တာဝန်ပါ၊ ကဲ – လာလာ – ဒီမှာ သင်တန်းပြနေတဲ့ ဓားနဲ့ဆိုရင် မကောင်းပါဘူး။ ပြတ်လည်း မပြတ်ဘူး၊ ရွာထဲက ဆောင်ဓားပြတ်ပြတ် တစ်ချက်လောက် ယူပေးကြပါ"

ဆရာကြီးစိုင်းဝဏ္ဏမှ ရွာသားများဘက်သို့ လှမ်းပြောလိုက်လေ၏။ ရွာသားတစ်ဦးမှ အိမ်သို့ပြန်၍ သူ၏ ငှက်ကြီးတောင်ဓားရှည်တစ်ချောင်း အားယူလာပြီး ကြီးမြင့်ဆိုသူ ရွာသားအား လှမ်းပေးလိုက်လေသည်၊ ကြီးမြင့်ဆိုသူရွာသားသည် ငှက်ကြီးတောင်ဓားအား ဓားအိမ်မှ ချွတ်လိုက်ပြီး ဓားသွားအား စမ်းကြည့်လိုက်ပြီးလျှင် သူ၏ အင်္ကျီအိတ်အတွင်းမှ ငွေသုံးကျပ်အား နှိုက်ယူလိုက်ပြီး သိုင်းဆရာကြီးအား ပေးလိုက်ပြီး သိုင်းဆရာကြီး စိုင်းဝဏ္ဏ၏ ထိုးကွင်းများဖြင့်ပြည့်နေသော ပေါင်အား ဆန့်ခိုင်းလိုက်ပြီး သူ၏ ညာဘက်လက်မှ ငှက်ကြီးတောင်ဓားရှည်ဖြင့် အားထည့်၍ ခုတ်ချလိုက်လေတော့သည်၊ ထိုင်နေကြသော သိုင်းသင်တန်းသားများနှင့် ကြည့်နေကြ



သော ရွာသားများသည် "ဟာ – ဟယ် – ဟင်း – အို" ဟူသော အာမေဋိတ် အသံများ နှုတ်ဖျားမှ ထွက်သွားကြပြီး မျက်နှာလွှဲသူများ လွှဲသွားကြပြီး မျက်လုံးစုံ ပိတ်လိုက်ကြလေ၏။

ခုတ်ချလိုက်သော ငှက်ကြီးတောင်ဓားမှာ သိုင်းဆရာကြီး စိုင်းဝဏ္ဏ၏ ပေါင်ပေါ်သို့ ကျရောက်သွားပြီး ကားတာယာ သားရေတုံးအား ခုတ်လိုက်သကဲ့သို့ ပြန်ခုန်တက်သွားလေတော့၏။ ဆရာကြီး စိုင်းဝဏ္ဏကတော့ အပြုံးမပျက် –

"ကဲ – ခုတ်ကြည့်၊ လှီးကြည့်ချင်သူတွေ လာကြပါ"

ထိုအချိန်တွင် သိုင်းသင်တန်းသားများ ဝိုင်းထိုင်နေကြသော စည်းဝိုင်း အတွင်းသို့ ရွာလူမိုက်မှုံကြီးဆိုသူသည် သူ၏ ညာလက်၌ ခေါင်းရိတ်သည့် သင်တုန်းဓားတစ်ချောင်းကိုင်၍ ဝင်လာလေ၏၊

"သိုင်းဆရာကြီး၊ ကျုပ်ကတော့ မခုတ်ချင်ဘူး။ လှီးကြည့်ချင်တာ ဒီသင်တုန်းဓားက ကျုပ်အဖေ ခေါင်းရိတ်တဲ့ ဓားပဲ။ ရော့ – ငါးကျပ်၊ ကျုပ်ဓားကပဲ ပြတ်သလား ဆရာကြီးရဲ့ဆေးကပဲ စွမ်းသလားကြည့်ကြသေးတာပေါ့"

မှုံကြီးက ပြောပြောဆိုဆို ငါးကျပ်တန်တစ်ရွက်ကို သိုင်းဆရာကြီးသို့ လှမ်းပေးလိုက်ပြီးလျှင် သိုင်းဆရာကြီး စိုင်းဝဏ္ဏ၏ လက်မောင်းအရေပြားအား သူ၏ဘယ်လက်ဖြင့် ဆွဲယူလိုက်ပြီး ညာလက်မှ ခေါင်းရိတ်သည့် သင်တုန်းဓားဖြင့် လှီးချလိုက်လေသည်။ ဓားဖြင့် ကျိတ်လှီးလိုက်သော အသံမှာ "ကျီ – ကျီ – ကျီ" ဟူသော သရေတုံးအား လှီး၍ ထွက်ပေါ်လာသော အသံများကဲ့သို့ "တကျီ – ကျီ – ကျီ" ဖြင့် ထွက်ပေါ်လာလေ၏။ မှုံကြီးမှာ ဒေါသထွက်လာပြီးလျှင် သင်တုန်းဓားကို အားဖြင့်ဖိ၍ ရှေ့နောက်ဆွဲပြီး အကြိမ်ကြိမ် လှီးနေလေ၏၊ မပြတ်ပါ၊ လုံးဝ မပြတ်ပါ၊ စိတ်ကြိုက်လှီး၍ လက်ညောင်း သွားဟန်ဖြင့် မှုံကြီးက ပြောလိုက်သည်၊

"ဟူး – တော်ပါပြီ ဆရာကြီးရယ်၊ ဟုတ်ပါတယ် – ဆရာကြီးရဲ့တုတ်ပြီး ဓားပြီးဆေးဟာ တကယ်စွမ်းပါတယ်ဗျာ၊ ကျုပ် – လက်လျှော့ပါတယ် အဲဒီ တုတ်ပြီးဓားပြီးဆေးနည်းလေးများ ပေးနိုင်ရင် ပေးပါလား ခင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com

"မလိုချင်ကြပါနဲ့ဗျာ၊ ကျုပ်ရဲ့တုတ်ပြီးမားပြီးဆေးဟာ စားပြီးတာနဲ့ ကလေးမရနိုင်တော့ဘူး။ မျိုးဆက်ပြတ်ပြီး ဘဝဆုံးသွားရတယ်။ ဒါကြောင့် မလိုချင်ကြပါနဲ့ဗျာ" သိုင်းဆရာကြီးစိုင်းဝဏ္ဏက ရွာသားများအား တောင်းပန်သော အကြည့်ဖြင့်ကြည့်၍ လှိုက်လှဲစွာ ပြောလိုက်လေ၏။

"ကျုပ်ကိုယ်တိုင် ကြုံတွေ့ခံစားရလို့ တောင်းပန်ရတာပါဗျာ။ ကျုပ်မှာ ကျုပ်ရဲ့မျိုးဆက်သွေးမရ၊ မရှိတာကိုသာ ကြည့်ကြပါ၊ ဒီတုတ်ပြီး မားပြီးတဲ့ အချိန်ကစပြီး ကျုပ်ကလေး မရရှိနိုင်တဲ့ဘဝကို ရောက်ခဲ့ရတာပါပဲဗျာ"

"ဆရာကြီးရဲ့တုတ်ပြီး မားပြီးဆေးက ဘာတွေပါလို့လဲ ဆရာကြီးရဲ့၊ ပြောပြနိုင်ရင် ပြောပြပါ"

ဆေးနည်းက လွယ်လွယ်လေး မခက်ပါဘူးဗျာ။ ငရုတ်ကောင်းစေ့ တစ်ထောင်၊ လေးညှင်းပွင့် တစ်ထောင် ၊ နွယ်ချဉ်ပေါင်စေ့တစ်ထောင်နဲ့ (-----အစေ့တစ်ထောင်၊ -----အစေ့တစ်ထောင်)ကို အမှုန့်ကြိတ်ပြီး ပျားရည်စစ်စစ်နဲ့ရောပြီး တစ်ထိုင်တည်းကုန်အောင် စားရတယ်။ ဒီဆေးစားပြီးကုန်တာနဲ့ မျက်လုံးထဲ၊ နားခေါင်းပေါက်နဲ့ နားရွက်တွေထဲက အခိုးတွေ ထွက်လာသလို ခံစားရပြီး တစ်နာရီလောက်ကြာရင် သတိမေ့သွားတာပဲ။ အဲ - သုံးနာရီ၊ လေးနာရီလောက်မေ့နေပြီးမှ သတိရလာရင် မျက်လုံးတွေ ပြာပြီး ဘာမှမမြင်ရတော့ဘူးဗျ။ ရင်ဝထဲမှာလည်း မီးတောက်နေသလို အပူဒဏ်ကို ခံစားရတယ်။ အဲဒီလိုဝေဒနာကို ခုနစ်ရက်လောက် ခံစားပြီးမှ ပုံမှန်ပြန်ဖြစ်သွားတယ်။ ဒါပေမဲ့ - ခန္ဓာကိုယ်ပေါ်က အရေပြားတွေမှာတော့ ရေပွေးပေါက်သလိုလို၊ အရေပြားရောဂါဖြစ်သလိုလို အရေပြားတွေ အဖတ်ဖတ်တွေလန်ပြီး ကိုယ်ရေပြားရောဂါသည်ပုံစံမျိုး ဖြစ်သွားရတာ တစ်သက်လုံးပဲပေါ့ဗျာ။ ကျုပ်ခန္ဓာကိုယ်ကိုသာ ကြည့်ကြပါတော့ဗျာ"

သိုင်းဆရာကြီး စိုင်းဝဏ္ဏသည် ပြောစကားဆုံးသည်နှင့်ဝတ်ထားသော အကျႌအား ချွတ်၍ ပြလိုက်ရာ နောက်ကျောကုန်းနှင့် ရင်ဘတ်ဝမ်းဗိုက်ရှိ အရေပြားများမှာ အဖတ်အဖတ်လန်၍ ရေပွေးကြီးနာ ပေါက်သကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ်မြင်ကွင်းကို သင်တန်းသားများနှင့် ရွာသားများတွေ့မြင်လိုက်ကြရလေတော့သတည်း။

တုတ်ပြီး မားပြီး ဆေးငါးမယ်၏ သုံးမယ်ကိုသာ ဖော်ပြအပ်ပါသည်။ ကျန်နှစ်မျိုး၏အမည်များကို ချန်လှပ်ထားပါသည်။ မသမာသူ ဒုစရိုက်သမားများ၏ မလိုအပ်သော နေရာများတွင် အသုံးချမည်စိုးသောကြောင့် ချန်လှပ်ထားခြင်း ဖြစ်ပါသည်။

(စာရေးသူ)

(ကျေးစာမှုဖြင့် ဆရာကြီး ဦးစိုင်းကျော်အား ကန်တော့အပ်ပါသည်။)

☛ မင်းမြင့်နိုင် (ဘူးသီးတောင်)



www.burmeseclassic.com

www.burmeseclassic.com



# သေလှ

ဝေယံသိန်း

လူ့ဘဝဟာ တန်ဖိုးရှိတယ်ဆိုတာ အမှန်တကယ်ပဲလား။ အလင်းရောင်တွေ၊ ကျက်သရေမင်္ဂလာတွေ၊ ကောင်းချီးတွေ အများကြီးရနိုင်တာ လူ့ဘဝလို့ပဲလို့ တင်စားတတ်ကြတယ်။ အဲဒါရော ဖြစ်နိုင်ပါ့မလား။ ကောင်းကင်ကကြယ်ကြွေတာကိုကြည့်ပြီး လိုချင်တာဆုတောင်းရင် ပြည့်နိုင်တယ်ဆိုတာရော မှန်ရဲ့လား။

ကျုပ် – အဲဒီမေးခွန်းတွေကို အကြိမ်ကြိမ်အခါခါ အဖြေရှာခဲ့ပြီးပြီ။ ဘဝဆိုတာ တိုက်ပွဲလို့ တင်စားတဲ့လူတွေနဲ့လည်း အကြိမ်ကြိမ် ကြုံခဲ့ဖူးပြီ၊ ဒါပေမဲ့ – အဲဒီလူတွေဟာ ကျုပ်ကိုမြင်တော့ ဘဝဆိုတာ တိုက်ပွဲမဟုတ်ဘဲ တချို့လူတွေအတွက် ဘဝဟာ အသက်မဲ့နေတဲ့ ကျောက်တုံးကလေးတစ်တုံးလိုပါပဲလားလို့ တွေးမိသွားတတ်ကြတယ်။

ဟုတ်တယ် – ကျုပ်ဘဝဟာ ကျောက်တုံးလိုပါပဲ။ အေးစက်စက်၊ မာကျောကျော နှလုံးသားတွေနဲ့ ဆန်းကြယ်တဲ့ အတွေ့အကြုံတွေပိုင်ဆိုင်

www.burmeseclassic.com

ထားတာ - ကျုပ်လေ။ ကျုပ်မှာ ရဲရင့်တဲ့စိတ်ရှိတယ်။ ဒါပေမဲ့ - ကျုပ်နှာခေါင်းထိပ်မှာ လာနားတဲ့ ယင်ကောင်ကလေးကိုတောင်မှ ကျုပ်လက်နဲ့ ဖယ်မရှားနိုင်ဘူး။ ကျုပ်ကို ချစ်ပါတယ်ဆိုတဲ့ မိန်းမချောကလေးရှိရင်တောင်မှ ကျုပ်သူ့ကို ပွေ့ဖက်ပြီး အနမ်းတွေ မပေးနိုင်ဘူး။ ကျုပ်သေဖို့တစ်ရံတစ်ယောက်က ချောက်ထဲ ခုန်ချခိုင်းရင်တောင် ကျုပ် ခုန်မချနိုင်ပါဘူး။ ဒီတော့ - ကျုပ်ဘဝကို စိတ်ဝင်စားကြမှာပါ။ ကိုယ်ချင်းစာမိရင်ပေါ့လေ။ ဗုဒ္ဓက ဒီခန္ဓာကိုယ်ကြီးကို ရလာတာဟာ ဒုက္ခသစ္စာပဲလို့ ဟောခဲ့တယ်။ အစက ကျုပ်နားမလည်ဘူး။ အခုတော့ - ကျုပ်နားလည်ပြီ။ ကျုပ်တစ်ကိုယ်လုံး အကြောသေနေတာ ကြာပြီ မဟုတ်လား . . .။

ကျုပ်ဟာ - သေလူပါ။ ဒါပေမဲ့ - မသေနိုင်သေးတာခက်တယ်။ တစ်ကိုယ်လုံးလှုပ်မရဘဲ ဗိုးချဲလ်ပေါ်မှာထိုင်ပြီး ခေါင်းကလေးလှုပ်၊ ပါးစပ်ကလေး လှုပ်သာနေရတဲ့ ဘဝကို ကြုံဖူးရင်တော့ ကျုပ်လိုပဲ သေချင်သေသွားမှာပါ။ တစ်ခါတစ်ရံ ကျုပ်သေဖို့ကြံစည်ဖူးတယ်။ ဒါပေမဲ့ - ကျုပ်ရဲ့ဘာသာတရားက ခွင့်မပြုဘူးဗျ။ ဘဝကို တိုက်ပွဲလို ရင်ဆိုင်ခိုင်းတယ်။ မျှော်လင့်ချက်ရှိနေတဲ့ လူတစ်ယောက်အတွက်တော့ တိုက်ပွဲပေါ့လေ။ ကျုပ်လိုလူက အသက်ရှင်ရုံကလွဲပြီး ဘာများထူးခြားလာမှာလဲ။ ဒါကြောင့် - ကျုပ်သေဖို့ ကြံစည်နေတယ်။ အခုလည်း သေဖို့ ကြံစည်နေတာပဲ။ ဩော် - ကျုပ်မသေခင် ဘာကြောင့် အခုလို တစ်ကိုယ်လုံး အကြောသေနေတဲ့ ဒုက္ခိတဘဝ ရောက်သွားရတယ်ဆိုတာ ပြောပြရဦးမယ်။ သိပ်လည်း သိချင်ကြမှာပေါ့။ ကျုပ် - ဇာတ်လမ်းက ဇာတ်လမ်းကောင်း မဟုတ်လောက်ပါဘူး။ ဒါပေမဲ့ - ရင်ဘတ်နဲ့ နားထောင်ရင်တော့ ကောင်းရင်ကောင်းနေမှာပါ။

ကျုပ်က တယောဆရာဗျ။ ကျုပ်နာမည်ကို ပြောလိုက်ရင် တစ်နိုင်ငံလုံးမျက်လုံးပြူးသွားမှာစိုးလို့ "ကိုဖြူ" လို့ပဲ ထားပါတော့။ "ကိုဖြူ" ဆိုတဲ့ ကျုပ်ဟာ (၁၄) နှစ်သားကတည်းက တယောထိုးလာတာဗျ။ တယောထိုးနေရရင် ထမင်းမေ့၊ ဟင်းမေ့ပဲ။ ရောမမြို့ကြီး မီးလောင်နေတာကို ဂရုမစိုက်ဘဲ တယောတီးနေနိုင်တဲ့ နီရိုးဘုရင်ကြီးတောင် ကျုပ် ဝါသနာကို မီမယ်မထင်ဘူး။



တကယ်ပဲ ကျုပ်နေတဲ့ မြို့ကလေးကို မီးလောင်ခဲ့ဖူးတယ်လေ။ အဲဒီတုန်းက ကျုပ်ဟာ မြစ်ကမ်းစပ်မှာထိုင်ပြီး တယောတီးကောင်းတုန်း။ အမေနဲ့အဖေက အိမ်မီးလောင်လို့ အရှုးမီးပိုင်းဖြစ်ပြီး ကျုပ်ကို လိုက်ရှာနေတဲ့ အချိန်ပေါ့။

"ဟေ့ - ကိုဖြူ၊ ဘယ်ရောက်သွားလဲ - ရှာစမ်းပါဦး။ မီးထဲ ပါသွားပလားဟ"

"မပါနိုင်ပါဘူး - တော်။ ညနေ မစောခင်ကတည်းက တယောတစ်လုံးနဲ့ မြစ်ဆိပ်ဘက် ထွက်သွားလေရဲ့"

"ဟာ - ဒီခွေးသားကွာ၊ တောက် - "

အဖေက မီးလောင်နေတဲ့သူ့အိမ်ကို လျစ်လျူရှုပြီး ကျုပ်ကို အမဲဖျက်ဖို့ မြစ်ဆိပ်ကို ရောက်လာတယ်။ ကျုပ်က အဲဒီအချိန်မှာ မဟာဂီတသီချင်းကြီးထဲက "ယမုန်နာ" ဆိုတဲ့ တေးသွားကို အကျအနထိုးနေတာ။ ပတ်ဝန်းကျင်ကို သတိမထားမိလိုက်ဘူး။ အဲဒီအချိန်မှာပဲ အဖေက ကျုပ်ကျောကုန်းကို "အုန်း" ခနဲ ဝင်ကန်ပါလေရော။

"အား - ဟာ - အဖေ ဘာဖြစ်လို့လဲ"

"ဘာကွ - ဘာဖြစ်တာလဲ ဟုတ်လား။ အိမ် မီးလောင်နေပြီကွ။ အခု - ဗြာပုံပဲ ကျန်တော့တယ်"

"ဗျာ - တကယ်"

"အေး - မင်းကို သားယောက်ျားလေးမို့လို့ အားကိုးရမလားမှတ်တယ်။ အလကားကောင် - မင်းကို ကျွေးရတာ ဆန်ကုန်တယ်။ မင်းလိုကောင်ကို မြေပေါ်မှာထားရင် မြေလေးတယ်။ အဲဒီတော့ ရေထဲသွားပေတော့ - ကဲ"

"ဗွမ်း ..."

အဖေ့ရဲ့ခြေဖဝါးဟာ ကျုပ်ရင်ဘတ်ကို လာမှန်ပြီး ကျုပ်ယက်ကန်ယက်ကန်နဲ့ မြစ်ထဲလိမ့်ကျသွားတယ်။ အဖေဟာ ကျုပ်ကိုဒေါသတွေ မီးတောက်ပြီး ဆင်ခြင်နိုင်တော့ဘူးထင်ပါရဲ့။ ကျုပ်ဟာ ရေမကူးတတ်ဘူးဆိုတာ အဖေ မေ့နေတယ်ထင်တယ်။ ဘာပြောကောင်းမလဲ တယောကိုပိုက်ပြီး ရေနစ်နေ

www.burmeseclassic.com

တာပေါ့၊ မောင်ရီပျိုးစအချိန် ရေထဲမှာလည်း ရေတက်ချိန်ဆိုတော့ နောက်ဆုံးတော့ ကျုပ်ဟာ မြစ်ရေစီးသံနဲ့အတူ ဟိုး - အဝေးကြီးကို မျောပါသွားပါတော့တယ်။ အဖေကတော့ သူ့ဒေါသနဲ့သူမို့ ကျုပ်အဖြစ်ကိုသိမယ်မထင်ပါဘူး။ ကျုပ် - ပထမအကြိမ် သေခြင်းပဲဆိုပါတော့၊ မိသားစုနဲ့နေရတဲ့ဘဝလေး သေဆုံးသွားတာပါ၊

✓ ✓✓

လူကတော့ ဘုရားပေးတဲ့ကံကြောင့် မသေဘဲ ပဲခူးမြစ်နားက ရွာတစ်ရွာမှာ သောင်တင်နေပါတယ်၊ ရွာသားတွေ ဝိုင်းပြီး ကယ်ဆယ်တယ်။ နောက်တော့ - ကျုပ်လည်း အဲဒီရွာမှာခင်ပြီး အိမ်မပြန်ဖြစ်တော့ဘူး။ အဲဒီရွာနေပြီး အလုပ်လုပ်တယ်။ ငါးပက်တယ်၊ ကြိမ်ခုတ်တယ်၊ ကျုပ် - တယောတီးတာကို ဘယ်သူမှမသိကြဘူး။ (၂)လလောက်ကြာတော့ မြို့ကလာတဲ့ တီးဝိုင်းတစ်ဖွဲ့ ရွာရဲ့ဘုရားထီးတင်ပွဲမှာ ဖျော်ဖြေတယ်၊ အဲဒီအဖွဲ့ထဲမှာတော့ တယောကိုဝမ်းဆိုတာလည်း ပါလာတော့ ကျုပ်လည်း သူ့ဆီက တယောခဏငှားပြီး တီးကြည့်တယ်။ ကိုဝမ်းက ကျုပ်ကို တော်တော်သဘောကျသွားတယ်။ သူက ပြောတယ်၊

"မင်းက မြန်မာသံ တော်တော်ပိုင်တာပဲ၊ ဒါပေမဲ့ - ကြီးပွားချင်ရင် ခေတ်ကို မျက်ခြည်ပြတ်ထားလို့ မရဘူး၊ ဒီတော့ - မင်း ဘိုသံလေ့လာကွာ"

"ကျွန်တော် - ဘယ်လိုလေ့လာရမလဲဆရာ"

"အေး - ငါနဲ့ ရန်ကုန်လိုက်ခဲ့၊ မင်းကို ငါ တပည့်မွေးမယ်"

ဒီလိုနဲ့ ကျုပ် ရန်ကုန်ရောက်သွားပါတယ်။ ကျုပ်ဟာ ရန်ကုန်မှာ အုတ်သယ်၊ ဘိလပ်မြေသယ်၊ ဆေးသုတ်၊ တွင်းတူးအလုပ်တွေလုပ်ပြီး ဝမ်းစာရှာရင်း တယောဆရာ ကိုဝမ်းဆီက ပညာတွေ သင်တယ်၊ နောက်(၂)နှစ်အကြာမှာ တခြားဆရာတွေဆီက ပညာတွေ ထပ်ယူတယ်၊ စာအုပ်တွေဖတ်တယ်၊ နုတ်(စ်)တွေနဲ့ ကျင့်တယ်၊ တီးတယ်၊ တဖြည်းဖြည်း ကျွမ်းကျင်



လာတော့ စားသောက်ဆိုင်တွေမှာ လိုက်တီးတယ်၊ နောက် - ဟိုတယ်တွေပေါ့၊ နောက်တော့ သီချင်းခွေထုတ်လုပ်သူတွေကို ပံ့ပိုးတီးပေးတယ်၊ နောက်ဆုံး - နိုင်ငံတကာ တယောပြိုင်ပွဲတွေ၊ မြန်မာပြည်ကလွှတ်တဲ့ သံရုံးပွဲတွေမှာ လိုက်တီးရင်း လူသိများလာတယ်။ တိုက်နဲ့ကားနဲ့ ဖြစ်လာတယ်၊ အဲဒီအချိန် ကျုပ်အသက် (၃၀)ပေါ့ဗျာ၊ လူဆိုတာ သစ်ပင်မြင့်ရင် လေတိုက်တယ်ဆိုတာနဲ့တူတယ်၊ ကျုပ်အောင်မြင်လာတာကို မနာလိုသူတွေ ရှိလာတယ်၊

✓ ✓✓

တစ်နေ့ ခေတ်ဆန်ပြီး အင်မတန် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ကျုပ်ဆီ ရောက်လာတယ်၊ သူမ နာမည်က နုနုသွယ်တဲ့၊

"ဆရာရှင့် - ဆရာ့ရဲ့တယောသံကို ကြားရကတည်းက ဆရာနဲ့ တွေ့ချင်ခဲ့တာ ကြာပါပြီ၊ အခုတော့ ဆုတောင်းပြည့်ပြီပေါ့ရှင်"

"ကျေးဇူးတင်ပါတယ်ဗျာ - ဘာကိစ္စများရှိလို့ပါလဲ"

"ဩော် - ကျွန်မက မော်ဒယ်လ်သရုပ်ဆောင်တစ်ယောက်ပါ၊ အခုလာမယ့် ဒီဇင်ဘာမှာ စင်္ကာပူမှာသွားပြီး ဖျော်ဖြေပွဲတစ်ခုက ပြဖို့ရှိပါတယ်၊ အဲဒီပွဲမှာ ကျွန်မက Performance အနေနဲ့ သရုပ်ဆောင်ရမှာဆိုတော့ နောက်ခံပံ့ပိုးမှုတွေ အများကြီးလိုပါတယ်၊ ဆက်တင်တွေ၊ မီးတွေ၊ တီးဝိုင်းတွေတော့ စီစဉ်ပြီးပါပြီ၊ ဒါပေမဲ့ - ကျွန်မရဲ့စိတ်ကူးက ဆရာ့ရဲ့တယောသံလေးနဲ့ Performance လုပ်ရရင် ပိုကောင်းမယ်ထင်လို့ပါ"

မိန်းကလေးရဲ့စကားအဆုံးမှာ ကျုပ် သဘောပေါက်သွားတယ်၊

"ဩော် - ညီမက အစ်ကိုရဲ့တယောသံနဲ့ သရုပ်ဆောင်ချင်တယ်ဆိုပါတော့"

"ဟုတ်ပါတယ် - ရှင်"

ကျုပ် - တွေးလိုက်တယ်၊ ဘာမျှမကြာလိုက်ဘူး၊ စင်္ကာပူကို လိုက်သွားဖြစ်ပါလေရော၊ အဲဒီမှာပဲ စင်္ကာပူက မြန်မာသံရုံးမှာ ထူးထူးခြားခြား ဖျော်



www.burmeseclassic.com

www.burmeseclassic.com

ဖြေမှုတွေလုပ်ဖို့ ဇာတ်တိုက်ကြရတယ်၊ ကျုပ်နှင့် နနသွယ်နဲ့ ဖျော်ဖြေပုံက ထူးခြားတယ်၊ သူမက လေပြင်းမုန်တိုင်းတိုက်လို့ လဲကျနေတဲ့အချိန်မှာ ကျုပ်က ကောင်းကင်က လဝန်းထဲကနေထွက်လာပြီး တယောတီးပြရမယ် ဆိုပါတော့၊ ကျုပ်ရဲ့တယောသံကြားတော့မှ ပြန်ထလာပြီး မုန်တိုင်းလည်း စဲသွားမယ်၊ အကအခုန်တွေ ထွက်လာပြီး ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းမှုအသွင် ဆောင်မယ့် ပြကွက်ပေါ့ဗျာ၊ အဲဒီ့အစီအစဉ်အတွက် ကျုပ်က အကောင်းဆုံး တေးသွားတစ်ပုဒ်ကို သီကုံးပြီး ဖန်တီးထားတယ်၊ (၃)ရက်လောက် ဇာတ် တိုက်ပြီး အဆင်သင့်ဖြစ်ပြီဆိုတော့မှ ပြပွဲရက်ကို သတ်မှတ်လိုက်ကြတယ်၊

ဒီလိုနဲ့ ဒီဇင်ဘာလ(၂၅)ရက်နေ့ ရောက်ရောဆိုပါတော့၊ အဲဒီနေ့ဟာ ကျုပ်ဘဝတစ်ခုလုံး ပြောင်းလဲသွားမယ့်နေ့ရဆိုတာကို လုံးဝမထင်ထားမိခဲ့ ပါဘူး၊

ည(၈း၂၀)မိနစ်မှာ ကျုပ်နှင့် နနသွယ်ရဲ့အော်ပရာ စပြတယ်၊ ဇာတ်စင် ပေါ်မှာ လေပြင်းမုန်တိုင်းတွေ တိုက်ပြတယ်၊ မော်ဒယ်လ်မင်းသမီး နနသွယ် က မုန်တိုင်းကြားထဲမှာ ယောက်ယက်ခတ်ပြီး လဲကျသွားတယ်၊ သစ်ပင် တွေ၊ တောတောင်တွေ ပျက်စီးကုန်တယ်၊ အဲဒီ့အချိန်မှာ ကျုပ်ဟာ တယော လေးကိုကိုင်ပြီး ပေ(၂၀)အမြင့်ရှိတဲ့ စင်ကလေးပေါ်ကို လှေကားနဲ့ အနောက် ကနေ တက်လိုက်တယ်၊ အဲဒီ့စင်ကလေးပေါ်ရောက်ရင် မီးတွေ အားလုံး မှိတ်ပြီး ကျုပ်တို့ပဲ Follow မီးဆလိုက်တွေနဲ့ ထိုးထားမယ်၊ ကျုပ်ရပ်နေတဲ့ စင်လေးကို ဟိုက်ဒရောလစ်စနစ်နဲ့ ပရိသတ်ရှေ့ကို ပို့မယ်ဆိုပါတော့၊

ဇာတ်တိုက်ထားတဲ့အတိုင်း ကျုပ် လှေကားကတစ်ဆင့် ပေ(၂၀)မြင့် တဲ့ စင်ကလေးပေါ် တက်လိုက်တယ်၊ မီးတွေအားလုံး မှောင်သွားတယ်၊ နောက် မီးအဝိုင်းလေး လင်းလာပြီး ကျုပ်ကို ထိုးလာတယ်၊ ကျုပ် တယောသံ စထွက်လာတော့ ပရိသတ်လက်ခုပ်တီးတယ်၊ ကျုပ်အဖို့တော့ ပေ(၂၀) အမြင့်ကနေ ပရိသတ်ကို ငုံ့ကြည့်နေရတာကြောင့် ရင်တုန်စရာပဲ၊ တေးသွား နှင့်အတူ နနသွယ်ဟာ နိုးထလာတယ်၊ ရုတ်တရက် ဆိုသလိုပဲ ကျုပ်ရဲ့ တယောအိုးထဲကနေ ရှည်မျောမျောအရာတစ်ခု ထွက်လာတယ်၊ ပထမ



တော့ ကျုပ် ကြောင်ကြည့်နေတယ်၊ နောက်တော့ အသေအချာလည်း ကြည့်မိရော ...၊

"ဟာ - မြွေ - မြွေဟ"

ကျုပ် - လန့်ဖျပ်ပြီး တယောကိုလွှတ်ချလိုက်ရင်း နောက်ကို နစ်လှမ်း လောက်လည်း ဆုတ်လိုက်ရော -

"အား"

✓ ✓ ✓

ပေ(၂၀)အမြင့်ရှိတဲ့ စင်ပေါ်ကနေ ဇောက်ထိုးပြုတ်ကျသွားပါလေရော၊ လူတွေ ဝိုင်းအုံလာကြတယ်၊ ကျုပ် - ကျုပ်ကို မနာလိုတဲ့ လူတစ်ယောက်က လုပ်ကြံလိုက်တာဆိုတာကို ကျုပ်သိနေတယ်၊ ကျုပ် ဆေးရုံကို ရောက်သွား တယ်၊ (၇)ရက် သတိလစ်ပြီး ပြန်သတိရလာတော့ တစ်ကိုယ်လုံး လှုပ်လို့ မရတော့ဘူး၊ ခန္ဓာကိုယ်ရဲ့ကျောရိုးမကြီးတစ်ခုလုံး ထိခိုက်သွားလို့ ဘယ်လို နည်းနဲ့မှ ဆက်ကုလို့ မရနိုင်ဘူးဆိုပဲ၊ ကဲ - အဲဒါ ကျုပ်ရဲ့သမိုင်းပဲ၊

ကျုပ်ရဲ့ကိုယ်စောင့်နတ်က ကျုပ်ကို စောင့်ကြည့်တော်မမူဘူး၊ ကျုပ် - (၁၀)နှစ်လုံးလုံး ဒုက္ခိတဘဝနဲ့ အမှောင်ထဲမှာ ဖြတ်သန်းနေခဲ့ရတယ်၊ ဒီနေ့ တော့ ကျုပ်သေဖို့ ဆုံးဖြတ်လိုက်တယ်၊ တစ်ကိုယ်လုံး လှုပ်မ,ရတဲ့ လူက ဘယ်လိုများ သတ်သေမလဲလို့ စဉ်းစားမိကြမှာပဲနော်၊

ကျုပ် - အခု ကိုယ့်အစီအစဉ်နဲ့ကိုယ် တပည့်လေးတစ်ယောက်ရဲ့ ကောင်းမှုကြောင့် မြစ်နှင့် ရန်ကုန်မြေးဆွဲတဲ့ သင်္ဘောတစ်စီးပေါ်ရောက်နေ ပြီ၊ ညနေခင်း ပင်လယ်ဘက်ကို ရောက်လာတဲ့အချိန် တပည့်ကလေးကို တောင်းဆိုလိုက်တယ်၊

"ငါ - အခု စိတ်ပင်ပန်းနေတယ်ကွာ၊ ငါ့ကို သင်္ဘောဦးပိုင်းကုန်းပတ်ပေါ် လိုက်ပို့ပေးစမ်းပါ"

"ဟာ - ဆရာ၊ အဲဒီ့နေရာက ကုန်းဆင်းလေ၊ ဆရာ့ဝှီးချဲလ်က ဘယ်လို လုပ် ရပ်လို့ရပ့ါမလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်ကွာ - ဘရိတ်ဖမ်းထားလိုက်ပေါ့"

အားလုံးလည်း သိကြမှာပါ။ ဝိုးချဲလ်မှာ ဘရိတ်ဖမ်းတဲ့ ကလစ်ကလေး တစ်ခုပါတယ်လေ။ ကုန်းပတ်ပေါ်ရောက်တော့ လူရှင်းနေတယ်၊ လေက တဖြူးဖြူးပဲ၊ ကျုပ်ဟာ ဝိုးချဲလ်ကို ပွဲထိပ်နားထိ ရွှေ့နိုင်းလိုက်တယ်၊ ပြီးတော့ ဘရိတ်ဖမ်းပြီး ရပ်ထားလိုက်တဲ့အချိန် ကျုပ်တပည့်ကလည်း ဟိုဒီလျှောက် ပတ်ကြည့်ချင်လေရဲ့၊

"ဆရာ့ကို ဘရိတ်ဖမ်းပေးထားပြီးပြီ၊ ကျွန်တော် လျှောက်ပတ်ပြီး လေ့လာလိုက်ဦးမယ်"

ဒီလိုနဲ့ - ဟိုကောင် ထွက်သွားတယ်၊ အဲဒီအချိန်မှာ ဇင်ယော်စာ လာ ရောင်းတဲ့ (၅)နှစ်အရွယ်ကလေးလေးတစ်ယောက်ကိုတွေ့တော့ လှမ်းခေါ် လိုက်တယ်၊

"ဟေ့ - ကလေး၊ ဦးကို ဒီဘီးက ကလစ်ကလေး ဖြုတ်ပေးပါကွယ်၊ မုန့်ဖိုးပေးပါ့မယ်"

ကလေးက နှစ်ခါ မပြောရဘူး၊ ဝိုးချဲလ်ကလစ်ကို ဖြုတ်ချလိုက်တယ်၊ ဝိုးချဲလ်ရော လူပါ ကုန်းဆင်းအတိုင်း လိမ့်သွားပြီး ရေထဲကို ဆင်းသွားပါလေ ရော၊

"လာကြပါဦးဗျို့ - လူတစ်ယောက် ရေထဲပြုတ်ကျသွားလို့"

နောက်ဆုံးကြားလိုက်ရတဲ့အသံက ကျုပ်နာမည်ကို တပ်ခေါ်တဲ့ ကျုပ် တပည့်အသံပဲ၊ ရေထဲကို ပြုတ်ကျပြီး ကျုပ်ခန္ဓာကိုယ်တစ်ခုလုံး နစ်မြုပ်သွား ပါတော့တယ်၊ ရေထဲမှာ မွန်းကြပ်လာတယ်၊ အသက်ရှူလို့ မဝတော့ဘူး၊ တဖြည်းဖြည်း ခေါင်းထဲမှာ အေးခနဲဖြစ်ပြီး အမှောင်ထဲ ရောက်သွားပါတော့ တယ်၊ ကျုပ်သေပြီ၊ လွတ်လပ်ပြီပေါ့ဗျာ၊ ဝိညာဉ်ဘဝနဲ့ ပေါ့ပေါ့ပါးပါး ကခုန် လိုက်မယ်ပေါ့ဗျာ၊

ကျုပ် - အမှောင်ထဲမှာ အချိန်အတော်ကြာကြာ နေခဲ့ပြီးနောက်တော့ ပထမဦးဆုံး မျက်နှာကို နေရောင်လိုလို အပူမိုးလာဟပ်တာကြောင့် မျက်လုံး ကို ဖွင့်ကြည့်လိုက်တယ်၊



"ဟင်"

ကျုပ် - မသေဘဲ မြစ်ကမ်းစပ်တစ်ခုကို ရောက်နေတယ်၊ ရွာတစ်ရွာကို လည်း မြင်နေရတယ်၊ ရွာကတော့ မြန်မာရွာပုံစံပဲ၊ အိမ်ကြီးတွေက အကြီး ကြီးတွေပဲ၊ စေတီလေးတစ်ဆူကိုလည်း တွေ့ရတယ်၊ လူတစ်ယောက် ကျုပ် ဆီကို ပြေးလာပြီး ဆွဲထူတယ်၊

"ထ - ထ - အစ်ကို၊ ဒီရွာကို ရောက်လာတဲ့သူတိုင်း အဲလိုပဲ၊ တစ်ခု မဟုတ်တစ်ခု ဒုက္ခကြုံခဲ့ရတယ်၊ ဟဲ - ဟဲ"

"ဟမ်"

ကျုပ် - အံ့ဩသွားတယ်၊ ဘာကြောင့်လည်းဆိုတော့ ကျုပ် တစ်ကိုယ် လုံး လှုပ်ရှားလို့ ရနေပြီလေ၊ ထူးဆန်းနေတာတော့ အမှန်ပဲ၊ ရေထဲမှာ မျော ပြီးမသေဘဲ ဘာလို့ကောင်းသွားရတာလဲလို့ တွေးနေမိတယ်၊ ကျုပ်ကို လာထူတဲ့လူက မေးတယ်"

"အစ်ကို့နာမည်က"

"ကိုဖြူပဲ ဆိုပါတော့ကွာ၊ ငါ့ညီက -"

"ဩော် - ကျွန်တော့်နာမည်က မိုးဝေပါ၊ ဒီရွာရဲ့ ကာလသားပေါ့ဗျာ၊ ဒီရွာက အေးချမ်းပါတယ်၊ သန့်လည်းသန့်တယ်၊ ပြီးတော့ ပျော်စရာတွေ လည်းရှိတယ်၊ တစ်ခုပဲ ..."

မိုးဝေက သူ့စကားကိုရပ်ပြီး တစ်ခုခုကို တွေးမိသလိုလိုနဲ့ မျက်နှာပျက် သွားတယ်၊ ဒီလိုနဲ့ ရွာသူကြီးဆီ ရောက်သွားတော့ ရွာသားတွေကပါ ဝိုင်းပြီး ကြိုဆိုကြတယ်၊

ရွာသူကြီးက ပြောတယ်၊

"သဘော်မှောက်ပြီး ဒုက္ခရောက်လာတော့လည်း ကယ်တင်ထားရတာ ပေါ့ကွာ၊ ဒီရွာကိုရောက်ရင်တော့ ဒီရွာသားပဲပေါ့၊ မပြန်နဲ့တော့ - ဟား - ဟား - ဟား"

သူကြီးက ပျော်တတ်တယ်ထင်တယ်၊ ရွာသားတွေကလည်း ဝိုင်းပြီး ကြ၊ နောက်ကြနဲ့ဆိုတော့ ကျုပ်တောင် ပျော်သွားတယ်၊ အဲဒီအချိန်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com

ရွာထဲက တွမ်းတောင်ကိုင်တွေ ထင်ပါရဲ့၊ အချောအလှ မိန်းကလေးတွေ ရောက်လာပါတယ်၊ သူကြီးက ကျုပ်ကို ပြောတယ်၊

"နေတာကတော့ နေချင်တဲ့ အိမ်မှာနေပါကွယ်၊ ဒါပေမဲ့ - ရွာဦးကျောင်း ဆရာတော်ကိုတော့ သွားဖူးဦးကွယ့်၊ ဆရာတော်က သိပ်ဘုန်းကြီးတာ"

ဒီစကားကြားတော့ ကျုပ် နည်းနည်း ကသိကအောက်ဖြစ်သွားတယ်၊

"ဒါ - ဒါကတော့လေ သူကြီးရယ်၊ ကျွန်တော်က ဗုဒ္ဓဘာသာမဟုတ်ဘူး ဗျ၊ ဒါကြောင့် - သွားလို့မဖြစ်ဘူး"

"ဟေ - တကယ်"

ကျုပ်စကားကြောင့် သူကြီးရော ရွာသားတွေပါ သိသိသာသာကြီး မျက်နှာပျက်သွားကြတယ်၊ ရွာသားတွေထဲက အသံကြားရတယ်၊

"ဒီလူတော့ - သွားပဟေ့"

"အေးကွာ - နာလိုက်တာ"

သူတို့ ဘာကို ဆိုလိုကြမှန်း ကျုပ်မသိဘူး၊ သူတို့ရဲ့ဆရာတော်ဘုန်းကြီးကို မကိုးကွယ်လို့များလားလို့ တွေးမိပြီး ဝတ်ကျေတန်းကျေ ဘုန်းကြီးကျောင်းကို သွားလိုက်တယ်၊ ကျောင်းကြီးကတော့ နန်းတော်ကြီးအလား ထင်ရတယ်၊ ကျောင်းဝင်းထဲလည်းရောက်ရော အသက် (၅၀) ကျော် ဘုန်းကြီးတစ်ပါး လှေကားဝကနေ ဆီးကြိုတယ်၊

"လာ - လာ - ဒကာ၊ ဒကာ့ကို မျှော်နေတာ"

သူကြီးက ကြိုအကြောင်းကြားထားပြီးပြီ၊

ဘုန်းကြီးစကားကြောင့် ပိုအံ့သြသွားတယ်၊ ကျုပ် ဒီကို လာမယ်ဆိုတာ သူကြီးကို မပြောခဲ့ပါဘူး၊ စိတ်ထဲက အားနာလို့ ကိုယ့်ဘာသာ ထွက်လာခဲ့တာ၊ ဒီလိုနဲ့ ဘုန်းကြီးက ကျုပ်ရဲ့ဘာဝအကြောင်းမေးတော့ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရတယ်၊ ဘုန်းကြီးနာမည်က ဦးဝါယမတဲ့၊ သူက ကျုပ်ကို သတိပေးတယ်၊

"ဒကာလေး - ဒီရွာမှာ ပျော်သလောက် နေနိုင်ပါတယ်၊ ဒါပေမဲ့ - ဒကာလေး - ဗုဒ္ဓဘာသာမဖြစ်တာ မကောင်းဘူးကွယ်၊ ဗုဒ္ဓတရားကမှ လူ့



ဘဝတွေကို ဂနာငြိမ်အောင် ဖန်တီးပေးနိုင်တာ၊ ဖန်တီးတယ်ဆိုတာကလည်း လူကိုယ်တိုင်က ဗုဒ္ဓတရားကို ရိုသေကျင့်ကြံမှ ရမှာကွဲ့၊ ဒီမှာဆို ပိုဆိုးတာပေါ့ကွယ်"

"ဒီ - ဒီမှာ ဘာဖြစ်လို့လည်း ဘုရား၊ ဗုဒ္ဓဘာသာမဟုတ်ရင် မနေရဘူးလား"

"မဟုတ်ပါဘူး - ဒကာ၊ အဲဒါ - ဒကာ့ကိုပြောနေရင် နားလည်မှာ မဟုတ်ဘူး၊ ဟော - ဟိုးမှာမြင်နေရတဲ့စေတီကို တွေ့လား၊ အဲဒီ့စေတီကို မကြာခဏ သွားပါ၊ ဒကာ့ရဲ့ကံကောင်းလာရင် အမြင်မှန်ရပြီး ဗုဒ္ဓကို ရိုသေကိုင်းရှိုင်းလာလိမ့်မယ်၊ သမ္မာဒိဋ္ဌိအမြင်တွေ ရလာပါလိမ့်မယ်"


ဘုန်းတော်ကြီးက နောက်ဆုံးပြောပြီး ကျိန်းစက်ရာအခန်းထဲ ဝင်သွားပါတော့တယ်၊ ကျုပ်လည်း ဘုန်းကြီး လက်ဆောင်ပေးတဲ့ ဘီစကွတ်မုန့်တွေ၊ ကော်ဖီတွေ၊ နို့ဆီတွေကိုဆွဲပြီး ယူလာခဲ့ပါတယ်၊ တည်းခိုရာ အိမ်ရောက်တော့ အိမ်ရှင်ကျွေးတဲ့ထမင်းကို စားပြီး အချိုတည်းချင်တာနဲ့ ဘုန်းကြီး ပေးလိုက်တဲ့ ဘီစကစ်ကို ဖောက်လိုက်တယ်၊

"ဟင်"

"အဲဒီမှာပဲ ထူးခြားတာက ဘီစကွတ်မုန့်ရဲ့ Exps-date လို့ခေါ်တဲ့ ကုန်သတ်ရက်ကိုကြည့်လိုက်တော့ (၁၂ - ၁၀ - ၁၉၈၉ ခုနှစ်) လို့ရေးထားတာကို တွေ့ရတယ်၊ အခုရောက်နေတာ ၂၀၁၁ - ခုနှစ်ဆိုတော့ ကြာပြီပေါ့၊ ကျုပ်လည်း မစားတော့ဘဲ တွေးနေတယ်၊ ဒီဘုန်းကြီးက ဒကာ၊ ဒကာမတွေ ကပ်တဲ့မုန့်ကို မစားဘဲ သိမ်းထားတတ်တဲ့ အကျင့်ရှိသကိုးလို့ ထူးထူးဆန်းဆန်း တွေးနေမိတယ်၊

ဒီလိုနဲ့ ကျုပ်ဟာ ရွာမှာ (၁၅) ရက်လောက်နေပြီး စားလိုက်အိပ်လိုက်နဲ့ ပျော်နေမိတယ်၊ အရင်က ဒုက္ခိတဘဝကို မေ့ပြီး အလှအပတွေ၊ အကောင်းစားတွေနဲ့ ကြည်နူးနေမိတယ်၊ တစ်နေ့ တော့ ကျုပ်လည်း ပျင်းတာနဲ့ ရွာထိပ်က စေတီလေးဘက်ကို ထွက်လာခဲ့လိုက်တယ်၊ အချိန်က ညနေ (၄) နာရီလောက်တော့ ရှိလိမ့်မယ်၊ စေတီအနီးအနားမှာ ဘာမျှ ထူးထူးခြားခြား

www.burmeseclassic.com



ဒီမှာ–ဒကာ၊ ဒကာက ကိုယ့်ကိုယ်ကိုယ်
ဘယ်ဘုံရောက်နေမှန်းတောင်
မသိဘူးလား။ ဒါက အသူရကာယ်ဘုံပဲကွဲ့။
ဒီရွာဟာ လွန်ခဲ့တဲ့ ၁၉၈၉–ခုနှစ်လောက်က
ရေလွှမ်းမိုးပြီး တစ်ရွာလုံး ရေထဲမျောခဲ့တယ်။
ရွာသားတွေအားလုံး မကျွတ်လွတ်ဘဲ
သေပြီးနောက် နေ့စံညခံ
အသူရကာယ်ဘဝ
ရောက်သွားတာပဲ။

မတွေ့ရဘူး၊ ကျုပ်လည်း စေတီပေါ် မတက်တော့ဘဲ စေတီရဲ့ လှေကားဝမှာ ထိုင်နေလိုက်တယ်၊ အဲဒီအချိန်မှာ တောင်ဝှေးသံတဒေါက်ဒေါက်နဲ့ အသံကြားရတာကြောင့် လှည့်ကြည့်လိုက်တော့ စေတီရင်ပြင်ပေါ်ကနေ ဦးပဉ္ဇင်းတစ်ပါး ဆင်းလာတာ တွေ့ရတယ်၊ သူ့ပါးစပ်ကလည်း တစ်ခုခုကို ရွတ်ဖတ်သရဇ္ဈာယ်နေတယ်၊

"အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ယေဘုယျေန ဘိက္ခဝေ ဒသသု လောကဓာတူသု ဒေဝတာ သန္နိပတိကာ ဟောန္တိ တထာဂတံ ဒဿနာယ ဘိက္ခုသံဃဉ္စ"



ကျုပ် အဲဒီအသံကြားတော့ ကြက်သီးမွေးညင်း ထသွားတယ်၊ ဦးပဉ္ဇင်းက ကျုပ်ကိုတွေ့တော့ ပြုံးပြီး စိုက်ကြည့်နေတယ်၊

"အင်း – သနားစရာပါလား၊ ကိလေသာသောကမီးရဲ့နှိပ်စက်မှုကြောင့် အခုလို ဖြစ်ရတာပဲ"

ဦးပဉ္ဇင်းက ကျုပ်ကို ကြည့်ပြီး ပြောနေတော့ မျက်လုံးပြူးသွားတယ်၊

"အရှင်ဘုရား – ဘာကိုပြောတာလဲဘုရား"

"ဩော် – မင်းတို့တစ်တွေ မကျွတ်လွတ်နိုင်ကြသေးတာကိုရည်ရွယ်တာပါကွယ်၊ ဦးပဉ္ဇင်းလည်း ဟိုးအဝေးကြီး ဟိမဝန္တာကနေ လာလာပြီး ဒီမှာမေတ္တာပို့ပေးပါတယ်ကွယ်၊ ဒါပေမဲ့ – မင်းတို့တစ်တွေက မိုက်လုံးကြီးနေတော့ ကောင်းရာသုဂတိမလားနိုင်ကြသေးဘူးပေါ့"

"ခင်ဗျာ"

ကျုပ်မျက်လုံးတွေ ပြူးပြီး ဆံပင်မွေးတွေ ထောင်ထသွားတယ်၊ ကျုပ် – ကျုပ်ရိပ်မိပြီ၊ ဒါမျိုးတွေ စာအုပ်ထဲမှာလည်း ခဏ ခဏ ဖတ်ဖူးတယ်"

"အရှင်ဘုရား – တပည့်တော် ဘာမှမသိပါဘူး ဘုရား၊ ဒုက္ခရောက်လို့ ဒီရွာ ရောက်လာတာပါဘုရား၊ ကယ်ပါဦး ..."

ကျုပ်ရဲ့ ငိုယိုတောင်းပန်မှုကြောင့် ဦးပဉ္ဇင်းဟာ မျက်လွှာကို ချပြီး အစ်စုံတစ်ရာကို အာရုံခံလိုက်တယ်၊ ပြီးမှ –

"ဒီမှာ – ဒကာ၊ ဒကာက ကိုယ့်ကိုယ်ကိုယ် ဘယ်ဘုံရောက်နေမှန်းတောင် မသိဘူးလား၊ ဒါက အသူရကာယ်ဘုံပဲကွယ့်၊ ဒီရွာဟာ လွန်ခဲ့တဲ့ ၁၉၈၉ – ခုနှစ်လောက်က ရေလွှမ်းမိုးပြီး တစ်ရွာလုံး ရေထဲမျောခဲ့တယ်၊ ရွာသားတွေအားလုံးမကျွတ်လွတ်ဘဲ သေပြီးနောက်နေ့စံညခံအသူရကာယ်ဘဝ ရောက်သွားတာပဲ၊ ဒီရွာက ကျောင်းထိုင်ဘုန်းကြီး ဦးဝါယမဟာလည်း ဒီလိုပဲ၊ တရားအသိမထိန်းဘဲ ဥစ္စာပစ္စည်းတွေကို တပ်မက်နေလို့ အခုထိ မကျွတ်လွတ်နိုင်သေးဘူး၊ ဒကာလေးက ဒီမှာ ပျော်လို့လား၊ မေတ္တာပို့ရင် အမျှဝေရတယ်လေ"

ကျုပ် – ငိုနေပြီ၊ ကျုပ် သေပြီဆိုတာ သိနေပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com

"အရှင်ဘုရား - တပည့်တော်ကို ကယ်ပါဦးဘုရား၊ တပည့်တော်က ဗုဒ္ဓဘာသာဝင်လည်း မဟုတ်တော့ - ဘုရားစကားဆို နားမလည်ပါဘူး ဘုရား"

"ဒကာ့ကို ဦးပဇ္ဇင်းကြည့်ရသလောက်တော့ ဒကာ့မှာ ကုသိုလ်ကံ ကျန်နေသေးတယ်၊ ဒီတော့ - ဟောဒီမှာ ဦးပဇ္ဇင်းလက်ဖွဲ့လေးတစ်ခု ပေးလိုက်မယ်၊ အဲဒါကို လက်မောင်းမှာပတ်ပြီး မင်းလာခဲ့တဲ့နေရာကို ပြန်ပေတော့၊ ဒီလက်ဖွဲ့ရဲ့အစွမ်းနဲ့ နတ်ကောင်းနတ်မြတ်တွေက မ.စကြည့်ရှုလိမ့်မယ်၊ အေး - ဗုဒ္ဓဂုဏ်ကိုတော့ အမြဲနလုံးသွင်းသွားပါ - ဒကာ"

ဦးပဇ္ဇင်းရဲ့စကားအဆုံးမှာတော့ ကျုပ်ဟာ လက်ဖွဲ့ကိုယူပြီး လက်မောင်းမှာ ပတ်လိုက်တယ်၊ ပြီးတာနဲ့ ကျုပ်လာခဲ့တဲ့ မြစ်ကမ်းစပ်ကို သွားလိုက်တဲ့အခါမှာတော့ -

"ဟင် - အမယ်လေး"

ပုံလျက်သား လဲကျနေတဲ့ ကျုပ်အလောင်းကြီးကို တွေ့ရတယ်၊ ကျုပ်သေပြီဆိုတာ သေချာသွားပြီ၊ ဘာရမလဲ - ဘုန်းကြီးရဲ့လက်ဖွဲ့အားကိုးနဲ့ အဲဒီလဲကျနေတဲ့ ကျုပ်ခန္ဓာကိုယ်ကြီးထဲကို ဒိုင်ဗင်ထိုးဝင်လိုက်ပါတော့တယ်၊ ကျုပ်နားထဲမှာ ရွာထဲက အသံတွေ ကြားနေရတယ်၊

"ဟော့ - မသွားနဲ့၊ နေဦး - ငါတို့ကို မထားခဲ့ပါနဲ့"

ကျုပ်မျက်လုံးတွေ ဖွင့်ကြည့်လိုက်တဲ့အခါမှာ ဝေဝါးနေတယ်၊ တစ်ကိုယ်လုံး ကိုက်ခဲပြီး နာကျင်နေတယ်၊ လျှာတွေတောင် ကွဲအက်ပြီး ပြတ်ထွက်တော့မလား မှတ်ရတယ်၊ ပတ်ဝန်းကျင်ကတော့ ကမ်းစပ်တစ်နေရာပဲဆိုတာ သိလိုက်ရတယ်၊ ဩော် - ကျုပ်မသေသေးဘူးလား၊ သေပြီလားမဝေခွဲတတ်တော့ဘူး၊ ပြန်တွေးကြည့်တော့ ကျုပ် သေရွာက ပြန်လာခဲ့သလိုပဲ၊ ကျုပ် - အားယူပြီး ကုန်းထလိုက်တယ်၊

"ဟင်"

ကျုပ် - ခြေတွေ၊ လက်တွေ အကောင်းပကတိ လှုပ်ရှားလို့ရနေပါလား ရင်ထဲမှာ တစ်ဝက်ဝမ်းသာသွားတယ်၊ ဘယ်နေရာကို ရောက်နေမှန်း အတိအကျမသိပေမဲ့ ပတ်ဝန်းကျင်အရ တကယ့်လူ့ပြည်လူ့ရွာမှန်း သိနေတယ်၊ အဲဒီအချိန်မှာ လူတစ်ယောက် ပြေးလာတယ်၊ ကျုပ်ကို ထူမပြီး သူ့လက်ထဲက ရေဘူးနဲ့ ရေတိုက်တယ်၊ အဲဒီလူက ပြောသေးတယ်၊

"ခင် - ခင်ဗျားကို ကျွန်တော်မြင်ဖူးသလိုပဲ၊ ဘယ်မှာပါလိမ့်၊ ဩော် - ခင်ဗျားက တယောဆရာ ကိုဖြူမဟုတ်လား၊ သီချင်းခွေခွေထဲမှာ ခဏခဏ တွေ့ဖူးတယ်ဗျာ၊ ဝမ်းသာလိုက်တာ၊ ဟိုတစ်လောက ခင်ဗျားသင်္ဘောပေါ်က ပြုတ်ကျသွားတယ်ဆို၊ အခု မသေဘူးပေ့ါ၊ အင်း - ဘုရားကျေးဇူးပဲဗျို့"

သူ့စကားကြားမှ ကျုပ်ရင်ထဲမှာ "ဝုန်း" ခနဲ ဝမ်းသာလုံးကြီး ဆို့လာတယ်၊ ကျုပ် - တကယ် မသေတော့ဘူးပေ့ါ၊ ဟုတ်တယ် - သူ ပြောသလိုပဲ ဘုရားကျေးဇူးပဲနေမှာ၊ ကျုပ် - အဝေးက မြင်နေရတဲ့ စေတီလေးတစ်ဆူကို လှမ်းပြီး လက်အုပ်ချီ ရှိခိုးလိုက်ပါတယ်၊ ကျုပ် - ဗုဒ္ဓဘာသာဝင်ဖြစ်သွားပြီပေါ့ဗျာ၊ လူ့လောကမှာ လူဖြစ်ရခိုက် ဗုဒ္ဓဘာသာမဖြစ်ရင် "သေလူ" နဲ့ အတူတူပဲ၊ အခု - ကျုပ်ဟာ "သေလူ" ဘဝက နိုးထလာခဲ့ပြီမဟုတ်ပါလား၊

☛ ဝေယံသိန်း



www.burmeseclassic.com

www.burmeseclassic.com




# ဝိညာဉ်လေလား ဝိုးတဝါး

အလင်္ကာသူရ

ပုဂံမြို့နယ်အတွင်း ရောက်ခါနီးသည်နှင့်အမျှ ပုဂံခေတ်ဗိသုကာဒီဖိုင်း ပညာရှင်များ တည်ထားခဲ့ကြသော ရှေးဟောင်းအမွေအနှစ် စေတီပုထိုးတော်များကို တစေ့တစောင်း လှမ်းမြင်နေရပေပြီ။ ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်ထွန်းမှာ ကိုယ်ပိုင်ကားလေးကို မောင်းရင်း ပုဂံမြို့ဟောင်းဆီသို့ ဦးတည်မောင်းနှင်လာခဲ့ခြင်းပင် ဖြစ်ပါလေ၏။ မကြာမတင်မှာပင် သူ တည်းခိုမည့် "မဟာသုခဘုံ" တည်းခိုခန်းဆီသို့ ထိုးဆိုက်လိုက်လေတော့၏။ သူ ကားပေါ်မှ ဆင်းလိုက်လျှင်ပင် ညွှန့်ကြိုအမျိုးသားတစ်ဦးက လာရောက်ကြိုဆိုလာတော့သည်။ "မင်္ဂလာပါဆရာ - ကြွပါလူကြီးမင်းအတွက် ကြိုတင်လုပ်ထားတဲ့ အခန်းကို အဆင်သင့်ပြင်ဆင်ထားပါတယ် ခင်ဗျာ။ လူကြီးမင်းရဲ့ ကားကို ကားစတင်းမှာ ထားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျာ"

ကားစတင်းဝယ် ကားထားပြီးနောက် ညွှန့်ကြိုအမျိုးသားက ဦးမြင့်ထွန်း တွင်ပါလာသော အတက်ရှိကော့ (ခေါ်) လက်ဆွဲအိတ်အား ကိုင်ဆွဲလျက်



www.burmeseclassic.com

www.burmeseclassic.com

တည်းခိုခန်း မန်နေဂျာကောင်တာရှိရာသို့ ဦးဆောင်ခေါ်သွားတော့သည်။ မန်နေဂျာနှင့် ကိစ္စပြီးမြောက်သည်နှင့် သူ တည်းခိုရမည့်အခန်းရှိရာသို့ ထပ်မံခေါ်သွားပြန်သည်။ အခန်းမှာ အတော်သပ်ရပ်၍ ကျယ်ကျယ်ဝန်းဝန်းလည်း ရှိသည်။ ကြည့်လိုက်တော့ သူနေရမည့်အခန်းမှာနှစ်ယောက်အိပ်အခန်း ဖြစ်နေသည် ကို တွေ့လိုက်ရသဖြင့် -

"ဟ - တည်းခိုခန်းက နှစ်ယောက်အိပ် အခန်းကြီးပါလား။ ငါက တစ်ယောက်တည်း အိပ်မှာလေ"

"ဟုတ်ပါတယ် - ဆရာ၊ ဆရာ ဖုန်းနဲ့အခန်းတွက်ပြောတော့ တစ်ယောက်အိပ်ခန်းမရှိတော့တာနဲ့ ဒီအခန်းကိုပဲ ပြင်ဆင်ထားခဲ့ရတာပါ။ တစ်ယောက်အိပ်ခန်းအားတာနဲ့ ပြောင်းပေးပါ့မယ်ဆရာ၊ ဖြစ်တယ် - မဟုတ်လား"

ဦးမြင့်ထွန်းက အခန်းကျယ်တော့လည်း နေရတာ ချောင်တာပေါ့လေ ဟု သဘောပေါက်လိုက်ပြီး ခေါင်းညိတ်ပြလိုက်လေတော့၏။ ဧည့်ကြိုက သူ့လက်ဆွဲအိတ်အား တစ်ဖက်အိပ်ရာခုတင်ပေါ်တွင် တင်ထားလိုက်ပြီးမှ -

"လိုတာရှိရင် လှမ်းခေါ်လိုက်ပါဆရာ၊ တည်းခိုရတာ အဆင်ပြေလိမ့်မယ်ထင်ပါတယ်နော်"

ဟု ပြောကာ အခန်းအပြင်ဘက်သို့ပြန်ထွက်သွားတော့သည်။ ဧည့်ကြိုထွက်သွားလေမှ ဦးမြင့်ထွန်းက အခန်းပြတင်းတံခါးများအား သွားဖွင့်လိုက်ပါလေ၏။ အခန်းပြတင်းမှ ကြည့်လိုက်လေလျှင် တစ်ဖက်ရှိ တန့်ကြည့်တောင်တန်းအား မှိုင်းပျပျ လှမ်းမြင်နေရသည်။ ဧရာဝတီမြစ်နှင့် တည်းခိုခန်းမှာ ကိုက်တစ်ရာလောက်တော့ ကွာလိမ့်မည်ထင်ပါသည်။ ဦးမြင့်ထွန်း ပုဂံဘက်သို့ ထွက်လာခဲ့ခြင်းမှာ ရှေးဟောင်းစေတီပုထိုးများအား သုတေသနလုပ်ရုံသက်သက်မျှသာမဟုတ်ဘဲ ဂေါက်သီးရိုက်လေ့ကျင့်ရန်အတွက်ပါ ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ လာစဉ်က တစ်ယောက်တည်းဖြစ်သော်လည်း ညနေ ထမင်းစားခန်းရောက်သည်နှင့် သူ့လိုဂေါက်ရိုက်ဝါသနာရှင် ဦးသက်လှိုင်ဆိုသူနှင့် စကားလက်ဆုံကျကာ သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ဆိုဘိသို့ ဂေါက်မိတ်ဆွေအဖြစ် ခင်မင်မိခဲ့ကြတော့သည်။



"မနက်ပိုင်း ဂေါက်ကွင်းသွားရင် အတူတူသွားကြတာပေါ့လေ။ ကျွန်တော်ကလည်း အထီးကျန်တစ်ဦးထဲပါပဲဗျာ။ ခုလိုဆိုတော့ သွားဖော်သွားဖက်၊ ရိုက်ဖော်ရိုက်ဖက် အသိမိတ်ဆွေအရင်းတွေလို သဘောထားကြရမှာပေါ့လေ - ဟုတ်ဖူးလား - ဟား - ဟား - ဟား"

ဤသို့ဖြင့် ဦးမြင့်ထွန်းနှင့် ဦးသက်လှိုင်တို့ ဂေါက်အတူတူသွားကစားခဲ့ကြသည်မှာ နှစ်ရက်ပင်စွန်းလာခဲ့တော့၏။ တစ်ညနေဂေါက်ကွင်း၌ ကစားကြရင်း "မဟာသုခဘုံ" တည်းခိုခန်းအနောက်တောင်ဘက်ပိုင်း ရှေးဟောင်းစေတီပုထိုးပျက်များဆီသို့ ဦးမြင့်ထွန်းက သွားလိုသဖြင့် -

"ဒီနေ့တော့ - ကျွန်တော် စောစောပြန်ချင်တယ် ကိုသက်လှိုင်၊ ခင်ဗျား အပြီးရိုက်ချက်ပြီးမှသာ ပြန်ခဲ့ပေတော့ဗျို့"

"ကောင်းပြီလေ - ခင်ဗျား ပြန်ချင်ရင်လည်း ပြန်နှင့်ပါ။ တည်းခိုခန်းမှာတော့ ကျွန်တော့်ပြန်အလာကို စောင့်ဦးနော်။ ဘီယာသောက်ရင်း စကားပြောကြရတာပေါ့ ဟုတ်ဖူးလား"

"ကောင်းပါပြီဗျာ - ကျွန်တော် စောင့်နေပါ့မယ်"

ထိုနေ့က ဦးမြင့်ထွန်းမှာ သူ့ကားကို မယူခဲ့ဘဲ ဦးသက်လှိုင်ကားဖြင့် လိုက်လာခဲ့သဖြင့် အပြန်ခရီးအား ခြေကျင်ပင်လျှောက်လာခဲ့တော့၏။ ဝင်စစ် သုတေသနလေ့လာခြင်းဆိုသည်က ခြေကျင်လမ်းလျှောက်ခြင်းဖြင့်သာ ပိုမိုကောင်းမွန်ပါသည်။ ညနေပိုင်း ဖြစ်နေသောကြောင့်လည်း ကောင်းကောင်းလေ့လာနိုင်မည် မဟုတ်သဖြင့် ခပ်ဝေးဝေးထိမသွားတော့ဘဲ တည်းခိုခန်းနှင့် မဝေးလှသော ဧရာဝတီကမ်းစပ်ဘက်သို့သာ ခြေကျင်လျှောက်လာခဲ့တော့သည်။ ညနေပိုင်းမို့ပဲထင့်။ လူသွားလူလာ ခပ်ပါးပါးပင်ဖြစ်သည်။ ကားလမ်းဘက်ဆီမှ မော်တော်ကားသံနှင့် ဆိုင်ကယ်သံများကိုတော့ ကြားနေရသည်ပဲလေ။ သည့်နောက်တွင်တော့ ဦးမြင့်ထွန်းသည် မြစ်ကမ်း၏ တောင်ကုန်းပေါ်ရှိ ပြိုလဲကျနေသော အုတ်ချပ်နီနီဘုရားပျက်ဆီသို့ အားယူတက်လာခဲ့လေတော့၏။

www.burmeseclassic.com

သည်ဘုရားပျက်လေးမှာ နာမည်မကြီးသော ဘုရားစေတီတစ်ဆူ ဖြစ်ဟန်တူပါသည်။ လူသွားလူလာ နည်းလှပါဘိ၊ တောင်ကုန်းပေါ်ရောက်၍ အနောက်ဘက်ရှိတန့်ကြည့်တောင်တန်းဘက် မျှော်ကြည့်လိုက်ရာ မှိုင်းပျပျ တောင်နောက်သို့ နေမင်းကြီးက ဝင်ရောက်ပုန်းကွယ်ရန် ဟန်ပြင်စပြုနေချေသည်လေ။ ပုဂံ၏ နေဝင်ဆည်းဆာအလှအား သူကောင်းစွာမကြည့်နိုင်ပါလေတော့။ ဘုရားစေတီပျက်လေးရှိရာသို့ လှည့်ပြန်လာခဲ့တော့သည်။ ဘုရားလေးမှာ ကုန်းအမြင့်ပေါ်တွင်ဖြစ်၍ အားယူတက်လိုက်ရာ ဦးမြင့်ထွန်းမှာ မထိန်းနိုင်ဘဲ ခြေချော်လဲကျသွားတော့သည်။ သူလဲကျရာမှ အားယူထလိုက်ပြီး ပတ်ဝန်းကျင်အနေအထားအား အကဲခတ်ကြည့်လိုက်ရာ သူရောက်သည့်နေရာမှာ မညီမညာရှိလှသော မြေပြင်မျိုးဖြစ်၍ မျက်နှာရှေ့တည့်တည့်ဝယ်ဘုရားစေတီပျက်ကလေးအား ယခင်က ကာရံထားသော ပရိုက်အတွင်းအုတ်ရိုးတစ်နေရာဆီသို့ မျက်စိအကြည့်ရောက်သွားတော့သည်။

အုတ်ရိုးအောက်ခြေတွင် တစ်စုံတစ်ယောက်က တူးဆွထားသည့် အလားကျင်းလေးတစ်ခုအား တွေ့လိုက်ရ၏။ ဦးမြင့်ထွန်းက ထိုနေရာလေးသို့ သွားရောက်ကြည့်ရှုလိုက်သည်တွင် ထိုကျင်းကလေးမှာ မြေသိပ်သည်း ကျစ်လစ်မှုမရှိဘဲ ခပ်ပွပွဖြစ်နေသဖြင့် သူက လက်ဖြင့်ယက်ကြည့်လိုက်ပါလေ၏။ ခက်ခက်ခဲခဲ မယက်လိုက်ရ၊ တစ်ထွာခန့်မြေကို ယက်ထုတ်လိုက်သည်နှင့် သူ့လက်မှာ မာကြောကြောအရာတစ်ခုကို စမ်းမိလိုက်သည်။ ထိုစမ်းမိလိုက်သောအရာအား လက်ဖြင့်ဆွဲထုတ်လိုက်၏။ သူ့လက်ထဲဝယ် ပစ္စည်းလေးတစ်ခုပါလာတော့သည်။ နေရောင်ကျချိန်မို့လည်းကောင်း၊ ထိုပစ္စည်းလေးမှာ မြေကြီးများ ထူထူထဲထဲကပ်တွယ်နေသောကြောင့်လည်းကောင်း၊ တိတိပပ မှန်းဆမရနိုင်ဘဲ ဖြစ်နေသည်။ ဦးမြင့်ထွန်းက ပါလာသော ဂက်စ်မီးခြစ်လေး ခြစ်ကြည့်ရန် စဉ်းစားလိုက်သော်လည်း အခြေအနေနှင့် အချိန်အခါက တစ်ယောက်တည်းရပ်တည်နေ၍ မကောင်းတော့သည်မို့



ထိုပစ္စည်းလေးအား သူ့ဘောင်းဘီအိတ်ကပ်အတွင်းသို့ ထည့်ကာ တည်းခိုခန်းဘက်သို့ပြန်လှည့်လာခဲ့လေတော့သည်။

သူ ခပ်သုတ်သုတ်လျှောက်လာစဉ်မှာပင် နောက်မှ တစ်ဦးတစ်ယောက် လိုက်လာသည့် အရိပ်အယောင်မျိုးတွေ့မြင်လိုက်မိသဖြင့် နောက်သို့လှည့်ကြည့်လိုက်သည်။ အမှန်တကယ်ပင် သူ့နောက်မှ တစ်စုံတစ်ယောက်က လိုက်လာခဲ့ချေသည်ပဲ၊ ဦးမြင့်ထွန်း သမင်လည်ပြန် လှည့်အကြည့်လိုက်၍ မြင်လိုက်ရသည်က သဲသဲကွဲကွဲမဟုတ်၊ အသွင်သဏ္ဍာန်တစ်ခုဟုသာ ပြောလို့ရမည် ထင်ပါ၏။ ဆိုရလျှင် မီးခိုးများကဲ့သို့ ဖြူဖျော့ဖျော့နှင့် ထင်ထင်ရှားရှား မှန်းဆမရသော အနေအထားမျိုးပင် ဖြစ်ပါလေ၏။ နောက်ပြီး - ထိုအရိပ်ပမာလိုက်လာသည့်အသွင်က သူ့နောက်မှပြေးလိုက်လာသည့်ဟန်မျိုး၊ သို့စဉ်တိုင် သူ့ရှေ့သို့လည်း ရောက်မလာ၊ နီးကပ်လာခြင်းလည်း အလျဉ်းမရှိပါချေ။

ဦးမြင့်ထွန်းမှာ ထိုအရိပ်သဏ္ဍာန်က လူစင်စစ်ဟုတ်သည် မဟုတ်သည်ကိုအပထား။ သူနှင့် ခင်မင်ရင်းနှီးသိကျွမ်းသည် လူမဟုတ်သည်ကတော့ သေချာနေသည်လေ။ ထို့ကြောင့် ထိုအရိပ်သဏ္ဍာန် သူနားရောက်လာသည်အထိ ရပ်စောင့်နေ၍ မသင့်တော်ဟု ယူဆသဖြင့် တည်းခိုခန်းရှိရာဆီသို့သာ ခပ်သုတ်သုတ်လျှောက်လာခဲ့တော့သည်၊ လမ်းလျှောက်ရင်း သူငယ်စဉ်ကလေးဘဝကသော်လည်းကောင်း၊ အသက်အရွယ်ရ၍ လူများသူများပြောစကားအရ နေရောင်ခြည်ဖျော့ဖျော့နီဝါရောင် နောက်ခံထားလျက် မကောင်းဆိုးဝါးတစ်ကောင်ကောင်ဖြစ်နေလျှင် မခက်ပါလား။ ပတ်ဝန်းကျင်ကြည့်လိုက်တော့လည်း ညီအစ်ကို မသိတသိအချိန်မျိုး ရောက်နေခဲ့ချေပြီလေ။ နောက်နာရီဝက်လောက်ဆိုလျှင် ထမင်းစားချိန်ပင် ရောက်ချေရော့မည် မဟုတ်ပါလား။ ဦးမြင့်ထွန်း ဘာကိုမျှ မတွေးပါလေတော့၊ မပြေးရုံတစ်မည် ခြေလှမ်းများဖြင့် တည်းခိုခန်းဆီသို့ ပြန်လာခဲ့လေတော့သတည်း။

✓ ✓ ✓



www.burmeseclassic.com

www.burmeseclassic.com

တည်းခိုခန်းရောက်သည်နှင့် ရေချိုးခန်းအတွင်းသို့ တန်းဝင်ရောက်လာခဲ့ရပြန်သည်။ သူ ဦးသက်လှိုင်နှင့် ဘီယာသောက်ရန် ချိန်းဆိုထားခဲ့သည်ပင် မဟုတ်ပါလား။ ဦးမြင့်ထွန်း ရေချိုးပြီးသည်နှင့် အဝတ်အစားလဲကာ ထမင်းစားခန်းအတွင်းသို့ ဝင်ရောက်လာခဲ့တော့၏။ စားသောက်ခန်းဝယ် ဦးသက်လှိုင်က ဘီယာဘူးများဖြင့် စောင့်နေသည်ကို တွေ့လိုက်ရတော့သည်။

"ဆောရီးပဲ - ကိုသက်လှိုင်ရေ၊ ကျွန်တော်လည်း လမ်းလျှောက်သွားရင်းနဲ့ မြစ်ကမ်းရောက်ရာကပြန်လာတော့ အတော့်ကိုညဉ့်နက်နေတာ သိလိုက်ရတယ်။ ခု - အမြန်ဆုံး ဒီကိုလာခဲ့ရတာ တောင်းပန်ပါတယ်နော်"

ဦးမြင့်ထွန်းက ပြောရင်း ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ခုအပေါ် စိတ်စောနေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဘာမှမပြောမိစေရန် စိတ်ကိုထိန်းထားလိုက်သည်။ သူ့အရင် ကိုသက်လှိုင်က ဘီယာနစ်ဘူးလောက် သောက်ထားခဲ့ဟန်ရှိသည်။ သူ၏ လေးတွဲ့တွဲ့အသံဖြင့် စကားပြောလာတော့သည်။

"ခင်ဗျား - အစောကြီးပြန်သွားပြီး နောက်ကျမှ ထမင်းစားခန်းထဲ ရောက်လာတယ်ဆိုတော့ မဟုတ်မှလွဲရော၊ ခင်ဗျား သရဲတစ္ဆေတွေနဲ့များတွေ့နေသလားလို့ ထင်နေတာ၊ အဟဲ - ဟဲ"

သူက ဘီယာမူးမူးဖြင့် ပြောလိုက်သည့်စကားလုံးက ဦးမြင့်ထွန်းအတွက် လိပ်ပြာမလုံသလို ခံစားလိုက်ရသည်ကတော့ အမှန်ပင်၊ သို့ပေမဲ့ - ဦးမြင့်ထွန်းက စိတ်ကိုထိန်းထားလိုက်ရင်း -

"ကျွန်တော်က အဲသလို ပေါ့ပြက်ပြက်စကားမျိုးပြောတာကို သိပ်စိတ်မဝင်စားဘူးဗျ။ အယုံအကြည်လည်း မရှိဘူး"

"ဟုတ်ပါပြီလေ - အယုံအကြည်မရှိဘူးဆိုတော့လည်း ဆက်မပြောချင်တော့ပါဘူး။ ဒါပေမဲ့ - ဝိညာဉ်လောကဆိုတာ ရှိတယ်ဗျ၊ တစ်နေ့ ခင်ဗျား လက်ခံလာရမှာပါ - အဟဲ - ဟဲ - ဟဲ"



ဦးမြင့်ထွန်းက ဘီယာအား သိပ်ကြိုက်နှစ်သက်သူမဟုတ်သဖြင့် ဦးသက်လှိုင်အား နှုတ်ဆက်ကာ မိမိအခန်းသို့ပြန်လာခဲ့တော့သည်။ သို့စဉ်တိုင် ဦးသက်လှိုင်ပြောလိုက်သော ဝိညာဉ်လောကအကြောင်းကိုကား သူကောင်းစွာ သိရှိနားလည်ခြင်းမရှိသည်ကတော့ သေချာနေသည်လေ၊ ဝိညာဉ်အကြောင်း စကားပြောလာခဲ့ရသဖြင့် သူ့အခန်းတွင်ရောက်သောအခါမှ ညနေပိုင်း ဘုရားပျက်လေးဆီမှအပြန် သူကြုံတွေ့ခဲ့ရသောအဖြစ်သို့ သတိသွားရလိုက်သည်။ သူ့နောက်မှ လိုက်လာသော လူလိုလိုအသွင်သဏ္ဌာန်အရာဝတ္ထုသည်ကား အဘယ်နည်း။ သူတို့ပြောသလို ဝိညာဉ်လေလား ဝိုးတဝါးဖြင့် စဉ်းစားမရအောင် ဖြစ်နေခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပါလေ၏။ တစ်ဖန် ထိုမှတစ်ဆင့် ဘုရားပျက်အတွင်းက သူရယူလာခဲ့သော အရာဝတ္ထုအားပြန်လည်သတိရလိုက်ရပြန်တော့သည်။ ထိုသတိရမှုကြောင့် သူ ဂေါက်ရိုက်သွားသော ဘောင်းဘီအိတ်အတွင်းမှ ပစ္စည်းလေးအား ထုတ်ယူကြည့်လိုက်လေတော့၏။

ပစ္စည်းလေးမှာ မြေသားများဖြင့် ဖုံးအုပ်နေလျှင် မည်သည့်အရာဟု ပြောဆိုရန် ခက်ခဲလှသည်ကိုတွေ့လိုက်ရသည်။ သူက စားပွဲပေါ်တွင် စက္ကူတစ်ရွက်တင်ကာ ပစ္စည်းလေးအတွင်းမှ မြေကြီးများကို ခဲတံချွန်သည့်ဓားလေးဖြင့် ခြစ်ချလိုက်လေ၏။ အပြင်တွင် တွယ်ကပ်နေသော မြေကြီးများအတော်လေး ခွာထုတ်လိုက်သည်နှင့် ထိုပစ္စည်းလေး၏အသွင်မှာ ပုံဖော်လာကာ တစ်စတစ်စပုံပေါ်လာသည်။ ပြောရလျှင် ဘုရားထီးတော်တွင် တပ်ဆင်ချိတ်ဆွဲထားတတ်ကြသည်။

ခေါင်းလောင်းလေးတစ်ခု ဖြစ်ပုံရသည်ကိုတွေ့လိုက်သည်။ ခေါင်းလောင်းလေးအတွင်း၌ မြေကြီးများပိတ်ဆို့နေသဖြင့် ထပ်မံကော်ထုတ်လိုက်မှ မိမိထင်ထားသည့်အတိုင်း ဘုရားထီးတော်များတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းလေးအသွင် ပီပီပြင်ပြင်ပေါ်လွင်လာတော့၏။ ဦးမြင့်ထွန်းက ထိုခေါင်းလောင်းလေးအား လက်ဆေးရေကန်ပြွန်မှ ရေဖြင့်ဆေးကြော

www.burmeseclassic.com

သန့်စင်ပစ်လိုက်သည်။ ထို့နောက် စက္ကူပေါ်မှ မြေကြီးမှုန်များအား အပြင်ဘက်သို့ စွန့်ပစ်ရန်ပြတင်းတံခါးပေါက်ဆီသို့ ယူဆောင်လာခဲ့သည်၊ ပြတင်းတံခါးကိုဖွင့်ကြည့်၍ ကြည့်လိုက်သည်တွင် ပြင်ပလောက၌ လမင်းအရောင်က ထွန်းလင်းတောက်ပစွာ ပုဂံအလှအား ဖော်ပြနေဘိသို့ပင်၊ ဧရာဝတီမြစ်ရေပြင်ကလည်း ပကတိငြိမ်သက်လျက် လရောင်အောက်ဝယ် ပဏာရလှသည်၊ ထိုခဏမှာပင် သူ့မျက်စိအာရုံက တစ်နေရာဆီသို့ ရောက်သွားတော့၏။ ကြည့်စမ်း - တည်းခိုခန်းပေါက်အပြင်ဘက်မှာ သူ့အားလှမ်းကြည့်နေသူတစ်ဦးပါပဲလား။ ဘယ်သူများပါလိမ့်ဟူသောအတွေးဖြင့် စူးစူးစိုက်စိုက် ကြည့်နေမိလိုက်သည်၊ သို့ပေမဲ့ - ကွဲကွဲပြားပြားသူ မမြင်ရ၊ ညဥ့်နက်မှ အပြင်ထွက်မည့်ပုဂ္ဂိုလ်တစ်ဦး ဖြစ်မှာပဲလေဟု သဘောပိုက်လျက် တံခါးကိုပြန်ပိတ်လိုက်လျက် စားပွဲဆီသို့ ပြန်လာခဲ့တော့သည်၊

နောက်တော့ - စောစောက ရေသန့်စင်ထားသော ခေါင်းလောင်းလေးအား ကောက်ယူ၍ မီးရောင်အောက်ဝယ် သေသေချာချာကြည့်လိုက်မိတော့၏၊ ခေါင်းလောင်းလေးပတ်ပတ်လည် ရေးထိုးထားသော စာတမ်းလေးအား တွေ့လိုက်ရသ၍ ဖတ်ကြည့်လိုက်ရာ ပါဠိဘာသာဖြင့် ရေးထိုးထားကြောင်း တွေ့လိုက်ရပြန်သည်၊ ဦးမြင့်ထွန်းက ရှေးဟောင်းသုတေသနတစ်ဦးဖြစ်သဖြင့် ပါဠိဘာသာဖြင့် ရေးထိုးထားသော စာလေးအား မြန်မာပြန်ကြည့်လိုက်ပါ၏၊ ကောင်းမှုကုသိုလ်ပွားစေသော်ဝ်ဟူသော အဓိပ္ပာယ်ဆောင်သည်ကို သိလိုက်ရသည်၊ သူက ထိုခေါင်းလောင်းလေးအား လက်ထဲတွင် ကိုင်ထားရာမှ ဆွဲလှုပ်လိုသည့်ဆန္ဒဖြစ်ပေါ်လာသဖြင့် အသာအယာဆွဲလှုပ်ကြည့်လိုက်ပါလေ၏၊

ထူးဆန်းလှပါဘိတော့၊ ခေါင်းလောင်းလေးအား ဆွဲကိုင်လှုပ်လိုက်သည်နှင့် ခေါင်းလောင်းသံက သူ့အခန်းထဲတွင် မဟုတ်ဘဲ ဟိုအဝေးတစ်နေရာဆီမှ ထွက်ပေါ်လာသည့်အသံကို ကြားလိုက်ရတော့သည်၊ သေသေချာချာ နားစိုက်ထောင်ကြည့်ရာ သူ ညနေပိုင်းက ရောက်ခဲ့သော ဘုရားပျက်



ကလေးဆီမှ ခေါင်းလောင်းသံထွက်ပေါ်လာသည်ကို သတိထားလိုက်မိပါတော့သည်၊ သည်ခဏမှာပင် ဖြစ်ပါလေ၏၊ တကယ့်ကို စက္ကန့်ပိုင်းအတိုင်းအတာအချိန်လေးအတွင်းမှာပင်ဖြစ်ပါလေ၏၊ ထိုခေါင်းလောင်းသံ ထွက်ပေါ်လာပြီးသည်နှင့် မရှေးမနှောင်းမှာပင် လေပြေတိုက်ခတ်လာရာမှ လေပြင်းအဖြစ် ပြောင်းလဲသွား၍ သူနေသည့် တည်းခိုခန်းပတ်ဝန်းကျင်တစ်ဝိုက်ဝယ် လှုပ်လှုပ်ရှားရှားဖြစ်သွားဘိခြင်းလေ၊ လေပြင်းက သူပိတ်ထားခဲ့သော ပြတင်းတံခါးများအား တွန်းလှန်နေလိုက်ပုံမှာ ကြောက်လန့်တုန်လှုပ်ဖွယ်ပင် ကောင်းနေချေသေးတော့သည်၊ ထိုခဏပြတင်းတံခါးအပြင်ဘက်မှ လူတစ်ယောက်၏ အရိပ်ကိုလှစ်ခနဲလှမ်းမြင်လိုက်ရပြန်သည်၊

ဦးမြင့်ထွန်းက ပြတင်းတံခါးပေါက်ရှိရာသို့ ခပ်သွက်သွက်လှမ်းသွားရင်း ပိတ်ထားသောတံခါးအား ကန့်လန့်ကိုဖြုတ်လျက် တွန်းဖွင့်လိုက်သည်၊ အပြင်က လေအားပြင်းထန်မှုကြောင့် တံခါးကဖွင့်မရ၊ အပြင်မှ တစ်စုံတစ်ယောက်က တွန်းဖိထားဘိသို့ တော်တော်နှင့်ဖွင့်မရဘဲ ဖြစ်နေသည်၊ သူက အားစိုက်၍ ဖွင့်လိုက်မှပွင့်သွားတော့၏၊ သို့ပေမဲ့ စောစောက လူရိပ်ကိုကား မတွေ့မြင်ရပါလေတော့၊ အပြင်ဘက်တွင်မူ စောစောကလို လမင်းအလင်းရောင်မရှိဘဲ မည်းမှောင်နေတော့သည်၊ သည်တော့မှ ဦးမြင့်ထွန်းက တံခါးကို ပြန်ဆွဲပိတ်လိုက်လေတော့၏၊ စဉ်းစားကြည့်တော့ စောစောက မိုးရိပ်လည်းမပြ၊ လေဟန်လည်းမမြင်ဘဲ ခေါင်းလောင်းလေးအား ဆွဲကိုင်လှုပ်လိုက်လေမှ လေပြင်းတိုက်ခတ်လာခြင်းမှာ ရိုးရိုးသားသားမှ ဟုတ်ပါလေစ၊

ဦးမြင့်ထွန်းက မကျေနပ်သဖြင့် ခေါင်းလောင်းလေးအား ဆွဲကိုင်လှုပ်ကြည့်လိုက်ပြန်သည်၊ စောစောကလိုပင် ခေါင်းလောင်းအသံက ဟိုအဝေးဘသာ ထွက်ပေါ်လာပြန်သည်၊ အားပျော့သွားဟန်ရှိသော လေပြင်းကတစ်ဖန်တိုက်ခတ်လာပြန်သည်၊ သို့ပေမဲ့ - သူ မျှော်လင့်ထားသလို တံခါး၏ဟိုမှာဘက်တွင် စောစောက လူရိပ်ကမူ နောက်ထပ်ပေါ်မလာတော့ပေ၊



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်လေးမှာပင် မီးပျက်သွားတော့သည်။ ဦးမြင့်ထွန်းမှာ မှောင်နှင့်မည်းမည်း သူ့အိပ်ရာဆီသို့ စမ်းတဝါးဝါးဖြင့် သွားခဲ့ရပြန်သည်။ သူ့အိပ်ရာပေါ်ရောက်မှ တစ်ဖက်ခုတင်မှ လှုပ်ရှားသံလိုလို ကြားလိုက်ရပြန်သည်။ စားပွဲပေါ်တင်ထားသော ဂက်(စ်)မီးခြစ်အား လက်ဖြင့်စမ်းသပ်ရှာဖွေကြည့်လိုက်၏။ မီးခြစ်က တော်တော်နှင့်စမ်း၍မတွေ့ဘဲ ဖြစ်နေပြန်သည်။ တစ်ဖက်ခုတင်မှ လူတစ်ယောက် လူးလွန့်လှုပ်ရှားနေဘိသို့ အသံတွေကြားနေရသည်။ သည်တော့မှ ဦးသက်လှိုင်ပြောပြသော ဝိညာဉ်ကိစ္စက သူ့အတွေးထဲဝင်ရောက်လာတော့သည်။ တဖန် ဘုရားပျက်လေးမှအပြန် နောက်မှ လူရိပ်လိုလို လိုက်လာသည့်အသွင်သဏ္ဌာန်နှင့် ပြတင်းပေါက်မှ ရုတ်တရက် မြင်လိုက်ရသော လူရိပ်အသွင်က တစ်ထပ်တည်းလို ကျနေချေသည်ပဲလေ။

ထိုအချိန်မှာပင် လျှပ်စစ်မီးများ ပြန်လင်းလာသည်။ လေပြင်းကလည်း ရုတ်တရက်ပေါ်ပေါက်လာခြင်း ဖြစ်သော်လည်း ချက်ချင်းငြိမ်သက်သွားခြင်းမရှိသေးဘဲ ညည်းညူသံမျိုးဖြင့် ပုဂံနယ်မြေအား တိုက်ခတ်နေပြန်ရာ အားငယ်တတ်သူများအဖို့ အလွန်ချောက်ချားဖွယ်ရာ ကောင်းနေချေသေးတော့သည်။ နောက်ဆုံး၌ ဦးမြင့်ထွန်းအား ဖန်ချောင်းအားကိုပြောင်းလျက် ဖိုက်ဝပ်မီးသီးလေးကိုထွန်းကာ အိပ်ရာထက်သို့ လှဲချလိုက်ပြီး အိပ်ပျော်အောင်အိပ်လိုက်ဖို့ ကြိုးစားလိုက်လေတော့၏။ သူ မည်မျှကြာအောင် ကြိုးစားလိုက်ရသည်မသိ မှေးခနဲ မိန်းမောသွားသည်တွင် သူ့အသိအာရုံထဲဝယ် အိပ်မက်လိုလို တကယ်လိုလိုခံစားမှုတစ်ခုကို ခံစားလိုက်ရတော့သည်။

ဦးမြင့်ထွန်း၏ စိတ်အမြင်အာရုံ၌ မနည်းမနောသော နှစ်များကာလဆီသို့ ရောက်သွားသည်ဟုပင် ထင်လိုက်ရသည်။ သူ့မနောအာရုံဝယ် ပုဂံခေတ်ဆီသို့ ရောက်သွားဟန်ရှိသည်။ အကျဉ်းသားတစ်ဦး၏ ပုံပေါ်လာပြီး ၎င်းအား အာဏာပါးကွက်သမားများက လူသတ်ကုန်းဆီသို့ ခေါ်သွားသည့် ပုံရိပ်ပင်ဖြစ်ပါသည်။ နောက်ဆုံးခွင့်ပြုချက်အဖြစ် လိုရာဆုတောင်းနေဟန်ရှိသည်။ အကျဉ်းသားက သူ့မိခင်အားခေါ်ကာ စကားပြောနေရာတွင် စိတ်ချမ်းမြေ့ဖွယ် ကောင်းလှသည်ကို တွေ့လိုက်ရပြန်သည်။ ထို့နောက်တွင်မှ မိခင်ဖြစ်သူက "သားမှာတဲ့အတိုင်း အမေဘုရားတစ်ဆူကိုတည်ပြီး "ကောင်းမှုတာသိုလ်ရပါစေ" ဆိုတဲ့ ကမ္ပည်းကို ထိုးပေးပါ့မယ်သားရယ်။ မင်း ရှေ့ဘဝကောင်းအောင်သာ စိတ်မှာရည်မှန်းထားပါနော်" ဟု ပြောလိုက်သောစကားကိုလည်း နားထဲဝယ်စွဲမြဲစွာ ကြားယောင်နေသည်။ သူ တရေးနိုးတော့ မိုးစင်စင်လင်းနေခဲ့ချေပြီကော။

အိပ်ရာမှနိုးသည်နှင့် ရေမိုးချိုးသန့်စင်ကာ မနက်ပိုင်းစားသောက်စားပွဲဆီသို့ ရောက်လာခဲ့သည်။ နံနက်စာ စားပွဲတွင် ဦးသက်လှိုင်က အသင့်စောင့်နေသည်ကို တွေ့လိုက်ရသည်။ နံနက်စာ စားသောက်ပြီးသည်နှင့် မနက်ပိုင်းခေါက်ရိုက်ရန် မိမိအခန်းသို့ ပြန်လာခဲ့ကာ အဝတ်အစားများ လဲလှယ်နေလိုက်စဉ် တည်းခိုခန်းသန့်စင်ရေး တာဝန်ယူထားသော မိန်းမငယ်တစ်ဦးရောက်လာ၍ "အန်ကယ် - အိပ်ရာအတွက် နောက်ထပ်စောင်တစ်ထည်လိုချင်ပါသေးလားရှင့်" ဟု ပြောလေသည်။ ဦးမြင့်ထွန်းက "အေး - ကျေးဇူးတင်ပါတယ်ကွာ၊ ညက လေပြင်းတိုက်တော့ အေးသလိုလိုပဲ" ဟု ပြန်ပြောလိုက်သည်တွင် မိန်းကလေးက စောင်တစ်ထည်ယူလာ၍ ပြန်ရောက်လာသည်။

"ဒီစောင်ကို ဘယ်ခုတင်မှာ တင်ခဲ့ရမှာလည်း အန်ကယ်"

"ဟင် - ဘာဖြစ်လို့လဲ၊ ဦးညက အိပ်ခဲ့တဲ့ ဟိုခုတင်ပေါ်မှာပဲ ထားခဲ့ပေါ့ ဘာများလဲလို့"

"အော် - ဟုတ်ကဲ့၊ ကျွန်မက အန်ကယ် ခုတင်နှစ်လုံးစလုံးကိုများ အိပ်သလားထင်လို့ပါရှင့်။ ဟိုခုတင်မှာလည်း လူတစ်ဦး အိပ်ထားသလားလို့၊ ကျွန်မတို့က ခုတင်နှစ်လုံးစလုံးကို အိပ်ရာခင်းတွေ သန့်သန့်ပြန့်ပြန့်ခင်းခဲ့တာမို့ပါ။ ခုတော့ - ခုတင်နှစ်ခုလုံး လူတစ်ယောက်ဝင်အိပ်ထားသလိုဖြစ်နေလို့ပါ အန်ကယ်"

www.burmeseclassic.com

တစ်ခုထူးဆန်းတာက ကျွန်တော် ဆွဲလှုပ်လိုက်တဲ့
ဆည်းလည်းသံက ကျွန်တော့်အခန်းထဲမှာ ထွက်မလာဘဲ
ဟိုအဝေးဆီက ပြောရရင် ကျွန်တော် ရောက်လာခဲ့တဲ့
ဘုရားလေးဆီက ထွက်ပေါ်လာသံကို ကြားလိုက်ရတယ်ဗျ။
အဲဒီဆည်းလည်းသံ ထွက်ပေါ်လာတာနဲ့တစ်ပြိုင်နက် ခင်ဗျား
သိတဲ့အတိုင်း လေပြင်းကျလာတာပဲဗျို့။



သည်တော့မှ ဦးမြင့်ထွန်းက တစ်ဖက်မှ ခုတင်အား သေချာစွာပြန်ကြည့်လိုက်မိပါလေ၏။ ဘုရား - ဘုရား - တစ်ဖက်ခုတင် အိပ်ရာခင်းတွေက လူဝင်အိပ်သလို တွန့်ကြေနေပါကောလား။ ဦးမြင့်ထွန်းက အံ့ဩစွာဖြင့် ပြန်ပြောလိုက်သည်။

"အင်း - အဖြစ်က ဆန်းနေသလိုပဲ၊ အန်ကယ်က အဲဒီခုတင်ပေါ်မှာ ပစ္စည်းတွေကလွဲရင် လက်ဖျားနဲ့တောင် မတို့မိပါလားကွယ်။ မင်း - အိပ်ရာခင်းက နဂိုက တွန့်နေလို့ ဖြစ်ပါလိမ့်မယ်"



ကျွန်မတို့ တည်းခိုခန်းက လူတစ်ယောက်ပြန်ထွက်သွားတာနဲ့ နောက်ဧည့်သည်အတွက် အဆင်သင့်ပြင်ဆင်ပြီးသား ဖြစ်အောင် စီမံထားစမြဲပါ အန်ကယ်၊ ခုကြည့်ပါလား - ခုတင်အိပ်ရာခင်းက လူဝင်အိပ်သလို တွန့်ကြေနေရုံမဟုတ်ဘဲ ပစ္စည်းတွေကလည်း ဖရိုဖရဲနဲ့ဖြစ်နေတာလေ။ ပြောရရင် ဒီခုတင်မှာ အိပ်တဲ့လူက ကောင်းကောင်းအိပ်ပျော်ဟန် မတူပါဘူးရှင်"

"အလို - မြတ်စွာဘုရား ကယ်တော်မူပါ။ အင်းလေ - အန်ကယ် သေတ္တာထဲက ပစ္စည်းတွေထုတ်တုန်းက ဟိုရှာသည်ရှာနဲ့ ကသောင်းကနင်း ဖြစ်သွားပုံရပါတယ်၊ မင်းတို့အတွက် အလုပ်ရှုပ်သွားတာကို တောင်းပန်ပါတယ်ကွယ်"

"ကိစ္စမရှိပါဘူး - အန်ကယ်၊ သွားတော့မယ်နော်"

သန့်ရှင်းရေးတာဝန်ယူထားသော အမျိုးသမီးငယ်က ပြန်ထွက်သွားရင်းသူမ ပါးစပ်အား လက်ဖဝါးဖြင့် ပိတ်သွားပုံမှာ ရယ်စရာတစ်ခုခုနှင့် ကြုံတွေ့လိုက်ရဘိသို့ပင်။ ထိုနောက်တွင်မှ ဦးမြင့်ထွန်းက မနက်ပိုင်းဂေါက်ရိုက်ရန်အတွက် နောက်ကျနေပြီမို့ ကပျာကယာဖြင့်ပင် ဂေါက်ကွင်းသို့သွားနှင့်သော ဦးသက်လှိုင်နောက်သို့ သူ့ကားလေးဖြင့် အပြေးနှင်ခဲ့ရလေတော့၏။

✓ ✓ ✓

"ညတုန်းက မထင်မှတ်ဘဲ တိုက်လာတဲ့လေပြင်းကတော့ တော်တော်လေးကို ဆန်းကြယ်တယ်လို့ ပြောချင်တာပါပဲဗျာ၊ အချိန်အခါမဟုတ် တိုက်လိုက်တဲ့လေ၊ ခင်ဗျားကတော့ ယုံချင်မှယုံမှာ၊ တကယ်တော့ ဒီလေပြင်းနဲ့နောက်ကွယ်က ထူးဆန်းတဲ့အကြောင်းအရာတစ်ခုခု ရှိမယ်ထင်တာပဲဗျ။ နောက်တစ်ခုက လေပြင်းမကျခင်လေးမှာ ဟိုအဝေးတစ်နေရာက ဘုရားဆည်းလည်းသံလိုလို ကြားလိုက်ရသေးတယ်၊ ခင်ဗျားရော ကြားလိုက်မိသလား မသိဘူး"

www.burmeseclassic.com

"ခင်ဗျား အဲဒီအသံကို တကယ်ပဲကြားလိုက်မိသလား။ အင်း - ခင်ဗျား ပြောသလိုမျိုး ကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်နဲ့ပြောရရင် သဘာဝ လွန်ဖြစ်ရပ်တွေတို့၊ ဝိညာဉ်မိစ္ဆာတို့၊ စုန်းတစ္ဆေတို့၊ ဥစ္စာစောင့်တို့ဆိုတာ တွေကို ကျွန်တော် လုံးဝအယုံအကြည်မရှိဘူးလို့ ပြောရမှာပဲ"

"ဘယ်လို - ခင်ဗျားက အကြားအမြင်တို့ သရဲတစ္ဆေ နာနာဘာဝတို့ ဆိုတာတွေကို တကယ်မယုံဘူးလား"

"ဟုတ်တယ် - ကျွန်တော်က မမြင်ဘူးမကျတဲ့အယူအဆတွေကိုအယုံ အကြည်မရှိဘူး။ လေတိုက်တယ်ဆိုတာက ရာသီဥတုနဲ့သာ သက်ဆိုင်တဲ့ ကိစ္စမျိုးပါ။ မိုးလေဝသဌာနပညာရှင်များသာ ကြိုတင်သိနိုင်တဲ့အကြောင်း အရာတွေပါဗျာ။ အဲ - တိုက်ဆိုင်မှုတစ်ခုတော့ရှိတယ်၊ ဒါကလည်း ကျွန်တော် ပြောပြမှ ခင်ဗျားသိနိုင်မယ့်အဖြစ်ပါ။ မနေ့ညနေက ခင်ဗျားနဲ့ခွဲပြီး ကျွန်တော် စောပြန်လာခဲ့တယ်နော်၊ ကျွန်တော်က ဒီတည်းခိုခန်းကို ပြန်မလာဘဲ ပုဂံရဲ့ ညနေဆည်းဆာအလှကို ကြည့်မယ်ဆိုပြီး ကမ်းနားဘက်ကို ဆင်းလာခဲ့ တယ်၊ နောက်တော့ ကုန်းမြင့်လေးတစ်ခုမှာရှိတဲ့ ဘုရားပျက်ကလေးတစ်ခု ကို ရောက်သွားတယ်ဗျ၊ အဲဒီဘုရားပျက်ပရဝုဏ်ထဲ မြေကြီးကျင်းပေါက် တစ်ခုထဲက ဘုရားထီးတော်မှာ ဆင်ထားတဲ့ ဆည်းလည်း ခေါင်းလောင်း ငယ်လေးတစ်ခုကို တွေ့လို့ယူလာခဲ့တယ်၊ ညစာ စားပြီး အဲဒါလေးကို အမှတ် ရတာနဲ့ ကပ်နေတဲ့မြေကြီးတွေကို ဖယ်ထုတ်ရေဆေးပြီး ဘယ်လိုအသံမျိုး ထွက်လာမလည်းဆိုတာ သိချင်တာနဲ့ လှုပ်ယမ်းပြီး ကြည့်လိုက်မိတာပေါ့ လေ"

"တစ်ခုထူးဆန်းတာက ကျွန်တော် ဆွဲလှုပ်လိုက်တဲ့ ဆည်းလည်းသံက ကျွန်တော့်အခန်းထဲမှာ ထွက်မလာဘဲ ဟိုအဝေးဆီက ပြောရရင် ကျွန်တော် ရောက်လာခဲ့တဲ့ ဘုရားလေးဆီက ထွက်ပေါ်လာသံကို ကြားလိုက်ရတယ်ဗျ။ အဲဒီဆည်းလည်းသံ ထွက်ပေါ်လာတာနဲ့တစ်ပြိုင်နက် ခင်ဗျားသိတဲ့အတိုင်း လေပြင်းကျလာတာပဲဗျို့။ နေဦး - အဲဒီဆည်းလည်းခေါင်းလောင်းလေးကို ပြဦးမယ်၊ ခုတော့ ပါမလာခဲ့ဘူးလေ"



ဦးမြင့်ထွန်းစကားများကို နားထောင်ပြီး ဦးသက်လှိုင်မှာ စိုးရိမ်သော မျက်နှာအသွင်သို့ ပြောင်းလဲသွားတော့သည်။ နောက်ပြီးမှ စိုးရွံ့သော လေသံဖြင့် "ပုဂံမြေဆိုတာ ရှေးအတိအတာကတည်းက ဗုဒ္ဓဘာသာ ထွန်းကားလာတာဆိုပေမယ့် နတ်ကိုးကွယ်တာတွေ၊ အရှည်းကြီးကိုးကွယ် တာတွေ၊ ပြောရရင် အောက်လမ်း၊ အထက်လမ်းပညာတွေ ထွန်းကားခဲ့တာ လည်း ရှိတယ်ဗျ၊ ရှေးဟောင်းပစ္စည်းဆိုတာ ဆောင်လို့ကောင်းတာမျိုးရှိ သလို ဆောင်လို့သိမ်းဆည်းထားလို့မကောင်းတဲ့အရာတွေလည်း ရှိတတ် တာကလား သတိထားဗျို့"

ဤသို့ဖြင့် စကားပြောရင်း လမ်းလျှောက်ဝေါက်ရိုက်လိုက်ရင်းဖြင့် ညနက်ပိုင်းအချိန်မှာ ကုန်လွန်သွားခဲ့ရတော့သည်။ ဝေါက်ကွင်းမှအပြန် ကား ရပ်နားရာသို့ ကားများထိုးဆိုက်ပြီးနောက် တည်းခိုခန်းဆောင်ဘက်ဆီသို့ နှစ်ယောက်သား လျှောက်လာခဲ့ကြသည်။ လမ်းလျှောက်လာရာမှ မထင် မှတ်ဘဲ ကလေးငယ်တစ်ဦးပြေးလွှားလာရာမှ ဦးသက်လှိုင်နှင့် ကလေးငယ် တို့ဝင်တိုက်မိကြလေတော့၏။ လဲကျသွားသော ကလေးကထ၍ ဆက်ပြေး သွားမည့်အစား၊ ဦးသက်လှိုင်ခါးအားဖက်လျက် ကြောက်လန့်မောဟိုက် နေရင်းမှ သူ့ကို ဆူပူကြိမ်းမောင်းမည်ထင်သဖြင့် ငိုမဲ့မဲ့ဖြင့် ရှိုက်ငိုလေတော့ သည်၊ အစပထမတော့ ဦးသက်လှိုင်က ကလေးအားကြိမ်းမောင်းလိုက် သည်ဟု ဟန်ပြင်ပြီးမှ ကလေးငယ်အား သနားသွားသည့်ပုံဖြင့် မေးခွန်းထုတ် လိုက်လေ၏။

"မင်း - ဘာဖြစ်လို့ ဒီလောက်အရှိန်နဲ့ပြေးလာရတာလဲ။ မင်း နောက်မှာ အန္တရာယ်ပြုမယ့် ဘယ်သတ္တဝါမှ လိုက်လာတာလည်း မမြင်ပါလားကွ"

ဟု ပြောလိုက်ရာ ကောင်လေးက ထပ်မံငိုရှိုက်လိုက်ရင်း -

"ကျွန်တော် နောက်က ဘယ်သူမှတော့ လိုက်မလာပါဘူး။ ကျွန်တော် ကြောက်လို့ပြေးလာခဲ့တာပါ၊ ဟို - ဟို - ပြတင်းပေါက်ထဲကနေပြီး ကျွန် တော့်ကို လက်ရပ်ခေါ်နေတာ၊ ဘယ်သူမှန်းလည်း သဲသဲကွဲကွဲမမြင်ရဘူး ခင်ဗျ။ လက်တစ်ဖက်ထဲထွက်ပြီး ခေါ် - ခေါ်နေ"



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်က ဆက်၍ပင် မပြောနိုင်ပါလေတော့၊ သူ့ကို ကြည့်ရင်း ဦးသက်လှိုင်က သနားလာပုံရပါလေ၏၊ ကရုဏာသက်စွာဖြင့် မေးခွန်း ထုတ်လိုက်ပြန်သည်၊

"ဘယ်ပြတင်းပေါက်ကများ မင်းကို လက်ယပ်ခေါ်နေတာကို မြင်ရတာလဲ၊ မင်းကလည်းကွာ - ယောကျ်ားလေးမဟုတ်တဲ့အတိုင်းဘဲ ယောကျ်ား ဆိုတာ မကြောက်ရဘူးကွ မှတ်ထား၊ ဒါနဲ့ - ဘယ်ပြတင်းပေါက်ကလည်း ဆိုတာ ဦးကို ပြစမ်းပါဦး"

"ဟုတ်ကဲ့ - ကျွန်တော် လိုက်ပြမယ် လာ၊ ဟိုဘက်က ပြတင်းပေါက်ပဲ ဦးရဲ့"

သူတို့နှစ်ဦး အချီအချစကားပြောရင်း လိုက်ပါသွားတော့သည်၊ ဦးမြင့်ထွန်းက စိတ်မရှည်နိုင်ပါလေတော့၊ မိမိအခန်းကိုသာ သွားချင်နေသည့် စိတ်က စောနေသည်ပဲထင့်၊ သို့ရာတွင် ဦးသက်လှိုင်က အနီကိစ္စအား စိတ်ဝင်စားနေပုံပေါ်သည်လေ၊ ခဏကြာတော့ ပြန်လာကြတော့၏၊ ဦးသက်လှိုင်က ချာတိတ်အား ဆက်ပြောလိုက်ပြန်သည်၊

"ကဲ - ချာတိတ်၊ မင်း ဘာမှကြောက်စရာမဟုတ်ပါဘူးကွာ၊ တစ်ယောက်ယောက်က မင်းကို စတာဖြစ်ပါလိမ့်မယ်၊ နောက်တစ်ခါဆိုရင် မြန်မာ့သတ္တိကို သိအောင်ပြလိုက်စမ်း - ဟုတ်ပြီလား၊ ရော့ - ဦးက မင်း မုန့်ဝယ်စားဖို့ ငွေငါးရာပေးလိုက်မယ်၊ မင်း - မုန့်ဝယ်စားပြီး ခုကိစ္စကို မေ့ပစ်လိုက်တော့ ကြားလား" ပြောရင်း ငါးရာတန်တစ်ရွက်အား ထုတ်ပေးလိုက်ရာ ချာတိတ်က ငါးရာတန်အား ဆွဲယူ၍ သူတို့ရှေ့မှ ပြေးထွက်သွားလေတော့၏၊ ထိုအခါမှ ဦးသက်လှိုင်က သက်ပြင်းတစ်ချက် ချလိုက်ကာ ကောင်လေးလိုက်ပြသော ပြတင်းပေါက်မှာ ဦးမြင့်ထွန်းအခန်းမှ ပြတင်းပေါက်ဖြစ်ကြောင်း ပြောလိုက်လေတော့သည်၊

"ဒါဆိုရင်တော့ စဉ်းစားစရာဖြစ်နေပြီပေါ့၊ ကျွန်တော့်အခန်းကို ခဏ လိုက်ခဲ့ပါလား ဦးသက်လှိုင်၊ လူတစ်ဦး တစ်ယောက်များ ကျွန်တော့်အခန်း



ထဲ ဝင်ရောက်နေသလားမှ မသိနိုင်တာ၊ တစ်ခုခုဖြစ်ရင်လည်း ခင်ဗျားပဲ သက်သေခံရမှာ၊ လာ - သွားကြည့်ကြရအောင်"

မကြာမီ စင်္ကြံလမ်းမအတိုင်း လျှောက်လာရင်း ဦးမြင့်ထွန်းအခန်းရှေ့သို့ ရောက်လျှင် နှစ်ဦးသား ရပ်တန့်လိုက်ကြ၏၊ ဦးမြင့်ထွန်းက သူ့အိတ်ကပ်ထဲမှ သော့ကို စမ်းကြည့်လိုက်ပြန်သည်၊ နောက်ပြီးမှ စဉ်းစားလိုက်ဟန်ဖြင့် -

"ခု အဖြစ်အပျက်က ကျွန်တော် ထင်တာထက် လေးနက်ဆန်းကြယ် နေတာဗျ၊ ဂေါက်ကွင်းအလာတုန်းက ဒီအခန်းသော့ကို သေသေချာချာ ပိတ်ထားခဲ့တာကလား၊ ခုကြည့်လေ - အခန်းသော့ကတော့ ပိတ်ထားရက်ပဲလေ၊ မဟုတ်မှလွဲရော - ကျွန်တော် မရှိတုန်း တည်းခိုခန်းဝန်ထမ်းတစ်ယောက်များ အခန်းထဲ ဝင်ခဲ့လေသလား၊ ဒါမျိုးဆိုရင်တော့ ကျွန်တော်က လက်မခံနိုင်ဘူးဗျာ"

ဦးမြင့်ထွန်းက မကျေမချမ်းပြောရင်း သူ့အခန်းတံခါးကို သော့ဖွင့်ဝင်လိုက်ပြီး အခန်းမီးကိုဖွင့်လိုက်သည်၊ နောက်ပြီး - အခန်းအခြေအနေကို ဟိုဟိုသည်သည် လျှောက်ကြည့်လိုက်လေ၏၊ သူ့ပစ္စည်းများက အပြည့်အစုံရှိနေသည်ပဲလေ၊ နှုတ်မှလည်း ရေရွတ်လိုက်ပါလေ၏၊

"အံ့သြစရာပဲဗျ - ပစ္စည်းတွေကတော့ ဘာမှ အပျောက်အရှ မရှိဘူး"

သည်မှာပင် ဦးသက်လှိုင်က ထောက်ကွက်တစ်ခုအား ထောက်ပြလိုက်သည်၊

"မနက်တုန်းက ခင်ဗျားအခန်းထဲကို သန့်ရှင်းရေးအလုပ်သမား ဝင်မလာဘူးလားဗျ၊ ကြည့်စမ်း - သူတို့တာဝန်ကို ပျက်ကွက်တာပဲ၊ ခင်ဗျား အိပ်ရာခင်းကို အသစ်လဲပြီး ပြန်ခင်းမပေးသေးပါလား"

"မြတ်စွာဘုရား - အဲဒါ ကျွန်တော်အိပ်တဲ့ ခုတင်မဟုတ်ဘူးဗျ၊ ကျွန်တော်လည်း အသုံးမပြုခဲ့ဘူး၊ မဟုတ်မှလွဲရော - အိပ်ရာပေါ်မှာ တစ်ဦးတစ်ယောက်က ဝင်အိပ်သွားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တော့လည်း ဟုတ်သည်လေ။ ထိုအိပ်ရာမှာ လူတစ်ဦးဝင်အိပ်သွားဘိသို့ တွန့်ကျေနေရုံမက သူ့အဝတ်အစားတွေမှာ ပြန့်ကြဲနေတော့သည်။

"တစ်ခုတော့ ရှိတယ်ဗျ။ မနေ့ညက ခရီးဆောင်သေတ္တာထဲက အဝတ်အစားနဲ့ အသုံးအဆောင်တွေ ထုတ်ယူလိုက်တုန်းက အိပ်ရာခင်း တွန့်ကြေပြီး ဖရိုဖရဲဖြစ်အောင် လုပ်ခဲ့မိသလား မပြောတတ်ပါဘူးဗျာ" ဟု ဇဝေဇဝါ အတွေးမျိုးဖြင့် ပြောလိုက်လေ၏။ နောက်ပြီးမှ ဆက်ပြောလိုက်ပြန်သည်။

"မဟုတ်မှလွဲရော - သန့်ရှင်းရေးသမားက ကျွန်တော့်အခန်းထဲဝင်ပြီး သန့်ရှင်းဖို့အလာမှာ ဟိုချာတိတ်က သူ့ကိုလက်ပြခေါ်တယ်အထင်နဲ့ ကြောက်လန့်ပြီး ထွက်ပြေးလာတာနေမှာပေါ့လေ။ နောက်တော့ - သန့်ရှင်းရေးသမားကို တစ်ယောက်ယောက်က ခေါ်လို့ သန့်ရှင်းရေးမလုပ်လိုက်ရဘဲ အခန်းတံခါးကို ပြန်ပိတ်သွားတာပဲ ဖြစ်ရမယ်"

"ဒါဖြင့်ရင် - သူတို့ကိုခေါ်ပြီး မေးကြည့်ရအောင်ဗျာ၊ လာ - သွားစို့"

ထိုအချက်ကိုတော့ ဦးမြင့်ထွန်းက လက်ခံသဘောတူလိုက်ပြီး တည်းခိုခန်းမန်နေဂျာရှိရာသို့ နှစ်ယောက်သား ထွက်ခွာလာခဲ့ကြသည်။ အခြေအနေအား မန်နေဂျာအား တင်ပြခဲ့ရာ မန်နေဂျာက သန့်ရှင်းရေးအလုပ်သမားအမျိုးသမီးကို လှမ်းခေါ်ယူ၍ မေးမြန်းစစ်ဆေးကြည့်သည်။

"ဟုတ်ကဲ့ - ကျွန်မ လူကြီးမင်းအိပ်ရာနိုးတာနဲ့ အခန်းထဲဝင်ပြီး အိပ်ရာနဲ့ စောင်တွေကို ပြုပြင်အသစ်တွေနဲ့လဲပြီး ပြန်ထွက်လာခဲ့ပါတယ်ရှင့်၊ ဒီနောက်တော့ လူကြီးမင်းအခန်းထဲကို ကျွန်မ မဝင်ဖြစ်ခဲ့ပါဘူးရှင်။ ဝင်စရာ ကျွန်မမှာ သော့ပိုလည်း မရှိပါဘူး။ သော့ပိုတစ်ချောင်းက မန်နေဂျာကြီးဆီမှာပဲ ရှိပါတယ်။ ကျွန်မ ပြောတာတွေဟာ အမှန်ပါပဲရှင်"

သန့်ရှင်းရေးအလုပ်သမလေးမှာ မျက်နာငယ်လေးဖြင့် ပြန်လည်ရှင်းပြခဲ့သည်။ ဦးသက်လှိုင်အနေဖြင့် သူတို့ဂေါက်ကွင်းမှအပြန် လူချင်းဝင်တိုက်မိသောချာတိတ်က မုန့်ဖိုးပိုက်ဆံလိုချင်သဖြင့် တမင်ဖန်တီးလုပ်ယူ



လိုက်ခြင်းပင် ဖြစ်လိမ့်မည်ဟု အတွေးသဘောပေါက်လိုက်မိတော့သည်။ ထို့ကြောင့် မန်နေဂျာအား မိမိတို့အနေဖြင့် သံသယကင်းရှင်းသွားပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အထင်မှားမေးမြန်းမိသည်ကို စိတ်မကောင်းပါကြောင်း တောင်းပန်ပြောဆိုလျက် ဦးမြင့်ထွန်းအခန်းဆီသို့ ပြန်လှည့်ခဲ့ကြရတော့သည်လေ။

ဦးမြင့်ထွန်းက သူ့တွင်ပါလာသော သော့ဖြင့် သူ့အခန်းတံခါးကို ဖွင့်လိုက်သည်၊ နောက်အခန်းမီးပွင့်ကို ဖွင့်လိုက်ပြန်သည်၊

"ကျွန်တော် တစ်ခုတော့ ခင်ဗျားကိုပြောထားချင်တယ်၊ အကယ်၍များ ခင်ဗျားမှာ အကူအညီလိုမယ်ဆိုရင် ကျွန်တော့်ကို မမေ့ပါနဲ့နော်"

ထိုစကားကို ကြားကြားခြင်း ဦးမြင့်ထွန်းက ဖျပ်ခနဲ ဒေါသစိတ်တွေ လွှမ်းမိုးသွားသေးသည်၊ နောက် စဉ်းစားကြည့်တော့မှ သူပြောဆိုခဲ့သည့် စကားသည် သူ့အကျိုးအတွက် ပြောနေခြင်းဖြစ်ကြောင်း နားလည်လိုက်မိသဖြင့် "ကျေးဇူးတင်ပါတယ် - ဦးသက်လှိုင်၊ ခင်ဗျားကို ဒုက္ခပေးစရာ အကြောင်းမရှိလောက်ဘူးလို့ ထင်ပါတယ်၊ အော် - ဒါနဲ့ ခင်ဗျားကို ဟိုပစ္စည်းလေး မပြရသေးဘူးနော်"

ဦးမြင့်ထွန်းက သူ သိမ်းထားခဲ့သော ဆည်းလည်းခေါင်းလောင်းလေးအား ထုတ်ဖော်ပြသလိုက်လေသည်၊ ဦးသက်လှိုင်ကလည်း သူ ထုတ်ပြသော ဆည်းလည်းခေါင်းလောင်းလေးအား မီးရောင်အောက်တွင်ယူလျက် လှည့်ပတ်ကြည့်လိုက်၏၊ နောက်ပြီးမှ မေးခွန်းထုတ်တစ်ခုအား ထုတ်မေးလိုက်လေသည်၊

"ခင်ဗျား ဒီဆည်းလည်းခေါင်းလောင်းပေါ်မှာ ရေးထိုးထားတဲ့ ပါဠိဘာသာစာတွေကို ဖတ်တတ်ရင် အဓိပ္ပာယ်က ဘာလည်းဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါဦး" ဟု မေးသဖြင့် ဦးမြင့်ထွန်းက သူ အဓိပ္ပာယ်ဖော်ရသည့် အတိုင်း ပြောပြလိုက်လေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

"အင်း - ခင်ဗျားနဲ့ ကျွန်တော်က ဒီပုဂံမြေမှာလာပြီး ရှေးဘဝရေစက်က ကြုံတာကတစ်ကြောင်း၊ ပြောရရင် ပဋ္ဌာန်းဆက်ကြောင့်လို့ဆိုရင်လည်း မမှားဘူးပေါ့လေ။ တွေ့ခဲ့ကြရတဲ့ အချိန်အတိုင်းအတာရပြောရရင်တော့ တိုတောင်းလှပါတယ်လေ။ ဒါပေမဲ့ - ခင်ဗျားအပေါ်မှာ ခင်မင်မှုအားကြီးခဲ့လေတော့ စကားတစ်ခုတော့ ပြောပြချင်ပါတယ်။ အကယ်၍သာ ဒီဆည်းလည်း ခေါင်းလောင်းလေးသာ ကျွန်တော့်ပစ္စည်း ဖြစ်မယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ သူ့ဖနေရာသူ ပြန်ထားလိုက်ချင်တယ်။ ဒါမှမဟုတ် - ဧရာဝတီမြစ်ထဲကို ခွန့်ပစ်လိုက်ဖို့ပဲ။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ထားရှိခဲ့တဲ့ ကျိန်စာ (သို့မဟုတ်) ဘုရားမှာစောင့်တဲ့ ဝိညာဉ်က ဒဏ်ခတ်စံရလိမ့်မယ်လို့ ထင်မိတယ်လေ၊ ဒါပေမဲ့ - ခင်ဗျားက သိပ္ပံသမားဆိုတော့ ပြောပြလို့လည်း အကြောင်းထူးမယ် မထင်ဘူး။ ခင်ဗျားက ကိုယ်တွေ့လေ့လာချင်တဲ့ လူတစ်ယောက် ဖြစ်နေလို့ပဲပေါ့"

ဦးသက်လှိုင်က သည်မျှသာ ပြောဆိုပြီးနောက် သူ့အခန်းဘက်ဆီသို့ ပြန်လည်လျှောက်သွားလေတော့၏။ ပြောရလျှင် ထိုနေ့ညက အတွေးကိုယ်စီဖြင့် အိပ်ပျော်နိုင်ကြလိမ့်မည်ဟု ထင်မိပါသည်။

✓ ✓ ✓

ဦးမြင့်ထွန်းက အိပ်ရာဝင်မည်ပြုပြီးမှ ပြတင်းပေါက်မှ ဝင်လာသော လရောင်နှင့် လေကြောင့် အိပ်မရဘဲ ဖြစ်နေတော့သည်။ သို့ရာတွင် ပြတင်းတံခါးများ၌ ခန်းဆီးလိုက်ကာ တပ်ဆင်ထားခြင်းမရှိသဖြင့် တံခါးပိတ်အိပ်ရန်သာရှိတော့သည်လေ။ ထို့ကြောင့် သူနောက်ဆုံးကြိုးစားကြည့်သည့်အနေဖြင့် သူ့လုံချည်ဟောင်းတစ်ထည်အား ပြတင်းတံခါးအားညှပ်၍ ပိုမိုနိုင်မြဲအောင်ဆိုကာ လမ်းလျှောက်တုတ်ချောင်းဖြင့် ထောက်ထားလိုက်ရင်း အခန်းမီးကိုပိတ်ကာ ဖိုက်ဝပ်မီးထွန်း၍ အိပ်ရာဝင်လိုက်လေတော့သည်။



သို့ပေမဲ့ - သူ အိပ်မရပါ၊ ဦးသက်လှိုင်ပြောသော စကားများက သူ့အတွက် စဉ်းစားစရာဖြစ်နေချေသည်လေ။ အဘယ်ကြောင့်ဆိုလျှင် တစ်မြန်နေ့ဆီက သူ မှေးခနဲဖြစ်နေစဉ် အိပ်မက်လေလား ဝိုးတဝါးဖြစ်စဉ်နှင့် အတွေးအာရုံမှာလိုလို အမြင်အာရုံမှာလိုလို ကြုံလိုက်ရသည့် အာဂန္တုပါးကွက်သားအကျဉ်းကျခံလူသားနှင့် သူ့မိခင်တို့၏ အဖြစ်အပျက်များကို သွားသတိရလိုက်မိတော့သည်၊ ဆည်းလည်းခေါင်းလောင်းလေး လှုပ်ခါလိုက်တိုင်း လေပြင်းကျလာသည့်အချက်ကလည်း ဦးမြင့်ထွန်းအတွက် ပဟေဠိသဖွယ် အမြစ်တွယ်နေချေပြီတည်း။ ထိုအတွေးများကြားမှ သူ မှေးခနဲအိပ်ပျော်သွားတော့၏၊ မည်မျှကြာကြာ အိပ်မောကျသွားလေသည်မသိ၊ တစ်စုံတစ်ရာ လဲပြိုကျသွားဘိသို့ အသံထွက်ပေါ်လာသဖြင့် လန့်နိုးလာတော့သည်၊ ဖိုက်ဝပ်မီးရောင်အောက်တွင် ပုဆိုးနှင့်တုတ်ကောက် လဲပြိုသွားသည်ကိုလည်း မြင်လိုက်ရသဖြင့် အိပ်ရာမှထ၍ ပြန်ကောက်ရမည်လားဆိုသည်ကို ဝေခွဲမရအောင် ဖြစ်နေတော့သည်၊

နောက်တော့ "အို - သည်အတိုင်းပဲ အိပ်လိုက်ပါတော့မယ်လေ" ဟု ဆုံးဖြတ်ချက်ချလိုက်သည်နှင့် တစ်ဖက်ခုတင်ဆီမှ လူတစ်ယောက်လူးလွန့်လှုပ်ရှားနေသည့်အလား အသံကြားလိုက်ရတော့သည်၊ ရော - ခက်ချေပေါ့၊ ခုတင်ပေါ်သို့ ကြွက်တွေလမ်းလျှောက်နေချေသည်လားဟု စိတ်သက်သာသလို တွေးနေလိုက်ပါ၏၊ နောက်တစ်ကြိမ် လှုပ်ရှားသည့်အသံကို နားထောင် ကြည့်လိုက်ပြန်ရာ ကြွက်ကြောင့် ဖြစ်ပေါ်လာသော အသံမျိုးကား မဖြစ်နိုင်ပါချေ၊ သည်စဉ်မှာပင် ဖျော့တော့သော ဖိုက်ဝပ်မီးရောင်အောက်မှာပင် လူတစ်ယောက် ထထိုင်လိုက်ဘိသို့ မြင်လိုက်ရသဖြင့် ဦးမြင့်ထွန်းမှာ ခေါင်းနားပန်းကြီးသွားရုံသာမက တုန်လှုပ်ချောက်ချားသွားဘိခြင်းရယ်လေ၊ ဦးမြင့်ထွန်း ကြာကြာတွေးမနေပါလေတော့၊ အိပ်ရာမှ ဝုန်းခနဲ ထလိုက်ရင်း ပြတင်းပေါက်ဆီသို့ ထပြေးလိုက်လေတော့၏၊



www.burmeseclassic.com

www.burmeseclassic.com

စင်စစ် - ဦးမြင့်ထွန်းပြေးသွားခြင်းမှာ အခြားမဟုတ်၊ ပြတင်းပေါက်အောက်တွင် လဲကျနေသော လက်ကိုင်တုတ်အား လက်နက်သဖွယ် အသုံးပြုရန်သာဖြစ်ပေသည်။ သည်မှာပင် တစ်ဖက်ခုတင်ပေါ်မှ လူရိုပ်ကလည်း လျှင်မြန်စွာဖြင့် ထရပ်လိုက်ပြီးနောက် သူ့လက်နှစ်ဖက်အား ဆန့်တန်းကာဆီးလိုက်လေတော့၏။ လူရိပ်အား ကျော်လွှားသွားရန်မှာ ခက်ခဲလှပါဘိတောင်း။ သို့ရာတွင် ဖိုက်ဝပ်ဖန်သီးအလင်းရောင်ဖြင့် လူရိပ် ဆိုသည်မှလွဲ၍ ထင်ရှားပြတ်သားစွာ မည်သူမည်ဝါဟုပြောရန် ခက်လှသည်။ ထိုခဏလေးမှာပင် လူရိပ်က ဦးမြင့်ထွန်းအိပ်သော ခုတင်ဆီသို့ အပြေးသွားရောက်ပြီး ခုတင်တစ်ခုလုံးအား တစ်စုံတစ်ရာအား ရှာနေဟန်နှင့် ဟိုစမ်းသည်စမ်းလုပ်နေသည်မှာ သူ့အနေဖြင့် ကြည့်ရင်းတုန်လှုပ်ချောက်ချားသွားလိုက်ဘိဖြစ်ခြင်းရယ်လေ။ ထိုလူရိပ်က သူ ရှာဖွေသည့်အရာအား မတွေ့တော့သဖြင့် ပြတင်းပေါက်ဘက်သို့ပြန်လှည့်အတွက်ဝယ်၊ လရောင်အလင်းနှင့် ဖိုက်ဝပ်ဖန်သီးအလင်းတို့ကြောင့် ထင်ထင်ရှားရှား တွေ့မြင်လိုက်ရတော့သည်။

လူရိပ်ဟု ထင်ရသည့်အရာကား စင်စစ်ကြေမွနေသော အိပ်ရာခင်းကြီးသက်သက်မျှသာ ဖြစ်နေတော့၏။ ထို့ကြောင့် သူ၏အတွင်းစိတ်သဏ္ဍာန်အား ထုတ်ဖော်ပြောဆိုရန်ပင် ခက်ခဲလှသည်။ လူရိပ်က လက်နှစ်ဖက်အား သူ့ရှေ့သို့ ဆန့်တန်းလျက်ဝင်ရောက်လာသည်တွင် လူရိပ်၏ လက်တစ်ဖက်က ဦးမြင့်ထွန်းအား လာရောက်ရိုက်ခတ်မိတော့၏။ ဤတွင် ကြောက်ရွံ့စွာဖြင့် အသံထွက်သည်အထိ အော်ဟစ်မိလိုက်လေတော့သည်။ ဦးမြင့်ထွန်းမှာ တစ်ကြိမ်တစ်ခါမျှ သည်လိုတုန်လှုပ်ချောက်ချားမှုမျိုး မခံစားရဘူးပါချေ။ လူရိပ်က တဖြည်းဖြည်းနှင့် သူ့ထံနီးကပ်လာသောကြောင့် ပြတင်းတံခါးပေါက်မှ ခုန်ထွက်ရန်ကြိုးစားလိုက်လေတော့သည်။ အိပ်ရာခင်းမျက်နှာနှင့် လူရိပ်ကလည်း သူ့ထံသို့ ခုန်ဝင်လာလိုက်တော့သည်တွင် ဦးမြင့်ထွန်းက အသံကုန်အော်ဟစ်လိုက်လေတော့၏။

✓ ✓ ✓



ဦးမြင့်ထွန်းမှာ သတိအလွန်ကောင်းသူဖြစ်သဖြင့် သူ အော်ဟစ်လိုက်သံရပ်ဆိုင်းသွားသည်နှင့် သူ့အခန်းအား အပြင်မှပြင်းပြင်းထန်ထန် ထုနက်နေရာမှပွင့်ထွက်လာတော့သည်။ သူ့အခန်းတွင်းသို့ အပြေးအလွှားဝင်ရောက်လာသူမှာ ဦးသက်လှိုင်သာလျှင် ဖြစ်သည်။ သူသည် ပြတင်းပေါက်အနီးမှ အရာအားလုံးကိုမြင်တွေ့သွားဟန်ရှိပါသည်။ သို့ပေမဲ့ - သူတို့နှစ်ဦး၏ရှေ့မှာပင် တွန့်ကြေနေသော အိပ်ရာခင်းမျက်နှာဖြင့် လူရိပ်မှာ ထူးဆန်းစွာပျောက်ကွယ်သွားပြီးပေပြီ။ ပြတင်းပေါက်အပြင်ဘက်သို့ ကိုယ်တစ်ပိုင်းရောက်ရှိနေသော ဦးမြင့်ထွန်း၏ ခန္ဓာကိုယ်ကြီးအား ဦးသက်လှိုင်က မနိုင့်တနိုင်နှင့် အခန်းတွင်းသို့ပြန်သွင်းလိုက်ရပါသည်။ ဤတွင်မှ ဦးမြင့်ထွန်းမှာ အခန်းတွင်းသို့ လဲကျသွားတော့သည်။ သူ လဲကျရာနေရာတွင်ကား ကြေမွနေသော အိပ်ရာခင်းက ပုံလျက်သားရှိနေသည်ကိုသာ တွေ့လိုက်ရပါတော့သတည်း။

များမကြာမီ တည်းခိုခန်းမှ ဝန်ထမ်းအချို့အခန်းတွင်းသို့ အပြေးအလွှား ရောက်ရှိလာကြတော့၏။ အခြေအနေကို သိလိုက်ရသော ဦးသက်လှိုင်က -

"ဘာမှမဖြစ်ပါဘူးဗျာ၊ ကိုယ့်လူက ပြတင်းပေါက်တံခါးကို တွန်းဖွင့်ရင်းအားလွန်ပြီး လိမ့်ကျသွားမလို ဖြစ်သွားလို့ လန့်ပြီးအော်လိုက်မိတာပါ။ ပြန်ကြပါ။ ဘာမှမဖြစ်တော့ပါဘူး"

လူများ ပြန်သွားကြသဖြင့် ဦးသက်လှိုင်က ဦးမြင့်ထွန်းအား သူ့ခုတင်ပေါ်ရောက်အောက် တင်ပေးပြီးနောက် သူ့အခန်းသို့ပြန်မသွားတော့ဘဲ တစ်ဖက်ခုတင်ပေါ်ဝယ် လှဲအိပ်ချလိုက်ရင်း -

"ကျွန်တော် ပြောတယ်မဟုတ်လား။ အတိတ်က ဆုံးပါးသွားတဲ့ လူတွေနဲ့ဝိညာဉ်ဆိုတာတို့ သရဲတစ္ဆေတို့ဆိုတာ ရှိပါတယ်လို့၊ ကဲ - ခုတော့ ခင်ဗျားကိုယ်တွေ့ကြုံခဲ့ရပြီမဟုတ်လား။ စိတ်ကို အေးအေးထားပြီး အိပ်ပျော်အောင်သာ အိပ်လိုက်ပါဗျာ။ ဘာမှမဖြစ်တော့ပါဘူး - သူနဲ့ နောက်ထပ်မတွေ့အောင် ကျွန်တော် စီစဉ်လိုက်ပါ့မယ်။ ကဲ - ဘာမှ မတွေးဘဲ အိပ်ပျော်အောင်သာ



www.burmeseclassic.com

www.burmeseclassic.com

အိပ်လိုက်ပေတော့" ဟု ပြောရင်း ထိုနေ့ညပိုင်းကုန်သည်အထိ နှစ်ယောက် အတူတူ အိပ်လိုက်ကြလေတော့သည်။

နောက်တစ်နေ့ ရောက်သည်နှင့် သူတို့နှစ်ယောက် တည်းခိုခန်းရှိ စားသောက်ခန်းသို့ မထိုင်တော့ဘဲ ဦးမြင့်ထွန်း ကားလေးဖြင့် ညောင်ဦးမြို့ လက်ဖက်ရည်တစ်ဆိုင်သို့ သွားရောက်ခဲ့ကြသည်။ ထို့နောက်ညက အဖြစ်အပျက်နှင့်ပတ်သက်၍ နှစ်ဦးသား တိုင်ပင်ညှိနှိုင်းခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ဦးသက်လှိုင်က နာနာဘာဝ၊ တစ္ဆေသရဲ၊ ဝိဉာဉ်တို့နှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ပြောဆိုခြင်းမပြုတော့ဘဲ အကောင်းဆုံးအကြံဉာဏ် တစ်ခုကိုသာ ရှင်းပြလိုက်ပါသည်။

"ကောင်းပါပြီလေ - ကျွန်တော် ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ ခင်ဗျားပြောတဲ့ အကြံကို လက်ခံပါ့မယ်။ ဒါပေမဲ့ - ဒီအဖြစ်အပျက်ကတော့ ကျွန်တော့်ယုံကြည်ချက်ကို ပြောင်းလဲစေသည်ဖြစ်စေ၊ မပြောင်းလဲသည်ဖြစ်စေ တစ်သက်တာ မေ့ပျောက်ဖျက်ပစ်လို့ မရတာကတော့ အမှန်ပဲ ဆိုတာ ပြောချင်ပါတယ်။ နောက်တစ်ခုက ပဋ္ဌာန်းဆက်မကုန်လို့ ခင်ဗျားနဲ့ ကျွန်တော် ဒီပုဂံမြေမှာ လာဆုံတွေ့ ခင်မင်ခြင်းရဲ့ အမှတ်တရဖြစ်နေမယ် ဆိုတာ ကျွန်တော် ကတိပေးပါတယ်ဗျာ"

ထိုသို့ ပြောပြီးနောက် ဦးမြင့်ထွန်းက သူ့အိတ်ကပ်ထဲမှ ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်ပါလေ၏။ ထိုပစ္စည်းလေးမှာ အခြားဟုတ်ရိုးလား၊ သူ့အား ဒုက္ခပေးခဲ့သည့် ဘုရားထီးတော်မှ ဆည်းလည်းလေးပင်ဖြစ်သည်။ ဦးမြင့်ထွန်းက ဦးသက်လှိုင်အား အပြုံးတစ်ဝက်ဖြင့် ပြုံးပြလိုက်ရင်း "ကဲ - လာ - သွားကြစို့၊ ကိုယ်နဲ့မဆိုင်တဲ့ပစ္စည်းကို အပိုင်ယူမထားစကောင်းဘူးလို့သာ သဘောထားလိုက်ပါပြီလေ" ဟု ပြောလိုက်လေတော့၏။ ဦးသက်လှိုင်က ကျေနပ်သဘောကျသည့်အနေဖြင့် ဦးမြင့်ထွန်း၏ လက်အား ဆွဲယူနှုတ်ဆက်လိုက်သည်။



ထို့နောက်ဝယ် - သူတို့နှစ်ဦးကားလေးဖြင့် အနီးစပ်ဆုံး ဧရာဝတီမြစ်ဆိပ်ကမ်းဆီသို့ မောင်းနှင်လာခဲ့ကြတော့၏။ ထိုဆည်းလည်းခေါင်းလောင်းလေးအား နှစ်ဦးဆုံးဖြတ်ချက်ဖြင့် မူလနေရာသို့ပြန်မထားတော့ဘဲ လူသားများနှင့် လွတ်ကင်းရာ ဧရာဝတီမြစ်ရေအတွင်းသို့ ပစ်ချရန် အတည်ပြုခဲ့ကြသည်။ မြစ်ကမ်းပါးရောက်သည်နှင့် ဦးမြင့်ထွန်းက ဆည်းလည်းလေးအား ဦးသက်လှိုင်လက်ထဲသို့ လွှဲပြောင်းပေးလိုက်လေ၏။ ဦးသက်လှိုင်က နှုတ်မှနေ၍ "ကောင်းမှုကုသိုလ်ပွားများနိုင်ပါစေ" ဟု ပြောဆိုရင်း သူ့တွင်ရှိသမျှ အင်အားကိုသုံးလျက် ဆည်းလည်းပြားလေးအား ဧရာဝတီမြစ်တွင်းသို့ လွှတ်ပစ်လိုက်လေတော့သည်။ ထိုခဏမှာပင် မမျှော်လင့်သော လေပြင်းက တိုက်ခတ်လာလေတော့၏။ လေပြင်းများကြားမှ သူတို့ကားလေးဆီသို့ အပြေးအလွှား ဝင်ရောက်ကြပြီးနောက် မောင်းထွက်လာခဲ့လေတော့သတည်း။

☛ အလက်ာသူရ

www.burmeseclassic.com




## ကုဋ္ဌာသယ ကျောက်နီမျက်ရှင် နှင့် ဂမ္ဘီရ ကျောက်မီကျောင်းကြီး

ဝန်းလှိုင်ဦး (ခရာမြိုင်)

မိုးက တဖွဲဖွဲရွာနေသည့်အပြင် လေပါ ပါလာသဖြင့် ချမ်းတုန်နေပြီ။ ခြုံထားသည့် ပလတ်စတစ်မိုးကာ အစုတ်အပြတ်လေးက လုံခြုံမှုမပေးနိုင်ဘဲ ဖြစ်နေသည်။ ပခုံးရင်းနှင့် လက်မောင်းကြွက်သားတွေလည်း နာလာပြီ။ အချိန်အခါ မဟုတ် ရွာရပ်မလား ဒေါသဖြစ်မိသည်။

"သား - မင်းညောင်းရင် အဖေ တစ်လှည့်လှော်မယ် - ထ"

"ရ - ရပါတယ် - အဖေ၊ ရောက်လုပြီပဲ"

"အင်း - ဘောက်တူက လောင်းလှေလိုမဟုတ်ဘူး၊ လောင်းလှေလို မသွက်ဘူး၊ ဝမ်းပြားတော့ ရေဆွဲတယ်၊ ခရီးဖင့်တယ်၊ လောင်းက ဝမ်းလုံးတော့ ရေဆွဲနည်းတယ်၊ သွက်တယ်၊ သား - ညောင်းရင်ပြော၊ ခရီးက ရှေ့တစ်တွေ့လိုသေးတယ်"

"အဖေ - အခု - ဘာလလဲဟင်"

"တပေါင်းဆန်းရုံ ရှိသေး - သားရဲ့ ဘာဖြစ်လို့မေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို – ဒီကောင်တွေ အသိုက်ဖွဲ့ပြီး အောင်းလောက်ပြီနော"

"အေး – တန်ခူးဝင်ရင် ဥပြီ၊ ဝါးပိုးချောင်းလက်တက်ထဲ စ.ဝင်ပြီဆိုတာနဲ့ သတိဝီရိယရှိစေတော့နော၊ အသိုက်ဖွဲ့နေတဲ့ကောင်တွေနဲ့ တွေ့နိုင်တယ်"

"ဟုတ်ကဲ့ပါ – သတိထားပြီး ဝင်ရမှာပဲ၊ ဩော် – ဒါနဲ့ အဖေ – သူတို့က ဥ.ဥပြီးတော့ ဘယ့်လောက်ကြာမှ အကောင်ပေါက်တာလဲ ဟင်"

"အင်း – ဥပြီး (၃)လရောက်၊ ရက်အားဖြင့် (၅၀)ကျော်လောက် ရှိမယ်၊ ဝါမဝင်လောက်ဘူး"

"ပြောသာပြောရတာ၊ သူတို့ဥကို ခုထိ မမြင်ဖူးသေးဘူး"

"ဘဲငန်းကြီးတွေ ဥလိုပါပဲ၊ လုံးပတ် (၆)လက်မသာသာ ရှိလောက်တယ်"

"အလေးချိန်က"

"(၇)ကျပ်သားလောက်ရှိတယ်၊ ဟောဒီလို ကိုင်ကြည့်ရတာကိုက စီးစီးပိုင်ပိုင် အရှိသားကွ"

"သားပေါက်လေးတွေကိုရော အဖေ မြင်ဖူးလား"

"အေး"

"ဘယ်အရွယ်လောက်ရှိလဲ ဟင်"

"ခေါင်းက သူ့အမြီးအထိ (၉)လက်မခွဲလောက်တော့ ရှိမယ်၊ တစ်ကောင် အလေးချိန် (၅)ကျပ်သားသာသာ ရှိတယ်"

"ဥကျင်းတစ်ကျင်းမှာ ဘယ်နလုံးလောက် ဥတတ်ကြလဲ – အဖေ ဟင်"

"(၉)လုံး၊ (၁၀)လုံးကနေ (၃၀)၊ (၄၀)လောက်အထိ ဥတတ်ကြတယ်တဲ့၊ ငါတွေ့ဖူးတဲ့ဥကျင်းက (၁၁)လုံး ရှိတာပဲ၊ ထပ်ပြီးဥရင်တော့ မပြောတတ်ဘူး"

"ဟာ – ဒါဆို – ပေါက်လာရင် မနည်းမနောပဲနော်"

"ကံကောင်းတဲ့ကောင်လောက် အဖတ်တင် ကျန်ရစ်တာပါကွာ"

"ဟင် – ဘာ – ဘာဖြစ်လို့လဲ"



"အထီးကောင်ကြီးတွေက အမကောင်အလစ်ဆို ကိုက်စားပစ်လိုက်ကြတာကွ၊ မလွယ်ဘူး၊ သားငယ်ကောင်လေးတွေက သူ့အမေအနား ပွတ်သီးပွတ်သပ် နေချင်ကြတာကလားကွ၊ အထီးကောင်ကြီးတွေက အဲ့ဒါကို ကြိုက်ပုံမရဘူး၊ အမကြီးလစ်တာနဲ့ ကိုက်သတ်ကိုက်စားပဲ၊ အဲ့ – စပါးအုံးလို အကောင်ကြီးတွေရန်ကလည်းပဲ တစ်မှောင့်"

"ဟား – အတော်ဆိုးတဲ့ကောင်တွေ၊ ဟော – ဟိုမှာမဟုတ်လား။ ဝါးပိုးချောင်းအဝ ထိုးဝင်လိုက်တော့မယ်နော် – အဖေ"

"အေး – ချောင်းဝမှာ တစ်ချက်သတိထားဝင်၊ မင်း – မှိန်းသန္တတ် ငါပေး"

ချောင်းဝမှာ ဗျိုက်၊ လမုနှင့် ဓနိပင်တွေက အသင်းအဖွဲ့စုဖွဲ့ပိတ်ဆီးထားသလို ရုတ်တရက်မမြင်ရ၊ ဒေသစွဲအခေါ်မို့ဝါးပိုးချောင်း အမည်တွင်နေသည်၊ တကယ်တော့ ရိုးချောင်းသာသာရယ်၊

"ရှေ့ကျရင် ညာကွေ့လိုက်"

"ဒါဆို – ကျုပ်တို့"

"အလယ်ကျွန်းကုန်းမှာ ခဏနိုရင်း မနက်စာစားကြမယ်ကွာ"

"ညာဘက်လက်ပြင်နဲ့ လက်မောင်းတွေ လှုပ်တယ်"

"မင်း လှော်ခဲ့ရတဲ့ခရီးကလည်း မနီးဘူးလေကွာ၊ ကြွက်သားတွေ အကြောတွေ မခံနိုင်လို့ လှုပ်တာနေမှာပေ့ါ"

"အင်း – အမှန်တော့ – ဒီအကြံအစည်ကို မစဉ်းစားသင့်ပါဘူး၊ ဒါပေမဲ့ အဖေ့မြေးတာနော မင်္ဂလာဆောင်အတွက်မို့သာ စွန့်စားမိတာ၊ ဒါနဲ့ အဖေ"

"ဘာတုံးကွ – ကဲ – ပြောစမ်း"

✓ ✓✓

"မိကျောင်းမိုးပြီးပြန်ရင်ရော – အဖေ၊ တစ်ကောင်ဆို အရေခွံနှင့်အသားရောင်းရင် အထိုက်အလျောက်တော့ ငွေရမှာပဲ"

"တစ်ကောင်ရဖို့ မလွယ်သလို၊ အန္တရာယ်များတယ်၊ ပြီးတော့ – ဝယ်သောက်တည့်တိုးမှ၊ နို့မို့ – ငွေက ချက်ချင်းမပေါ်နိုင်ဘူး၊ ခုဟာက သေချာပေါက်



www.burmeseclassic.com

www.burmeseclassic.com

ရမှာ၊ တစ်ကျပ်သား၊ နှစ်ကျပ်သားလောက် ပြန်ဖောက်ဖို့ရောင်းမယ်၊ ရလာတဲ့ငွေနဲ့ တာနောမင်္ဂလာပွဲကိစ္စ စီစဉ်မယ်၊ တစ်ရွာလုံးဖိတ်၊ မီးနိုးတိတ် ကျွေးမယ်ကွာ"

"ရွာကလူတွေက ဒီငွေတွေ ဘယ်လို ဘယ်ကနေ ရလာသလဲဆိုရင် ဘယ်လိုဖြေကြမလဲ"

"လွယ်ပါတယ်၊ သားကျင်းက ဝပ်နေမယ့် တစ်ကောင်ကောင်အရ ထိုးသွားမယ်ကွာ၊ အဲ့ဒါရောင်းရငွေ ပြောရပြီပဲ၊ ဈေးကောင်းမိတယ်ဆို - ကိစ္စပြီးပြီ"

"ဟား - ဟုတ်ပြီ၊ အလယ်ကျွန်းရဲ့ဟိုကုန်းတန်းရောက်အောင် ဝင်လို့ရမယ်မထင်ဘူး၊ အောက်ဘက်လေ့ဝမ်းတိုက်နေပြီ"

"ဒါဆို - ရော့ - ဒီဝါးရှူး ထိုးစိုက်ပြီး ကြိုးချည်၊ နိုင်အောင်ချည် - ငါတို့အပေါ် ကို မြင်နေရတဲ့ ကျွဲနယ်တော၊ ဂျိုက်တောက ဖြတ်တက်ရမှာပဲ၊ ကဲ ငါဆင်း ပြီ၊ ဟာ - ရေက အနောက်ဝင်နေတော့ မကြည်ဘူး၊ ဒါမျိုးရေဆို မင့်ကောင်တွေအကြိုက်ပဲ"

သားအဖနှစ်ဦးသား ဂျိုက်တောတွေ၊ ချုံတွေထဲ ဒယိမ်းဒယိုင်နှင့် လျှောက်လှမ်းခဲ့ကြသည်၊ ရေထဲ ချုံစအကိုင်းငုတ်တွေက စူးသည်၊ ခြေဖြင့် ဖွဖွစမ်းလိုက်၊ ဆင်းလျှောက်လိုက် လုပ်နေရသည်၊

လူသံ၊ ခြေသံ၊ ရေသံ ကြားလို့ထင်၏၊ ဟိုးညာဘက် ကုန်းတန်း ဂျိုက်တော၊ ချုံကြားမှ အရိပ်မည်းကြီးတစ်ခု ရေလယ်ကျွန်းစပ်ဆီဘက် ထိုးဆင်းလာသည်ကို ဘယ်သူမှ သိလိုက်ပုံမရ၊

ဦးပုတင်နှင့် ယက္ခတို့သားအဖကလည်း ရှေ့ကုန်းတန်းလေးဆီစိုက်စိုက် စိုက်စိုက်နှင့် ရေစပ်စပ်မှဖြတ်ကာ လျှောက်လှမ်းနေကြဆဲ၊

"ဝိုး - ကစ် - ကစ် - ကျလိ - ကျလိ"

ရုတ်တရက် သူတို့အနောက်ဘက်ဆီမှ ငှက်နှစ်ကောင် အလန့်တကြား အော်မြည်လျက် ထပျံသွားသည်ကို ကြားလိုက်၊ သိလိုက်သဖြင့် ဦးပုတင်က လှည့်အကြည့်၊



"ဟာ - အကောင်ကြီးကြီးပဲဟ"

ခြေသလုံးမက ကြီးမားသည့်မြွေကြီးက ငါးရံ့ခေါင်းကြီးလို သူ့ဦးခေါင်းကြီးကို မ.ကာ ဂျိုက်ချုံတွေပေါ် မေးတင်လိုက်ကာ သူ့ရှေ့မှ လူသားနှစ်ဦးကို လှမ်းကြည့်နေသည်၊

သူ့အဖေပြောသံကြောင့် ယက္ခက နောက်လှည့်ကြည့်ရင်း -

"စပါးကြီးလား - စပါးအုံးလား - အဖေ၊ အကောင်အတော်ကြီးတယ်နော"

"စပါးအုံးကြီးကွ၊ လူသံကြားလို့ ဒီကောင် မဟုတ်မှလွဲရော ဥ နိုးစားပြီး ပြန်လာတာဖြစ်မယ်"

"ဘာ - ဘယ်လို - အဖေ"

"ဒီကောင်ကြီးတွေကလည်း မိကျောင်းဥဆို သိပ်ကြိုက်ပဲကွ၊ မိကျောင်းသိုက်တွေထဲ မိကျောင်းဥတွေ တွေ့လို့ကတော့ ကုန်ပြီသာမှန်တော့၊ မိကျောင်းမကြီးတွေက လိုက်ခေါင်းရှည်တွေတူးပြီး အသိုက်တွေလုပ်၊ ဥတတ်ကြတယ်၊ တော်ရုံတန်ရုံ လူ့ ဥကျင်းတွေ့ဖို့ မလွယ်ဘူး၊ မလွယ်အောင်လည်းပဲ လိုက်ခေါင်းရှည်တွေကို ပရိယာယ်ဝေဝုစ်နဲ့ လုပ်ထားတတ်ကြတာ အံ့စရာပဲကွ"

"ဥနိုးစားနေတုန်း မိကျောင်းမကြီးတွေနဲ့တွေ့ရင် ဘယ်လိုဖြစ်မလဲ ဟင် အဖေ"

"ဟား - ဘယ်ပြောကောင်းမတုံး၊ ငါငယ်ငယ်တုန်းက ဝါးခုတ်ရင်း ဒီဘက်ရောက်တုန်း တဝုန်းဝုန်းအသံကြားလို့ သွားချောင်းကြည့်ဖူးတယ်၊ ဥနိုးစားတဲ့ မြွေကြီးကို မိကျောင်းမ,က ဇက်ပိုးကို ကိုက်ထားတာ မလွှတ်သလို မြွေကြီးကလည်း မိကျောင်းမကိုယ်လုံးကြီးကို အမိအရ ပတ်ထားတာ၊ ညှစ်ထားတာကွ၊ နှစ်ကောင်သတ်ပုတ်နေလိုက်ကြတာ ဝုန်းဒိုင်းကြဲနေတာပဲ၊ နေလည်းပဲ - ဟာ - ပြောရင်းက ဟို - ဟိုမှာ လိုက်လာပြီ၊ ယက္ခ - သား - ပြေးပြေးဟ၊ အလယ်ကျွန်းကုန်းတန်း ရောက်အောင်ပြေး"

ယက္ခက ရှေ့၊ ဦးပုတင်က နောက်၊ ဦးပုတင်နောက်မှ စပါးအုံးမြွေကြီး၊ သေပြေးရှင်ပြေး ဘဝတူတွေ၊



www.burmeseclassic.com

www.burmeseclassic.com

စပါးအုံးမြွေကြီးကလည်း သူ့လုပ်ခဲ့တဲ့အဖြစ် သူသိပုံရသည်။ ရေစပ်စပ်နှင့် ဗျိုက်တော၊ ချုံတောတွေအကြား သူ့ကိုယ်လုံးကြီးကို လှုပ်ယမ်းအားယူလျက်က ပြေးသည်။

သူ့နောက် ခပ်လှမ်းလှမ်းမှ မိကျောင်းမကြီး၊ ခေါင်းဖျားမှ အမြီးဖျားထိ ရှစ်ပေကျော်လောက် ရှည်သည်။ သားဖောကြောင့် ဒေါသတကြီး လိုက်လာပုံများ အသည်းယားစရာ ကောင်းလွန်းလှသည်။

"အဖေ - ရှေ့မှာ ရေသဖန်းပင်ကုန်း၊ အဲ့ဒီကိုပြေးရင်ကောင်းမယ်"

"အေး - အဲ့ဒီကုန်းက သဖန်းပင်ပေါ်တက်ပြေးရုံရှိတော့တာပေါ့"

နှစ်ယောက်သား ကုန်းဆီရောက်တော့ ရေသဖန်းပင်ပေါ် ရှေ့ဆင့်နောက်ဆင့် ကုပ်ကပ်တွယ်တက်လိုက်ကြသည်။ အပင်ပေါ်ရောက်လို့ လှမ်းကြည့်လိုက်တော့ မြွေကြီး ဘယ်ရောက်သွားသည်မသိ။ မိကျောင်းမကြီးကတော့ ဒေါသမပြေသေးထင့်။ ရေကို သူ့အမြီးနှင့် တဗုန်းဗုန်းရိုက်ရင်းက သူ့ခန္ဓာကိုယ်ကြီးကို ဘယ်ညာလူးလိမ့်လုပ်နေသည်။ အနီးရှိ ချုံနွယ်တွေ ပိပြားကုန်ပြီ။

✓ ✓ ✓


အပင်ပေါ်ထိုင်နေရင်းက -

"ယက္ခ"

"ဗျာ - အဖေ"

"ဒီကနေ လှမ်းမြင်နေရတယ်။ ဟိုးမှာ - ရေတံခွန်တွေ့လား။ အဲ့ဒီကိုရောက်ဖို့ ဗျိုက်ချုံတော၊ ကျွဲနယ်တော၊ ကိုင်းတောတွေ ဖြတ်ရဦးမယ်။ ဗျိုက်တောနဲ့ ကျွဲနယ်တောက မိကျောင်းကြီးတွေ ကျက်စားတဲ့နေရာ၊ အဲ့ဒီမှာ လိုဏ်ခေါင်းရှည်တွေ မိကျောင်းအသိုက်တွေ အောင်းကျင်းတွေ ရှိတယ်။ အန္တရာယ်များသလို ကိုင်းတောကြီးကလည်း ကိုင်းဥတွေ စားပြီး ပေါက်ပွားနေတဲ့ မြွေပွေးလို မြွေဆိုးကြီးတွေ ရှိနေတယ်"





ဩော်-အဟဲ-ဟုတ်သားပဲ။ အဲ့ဒါထားတော့-
ဟိုရောက်ရင် ငါက တက်ဆိုတာနဲ့
ကျောက်မိကျောင်းကြီးရဲ့ ဇက်ပိုးပေါ် ခုန်တက်။
မင်းလက်က စူးချွန်နဲ့ ဣန္ဒာသယကျောက်နီမျက်ရှင်ကို
အမိအရ ထိုးကော်ထုတ်နိုင်အောင် ကြိုးစားပေတော့။
ငါက သူ့အမြီးရင်းမှာ
ရှိနေမယ်။ ဖိထိုင်ထားမယ်။
ကျောက်နီမျက်ရှင်နှစ်လုံး
ရလို့ကတော့ ငါတို့က
အောင်နိုင်သူဖြစ်လို့သွားပြီ။

"အင်း - ဒီအထိ ရောက်လာပြီးမှတော့ မထူးဘူး။ စွန့်စားရလိမ့်မယ်၊ ညဥ့်နက်ချိန် ဟိုကောင်ကြီးတွေ အိပ်ကြမှာပဲ။ မင်း - မီးအုပ်ဆောင်း ဘယ်မလဲ"

"လှေပေါ်မှာ"

"အေး - လှေကိုအသာလေးလှော်ပြီးချောင်းလက်တက်ကနေ ဟော့ဟိုဝါးပိုးတောကပ်မယ်။ ဝါးတောကနေ ဟိုကျောက်ဆောင်တော ဖြတ်မယ်။ အခု - ငါတို့က ဂူထဲက ထွက်လာတဲ့ ကျောက်မြောင်းကြီးတွေရဲ့ဘယ်ဘက်အခြမ်း ရောက်နေတယ်။ ဟိုကျောက်ဖျာကြီးက ညာဘက်အခြမ်းမှာဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com

ယက္ခက ကောက်ခါငင်ခါနှင့် -

"ဟို - ကနုစိုပင်ကြီး လဲကျနေတဲ့နေရာ ရှိတယ်လေ - အဖေ၊ အဲ့ဒီက ကူးရင် ဟိုဘက်ရောက်ပြီပေါ့"

"ဟာ - ဟုတ်တယ်၊ အဲ့ဒီနေရာကနေ ဟိုဘက်ကူးမယ်"

"အခု - ဘာဆက်လုပ်ကြမလဲ၊ ဟိုမှာ - သူ့ ခုထိ ရှိနေသေးတယ်"

"ခဏကြာ - သူ့ ဥကျင်း စိတ်မချလို့ လှည့်ပြန်မှာပါ၊ အဲ့ဒီအခါ မင်း လှေကို သဖန်းကုန်းအစပ် ဆွဲခဲ့၊ ပါလာတဲ့ ကောက်ညှင်းထုပ်နဲ့ ငါးခြောက် ဆီဆမ်းစားရင်း ညဥ့်နက်တဲ့အထိစောင့်၊ လှုပ်ရှားကြတာပေါ့ - ဟုတ် ပလား"

မိကျောင်းမကြီးလည်း လှည့်ပြန်သွားလေပြီ၊ မှောင်စလည်း ပျိုးလာပြီ၊ ယက္ခက သူတို့ဘောက်တူလှေကလေးကို ကမ်းစပ်ဆွဲလာကာ မေးတင်ထား လိုက်သည်၊

ပါလာသည့် ငါးခြောက်ကို ကိုက်ဝါးလိုက်၊ ကောက်ညှင်းစားလိုက်နှင့် ရှိနိုက် -

"သား - ဟိုက ဝါးတောစပ်က ဝါးသွားခုတ်ခဲ့"

ယက္ခ ခုတ်ယူလာသောဝါးနှင့် ဝါးလှေကားလုပ်ကာ (၁၀)ပေနီးပါး အမြင့်ရှိ ကျောက်တုံးကြီးတစ်တုံးပေါ် တက်ကြသည်၊ ကျောက်တုံးကြီး အထက် ပြန့်ပြူးသောနေရာ၌ သားအဖနှစ်ယောက် ခေတ္တအနားယူ လဲလျောင်းရင်းက ယက္ခက -

"အဖေ - ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

✓ ✓✓

"ညအမှောင်ကို အားပြုပြီး ကျောက်မိကျောင်းကြီးရှိရာကို သွားမယ်၊ ရောက်တဲ့အခါ ပါလာတဲ့ အုန်းပွဲငှက်ပျောပွဲပြင်ပြီး သက်ဆိုင်ရာ တောစောင့် နတ်၊ တောင်စောင့်နတ်တွေ အကူအညီတောင်းရလိမ့်မယ်၊ မင်းက ဘာရယ် နေတာလဲ"



"အဖေ့ဟာ မဟုတ်သေးပါဘူး၊ ခုကိစ္စကို ဘယ်နတ်က ကူညီချင်မှာတဲ့ အဖဲ"

"ဩော် - အဖဲ - ဟုတ်သားပဲ၊ အဲ့ဒါထားတော့ - ဟိုရောက်ရင် ငါက တက်ဆိုတာနဲ့ ကျောက်မိကျောင်းကြီးရဲ့ဖက်ပိုးပေါ် ခုန်တက်၊ မင်းလက်က ဓားချွန်နဲ့ ဣန္ဒာသယ ကျောက်နီမျက်ရှင်ကို အမိအရ ထိုးကော်ထုတ်နိုင်အောင် ကြိုးစားပေတော့၊ ငါက သူ့အမြီးရင်းမှာ ရှိနေမယ်၊ ဖိထိုင်ထားမယ်၊ ကျောက် နီမျက်ရှင်နှစ်လုံး ရလို့ကတော့ ငါတို့က အောင်နိုင်သူဖြစ်လို့ သွားပြီ၊ ဒါဆို ငါတို့လုပ်ချင်တာ လုပ်လို့ရပြီ၊ အဲ့ဒါ - အရေးကြီးဆုံးအချိန်ပဲ၊ မကြောက် လေနဲ့ - ကြောက်လန့်ပြီး မင်းက သူ့ဖအောက်ကို ပြုတ်ကျသွားလို့ကတော့ ငါတို့ရှုံးပြီ - ရှုံးပြီဆိုမှဖြင့် ကျရောက်လာမယ့်အန္တရာယ်တွေက မတွေးဝံ့စရာပဲ၊ ငါပြောတာ ကြားရဲ့လား - ယက္ခ"

"ဟုတ်ကဲ့ - ကျုပ် နားထောင်နေပါတယ်"

ယက္ခက ပြောသာ ပြောရသည်၊ သူ့အာရုံထဲ ဟိုးလွန်ခဲ့တဲ့ (၅)နှစ်ကျော် လောက်က ကျောက်ဂူကြီးထိပ်မြဘုရားအနီး ဘရသေ့ရှေ့မှောက် ဒူးထောက် လိုက်နှင့် သားအဖနှစ်ယောက် ကတိသစ္စာပြုခဲ့ကြရပုံကို မြင်ယောင်နေမိ တယ်"

ကျောက်ဖျာကြီးအထက်တကယ့်မိကျောင်းကြီးတစ်ကောင်လိုအင်္ဂတေ နှပ်ကြီးတစ်ရပ် ပြုလုပ်ပေးအပြီး သူ့ဝမ်းခေါင်းအထဲကို ရွှေတုံး၊ ငွေတုံး၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားများ ထည့်သည်၊ ပြီးတော့ - ဝမ်းခေါင်းကို ပိတ်သည်၊ မျက်လုံးအစုံကို ဣန္ဒာသယ ကျောက်နီမျက်ရှင်နှစ်လုံး တပ်ဆင်ပေးအပြီး မှာ -

"ကဲ - ဒီကိစ္စကို ငါနဲ့ မင်းတို့သားအဖသာသိတဲ့ကိစ္စ၊ မင်းတို့ကို ယုံကြည် လို့ငါ အလုပ်ခိုင်းခဲ့ပြီးပြီ၊ မင်းတို့သာ တတ်နိုင်တဲ့အလုပ်မို့ ခိုင်းခဲ့တာဖြစ်တယ်၊ နိရတနာပစ္စည်းတွေကို ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ ဂေါတမနဲ့ နောင် ပွင့်လာမယ့် အရိမေတ္တေယျ ဘုရားငါးဆူအပေါ် ရည်မှန်းပြီး သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် အဓိဋ္ဌာန်ဝင် စုဆောင်းလာခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်တွေကို လှူဒါန်းထားတဲ့ပစ္စည်းတွေ။ ဒါကြောင့် မင်းတို့က ငါနဲ့အတူ ပြောဒီ မြဘုရားဆင်းတုတော်ရှေ့မှောက်မှာ ကဝိသစ္စာ ဆိုကြရလိမ့်မယ်။ ကဲ - လိုက်ဆိုကြ"

"ဘုရား - တပည့်တော်တို့သည် ခံစားမှု၊ စံစားမှု ချမ်းသာလိုခြင်းအပေါ် အနုမာနပမာဏ၊ သဒ္ဒပမာဏ၊ အနုပလဒ္ဓိပမာဏအားဖြင့် ဆင်ခြင်၍ သိပါ၏။ စာပေသိ.သိပါ၏။ အာရုံသိ.သိပါ၏။ ယုတ်ညံ့သော ချမ်းသာခြင်းသည် မှန်မြတ်သော ချမ်းသာမဟုတ်ပါ။ ချမ်းသာလိုခြင်းအတွက် ခံစားမှု၊ စံစားမှု အပေါ် ယုတ်ညံ့စိတ်ဖြင့် ဖောက်ဖျက်ကျူးလွန်မိပါက သောက၊ ပရိဒေဝ၊ ဒုက္ခ၊ မရဏ စသည်ဖြင့် ကြုံကြိုက်ခံစားရလျက် ဘဝသံသရာအဆက်ဆက် ဥပါဒိ သေသ၊ အနုပါဒိသေသ နိဗ္ဗာန်တို့၌ ခံစား၊ စံစားခွင့်မရှိသောသူများ ဖြစ်ကြပါစေသတည်း" ဟု လိုက်ဆိုရင်းက ကြက်သီးဖျန်းညင်းထသည်အထိ ဖြစ်ခဲ့ရသည်။

သစ္စာဆိုနေစဉ်အတွင်း ယက္ခမျက်လုံးအစုံက ကျောက်မိကျောင်းကြီးဆီ ရောက်နေသည်။ သက်မဲ့ကျောက်မိကျောင်းကြီးက သက်ရှိအလား ဦးခေါင်းရော၊ အမြီးပါ လှုပ်ခါနေသယောင် မြင်နေရသဖြင့် အံ့သြကြောက်ရွံ့နေမိခဲ့သည်။

ပြီးတော့ - သစ္စာရေ သောက်ကြရပြန်သည်။ သစ္စာရေ သောက်အပြီး ဘရသေ့က -

"ဒီသစ္စာရေဟာ မင်းတို့ရဲ့ခန္ဓာကိုယ်အတွင်းမှာ မင်းတို့ရဲ့သွေးသားနဲ့ အတူ ရှိနေမှာဖြစ်တဲ့အတွက် မင်းတို့ သစ္စာဖောက်ရင် တန်ပြန်သက်ရောက်မှုက ဆိုးဝါးလိမ့်မယ်။ ငါ - ဒါပဲပြောချင်တယ်" တဲ့။

နောက်ကြောင်းတွေကို ပြန်တွေးနေရင်းက -

"ဟား - ငါ ဘာတွေပြန်တွေးနေမိပါလိမ့်။ ကြောက်ရင် လာဘ်လွဲ၊ ရဲရင် မင်းဖြစ်စကား အရှိသားနဲ့ ဘရသေ့က သူ့ပစ္စည်းတွေ ထိပါးမှာစိုးလို့ ဒီနည်းနဲ့ ခြောက်လှန့်တားမြစ်တာဖြစ်မယ်။ ဟင်း - ဟင်း - ငါ့သားတာနောက်စွ တင့်



တင့်တယ်တယ်နဲ့ ပြီးမြောက်ဖို့ ဒီနည်းပဲရှိတယ်။ ငါ့အနားမှာ အဖေတစ်ယောက်လုံးလည်း ရှိနေသားဥစ္စာ"

ယက္ခတစ်ယောက် ကိုယ့်ကိုယ်ကိုယ် အားပေးရင်း ဖျားခနဲ အိပ်ပျော်လို့သွားသည်။

✓ ✓ ✓

ယက္ခနားထဲ အသံဗလံတွေ ကြားနေရသည်။ အသံတွေက ပို၍ဆူညံသဲကွဲလာသဖြင့် ကျောက်လုံးကြီးအောက်ဘက် လှမ်းကြည့်လိုက်မိသည်။

"ဟာ - ဘ - ဘရသေ့နဲ့အတူ မိ - မိကျောင်းကြီးတွေ။ ဟို - ဟိုမှာဘက် မြွေ - မြွေကြီးတွေ"

ဘရသေ့က ရေသဖန်းပင်အောက်မှ ခါးကြီးထောက်လျက် လှမ်းကြည့်နေသည်။ မျက်လုံးအစုံက အရောင်တောက်နေသည်။

မိကျောင်းကြီးတွေ၊ မြွေကြီးတွေက ကျောက်လုံးကြီးပတ်လည်မှာ ဝိုင်းရံထားသည်။

မိကျောင်းကြီးတွေက ပါးစပ်ကြီးတွေ ဖြဲဟလျက် သူတို့သားအဖကို မော့ကြည့်နေသလို မြွေကြီးတွေကလည်း ပါးပျဉ်းကြီးတွေ တထောင်ထောင်နှင့် မာန်ဖီနေကြပုံများ အသည်းယားစရာ ကောင်းလွန်းလှသည်။

ထိုစဉ် မိကျောင်းအုပ်အတွင်းရှိ ထူးထူးခြားခြား မိကျောင်းဖြူကြီးတစ်ကောင်က ယက္ခတို့သားအဖရှိရာ ကျောက်လုံးကြီးအထက် သူ့ရဲ့နီရဲသော မျက်လုံးအစုံဖြင့် မော့ကြည့်ရင်းက သူ့ပါးစပ်ကြီး အစွမ်းကုန်ဖြဲဟလျက် ဒုန်းခနဲ ခုန်တက်အဆဲ။

"အမ်မယ်လေးဗျ - ဟာ - ဟာ"

ယက္ခ၏အလန့်တကြားအော်သံကြောင့် သူ့အနီး အိပ်နေသည့်ဦးပုတင်မှာ လန့်ဖျပ်နိုးသွားသည်။ မျက်လုံးအစုံကို ကမန်းကတန်း လက်နှင့်ပွတ်သပ်ရင်းက -



www.burmeseclassic.com

www.burmeseclassic.com

"ဟေ - ယက္ခ - ဟော့ကောင် - ဘာ - ဘာဖြစ်တာလဲ - မင့်အိပ်နေရာက ကယောင်ချောက်ချားနဲ့ - ဒီကောင် - ဘာဖြစ်တာလဲ"

ယက္ခတစ်ယောက် ကျောက်လှုံးကြီးအထက် အိပ်နေရာမှ ထိုင်ရင်းက ကျောက်လုံးကြီးအောက်ဘက်ဆီ ပြူးတူးပြဲတဲကြည့်ရင်း -

"ဘာ - ဘာမှမဟုတ်ပါဘူးဗျာ၊ အိပ်မက်မက်ပြီး လန့်အော်မိတာပါ၊ ဒီကျောက် - ကျောက်တုံးကြီးပေါ်က ကျ - ကျသလိုမျိုး"

"ယော် - သိပြီ - ဟား - ဟား - မင့်ကွာ၊ အိပ်တာမှ ကြာမယ်မထင်ဘူး၊ အိပ်မက် အတော်လွယ်တဲ့ကောင်၊ ကဲ - ဘယ်နနာရီ ရှိနေပြီလဲ"

"ဟို - ဟိုမှာ - ခုနစ်စဥ်ကြယ်တောင် အမြီးထောင်နေပြီ - အဖေ၊ သန်းခေါင်ရောက်ပြီ၊ သွားသင့်ပြီထင်တာပဲ"

"ဟေ - ငါအိပ်တာ ခဏလေးမှတ်တယ်၊ နောက်ကျနေပြီ၊ ကဲဟော့ - ထ - သွားကြမယ်၊ လောလောဆယ် - မီးတုတ် မီးညှိပြီးတော့ မင့်လှေ အဆင်သင့်လုပ်"

သားအဖနှစ်ဦးသား ဝါးပိုးချောင်းလက်တက်ထဲမှ မြင်နေရသည့် ဝါးတောဘက် တိုးကပ်ခဲ့ကြသည်၊ လရိပ်မရှိပေမဲ့ ကြယ်ရိပ်နိုကာ ဘောက်တူလှေကလေး အားကိုးနှင့်ဖြည်းညင်းစွာ လှော်ခတ်ခဲ့ကြသည်၊ ကွမ်းတစ်ရာ ညက်ခန့်အကြာ ဝါးတောစပ်အရောက် သူတို့အနောက်နား ရေထဲမှ ရှည်မျောမျောသတ္တဝါကြီးတစ်ကောင် လှေအောက်အတင်းတိုးဝင်ကာ ထိုးမ.လိုက်သဖြင့် လှေက အမှောက်၊

"ဟာ - ဘာ - ဘယ်လိုဖြစ်"

"အိုး"

သားအဖနှစ်ယောက် ကျွမ်းသန္တာလန်ကာ လှေအောက်ရောက်ပြီး ကြောက်အားလန့်အားနှင့် အတင်းရုန်းကန်ကူးခပ်လျက် ဝါးတောစပ်ကုန်းပေါ် ပြေးတက်ခဲ့ကြသည်၊ အူယားဖားယားနှင့် အပြေးချည်းသက်သက်၊

"ဟူး - မိကျောင်းကြီးတစ်ကောင်ကွ၊ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး၊ သင်းက လှေကို မဲနေလို့တော်သေး၊ လူက လွတ်ရုံလေး၊ ကဲ - ယက္ခ - မင့်လှေ ဟိုမှာ မှောက်နေပြီ၊ ထားရစ်ခဲ့တော့ - ဒီအတိုင်း ကျောက်ဆောင်တောဖြတ်ကြစို့ရဲ့"

"မီးတုတ်လည်းမရှိတော့၊ မိုန်းသန္တတ်လည်း ရေထဲကျသွားပြီ - အဖေ"

"အဲ့ ..."

ဦးပုတင်က သူ့ခါးကို စမ်းကြည့်ရင်းမှ -

"တော်ပါသေးရဲ့၊ ဒီမှာ လက်နက်ဆိုလို့ ဒီတောလိုက်ဓားတစ်လက်ရှိတော့တာ၊ ရော့ - ဒါနဲ့ ဝါးတစ်လုံးခုတ်၊ ဝါးချွန်လုပ်ကွာ၊ ဒါလည်း မိုန်းလောက် အားကိုးရပဲ"

ဓားက တောလိုက်ဓား၊ ဓားမောက်၊ ဦးချွန်၊ ဓားအိတ်မှ ဆွဲချွတ်ယူလိုက်ပြီး တောစပ်ဝါးတစ်ပင်မှ ဝါးတစ်လုံးခုတ်ကာ အဖျားချွန်လိုက်သည်၊ အသာဆကြည့်သည်၊ လက်ထဲ စီးစီးပိုင်ပိုင်နှင့်မို့ ကျေနပ်သည်၊

"သွားကြစို့ - လူကလေး"

ကျောက်ဆောင်တောမှ ကြယ်ရောင်အားပြုလျက်က အလဲလဲအပြိုပြိုနှင့် လျှောက်လှမ်းခဲ့ကြသည်၊ ညီညာမှုမရှိသော ကျောက်တုံးကျောက်ခဲတွေအကြား လျှောက်ရ၊ သွားရ မလွယ်လှ၊

တစ်နာရီမက ကြာမည်ထင်သည်၊ ကျောက်မြောင်းကြီးအနီး ရောက်လာ၏၊ ရေစီးသံကို ကြားနေရပြီ၊

ကျောက်မြောင်းကြီးအနီး ချုံနွယ်တွေကို ကျော်ဖြတ်ပြီး လျှောက်ခဲ့ကြပြန်သည်၊

"ယက္ခ - ဟိုမှာမဟုတ်လား၊ ကနစိုပင်ကြီး လဲနေတဲ့နေရာ"

"ဟုတ်တယ် - အဖေ၊ ဒီဘက် ကပ်လျှောက်၊ မြောင်းထဲ လိမ့်ကျနေဦးမယ်"

နှစ်ဦးသား ကနစိုပင်ကြီး အကိုင်းအခက်ကြားမှ ဟိုစမ်းဆွဲ၊ သည်စမ်းဆွဲနှင့် မရဲတရဲဆွဲကာ တက်လျှောက်ရင်း တစ်ဖက်မြောင်းကမ်းပါးစပ်သို့ ကူးခဲ့ကြသည်၊

www.burmeseclassic.com

လိပ်ကျောကုန်းသဖွယ် ကျောက်တုံးကြီးထက်မှာတော့ ကြယ်ရောင် မလင်းတလင်းအောက် ကျောက်မိကျောင်းကြီးက နဂိုမူလအတိုင်း အဖြူရောင် မဖွေးလက်တော့ဘဲ အရောင်က မိုးလေရာသီဥတုဒဏ် သင့်နေ၍ ထင်၏၊ ညိုညစ်ညစ်နှင့် ကြည့်ရဆိုးနေသည်။

ဘာရသေ့ရှိစဉ်ကနှင့် လုံးဝမတူ။

နှစ်ဦးသား သတိကြီးစွာထားကာ ကျောက်မိကျောင်းကြီးအနီး ချဉ်းကပ်ခဲ့ကြသည်။ ထိုအခိုက် -

"ဂီး" ခနဲ ငှက်ဆိုးထိုးသံကြီးက ယက္ခကို တုန်လှုပ်သွားစေသည်၊

"ယက္ခ"

"ဗျာ - အဖေ"

"မကြောက်နဲ့ - မိကျောင်းရုပ်ကြီးရဲ့လေးဖက်လေးတန်မှာ ကုမ္ဘဏ်အင်းတွေ မြှုပ်ထားတယ်၊ ဝါးဆစ်ဘူး သွားခုတ်ခဲ့၊ ကျောက်မြောင်းထဲကရေပါ ခပ်ထည့်ခဲ့"

ဦးပုတင်လက်ထဲ ဝါးဆစ်ဘူးရောက်တော့ ညာလက်နှင့် အပေါ်ကိုင် မြှောက်ပြီး ဂါထာလိုလို၊ မန္တာန်လိုလို တိုးတိုး တိုးတိုးနှင့် ရွတ်ဖတ်နေသည်မို့ ယက္ခက ငေးကြည့်နေမိသည်၊ ရွတ်ပြီးသွားပြီမို့ -

"အဖေ"

"ဘာတုံး"

"ဘာလုပ်နေတာလဲ"

"ဂါထာရွတ်နေတာ - မင့် မတွေ့ဘူးလား"

"ဘာဂါထာတွေ ရွတ်နေတာလဲ - အဖေ"

"ဘီလူးနိုင်ဂါထာ"

"ဟား - ဟား၊ ဟုတ်မှလည်းပဲ လုပ်ပါ - အဖေရာ"

"ဟာ - ဒီခွေးကောင် - ငါ့မျာ၊ အထင်သေးလို့၊ ရော့ - ဒီရေမန်းနဲ့ ကျောက်မိကျောင်းကြီးရဲ့လေးဖက်လေးတန် - အဲ့ - ပတ်လည်သာ ဖျန်းကွာ၊ ပြီးတာနဲ့ မင်း ကျောက်မိကျောင်းကြီးရဲ့ ဇက်ပိုးအပေါ် ခုန်တက်ဖို့လုပ်၊



ရော့ - ဓားမောက် သူ့မျက်လုံးတွေ ကော်ထုတ်နိုင်အောင် ကြိုးစားပေတော့ ငါ့သား"

"အဖေက"

"ငါက သူ့အမြီးရင်းမှာ ဖိထိုင်ထားမယ်လို့ ပြောထားပြီးသား၊ မင့် အလွန် မေ့လွယ်တဲ့ကောင်၊ ကဲ - စတော့"

ယက္ခက သူ့အဖေ ကမ်းပေးလာသည့် ဝါးဆစ်ဘူးတွင်းမှ ရေကို ကျောက်မိကျောင်းပတ်လည်ကိုလှည့်ကာ ဖျန်းသည်ဆိုလျှင်ပဲ အဖေပြောသည့် လေးဖက်လေးတန်ရှိ မြှုပ်ထားသော ကုမ္ဘဏ်အင်းတွေရှိရာ နေကျောက်ခွက်တွင်းတွေထဲမှ အဖြူရောင်မီးခိုးငွေ့တွေ ထွက်လာသည်မို့ ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်နေခိုက် -

"ဟ - ကျောက်မိကျောင်းကြီးအပေါ်ခုန်တက်တော့လေကွာ၊ မင့် - ဘာကြောင်ကြည့်နေတာလဲ - တောက်"

ပြောလည်းပြော၊ ယက္ခကိုယ်လုံးကြီးကို တွန်းလိုက်သဖြင့် သတိဝင်လာသော ယက္ခ၊ ဓားမောက်ကိုကိုင်လျက် ခုန်ဝင် ခုန်တက်လုပ်လိုက်သည်မှာ လှုပ်တစ်ပြက်ပင်၊ မြန်လိုက်သည့်ဖြစ်ခြင်း၊

ပြီးတော့ - မိကျောင်းဇက်ပေါ် ခွစီးလျက် ရှေ့သို့ကိုင်းပြီး ညာမျက်လုံးသက် ကျောက်နီကြီးကို ကော်ထုတ်ပြီး ပါးစောင်သို့အထည့် -

"ဟာ - အမ်မယ်လေး - ဒီမှာ ရ - ရ - ကျ - ကျပြီဗျ"

သူ့ခန္ဓာကိုယ်ကြီးမှာ တစ်စုံတစ်ခုက အားပါးတရ ခါချလိုက်သလိုမျိုး ဓားလိုက်ရပြီး မိကျောင်းရုပ်ကြီးဇက်ပေါ်မှ ကိုးရိုးကားယားနှင့် ဟိုမှာဘက် မြောင်းစပ်၊ မြောင်းစပ်မှတစ်ဆင့် ကျောက်မြောင်းထဲ ထိုးကျသွားသည်မှာ အလိမ့်ခေါက်ကွေးနှင့်မို့ နောက်က လိုက်ဆွဲသည့် ဦးပုတင်ပါ မြောင်းထဲ အတူပါသွားခဲ့တော့သည်၊

မြောင်းရေက နက်ပုံရသည်၊ အပေါ်မှ ပြုတ်ကျသွားသော သားအဖ နှစ်ယောက်မှာ တော်ရုံနှင့် ပြန်ပေါ်မလာခဲ့၊ ပေါ်မယ့်ပေါ်လာတော့ ယက္ခက အရင်၊



www.burmeseclassic.com

www.burmeseclassic.com

"အဖေ - ဟာ - ဒုက္ခပဲ - အဖေ"

သူ့အသံက ဗလုံးဗထွေးနှင့် အော်ဟစ်နေခိုက် အခိုက်အတန့်လေးခဏ သူ့အဖေဦးပုတင်တစ်ယောက် ရေပေါ်ပေါ်လာသည်။ ခြေကားရားလက်ကားရားနှင့် -

"အူး - ဂူး - ဖွီး - ယက် - ယက်"

စကားပင် ဆုံးအောင်ပြောချိန်မရလိုက်၊ ရေအောက် ပြန်မြုပ်သွားပြီး ရေစီးနှင့် မျောပါသွားသည်ထင့်။ ယက္ခမှာ လှမ်းဆွဲချိန်ပင် မရလိုက်၊

သူပါ ရေထဲ မျောပါနေရင်းက သူ့ရှေ့မှာ တစ်စုံတစ်ယောက် ရေတံခွန်အောက် ထိုးကျသွားသလိုမျိုး အမှောင်ထဲ မသဲမကွဲ မြင်လိုက်ရသည်၊


ရေတံခွန်အစပ်ရောက်တော့ အနီးရှိ ကျောက်တုံးကျောက်ခွယ်ကြီးလို လှမ်းဆွဲ လိုက်သေးသည်၊ ရေညှိတွေနှင့်မို့ ဆွဲမရ၊ လဘာလုပ်လို့ ဘာကိုင်ရမှန်း မသိနှင့် ရေလုံးကြီးနှင့်အတူ သူပါ ရေတံခွန်အောက် ထိုးကျသွားတော့သည်။

"ဒုတ် - အား"

အောက်ဘက် ကျောက်တုံးကြီးနှင့် ဦးခေါင်းအဆောင့် နာကျင်လွန်းသဖြင့် ပါးစပ်ဖြဲအအော် ပါးစောင်ထဲ ငုံထားသော ဣန္ဒာသယကျောက်နီ မျက်ရှင်မှာ ရေတံခွန်သားကျင်းထဲ ထွက်ကျသွားပြီး လူလည်း မူးနောက်ကာ မျက်လုံးများ ပြာဝေပြီး ခဏနှင့် လောကကြီးတစ်ခုလုံး မှောင်မိုက်လို့သွားတော့ သည်။

တစ်ယောက်သောသူကလည်း သားကျင်းထဲ တကယ့်မိကျောင်းကြီး တစ်ကောင်နှင့် လုံးလားထွေးလားနှင့် တောင်မင်း မြောက်မင်း မကယ်နိုင်ဖြစ်လို့နေလေရဲ့။ အော် - လောဘသားတို့ရဲ့ နောက်ဆုံးခရီး ထင်ပါရဲ့။

☛ စန်းလွင်ဦး (ခရာမြိုင်)



# နန္ဒာမိုးကြယ်

တစ်ခုခုတော့ တစ်ခုခု ...

www.burmeseclassic.com

www.burmeseclassic.com

# ယပ်ခုခုလော ယပ်ခုခု...

နန္ဒာမိုးကြယ်

နေ့တိုင်းဟု မဆိုသာသော်လည်း ခရီးကြုံလျှင်ကြုံသလို ရောက်ဖြစ်သည်ကတော့ ကိုတင်ကြည်၏ "ချစ်မိတ်ဆွေ - ဆံသ" ဆိုင်ကလေးသို့ပဲဖြစ်သည်။

သူ့ဆံသဆိုင်ကလေးက သာမန် အနေအထားမျှသာဟု ဆိုနိုင်သည်။ (၁၀)ပေပတ်လည်ခန့် အကျယ်အဝန်းရှိပြီး မဒမတိုင် မြေစိုက်ကာ ခနီမိုးလျက် ဘေးသုံးဖက်သုံးတန်ကို ဝါးထရံ ကာ ထားသည်။ ခေါင်းရင်းနှင့် ခြေရင်း၌ ခပ်ရှုယ်ရှုယ် မှန်(၂)ချပ် ဆိုင်ထားပြီး ကြားမှာတော့ ခပ်နွမ်းနွမ်း အနေအထားရှိသည့် ဆံုလည်ကုလားထိုင်တစ်လုံး၊ ခေါင်းရင်းဘက် မှန်အောက်ခြေမှာ ဆင့်တန်းကလေး ရိုက်ထားပြီး ၎င်းအပေါ်၌ ဆံပင်ညှပ်ကိရိယာများကို တင်ထားသည်။ မျက်နှာစာနှင့် ဆန့်ကျင်ဘက် ထရံအပြည့် ကာထားသည့်



နေရာပေါ်မှာတော့ ကွက်လပ်မရှိလောက်အောင် ကပ်ထားသည်က အားကစားဂျာနယ် မျက်နှာဖုံးများပင် ဖြစ်သည်။

သည်လောက်နှင့်မှ သူ့ဆိုင်ကလေးကို အာရုံထဲ မပေါ်နိုင်သေးဟု ဆိုလျှင်ဖြင့် ထပ်မံ၍ ဖြည့်စွက်ပါဦးမည်။ ခြေရင်းဘက် အနောက်လက်ခံတိုင်ရှိ သံချိတ်တွင် ချိတ်ဆွဲထားသည်က ထွင်းအိုးမယ်ဒလင်အိုတစ်လက်ဖြစ်ပြီး ဆိုင်မျက်နှာစာတွင် နောက်အမိုပါသည့် ခုံတန်းလျားရှည်တစ်လုံးကို အသေရိုက်ထားသည်။ ခုံတန်းလျားနှင့် ကပ်လျက်မှာတော့ လုံးပတ်တံတောင်ကျော်မျှရှိမည့် တာဒ်ပင်ပျိုတစ်ပင် ရှိသည်။ သည်အပင်မှာ ချိတ်ဆွဲထားသည်က "ချစ်မိတ်ဆွေ - ဆံသ" ဟူသည့် ဆိုင်းဘုတ်ကလေးပဲ ဖြစ်သည်။

ကိုတင်ကြည်၏ ဆိုင်ကလေးကိုဖြင့် ဆိုင်းဘုတ်ချိတ်ဆွဲထားလျှင်ဖြစ်စေ၊ ချိတ်ဆွဲမထားလျှင်ဖြစ်စေ သည်ရပ်ကွက်နေ လူအများကတော့ ဆံပင်ညှပ်ဆိုင်မှန်း သိနေကြပေပြီ။ သိဆို - ဆိုင်ဖွင့်သည်ကပင် လေးငါးဆယ်နှစ်ခန့်ပင် ရှိနေခဲ့ပြီပဲ။

သည်ကနေ့မှာတော့ မရောက်သည်မှာ တစ်ပတ်ခန့်ကြာသွားသည့်အတွက် ချစ်မိတ်ဆွေဆိုင်ကလေးသို့ ဦးတည်ကာ ထွက်လာမိခဲ့သည်။

ဆံပင်ညှပ်ဆိုင်ဆိုသည်မှာ လူအများဆုံကြရာ ဖြစ်သည်။ အကြောင်းပေါင်းစုံသလို၊ သတင်းအပေါင်းကလည်း စုံလှသည်။ သည်အကြောင်း၊ သည်သတင်းတွေကပင်လျှင် စာပေသမားတစ်ယောက်အတွက် ရေးစရာ ကုန်ကြမ်းတွေ ရသွားတတ်သည် မဟုတ်ပါလား။

✓ ✓✓

ဆိုင်ကလေးကိုရောက်တော့ နေ့လယ်နေ့ခင်းကြီး၊
ပြီးတော့ - ထူးထူးခြားခြား လူက ရှင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်းဆိုလျှင် ဟာဒ်ပင်အောက်ရှိ နောက်မှီခုံတန်းလျားလေးမှာ ဆံပင်အညှပ်ခံဖို့ရာ စောင့်နေသူ (ဒါမှမဟုတ်) ခရီးသွားရင်း ဟန်လွှဲဝင်ထိုင်သူ၊ ဂျာနယ်.သတင်းစာ ထိုင်ဖတ်နေသူ - စသဖြင့် တစ်ဦးမက သုံးလေးဦးစ လောက်တော့ ရှိနေတတ်မြဲပင်။

ခုတော့ - လူက ရှင်းနေသည်။ ဆိုင်ထဲမှာလည်း ဆံပင်အညှပ်ခံမည့်သူ တစ်ဦးတလေမျှ မရှိ။ ဆိုင်ဝမှာ မိမိရပ်နေစဉ် ဆိုင်ထဲမှ ထွက်လာသူက ချစ်မိတ်ဆွေ၏အရှင်သခင် ဆံသမားစတာ ကိုတင်ကြည်၊ လက်ထဲမှာလည်း ဖွားဖက်တော် ထွင်းအိုးမယ်ဒလင်ကြီးနဲ့။

"လာဗျို့ - စာရေးဆရာ၊ သည်ကနေ့ လူရှင်းတယ်"

ခုံတန်းလျားပေါ် ထိုင်မိတော့ လက်ကွက်ကို အတန်ငယ်စမ်းရင်းမှ နက်ဖြန် (သို့မဟုတ်) ဘယ်သောအခါအမည်ရှိကာလပေါ်တေးသွားကလေး တစ်ပုဒ်ကို အဆိုမပါဘဲ တီးတော့သည်။ သံစဉ်က ငြိမ့်ငြိမ့်ညောင်းညောင်းမို့ နားအရသာ ဆိမ့်နေသည်။ သည်ကနေ့ သည်ကာလမှာ ရန်ဖြစ်ဆူညံ ပေါက်ကွဲသံတွေက လွှမ်းနေလေသည်မို့ သည်လိုမျိုး မြန်မာသံစဉ် အေးအေးငြိမ့် ငြိမ့်ကလေးကို နားဆင်လိုက်ရခြင်းက သဲသောင်ကန္တာရအလယ်၌ ရေခဲစိမ် ပန်းသီးစိတ်ကလေးများအား စားလိုက်ရသည်နှင့်မခြား။

ထိုအချိန်မှာပင် အညာသားရုပ်ပေါက်နေသည့် အသက်(၅၀)ဝန်းကျင် ခန့် လူတစ်ဦး ဆိုင်မျက်နှာစာရှေ့သို့ လာရပ်သည်၊ သူ့ပခုံးမှာလည်း ထီး ကောက်တစ်လက် ချိတ်လျက်သား။

"ကျုပ် - ဆံပင်ညှပ်ချင်လို့ဗျာ"

ဟုတ်မည်၊ သူ့ဆံပင်တွေက နားသယ်စပ်ကို ဖုံးလွှမ်းနေသလို၊ အနောက်ဘက်မှာလည်း ကုပ်ကို ထောက်နေသည်၊ သည်လိုမျိုး ပူအိုက်သည့် ရာသီမျိုးဝယ် ဘုတ်သိုက်ဖြစ်နေသော ဆံပင်တွေက နေရထိုင်ရ ခက်စေမည်မှာ အမှန်ပင်။



"ရတယ် - ရတယ် - လာ"

အလုပ်ပေါ်လာပြီမို့ ကိုတင်ကြည်လည်း တီးကွက်ကို ရပ်နားလိုက်ရင်း မယ်ဒလင်အား မိမိကို လှမ်းပေးလိုက်သည်။

"ပြန်ယူသွားပါဗျာ။ ကျွန်တော်က နားသာ ထောင်တတ်တာ၊ အဖြစ်ရှိ အောင် တီးတတ်တာ မဟုတ်ပါဘူး"

"ဩော် - ဟုတ်သားပဲ၊ ကဲ - နောင်ကြီးရဲ့ထီးကောက်ကြီးကိုလည်း ပေး၊ မယ်ဒလင်နဲ့အတူ ချိတ်လိုက်ရအောင်"

ကိုတင်ကြည်ကလည်း သွက်လက်ချက်ချာစွာဖြင့် အညာသားကြီးထံမှ ထီးကောက်ကြီးကိုယူကာ မဒမတိုင် သံငုတ်တွင် ချိတ်ထားလိုက်လေ၏။

"တိုနိုင်သမျှတိုအောင် ညှပ်ပေးစမ်းပါဗျာ၊ အိုက်လာပြီဆို နေလို့ကို မရဘူး"

"စိတ်ချ - ဆရာကြီး - စိတ်ချ၊ သေသေချာချာကို ပါးပေးလိုက်မယ်။ ဗျို့ စာရေးဆရာကြီး - မပြန်နဲ့ဦးနော်၊ သတင်းစာဖတ်ချင်ရင် ရှိတယ်"

"မပြန်သေးပါဘူးဗျာ၊ ကိုယ့်အလုပ်ကိုယ်ပဲ စိတ်ချလက်ချလုပ်ပါ"

ကိုတင်ကြည်ပေးသည့်သတင်းစာကို လှန်လှောကြည့်ရှုနေစဉ်မှာတော့ ကတ်ကြေးညှပ်သံ၊ ကတ်ကြေးနှင့် ဘီးခေါက်သံတို့က နားထဲဝင်လာသည်၊ ဘာမျှ မည်မည်ရရ ဖတ်စရာမရှိသည့်သတင်းစာကို ပိတ်လိုက်ချိန်မှာတော့ ကိုတင်ကြည်လည်း သူ့အလုပ်ကိုယ်သူ လက်စသတ်ကာ အညာသားကြီး အား ခြုံပေးထားသည့်ဝတ်ရုံကိုခွာလျက် ဆံပင်မွေးစတို့အား ခါချသန့်စင် ပေးနေသည်၊ ထိုစဉ်မှာပင် -

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

"မီးဗျို့ - မီး - မီး"

ရုတ်ခြည်းထွက်ပေါ်လာသော အသံများကြောင့် လမ်းတွင်းနေလူများ အိမ်ရှေ့သို့ ထွက်လာကြသည်၊ တချို့လည်း မီးလောင်ရာဆီသို့ အပြေး အလွှား။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှာလဲ - ဘယ်မှာလောင်တာလဲ"

"ဟဲ့ - ဟဲ့ - လုပ်ကြပါဦး"

"သိပ်လည်းမပူကြပါနဲ့၊ မီးသတ်ကားတွေ ဥဩဆွဲလာနေပြီပဲ"

သည်အခြေအနေမှာပင် ဆံပင်ညှပ်ခုံမှ ဆင်းလာသော အညာသားကြီးကို မတွေ့ရတော့။

"ဟော့လူ ကိုတင်ကြည် - ဆံပင်အညှပ်ခံတဲ့လူရော"

"မီး - မီးဆိုတာနဲ့ သုတ်ခနဲ ထ,ပြေးသွားတော့တာပဲဗျာ၊ ဆံပင်ညှပ်ခ တောင် ပေးမသွားဘူး၊ အင်းလေ - မီးလောင်တဲ့နေရာနဲ့ သူ့နေရာက နီးများ နီးနေသလားမှ မသိတာ၊ သူလည်း စိုးရိမ်ရှာမပေါ့ဗျာ"

"ဘာပဲဖြစ်ဖြစ်၊ အဲသည်အညာသားကြီး - ခင်ဗျားဆီပြန်လာမှာသေချာ ပါတယ်"

"ပြန်မလာလည်း ကိစ္စမရှိပါဘူး - ဆရာရယ်၊ ဆံပင်ညှပ်ခ ကုသိုလ်ပြု လိုက်တယ်လို့ပဲ သဘောထားလိုက်ပါတယ်၊ အားလုံးဟာ ကျွန်တော့်အတွက် "ချစ်မိတ်ဆွေ" တွေချည်း မဟုတ်လားဗျ"

"အရေးထဲ ကြော်ငြာက ဝင်နေပြန်ပါပြီ၊ ကျွန်တော်ပြောချင်တာက အဲဒါ မဟုတ်ဘူး - ကိုတင်ကြည်၊ ခင်ဗျားဆိုင်မှာ သူ့ထီးကောက်ကြီး ကျန်ရစ်ခဲ့ လို့"

"ဟာ - ဟုတ်ပဗျား၊ ဒါကြောင့် - ကျွန်တော့်ဆိုင်ကို ပြန်လာမယ်လို့ ကောက်ချက်ချတာကိုး၊ စာရေးဆရာများ အမြင်စူးရှပါ့ဗျာ"

မကြာခင်မှာပင် ရုတ်ရုတ်သဲသဲ အခြေအနေများက ငြိမ်သက်သွားခဲ့ သည်၊ လှုပ်ရှားပြေးလွှားသူများလည်း ပြန်လာခဲ့ကြပေပြီကော။

"တော်သေးတာပေါ့ကွာ - အိမ်တစ်ခြမ်းပဲ မီးစွဲလို့"

"မီးသတ်ကား အချိန်မီရောက်လာတာလည်း ထည့်ပြောဦးမှပေါ့"



"အေးကွာ - သည်ကြားထဲ အရေးထဲမှာ အရာပေါ်ဆိုသလို လူတစ် ယောက် လမ်းကို ဖြတ်အကူး ကားတိုက်သွားသေးတယ်"

"ဟေ - ဟုတ်လား၊ အခြေအနေက ဘယ်လိုများတဲ့လဲ"

"ဘယ်လိုဖြစ်ရမလဲကွာ၊ ကားကလည်း ဘာအရေးကြီးနေတယ် မသိ ဘူး၊ အရှိန်မလျှော့ဘဲ ဒရကြမ်းမောင်းလာတော့ကာ ပွဲချင်းပြီးပေါ့ကွာ"



သည်အညာသားကြီးသည် ဘေးဘီဝဲယာကို ယောင်လို့တောင်မှ တိမ်းငဲ့၍မကြည့်။ ရှေ့တူရူတည့်တည့်ကိုသာ စူးစိုက်ကြည့်ရင်း တစ်လှမ်းချင်း သွားနေသည်မှာ မျက်တောင်ကလေးမျှပင် ခတ်မှ ခတ်ပါရဲ့လား။ သူသွားနေသော ဦးတည်ရာသည် မိမိကျောခိုင်း ထွက်ခွာလာရာကိုပဲ ဖြစ်ချေ၏။

www.burmeseclassic.com

"အို - ဖြစ်မှဖြစ်ရလေတယ် - ကျွတ် - ကျွတ် - ကျွတ်"

စကားသံတွေက တစ်ယောက်တစ်ပေါက်။

"ကဲ - ကိုတင်ကြည်ရေ - ပြန်ဦးမယ်ဗျာ။ စတိုးဆိုင်တစ်ဆိုင်ဆိုင်ဝင်ပြီး စာရွက်နည်းနည်းနဲ့ ဘောလ်ပင်လေး၊ ဘာလေး ဝယ်စရာရှိသေးတယ်။ နောက်မှ လာဦးမယ်"

"ကောင်းပါပြီ - စာရေးဆရာ။ မကြာမကြာလာခဲ့ပါဗျာ။ ဆရာနဲ့ စကားပြောရတာ ဗဟုသုတတိုးလို့ပါ"

"လာမှာပေါ့ဗျာ - စိတ်ချ"

ကိုတင်ကြည်ကို နှုတ်ဆက်ပြီး ချစ်မိတ်ဆွေဆံသဆိုင်ကလေးမှ မိမိ ထွက်ခွာလာခဲ့သည်။ တစ်နေရာရောက်တော့ စတိုးဆိုင်ကလေးတစ်ဆိုင် တွေ့သည်နှင့်ဝင်ပြီး မိမိအလိုရှိရာများ ဝယ်ယူခဲ့သည်၊ ပြန်အထွက်မှာတော့ မိမိ၏အမြင်အာရုံထဲ လူတစ်ယောက်ကို ဖျတ်ခနဲ မြင်လိုက်ရသည်၊

✓ ✓✓

"ဟာ - အညာသားကြီးပါလား"

ဟုတ်ပါရဲ့၊ ကိုတင်ကြည့်ဆိုင်မှာ ဆံပင်ကို ပါးသထက်ပါးအောင် ညှပ် သွားခဲ့လေသော အညာသားကြီး။

သည်အညာသားကြီးသည် ဘေးဘီဝဲယာကို ယောင်လို့တောင်မှ တိမ်း ငဲ့၍မကြည့်၊ ရှေ့တူရူတည့်တည့်ကိုသာ စူးစိုက်ကြည့်ရင်း တစ်လှမ်းချင်း သွား နေသည်မှာ မျက်တောင်ကလေးမှုပင် ခတ်မှခတ်ပါရဲ့လား။ သူသွားနေသော ဦးတည်ရာသည် မိမိကျောခိုင်းထွက်ခွာလာရာကိုပဲ ဖြစ်ရျေ၏။

မဟုတ်မှလွဲရော့။



သူ - ချစ်မိတ်ဆွေ ကိုတင်ကြည်ထံ သွားမည်။ မီး - ဆိုသည့် ထိတ်လန့် ဖွယ်ကြောင့် ကတိုက်ကရိုက်ထွက်လာခဲ့ရာ ဆံပင်ညှပ်ခ ပေးမသွားရသေး သည့်အဖြစ်ကို တောင်းပန်မည်၊ ပြီးတော့ - ဆံပင်ညှပ်ခ ပေးမည်၊ ထို့နောက် သူကျန်ရစ်သော ထီးကောက်ကြီးကို ပြန်ယူမည်၊

ဒါဆိုလည်း ကိစ္စက ပြီးပြီပဲလေ၊

✓ ✓✓

အယ်ဒီတာ ဆရာဝေလွင်က သူ့မဂ္ဂဇင်း၌ မရေးတာ ကြာပြီဖြစ်သည့် မိမိအား စာမူတစ်ပုဒ်လောက် ရေးပေးပါရန် တောင်းခံထားသည်၊

သူ့မဂ္ဂဇင်းက ဂမ္ဘီရနှင့်သက်ဆိုင်သော ဝတ္ထုတိုကလေးများ ပေါင်းစုထား သည့် လစဉ်ထုတ်မဂ္ဂဇင်း၊ သည်တော့ ဂမ္ဘီရဆန်သည့် ဇာတ်လမ်းမျိုးကို ဦးစားပေး ရေးဖွဲ့ရပေမည်၊

ဂမ္ဘီရစာရေးဆရာကြီးတစ်ဦးက မကွယ်လွန်မီမှာ ပြောသွားခဲ့ဖူးသည်၊

"သည်မယ် - မောင်ရင်၊ ဂမ္ဘီရဆိုတာဟာ မဖြစ်နိုင်ဘူးဆိုတဲ့ ထူးခြား ဆန်းကြယ်တဲ့ကိစ္စကို ဖြစ်နိုင်သယောင်၊ ယုတ္တိတန်အောင် အကွက်ချပြီး ဖန်တီးရတယ်ကွ၊ ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး၊ ဒါပေမဲ့ - စာဖတ်သူအဖို့တော့ စွဲပြီးကျန်ရစ်နေမယ်ဆိုရင် အဲဒါ ဂမ္ဘီရဝတ္ထု ကောင်းပဲ"

ထိုဂမ္ဘီရဆရာကြီးကား သူခံယူထားသည့်အတိုင်းပင် ဂမ္ဘီရဝတ္ထုများကို အသက်ရှိစဉ်ကာလတုန်းက ဟောတစ်ပုဒ်၊ ဟောတစ်ပုဒ်ဆိုသလို ရေးထုတ် သွားခဲ့သည်၊ သူရေးသမျှကိုလည်း ဂမ္ဘီရစာဖတ်ပရိသတ်တို့ စွဲမက်နှစ်သက် ခဲ့ကြ၍ အောင်မြင်သည်ဟု ဆိုရပါလိမ့်မည်၊ သို့သော်ငြား မိမိသည် ထိုဆရာ ကြီးမဟုတ်၊ သည်တော့လည်း အတွေးလည်း သိပ်မကွန့်မြူးနိုင်၊ ရေးထုတ် နိုင်အားလည်း သိပ်မရှိ၊



www.burmeseclassic.com

www.burmeseclassic.com

သည်တော့ - ဆရာကိုဝေလွှင် ကတိပေးပြီးသည်ဖြစ်ပါလျက်နှင့် စာတစ်လုံးမျှ ရေးမထုတ်နိုင်သေး။

သည့်အတွက် စိတ်ကို ထွက်ပေါက်ပေးသည့်အနေဖြင့် ချစ်မိတ်ဆွေဆံသဆိုင်သို့ ခြေဦးလှည့်ခဲ့ပြန်တော့သည်။

ဘာလိုလိုနှင့် မိမိ ကိုတင်ကြည်ထံ မရောက်ခဲ့သည်မှာ သည်ကနေ့ဆိုလျှင် ခုနစ်ရက်တင်းတင်း ပြည့်မြောက်ခဲ့ပြီပဲ။

ကိုတင်ကြည့်ဆိုင်ကိုရောက်တော့ ဆိုင်က ပိတ်လျက်သား။ သို့ရာတွင် စာတန်းကလေးတစ်ခု ချိတ်ထားသည့်အတွက် မိမိပြန်မလှည့်ဖြစ်တော့။ အရိပ်အာဝါသကောင်းသည့် ဇာဒ်ပင်ရိပ်အောက်ရှိ ခုံတန်းလျားလေးမှာ ထိုင်လိုက်သည်။ ထိုင်ရခြင်းအကြောင်းကလည်း ဆိုင်တံခါး၌ ချိတ်ထားသည့် စာတန်းကလေးကြောင့်ဆိုလျှင် မမှား။

ဆွမ်းကျွေးတစ်ခု သွားနေပါသည်။ မကြာခင် ပြန်လာပါမည်။

ချစ်မိတ်ဆွေ ကိုတင်ကြည်

လေအဝေ့မှာတော့ ခုံတန်းလျားလေးပေါ်သို့ ဇာဒ်ပွင့်ကလေးအချို့ကြွေဆင်းကျလာသည်။ ထိုစဉ် ဆံပင်ညှပ်မည့်သူတစ်ဦး ရောက်လာသည်။ သည်တော့ မိမိကပဲ ချစ်မိတ်ဆွေအတွက် စကားဖြည့်ထောက်ခံပေးရသည်။

"စောင့်နိုင်ရင် စောင့်ပါလား။ ခဏနေ ပြန်လာပါလိမ့်မယ်။ ဆွမ်းကျွေးသွားနေလို့ပါ"

"မစောင့်တော့ဘူးဗျာ။ ဝယ်စရာရှိတာလေးတွေ သွားဝယ်လိုက်ဦးမယ်။ ပြန်လာမှပဲ ဝင်ညှပ်တော့မယ်"

"ဟုတ်ကဲ့ - ခင်ဗျာ"

သည်ဆိုင်ကလေး၏သက်တမ်းက လေးငါးဆယ်နှစ်မကတော့ပြီမို့ ကိုတင်ကြည်၏ ဖောက်သည်များ လျော့သွားခြင်းမရှိခဲ့။ အမာခံဖောက်သည်



များအဖို့ တစ်လက်ကိုင်ကိုပဲ နှစ်သက်ကြသည်မှာ သဘာဝကျသည်။ မိမိတော့ ဘာထူးမည်နည်း။ ကိုတင်ကြည့်ဆိုင်မှလွဲ၍ မည်သည့်ဆိုင်မှာမှ ဆံပင်အညှပ်ခံခဲ့သည်မဟုတ်ဘဲ။

မကြာခင်မှာတော့ အဝတ်အစားခပ်လတ်လတ်နှင့် ကိုတင်ကြည် ပြန်ရောက်လာသည်။

"ဟော - စာရေးဆရာပါလား။ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူးဗျာ။ ကွမ်းတစ်ယာညက်လောက်ပဲ ရှိပါသေးတယ်"

ကိုတင်ကြည်က သူ့ဆိုင်ကိုဖွင့်ရင်း စကားလှည့်ပြောပြန်သည်။

"စာရေးဆရာလည်း ဒီတစ်ခါရောက်မလာတာ ခုနစ်ရက်တောင် ရှိပြီနော်"

"ဪ - ခုနစ်ရက်ကြာသွားတာ ခင်ဗျားလည်း သိနေသကိုး"

"သိဆို - အကြောင်းကိစ္စတစ်ခု ရှိလို့ပေါ့ဗျာ"

"အကြောင်းကိစ္စတစ်ခု" ဟု ဆိုလိုက်သည့်အတွက် နည်းနည်းတော့ စိတ်ဝင်စားသွားမိသည်။ သို့ရာတွင် ဘယ်လိုအကြောင်းကိစ္စလဲဟူ၍ မမေးဖြစ်။

မမေးဖြစ်ရခြင်းကား အခြားမဟုတ်။ ဆိုင်ဖွင့်ပြီးပြီဖြစ်၍ ဆိုင်အတွင်းထောင့်တစ်နေရာမှမြင်ကွင်းကလေးတစ်ခုကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

ထိုမြင်ကွင်းမှာ အခြားမဟုတ်။

မယ်ဒလင်ချိတ်ထားသည့်ချိတ်၌ တွေ့လိုက်ရသည့် ထီးကောက်ကြီးကြောင့်ရယ်ပါ။

"ဗျို့ - ကိုတင်ကြည်၊ ထီးကောက်ကြီးပိုင်ရှင် ဟိုအညာသားကြီး ခင်ဗျားဆီ လာမသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

မိမိစကားကြောင့် ကိုတင်ကြည့်မျက်လုံးတွေ အတန်ငယ်ပြူးသွားလေသလား မသိ။

"ဘာပြောတာလဲ [illegible]ဆရာ"

"ဟိုဗျာ - ဆံပင်ညှပ်ခ ပေးမသွားတဲ့ အညာသားကြီး အဲသည်နေ့က ခင်ဗျားဆီ လာမသွားဘူးလားလို့"

"ဟာ - ဘယ်လိုလုပ်လာရမှာလဲဗျာ၊ အဲ - နေဦး၊ စာရေးဆရာကို ကျွန်တော် စောစောက အကြောင်းတစ်ခုရှိလို့ဆိုပြီး စကားခံခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါနဲ့ ထီးကောက်ကြီးဆရာအညာသားနဲ့ ဘာများဆိုင်လို့လဲ"

"ဆိုင်ပါသော်ကော - စာရေးဆရာ၊ ကျုပ် - အဲသည်အညာသားကြီး ဆွမ်းသွတ်က ပြန်လာခဲ့တာဗျ"

"ဟင် - ဘယ် - ဘယ်လို"

"ပြောရရင်တော့ဗျာ - အဲသည်အညာသားကြီးဟာ ကျွန်တော့်အသိအိမ်ကို ရောက်လာတဲ့ဧည့်သည်တဲ့ဗျ၊ သူ - ကျွန်တော့်ဆိုင်မှာ ဆံပင်ညှပ်ပြီး အပြန်မှာ မြို့ရှည်မလည်သေးလို့ထင်ပါရဲ့၊ ကျွန်တော့်ဆိုင်က ကမန်းကတန်း အပြန် လမ်းဖြတ်အကူး ကားတိုက်ခံလို့ ဆုံးသွားတယ်လေ၊ သည်ကနေ့ သူ့ရက်လည်ပေါ့၊ အသိအိမ်က သူ့ထီးကိုပြန်လာမပေးပါနဲ့၊ တစ်နေရာရာမှာ စွန့်လိုက်ပါတဲ့ဗျ၊ နို့ - နေစမ်းပါဦး၊ စာရေးဆရာက ဘာ့ကြောင့် အညာသားကြီးကို စိတ်စွဲပြီး မေးရတာတဲ့လဲ"

ကိုတင်ကြည် မေးလာခဲ့လေပြီ၊

သည်တော့ မိမိ ဘာပြန်ပြောရမည်နည်း၊

အစင်းဖြစ်သည့်နေ့က မိမိ မြင်ရ၊ တွေ့ရသည်ကို ပြန်ပြောရမည်လား၊

ပြောလျှင်လည်း အဓိကသက်သေက မိမိတစ်ဦးတည်းသာမို့ ကိုတင်ကြည့်အနေဖြင့် ယုံစားလိမ့်မည်ဟုမထင်၊ သည်တော့လည်း "ဘာမှမဟုတ်ပါဘူးဗျာ" ဟုသာ လေပြေကလေး သိုးလိုက်ရတော့သည်၊

ခုတလော - မိမိမျက်မှန်က ပါဝါအားနည်းလာဟန်တူသည်၊

ပါဝါအားနည်း၍ အမြင်တွေ သွေလွှဲနေခြင်းလား၊ တစ်ခုခုတော့ တစ်ခုခုပင်၊

သည် - တစ်ခုခုသည် မိမိအတွက်တော့ ဂမ္ဘီရဆန်နေပြီလားမသိ၊

☛ နန္ဒာမိုးကြယ်

## စာမူရှင်များသို့

ရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ ခြင်းမပြုပါ၍ မိတ္တူပွားထားကြပါရန်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သုသာန်ထဲက မိစ္ဆာမ

တွင်းကြီးသားတင်ဝင်းဦး

ကိုကျော်ညွှန့်သည် ဦးဇင်း ဦးဝိမလအား လျှောက်တင်အပြီး ဦးဝိမလ ရှေ့၌ ပျပ်ပျပ်ဝပ်ဝပ်ထိုင်ရင်းရှိသည်၊ ဦးဝိမလသည် ကိုကျော်ညွှန့်ဆိုသူအား ကြည့်ရင်းရှိသည်၊ ဘာမျှမမိန့်သေး၊ လက်ထဲရှိစိပ်ပုတီးကို စိပ်ရင်းရှိသည်၊ ကိုကျော်ညွှန့်စကားအဆုံး နောက်တစ်ဦးက လျှောက်တင်ပြန်သည်၊ လျှောက်တဲ့သူက ကိုမြသောင်း၊

"ကျော်ညွှန့် တင်လျှောက်သလိုပါပဲ ဘုရား၊ တပည့်တော်တို့ တစ်ရွာထဲပဲ မိုးက မရွာချတာပါ ဘုရား၊ ကွက်ပြီးမရွာတဲ့သဘောပါ ဘုရား၊ မိုးတိမ် မိုးသားကလည်း ပုံမှန်ပါပဲ ဘုရား၊ တိမ်တောင်တိမ်ခဲတွေတက်တော့ တက်လာပါတယ် ဘုရား၊ အုပ်လည်း အုပ်ဆိုင်းတယ် ဘုရား၊ ဒါပေမဲ့ - တပည့်တော်တို့ ရွာပေါ်ရောက်လာပြီး၊ တိမ်တောင်တွေ ရှိနေပြီဆိုရင် လေပြင်းက အတင်းတိုက်ပြီး တိမ်တွေကို ပြေးစေပါတယ် ဘုရား၊ ထူးတော့ထူးပါတယ် ဘုရား"

ဦးဇင်း ဦးဝိမလသည် ကိုကျော်ညွှန့်စကားနှင့် ကိုမြသောင်းစကားများကို နားထောင်ရင်း ခေါင်းကိုသာ တွင်တွင်ညိတ်နေသည်၊ ဘာမျှမမိန့်သေး၊ ထိုအချိန် ကပ္ပိယကြီး ဦးလူခင်သည် အဖန်ရည်အိုးနှင့် စားစရာအချို့လာချပေးသည်၊

"သောက်ကြ၊ စားကြပါဦး"

"ဟုတ်ကဲ့"

ကပ္ပိယကြီးက အဖန်ရည်အိုးထဲမှ အဖန်ရည်များကို ငှဲ့ပေးရင်း ပြောသည်၊ ကိုမြသောင်းတို့က ပြန်ဖြေရင်း အဖန်ရည်ခွက်တစ်ခွက်စီ ကောက်ပြီးသောက်သည်၊ ဦးဇင်းဦးဝိမလက စိပ်ပုတီးကို ဆက်စိပ်ရင်း စဉ်းစားနေဆဲ၊ အတော်ကြာမှ စကားဆိုသည်၊

"လျှောက်စရာရှိတာ လျှောက်ပါဦး"

"တင်ပါ့ဘုရား၊ မိုး - သုံးနှစ်ခေါင်တယ်ဆိုတာ စဉ်းစားကြည့်ပါ ဘုရား၊ တော်တော်ဆိုးဝါးပါတယ် ဘုရား၊ ဦးဇင်း ရွာပြန်ကြွရင် တွေ့ရမှာပါ ဘုရား၊ ရွာဝန်းကျင်ရော၊ ရွာအတွင်းပါ ခြောက်သွေ့ပြီး မြေပြင်က ပပ်ကြားတွေအက်၊ မြေအောင်းသတ္တဝါတွေဖြစ်တဲ့ ပုရွက်ဆိတ်တို့၊ ခြတို့၊ ပြီးတော့ - အခြားကောင်လေးတွေတောင် အစက်တွေ့နေကြပါတယ် ဘုရား"

ကိုမြသောင်းလျှောက်တင်စကားအဆုံးကိုကျော်ညွှန့်က ဆက်လျှောက်သည်၊

"မှန်ပါတယ် ဘုရား၊ တောင်သူလယ်သမားရဲ့ကျွဲတွေ၊ နွားတွေဆိုရင် ခိုးကခေါင်တော့ အရိုးဆိုရင် အပူရှိန်များပြီး သေကြတာမျိုး ရှိပါတယ် ဘုရား၊ နွားစာ စိုစိုစိမ်းစိမ်း မစားရပါဘူး ဘုရား၊ တမာရွက်တွေ၊ နဘူးရွက်တွေသပ်ပြီး ကျွေးရတာမျိုးလည်း ရှိပါတယ် ဘုရား၊ ပြီးတော့ - အခြားဒေသတွေ ရွာနိုင်သွား နွားစာရှာရတာမျိုး၊ ဝယ်ရတာမျိုးကလည်း ဒုက္ခတစ်မျိုးပါ ဘုရား"

www.burmeseclassic.com

ကိုကျော်ညွန့်စကားအဆုံး လုံးဝဝင်မပြောပဲ ငြိမ်နေသည့် ကိုထွန်းလှိုင်က အဖန်တစ်ခွက်ကိုသောက်ရင်း လျှောက်ပြန်သည်။

"မှန်ပါတယ် ဘုရား။ လူတွေ ကျန်းမာရေးရော၊ တိရစ္ဆာန်တွေ စားရေး၊ ကျန်းမာရေးရော အခက်အခဲ တော်တော်ဖြစ်နေပါတယ် ဘုရား။ မိုးရွာအောင်ဆိုပြီး လွန်ဆွဲသူဆွဲ၊ မိုးခေါ်သူခေါ်၊ ဘယ်သူအကျင့်လွန်သလဲဆိုတာ အကဲခတ်သူခတ်၊ ရှင်ဥပဂုတ္တ မီးမျှောပွဲလုပ်သူလုပ်။ ဒါပေမဲ့ - မိုးက ရွာဖို့စိတ်မကူးသေးပါ ဘုရား။ လွန်ဆွဲပွဲလုပ်လည်း မရွာ။ မီးမျှောပွဲ ကျင်းပလည်း မိုးစက်ကို မမြင်ရ။ အကျင့်လွန်တဲ့ ပုဂ္ဂိုလ်လည်း မရှိ။ အားလုံးခက်နေပါတယ် ဘုရား"

"အင်း - အင်း"

ကိုထွန်းလှိုင်စကားအဆုံး ဦးဝိမလက ခေါင်းညိတ်ရင်း စိပ်ပုတီးကို စိပ်ရင်း အင်း - အင်း ဟုသာ အသံပြုသည်။ ဘာမျှမမိန့်သေး။ ကိုမြသောင်းတို့ သုံးဦးသည် နောက်ထပ်ပြောရန်အကြောင်းတွေ ရှိသေးသော်လည်း ထပ်မြီး မတင်လျှောက်လိုတော့။ သူတို့သုံးဦးစိတ်ထဲမှာတော့ မိမိတို့တစ်ရွာထဲ ကွက်ပြီး မိုးကွင်းနေသည့်အဖြစ်ကိုသာတွေးရင်း မကျေမနပ်နှင့် စိတ်မကောင်းဖြစ်နေကြဆဲ။ ဦးဇင်းသည် စိပ်ပုတီးစိပ်ရင်းနှင့် ထိုင်ရာမှ ထလိုက်သည်။

"သောက်ကြ၊ စားကြဦး"

"တင်ပါ့ ဘုရား"

"ဒီက ထမင်းစားပြီးမှ ပြန်ကြ"

"တင် - တင်ပါ့ ဘုရား"

ဦးဝိမလသည် ခပ်တိုးတိုးပြောရင်း ကျောင်းပေါ်မှ ဆင်းသွားသည်။ ကိုမြသောင်းတို့သုံးဦးသာ ကျောင်းပေါ်မှာ ကျန်ရစ်သည်။ သူတို့သုံးဦး အဖန်ရည်သောက်လိုက်၊ ချထားသည့် ဆီကြော်မုန့်တွေ စားလိုက်၊ ပြီးတော့ - ကွမ်းဝါးသူဝါး၊ ဆေးလိပ်သောက်သူသောက်။ သူတို့အဖွဲ့ စကားပြောရင်း၊ အဖန်ရည်သောက်ရင်းရှိစဉ် ဦးဝိမလ ပြန်ကြွလာသည်။ သူတို့အဖွဲ့ရှေ့မှာထိုင်သည်။ ဦးဝိမလက ဘာမျှမမိန့်သေး။

မကြာပါ။ ကပ္ပိယကြီးသည် ကျောင်းပေါ် တက်လာသည်။ လက်ထဲမှ ဆွမ်းချိုင့်နှစ်ချိုင့် ဆွဲလာသည်။ ဆွမ်းချိုင့်ဆွဲလာသည့် ကပ္ပိယကြီးသည် ကျောင်းပေါ်အနောက်ဘေးခြမ်းမှာ ကျွန်းစားပွဲကြီးကို ချသည်။ ပြီးသည်နှင့် ဆွမ်းချိုင့်များကို ဖွင့်သည်။ နောက် - ပန်းကန်ပြားတွေလှမ်း ဟင်းထည့်၊ ပန်းကန်လုံးတွေ အစီအရီချသည်။ ချထားသည့် ပန်းကန်လုံးတွေထဲ ဆွမ်းဟင်းတွေထည့်သည်။ ထိုအချိန် အခန်းနေ ဦးဇင်းသုံးပါးနှင့် ကိုရင်နှစ်ပါးသည် ရွာဆီမှ ဆွမ်းခံကြွရာမှ လာကြပြီ။ ကပ္ပိယကြီး ပြင်ထားသည့် ဆွမ်းစားစားပွဲ အနီးချသည်။ ကပ္ပိယကြီးနှင့် ကိုရင်လေးသုံးပါးက ဆွမ်းတွေ၊ ဆွမ်းဟင်းတွေကို ပြင်ဆင်ပေးနေသည်။ နောက်တော့ - ကိုရင်လေးများသည် သပိတ်တွေ၊ ဆွမ်းချိုင့်တွေနှင့် ဆွမ်းဟင်းခွက်တွေကို ဆေးကြောရန် ကပ္ပိယကြီးနှင့်အတူ ကျောင်းအောက် ဆင်းသွားသည်။

ဆွမ်းစားဖို့အချိန် မရောက်သေး။

"ဒါဆိုရင် - ရွာမှာ မိုးလေဝသအတွက် အတော်ဒုက္ခရောက်နေကြတာပေါ့"

အမှတ်မထင်ပဲနှင့် ဆရာတော်က မေးသည်။ ကိုမြသောင်းတို့သုံးဦး အပြိုင်ဖြေလိုက်ကြသည်။

"မှန်ပါတယ် - ဘုရား"

"လူရော၊ နွားတွေ၊ ကျွဲတွေပါ ဒုက္ခရောက်နေကြပြီပေါ့"

ဦးဝိမလစကားအဆုံး ကိုထွန်းလှိုင်က ဖြေသည်။

"မှန်ပါတယ် ဘုရား။ ဆရာတော် - ရွာကြွရင် မျက်မြင်မှချတွေ့ရမှာပါ။ ဘယ်လိုအကြောင်း၊ ဘယ်လိုအကျိုးတွေကြောင့် ခုလိုဖြစ်တယ် မသိပါဘူး ဘုရား"

"အင်း - အင်း - ဒို့ပြင်နယ်တွေ၊ ရွာတွေတော့ မိုးက ရွာတယ်ပေါ့"

www.burmeseclassic.com

"တင်ပါ့ ဘုရား။ ရွာတယ် ဘုရား။ နယ်တစ်နယ်လုံးဆိုရင်လည်း ပြောစရာအကြောင်း မရှိပါဘူး ဘုရား။ အခြားနယ်တွေအားလုံး လိုလေသေးမရှိအောင် ရွာကြလို့ စပါးတွေ၊ ပဲတွေတောင် ချကုန်ပြီ၊ စိုက်ကုန်ပြီ ဘုရား။ မရွာပဲ ကျဉ်နေတာက တပည့်တော်တို့ရွာပေါ်နဲ့ တပည့်တော်တို့ တောင်သူတွေအပိုင် မြေယာလယ်တွေပေါ်ပဲ မရွာပဲနေတာ ဘုရား"

"ကဲ - ကဲ - ဆွမ်းစားချိန်လည်း ရောက်ပြီ၊ ခဏနားကြဦး။ ဦးဇင်း ဆွမ်းစားဦးမယ်၊ ပြီးမှ - ဒကာတို့ စားကြပေါ့"

"တင်ပါ့ ဘုရား"

ဆရာတော်စကားအဆုံး ကပ္ပိယကြီးသည် ကျောင်းအောက်ဆင်းပြီး ဆွမ်းစားတုံးခေါက်သည်၊ တုံးခေါက်တော့ အခန်းနေ ဦးဇင်းသုံးပါးနှင့် ကိုရင်သုံးပါး ကြွလာသည်။ ကျောင်းပေါ်ကို တက်သည်၊ ဦးဇင်းသည် ဆွမ်းဝိုင်းမှာထိုင်သည်၊ ဦးဇင်းတွေက တစ်ဝိုင်း၊ ကိုရင်လေးသုံးပါးကတစ်ဝိုင်း။ ဦးဇင်းတွေ ဆွမ်းဘုဉ်းပေးနေစဉ် ကိုရင်လေးများက ဘုရားဝတ်ပြုကြသည်၊ ဝတ်ပြုပြီးမှ ဆွမ်းစားကြသည်။

မကြာပါ၊ ဦးဇင်းများ ဆွမ်းဘုဉ်းပေးပြီးတော့ ကပ္ပိယကြီးနှင့်အတူ ထမင်းစားကြရသည်၊ ဟင်းက စုံသည်၊ ထမင်းက ကောင်းသည်၊ ထမင်းစားအပြီး စကားဝိုင်းမှာ ပြန်ပြီးဆုံသည်၊ ရွာဝန်းကျင်မှာ မိုးမရွာသည့်အကြောင်း ပြောသည်။

✓ ✓✓

တကယ်တော့ ကိုမြသောင်းတို့အဖွဲ့သည် အညာကျေးလက်က အပူပိုင်းဒေသတွင်ရှိ၊ တမာစုရွာက ဖြစ်သည်၊ တမာစုရွာသည် အိမ်ခြေသုံးရာကျော်သာ ရှိသည်၊ အိမ်ခြေနှစ်ရာကျော်သည် တောင်သူဦးရေဖြစ်ပြီး ကျန်သည့်အိမ်ထောင်စုသည် အလုပ်သမားဆင်းရဲသားများသာ ဖြစ်သည်၊ သို့သော် အိမ်ခြေနည်း၊ လူဦးရေနည်းသော်လည်း မြေယာက ကျယ်သည်၊ တောင်သူများသည် လယ်မြေတွေအများဆုံး ပိုင်ဆိုင်ကြသည်၊ ပျမ်းမျှအားဖြင့် တောင်သူတစ်ဦးကို လယ်ပိုင်အကွက်လေးငါးဆယ်ကျော် ရှိကြသည်၊ ဘစ်နှစ်ရသည့်စပါးသည် နှစ်နှစ်စားလို့မကုန်၊ စပါးနှင့်ဆန်သည် အဓိကစိုက်သည့်အရပ် ဖြစ်သည်၊ သို့သော် နောက်ပိုင်း ပဲမျိုးစုံကြဲခဲ့ကြသည်၊ ပဲမျိုးစုံဆိုရာ၌ မြေပဲနှင့် ပဲတီစိမ်း၊ ပြီးတော့ - နှမ်းသည် အဓိကဖြစ်လာသည်၊ စပါးကိုကြဲခြင်း၊ ချခြင်းကိုတော့ လက်မလွှတ်ခဲ့ကြ၊

တမာစုရွာ၏ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်၌ လယ်မြေတွေ ရှိသည်၊ အနောက်ဘက်၌ သဲတောမြေတွေ ရှိသည်၊ သဲတောမြေသည် မြေပဲ၊ နှမ်း၊ ပြောင်းနှင့် နွားစာပြောင်းကို အဓိကထားပြီးစိုက်သည်၊ လယ်မြေများကိုတော့ စပါးသာ အဓိကထားခဲ့သည်၊ အနီးလယ်မြေများကို မိုးကိုသာ အဓိကထားပြီး စိုက်ကြသည်၊ မိုးခေါင်ရေရှားဟု လူတွေနှုတ်က ခေါ်ဝေါ်ခဲ့သင်ခဲ့ကြသော်လည်း မိုးအခေါင်ကြီး မဟုတ်ခဲ့၊ မိုးရွာပြီဆိုရင် လေးငါးရက်လေးငါးည မစဲဘဲ သဲသဲမဲမဲရွာတတ်သည်၊ ဤသို့ ရွာပြီဆိုပါက လယ်ကွက်တွေထဲ ရေပြည့်ပြီ၊ ရွာသည် ရေရှားသည့်မိုးက စပါးပျိုး၊ ကြဲချိန်နှင့် ကောက်ငင် စိုက်အရွယ်သာမက စပါးအောင်နံ့ရင့်သည့်အထိ အစိုဓာတ် ထိန်းထားနိုင်သည့်မြေတွေ ဖြစ်သည်၊

ထိုစဉ်က မိုးလေဝသက ကောင်း၊ မျှော်သည့်အချိန်ရွာ၊ စိုက်သည့်အချိန်ကျပေးခဲ့သည့်မိုး၊ မိုးနှင့်ပျိုး၊ မိုးနှင့်မျိုး၊ မိုးနှင့်လူ၊ မိုးနှင့် ကျွဲနွား၊ မိုးနှင့်စားဝတ်နေရေးက ပန်းရသည်၊ အဆင်ပြေသည်၊ မိတ်ဆွေတွေ ဖြစ်ခဲ့ကြသည်၊ မိုးလေဝသက ကောင်းတော့ စပါးဆိုရင်လည်း ကျီပြည့်၊ တိုက်ပြည့်၊ ပဲမျိုးစုံနှင့် နှမ်းဆိုရင်လည်း အိတ်ပြည့်၊ အိမ်ပြည့်၊ ထမင်းအတွက် မပူကြရ၊ ဟင်းအတွက် ပဲမျိုးစုံရှိပြီးသား၊ ဟင်းချက်ရာတွင် မပါမဖြစ်၊ မရှိမဖြစ်သည့်ဆီအတွက် နှမ်းရှိနေ၍ မဲမတင်းရ၊ တောင်သူရော၊ အလုပ်သမားပါ ပျော်နိုင်ကြ၊ ပြုံးနိုင်ကြသည်၊





www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေး အဆင်ပြေတော့ လူမှုရေး အဆင်ပြေသည်။ လူမှုရေးနှင့် စီးပွားရေး ပြေလည်တော့ ပညာရေး၌လည်း အားတက်ကြ၊ စိတ်ပါကြသည်။ ခုတော့ - စီးပွားရေးက သိပ်ပြီးအဆင်မပြေချင်။ မိုးက မရွာ၊ မြေတွေက ခြောက်၊ ပျိုးကြဲလည်း ပျိုးဆုံး၊ ပျိုးကြဲလည်း မျိုးဆုံးခဲ့သည့်ရွာကလေး၊ ရွာက လူတွေ၊ ရွာကတောင်သူတွေအတွက် စိတ်ညစ်ရ၊ စိတ်ပျက်ရနှင့် မဆုံးတော့ပြီ။

ဒီတော့ - ပျိုးဆုံးမျိုးဆုံးသည့်အကြောင်းရင်း၊ စိတ်ပျက်ရ စိတ်မချမ်းသာရသည့် တရားခံကိုရှာတော့ တရားခံနှင့် အကြောင်းရင်းက မိုး။

မိုးမရွာခြင်း ...။

ပျိုးက မိုးကို မျှော်သည်။ လူတွေက မိုးကို မျှော်သည်။ လယ်ကွက်မြေတွေက မိုးကို မျှော်သည်။ တောမြေတွေက မိုးကို မျှော်သည်။ ကျွဲတွေ၊ နွားတွေက မိုးကို မျှော်သည်။ မိုးရွာရင် ရေချိုးကြသည့်ကလေးတွေက မိုးကို မျှော်သည်။ မြေစာမြက်၊ ပန်းတော်မြက်တွေက မိုးကို မျှော်သည်။ မိုးက မရွာခဲ့၊ မိုးမရွာခဲ့တာ တစ်နှစ်ရှိပြီ။ ထိုနှစ်က တောင်သူတွေ ပျိုးကြဲ၊ မျိုးကြဲ လုပ်ကြသည်။ ထွန်ကြ၊ ယက်ကြ၊ ထယ်ထိုးကြသည်၊ အားလုံး မိုးကိုမျှော်ရင်း။ သို့သော် မိုးရွာသီသာ ကုန်သွားသည်၊ မိုးက မညိုခဲ့၊ မပြိုခဲ့၊ မငိုခဲ့၊ မရွာခဲ့၊ မဖြာခဲ့၊ ရွာဖို့ စိတ်ကူးပုံမရ၊ စဉ်းစားပုံ မပေါ်။ ကောင်းကင်မှာရှိသည့် တိမ်တောင်၊ တိမ်မည်း၊ တိမ်ညိုတွေက အနီးတမာစုရွာရှိ မြေယာလယ်တွေ၊ တောင်သူတွေ၊ အလုပ်သမားတွေ၊ ကျွဲနွားတွေအတွက် မဟုတ်ဟု ထင်ရသည်။

ထိုနှစ်က နွေရာသီသာ ရောက်သွားသည်။ အပ်ဖျားခန့် မိုးပင်မကျ။

နောက်နှစ် ...။

ပထမနှစ်က မရွာတော့ ဒီနှစ်၌ မိုးရွာမည်ဟု ထင်နေကြသည်။ ဒီတော့ ပူချစ်နေသည့်နေရောင်၊ မာကြောနေသည့် မြေယာများကိုကြိုးစားပြီး ထွန်ခဲ့ကြသည်၊ ပျိုးကြဲ၊ မျိုးကြဲမည့်ရက်ကို စောင့်သည်၊ မိုးက မရွာခဲ့၊ မိုးရွာရက်တွေ မျှော်ရင်း ပျိုးကြဲကြသည်၊ မျိုးကြဲကြသည်။ သို့သော် မရွာခဲ့သည့်မိုးကတော့



မရွာပဲနေသည်၊ ဒီနှစ်လည်း မိုးမရွာတော့ ပျိုးဆုံး၊ မျိုးဆုံး၊ လုပ်အားဆုံး၊ ငွေအားဆုံးခဲ့သည်က တောင်သူလယ်သမားတွေ၊ တောင်သူလယ်သမားတွေ သီးနှံမရတော့ အလုပ်မရှိကြသည်က အလုပ်သမားတွေ၊ အလုပ်သမားဆိုတာ ဆင်းရဲသား၊ လက်လုပ်လက်စား၊ တစ်နေ့လုပ်မှ တစ်ရက်စားရသည့်လူတွေ၊ တောင်သူလယ်သမားတွေကို အားထားရသည့် ဆင်းရဲသားတွေ၊ အဲ - မိုးမရွာပြန်တော့ တောင်သူလယ်သမားတွေ သီးနှံမရ၊ အလုပ်မဖြစ်တော့ အလုပ်သမားတွေလည်း အလုပ်မရှိခဲ့၊ ဒီတော့ - ကိုင်းလည်း ကျွန်းမှီလို့မရ၊ ကျွန်းလည်း ကိုင်းမှီလို့ မဖြစ်၊ ကိုင်းလည်းလဲ၊ ကျွန်းလည်း လဲကြရသည့် အဖြစ်။

နှစ်နှစ်ဆက်တိုက် မိုးက ခေါင်တော့ တတိယမြောက်နှစ်ဖြစ်သည်၊ ဒီနှစ်မှာ မိုးရွာမည်ဟု ထင်ခဲ့သည်၊ ထင်ခဲ့တာကလည်း သေချာပေါက် မိုးဆိုတာ သုံးနှစ်အထိ မနေ၊ ဒီနှစ် ရွာကို ရွာရမည်၊ ရွာလိမ့်မည်ဟု ထင်ကြပြီး ပျိုးထောင်ကြသည်၊ မျိုးထောင်ကြသည်၊ နမ်းချ၊ မြေပဲချ၊ ပဲချကြသည်၊ သို့သော် မိုးက မရွာတော့၊ မရွာခဲ့။

ဒီတော့ - ရှိသည့်ပျိုး ကုန်လုပြီ၊ မျိုးကုန်လုပြီ၊ ပျိုးနှင့် မျိုးသာ မဟုတ်၊ နွားစာလည်း ကုန်ခဲ့ကြပြီ၊ ဒီတော့ - လူစာရော၊ နွားစာပါ အခက်အခဲ တွေ့ကြရပြီ၊ တောင်သူတွေ အခက်အခဲတွေ့တော့ အလုပ်သမား လက်လုပ်လက်စားတွေ ပိုပြီး အခက်အခဲတွေ့ကြသည်၊ တွေ့သည့်အခက်အခဲက မသေး၊ ကြီးမားသည်၊ အချို့တောင်သူတွေဆိုရင် ကျွဲရောင်းသူ ရောင်း၊ နွားရောင်းသူရောင်း၊ အနီးအနားရှိ ရွာတွေရှိ တောင်သူတွေထံသွားပြီး ဆန်၊ ဆီ၊ ဆားချေးသူ ချေး၊ နွားစာ ချေးသူချေး၊ နောက်ဆုံး - ဤနွားရောင်းသူရောင်း၊ လယ်ယာမြေတွေ ရောင်းသူရောင်း၊ ပေါင်သူပေါင်နှင့် ဖြစ်ခဲ့ကြသည်။

ဒီတော့ - အလုပ်သမားတွေလည်း ရွာမကပ်ကြတော့၊ မိုးခေါင်လွန်းပြီး အောက်ရောဂါ၊ ဝက်သက်ရောဂါဖြစ်ကြမှာ၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ကြမှာ စိုးရိမ်ကြသူ ရှိသည်၊ သေလည်း ဒုက္ခအေးတာပဲဟု ပြောသူ ပြောသည်၊ အချို့က ရွာကို ဖက်တွယ်နေပြီး အချို့က အလုပ်ထွက်လုပ်ကြသည်၊ အချို့က



www.burmeseclassic.com

www.burmeseclassic.com

ရွှေတော၊ အချို့က ရေနံတွင်း၊ အချို့က ကျောက်တွင်းထွက်ကြသည်၊ အချို့က အညာတက်ပြီး သစ်ချဝါးချ ထွက်သည်၊ အချို့က ရွာမှာ ပေကပ်နေပြီး ကြုံရာ ကျပန်း လုပ်ကိုင်စားကြဆဲ၊

အော် – သုံးနှစ်ခေါင်ထားသည့်မိုး၊

သုံးနှစ်မိုးရေနှင့် မတွေ့ရသည့် လယ်ယာမြေတွေ၊

ပပ်ကြားတွေ အက်၊ ဖားသေ၊ ငါးသေ သေခဲ့သည့် တမာစု၊ မျိုးဆုံး မျိုးဆုံး ဆုံးခဲ့သည့် တမာစု၊ ကျွဲသေ၊ နွားသေ သေခဲ့သည့်တမာစု၊ ကျွဲရောင်း နွားရောင်း ရောင်းခဲ့သည့် တမာစု၊ မြေရောင်း၊ လယ်ရောင်း ရောင်းရသည့် တမာစု၊ လယ်ပေါင်၊ ယာပေါင် ပေါင်ရသည့် တမာစု၊ ဟိုထွက်၊ ဒီထွက်နှင့် ဝမ်းရေးအတွက် ထွက်ပြီးငွေရှာရသည့် တမာစု၊

မိုးခေါင်ဒဏ်ကို ခံနေရသည့် တမာစု၊

တမာစုရွာဝန်းကျင် မိုးခေါင်သည်ကို သိကြသည့် ဘေးရွာဝန်းကျင်မှ ရွာတွေကို အံ့ဩခဲ့သည့်တမာစု၊ နာမည်ကြီးခဲ့သည့်တမာစု၊

အချို့က ထင်ကြောင်းတွေနှင့် ပြောသည်၊ အချို့က သနားကြသည်၊ အချို့က အကျင့်လွန်သူ ရှိလို့တဲ့၊ အချို့က အကျင့်ယုတ်သူရှိလို့တဲ့၊ အချို့က နတ်သိကြား မကြိုက်လို့တဲ့၊ အချို့က လူတွေ စည်းဖောက်လို့တဲ့၊

ဘာပဲဖြစ်ဖြစ်၊ မိုးက မရွာ၊ လွန်ဆွဲပွဲတွေ လုပ်ပြီးပြီ၊

ရှင်ဥပဂုတ် မီးပူဇော်ပွဲ၊ မီးမျှောပွဲ ကျင်းပပြီးပြီ၊

ဦးဇင်းတွေပင့်ပြီး ငါးရဲမင်းပရိတ် ရွတ်ပြီးပြီ၊ အဲ – မိုးကတော့ ရွာဖို့စိတ်မကူး၊ မိုးနတ်သားက မိုးရွာဖို့အတွက် တမာစုလူသားတွေအတွက် မိုးခွဲတမ်းစာရင်းများ မပါလေရော့သလား၊ မသိနိုင်တော့၊ အကြောင်းကတော့ ရှိရမည်၊ မိုးမရွာသည့်အကြောင်းကတော့ ရှိရမည်၊ ထိုအကြောင်းကို အဖြေရှာမရ၊ ဘယ်သူမှ မပြောနိုင်ကြ၊

အခု ...၊

✓ ✓ ✓



ကိုမြသောင်း၊ ကိုကျော်ညွန့်၊ ကိုထွန်းလှိုင်တို့သည် တမာစုရွာသားတွေ ဖြစ်သည်၊ သူတို့အဖွဲ့က (၁၂)ယောက်အဖွဲ့၊ တမာစုမှနေ၍ရှမ်းပြည်ဘက်ကို လက်ဖက်ခြောက်ခူး ထွက်လာကြခြင်းပင်၊ ထိုအဖွဲ့ကို ဦးဆောင်သူက ကိုမြသောင်း၊ ကိုမြသောင်းက အမိက၊ ပြီးတော့ – ကိုကျော်ညွန့်နှင့် ကိုထွန်းလှိုင်၊ ကိုမြသောင်းက မနှစ်က ဒီရှမ်းပြည်နယ်ဘက်၊ ဒီရွာလေးကို ရောက်ဖူးသူ၊ လက်ဖက်ခြောက်ခူးအလုပ်သမားတွေကို ဦးစီးခဲ့သူ၊ ကိုမြသောင်းတို့ လာခဲ့သည့်မြို့နယ်သည် ကွတ်ခိုင်မြို့နယ်ထဲက ရွာလေးတစ်ရွာသာဖြစ်သည်၊ သူတို့အဖွဲ့သည် ရွာမှနေ၍ ကားလမ်းရှိရာကို ခြေကျင်လာသည်၊ ကားလမ်းရောက်တော့ ကားနှင့် မန္တလေးကို ရောက်ကြသည်၊ မန္တလေးရောက်တော့ ရထားနှင့် လားရှိုးကို လိုက်ကြပြီ၊ လားရှိုးမှတစ်ဆင့် ကွတ်ခိုင်မြို့သို့ ကားနှင့် လာသည်၊ ကွတ်ခိုင်မြို့ရောက်တော့ ထိုရွာဆီသို့ သွားသည့် ထော်လာဂျီကားနှင့် လိုက်ခဲ့ကြသည်၊

ရှမ်းပြည်ကို မလာခင်ကတည်းက ကိုမြသောင်းတို့ လက်ဖက်ခူးမည့် ရှမ်းရွာလေးနှင့် သုံးမိုင်ဝေးသည့်ရွာ၌ သာသနာပြု သမထဝိပဿနာ အားထုတ်နေသည့် ဦးဇင်း ဦးဝိမလရှိသည်ကို သိကြသည်၊ ဦးဇင်းနေသည့် ရွာလေးသည် ချောင်ကျသည်၊ အိမ်ခြေ လေးဆယ်ကျော်သာရှိပြီး ရှိသည့် ရှမ်းအမျိုးသားတွေကို သမထဝိပဿနာ ရှုပွားနေကြသည်ဟု ဆိုသည်၊ တစ်နည်းပြောရလျှင် သာသနာပြုဦးဇင်းတစ်ပါး၊

မနှစ်က ဝိမလရှိကြောင်း မသိ၍ မသွားဖြစ်ခဲ့၊ ဒီနှစ် – လိပ်စာလည်းသိ၊ ရွာလည်း သိ၊ ဦးဇင်းနှင့်လည်း ယခင်က ခင်မင်ခဲ့သည်ဖြစ်၍ ဦးဝိမလထံ အရောက်သွားပြီး ရွာအကြောင်း၊ မိုးအကြောင်းနှင့် ဒုက္ခတွေအကြောင်း တင်လျှောက်နေခြင်းပင်၊ အဖွဲ့သားတွေကို ရွာမှာ ချန်ခဲ့ပြီး သူတို့သုံးဦး ဦးဇင်း ဦးဝိမလရှိရာရွာကို ခြေကျင်လာခဲ့ကြခြင်းပင်၊

ဦးဝိမလသည် ရွာသား၊ ကိုမြသောင်းတို့ တမာစုရွာက၊ ရွာမှ ထွက်၍ ဦးဇင်းဘဝနှင့် ထွက်သွားတာ နှစ်နှစ်ဆယ်ကျော်ပြီ၊ ခုတော့ – ဖွေ့ကြရ၊



www.burmeseclassic.com

www.burmeseclassic.com

ဖူးကြရပြီ၊ ပြောကြ၊ ဆိုကြရပြီ၊ ရွာအကြောင်း၊ မိုးအကြောင်းနှင့် ဒုက္ခရောက်ပုံတွေအကြောင်း၊

ထိုနေ့က ထမင်းစားအပြီး ကိုမြသောင်းတို့သုံးဦး၊ ဦးဇင်းနှင့် တော်တော်ကြာကြာ စကားပြောဖြစ်သည်၊ နေစောင်းတော့ ပြန်ရန်ပြင်သည်၊ ပြန်ကြဖို့နှုတ်ဆက်တော့ ဦးဝိမလက မိန့်သည်၊

"ဦးဇင်း - ရွာကို ပြန်ကြွမယ်၊ မိုးရွာအောင် လုပ်ပေးပါ့မယ်၊ မိုးမရွာတဲ့အကြောင်းကို တရားခံရှာပေးပြီး ရှင်းပေးပါ့မယ်ကွယ်"

"တင်ပါ့ ဘုရား"

"ကူညီပါဦး ဘုရား"

"ကယ်ပါ ဘုရား"

ကိုမြသောင်းတို့က လျှောက်တင်သည်၊ ဦးဝိမလက အနည်းငယ်ပြုံးရုံသာ ပြုံးရင်း ခေါင်းညိတ်သည်၊ ခေါင်းညိတ်ရင်း ပုတီးစိပ်လျက် မျက်လုံးများမှေးစင်းထားဆဲ၊

"အင်း - အင်း - စိတ်ချ၊ မိုး - ရွာရစေ့မယ်"

✓ ✓✓

"မိုးခေါင်တာ သုံးနှစ်ရှိပြီပေါ့နော်"

"တင်ပါ့ ဘုရား၊ ဒီနှစ်မရွာရင် လေးနှစ်ဖက် ဝင်ပြီ ဘုရား"

ဦးဇင်းက ရှေ့မှသွားရင်း မေးသည်၊ ဦးဇင်းအပါအဝင် ကိုမြသောင်းဦးစီးသော လက်ဖက်ခူးအဖွဲ့ ရွာကို ပြန်လာခဲ့ကြပြီ၊ တကယ်တော့ - ရှမ်းပြည်ဘက်၌ လက်ဖက်ခူးထွက်သည့်လသည် တပေါင်း၊ တန်ခူးလ၌ အထွက်များသည်၊ ထိုလများ၌သာ လက်ဖက်ခူးကြသည်၊ တပေါင်းလတွင် သိပ်ပြီးမခူးကြသေး၊ မတွင်ကျယ်သေး၊ တန်ခူးလ၌သာ လက်ဖက်အခူးများခဲ့ခြင်းပင်၊ တန်ခူးလအကုန် ကဆုန်လအလယ်လောက်တွင် လက်ဖက်ခူးပြီး၍ပြန်ခဲ့ကြခြင်းပင်၊ အစပိုင်းက ဦးဝိမလသည် ကိုမြသောင်းတို့ လာတွေ့စဉ်က နောက်ရက်တွင် ရွာကို ပြန်ဖို့စီစဉ်ခဲ့သည်၊ နောက်တော့ - မိမိသီတင်းသုံးရာ ရွာရော၊ အခြားရွာတွေ၌ပါ ပဋ္ဌာန်းပူဇော်ပွဲရှိ၍ ရွာကို ပြန်မကြွဖြစ်၊

နောက်တော့ - ကိုမြသောင်းတို့ အကြောင်းကြားခဲ့သည်၊ အလုပ်ပြီးလို့ အဖွဲ့လိုက် ရွာပြန်ပါက ပြန်ကြွမည့်အကြောင်း၊ အတူပြန်ကြဖို့အကြောင်း အကြောင်းကြားခဲ့သည်၊ ယခု - ကိုမြသောင်းတို့အဖွဲ့နှင့်အတူ ဦးဝိမလ ပြန်ကြွခဲ့ပြီ၊ ရွာမှတစ်ဆင့် ကွတ်ခိုင်ကိုထော်လာဂျီနှင့်၊ ကွတ်ခိုင်ရောက်တော့ ကားစီး၊ လားရှိုးမှာ ဆင်းသည်၊ လမ်းမှာ တစ်ညအိပ်ရသေးသည်၊ လားရှိုးမှ တစ်ဆင့် မန္တလေးကို ကားစီးပြီး ရွာဘက်သွားမည့်ကားကို စီးခဲ့သည်၊ ကားက ရွာအနားတော့ မရောက်၊ ရွာနှင့် ဆယ်မိုင်ခန့်ဝေးသည့် ရွာ၌ ကားရောက်သည်၊ ထိုရွာ၌ ဆင်းပြီး ရွာဆီကို ခြေကျင်ပြန်နေခြင်းပင်၊

ရွာဆီပြန်ရင်းနှင့် ဘေးဝန်းကျင်ကိုကြည့်ကာ ဦးဇင်းက မေးသည်၊ ကိုမြသောင်းက ဖြေသည်၊ ဦးဝိမလသည် ဆက်မမေးတော့၊ သူ၏ သင်္ကန်းရောင် လွယ်အိတ်ကြီးကို လွယ်၊ တောင်ဝှေးကိုကိုင်၊ ပုတီးကိုစိပ်ရင်းနှင့် ဝန်းကျင်ကို ကြည့်သည်၊ ဝန်းကျင်သည် ကြားရသည့်သတင်းအတိုင်း မိုးမရွာခဲ့သည်ကိုကြည့်ရုံနှင့် သိနိုင်သည်၊ အပင်ကြီးတွေ၊ ချုံတွေကို ခပ်နွမ်းနွမ်းတွေ့ရပြီးလူသွားလမ်း၊ လှည်းလမ်းကအစ၊ လမ်း၏ဝဲယာရှိ လယ်ကွင်းတွေ၊ ယာခင်းတွေသည် ပပ်ကြားအက်အက်နှင့်ဖြစ်နေသည်၊ ရေဝတ်သည့်သဘော၊ ရေဆာသည့်သဘော၊

"နေပါဦး - ရွာမှာ အဲဒီသုံးနှစ်ကျော်က ဘယ်သူဆုံးသေးလဲ"

မထင်မှတ်ပဲ မေးလိုက်သည့် ဦးဇင်း၏အမေး၊ ဒီတော့ - ကိုမြသောင်းတို့ စဉ်းစားမရခဲ့ချေပြီ၊ စဉ်းစားသူက ကိုမြသောင်း၊ ရုတ်ခြည်းဖြေသူက ကိုထွန်းလှိုင်၊

"တင်ပါ့ ဘုရား၊ ဦးပန်းဆုံးပြီ၊ ဦးလှအောင်၊ ဦးသက်၊ ဦးမော်၊ ဦးချမ်း၊ ဒေါ်အေး၊ ဒေါ်ကျည်းဒန်၊ မအို၊ မိအေး ဆုံးခဲ့ပြီ ဘုရား"





www.burmeseclassic.com

www.burmeseclassic.com

“ဟာ - ဦးအောင်တုတ် ကျန်သေးတယ်၊ ပြီးတော့ - ဦးခွေးညို၊ ဦးမြင့်၊ ဦးကောင်းလည်း ဆုံးခဲ့ပြီးပြီလေ”

ဦးထွန်းလှိုင်အဆုံး နောက်မှ ပါလာကြသည့်အဖွဲ့ထဲမှ မောင်လွင်ဆိုသူက ပြောသည်။

“ဟုတ်တယ် ဘုရား၊ မောင်လွင်ပြောတဲ့လူတွေရော၊ တပည့်တော်ပြောတဲ့လူတွေရော ဆုံးခဲ့ပါပြီ ဘုရား”

“အင်းလေ - မွေးလာမှတော့ သေမှာပဲ၊ ဒါ - စစ်မှန်တဲ့တရား၊ စစ်မှန်တဲ့လမ်းအစစ်ပဲကွယ့်၊ ဘယ်သူဖြစ်ဖြစ် သေရမှာပဲ၊ ဘုရားတောင် ပရိနိဗ္ဗာန်ပြုရသေးတာပဲ”

“တင်ပါ့ ဘုရား”

“မသေခင် တရားမွေ့လျော်ဖို့က အဓိကပဲ မဟုတ်လား”

“တင်ပါ”

“စိတ်ရင်းကောင်း၊ သဘောရင်းကောင်းဖို့၊ ပြီးတော့ - ဝိပဿနာ ပွားများရှုမှတ်ဖို့ကလည်း အဓိကပဲလေ၊ ဝိပဿနာ မပါပဲနဲ့တော့ ဘယ်ခရီးမှ မဖြောင့်နိုင်ဘူး၊ သံသရာလည်နေကြဦးမှာပဲ၊ နိဗ္ဗာန်ဝင်ဖို့ဆိုတာ အဓိကအင်အား၊ အဓိကအားထားရမှာက ဝိပဿနာတရားပဲ”

“တင်ပါ့ ဘုရား”

ဦးဇင်းသည် မနားမနေပဲ ရွာဆီ ပြန်နေဆဲ၊ ဦးဇင်းက နားဖို့မပြောတော့ မြသောင်းတို့လည်း မပြောရဲ၊ ဦးဇင်း သွားသလိုသွားနေရသည်၊ ဦးဇင်းမေးသမျှ ဖြေနေရသည်၊ ဦးဇင်းပြောသမျှ နာနေကြရသည်၊

“ဒါနဲ့ - ဦးဇင်းညီမ မိကြောင် - ဆုံးပြီမို့လား”

ရုတ်တရက် ဦးဇင်းက မေးသည်၊ ဦးဇင်းအမေးကြောင့် ကိုမြသောင်း၊ ကိုကျော်ညွှန့်အပါအဝင် ကိုထွန်းလှိုင်၊ ပြီးတော့ - ကျန်သည့် အလုပ်သမားအဖွဲ့တွေအားလုံး အံ့အားသင့်သွားကြသည်၊ တစ်ဦးနှင့်တစ်ဦး ကြည့်ကြရင်း စကားမပြောမိကြ။



“တင်ပါ့ ဘုရား၊ မိကြောင်ဆုံးတာကို တပည့်တော် ထည့်မလျှောက်မိတာ ခွင့်လွှတ်ပါ ဘုရား၊ မိုးက မရွာ၊ ဘေးဒုက္ခက တပည့်တော်တို့ရွာမှာပဲ ကွက်ပြီးဖြစ်နေတော့ စိတ်က ဗျာများနေလို့ပါ ဘုရား၊ ပြီးတော့ - ဦးဇင်းက ရွာကနေပြီး ထွက်သွားတာ နှစ်နှစ်ဆယ်ကျော်ပြီဆိုတော့”

ကိုကျော်ညွှန့်က မရဲတရဲလျှောက်သည်၊ ဦးဇင်းက ပြုံးသည်၊ ရှေ့မှနေ၍ မနားပဲ သွားရင်း ပြုံးနေသည်၊ ပြုံးရင်း ရွာဆီ ကြည့်သည်၊ လယ်ကွက်တွေ၊ ယာခင်းတွေဆီ ကြည့်သည်၊

“အင်း - ဟုတ်မှာပါလေ၊ ဦးဇင်းကို အားလုံးက သေပြီ၊ လောကမှာ မရှိတော့ဘူးလို့ ထင်နေကြတာပဲကိုး၊ ဒါတွေ ထားပါတော့လေ၊ တကယ်တော့ ဦးဇင်းမှာလည်း ကိုယ့်ခံယူချက်နဲ့ကိုယ်ပါ၊ ရွာကို မပြန်တော့ဘူး၊ နေရတဲ့လူ့ဘဝလေးမှာ အသုံးရှိရှိ၊ အကျိုးရှိရှိနဲ့ ကျင့်ကြံဆောင်ရွက်မယ်ဆိုပြီးသာ သန္နိဋ္ဌာန် ချခဲ့တာပဲ၊ ခုတော့ - အားလုံးကို စွန့်လွှတ်နိုင်ပြီ၊ တရားလည်း ကျပြီ၊ တရားလည်း ရပြီကွယ်၊ ဒီတော့ - ဘာသံယောဇဉ်မှ မရှိတော့ဘူး၊ မထားတော့ဘူး”

“တင်ပါ့ ဘုရား”

“မှန်ပါတယ် ဘုရား”

ဦးဇင်းစကားအဆုံး ကိုမြသောင်းတို့အဖွဲ့က ဖြေကြသည်၊

“ဦးဇင်း ရွာကထွက်တော့ စစ်ကိုင်းတောင်မှာ တော်တော်ကြာကြာနေခဲ့သေးတယ်၊ နောက်တော့ - မင်းကွန်းဘက် ကူးခဲ့တယ်၊ အဲဒီတုန်းတတည်းက သက်န်းဝတ်နေခဲ့ပေါ့”

“တင်ပါ့”

“မင်းကွန်းကနေပြီး အမရပူရဘက်၊ နောက် - မန္တလေး၊ အဲဒီကနေ ဒေါက္ခြိုဆက်ကူးပြီး ကံဘက်ရောက်သေးတယ်၊ နောက်မှ ရှမ်းပြည်ဘက် ဘာသနာပြု ကြွတော့မယ်ဆိုပြီး ဘဝကို အစဖြတ်ခဲ့တာပေါ့၊ ရွာကိုလည်း အဆက်အသွယ်မလုပ်တော့ဘူး၊ သံယောဇဉ်ဆိုတာ ပူလောင်စေတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာသိတယ်။ ဆွေမျိုး မွေးချင်းနဲ့ မိဘဆိုတာ သံသရာရှည်စေတဲ့အရာဆိုတာလည်း သဘောကျ၊ နားလည်လက်ခံခဲ့တယ်။ ခန္ဓာကိုယ်ဆိုတာလည်း အပုပ်ကောင်ကြီးဆိုတာ ကျင့်ရင်းသိပြန်တယ်။ ပြီးတော့ - ကိုယ့်မှာရှိတဲ့ ပစ္စည်း၊ လယ်ယာ၊ ကျွဲနွား၊ ရွှေငွေဆိုတာလည်း မီးတစ်ပါး၊ သံသရာရှည်ရာ အဆိပ်၊ အချင်းချင်း အမုန်းပွားစရာဗြဲုဟ်ဆိုးလို့ မြင်ပြန်ရော၊ အင်း - ဟုတ်ပါတယ်လေ၊ သံယောဇဉ်ဆိုတာ မထားတာပဲ ကောင်းပါတယ်၊ အခု - ဦးဇင်းကြွလာတာ ရွာအတွက်၊ အများအတွက်ကြောင့်ပါ၊ ဦးဇင်းညီမ၊ ဦးဇင်းတူမ၊ ဦးဇင်းဆွေမျိုးတွေအတွက်ဆိုရင် မကြွပါဘူး၊ ရွာမှာဖြစ်နေတဲ့ဒုက္ခကို ကယ်ချင်လို့ပါ"

"တင်ပါ့ ဘုရား"

"ကျေးဇူးပါပဲ ဘုရား"

ဦးဇင်းစကားအဆုံး အပြိုင်ဖြေကြရပြန်သည်၊ ကိုကျော်ညွန့်က -

"တင်ပါ့ ဘုရား၊ ဒီလိုဆိုရင် - ဦးဇင်းညီမဆုံးတာ ဦးဇင်းသိတယ်လား ဘုရား"

"အိမ်း - အိမ်း - ဘယ်သူမှမပြောပေမဲ့ ဦးဇင်း သိပါတယ်"

တီးတိုးမိန့်ရင်း ရွာဆီကြည့်ဆဲ၊ တမာစုရွာသည် ရှေ့မှာ ....၊

မဝေးတော့၊ မကြာခင် ရွာဝင်တော့မည်ပဲလေ၊

✓ ✓✓

"ကိုမြသောင်းတို့ ပြန်လာပြီဟေ့"

"ရှမ်းပြည်ဘက်က ပြန်လာကြပြီ"

"အားလုံးပြန်လာကြတာဟေ့"

"ဦးဇင်းတစ်ပါးလည်း ပါတယ်ဟေ့"



ကောင်မလေး သုံးလေးဦးက ရွာတံခါးဝင်လာသည့် ကိုမြသောင်းတို့ အဖွဲ့ကိုမြင်တော့ အော်ဟစ်ပြောရင်း ရွာထဲ ဝင်ပြေးသည်၊ ကောင်မလေးများ အသံကြောင့် ယောကျ်ားအချို့နှင့် မိန်းမအချို့က ထွက်ပြီးကြည့်ကြသည်၊ ရှမ်းပြည်က ပြန်လာသည့် လက်ဖက်ခြောက်ခူးအဖွဲ့ထက် ရှေ့တွင် ကြွလာသည့် ဦးဇင်းကိုကြည့်ရင်း အံ့အားသင့်နေကြသည်၊

"ဦးဇင်း"

"ပြော"

"ရွာဦးကျောင်းကို ကြွကြရအောင် ဘုရား၊ တပည့်တော်တို့ ဦးဇင်းကြွလာတဲ့အကြောင်း ဆွမ်းကွမ်းကိစ္စ တိုင်ပင်ပြီးမှ"

ကိုထွန်းလှိုင် လျှောက်တင်သံ မဆုံး၊ ဦးဝိမလက -

"ဒကာတို့ - မင်းတို့ကိုယ့်အိမ် ကိုယ်ပြန်၊ ငါမှတ်မိတယ်၊ ရွာဦးကျောင်းကို ငါကြွမယ်၊ ငါ့အတွက်နဲ့ ဘာမှမလုပ်ကြနဲ့၊ ဘာမှမကပ်ကြနဲ့၊ မကပ်နိုင်၊ မလာနိုင်လို့ ငါ့စိတ်ထဲမှာ ဘာမှမခံစားရဘူး၊ မင်းတို့ကပ်မယ့်ဆွမ်းလည်း ငါ - ဘုဉ်းမပေးဘူး၊ ကဲ - သွားကြ - သွားကြ"

"တပည့်တော် လိုက်ပို့ပါရစေ ဘုရား"

"ရတယ် - မှတ်မိတယ်၊ ကဲ - သွားကြ"

ဦးဇင်းက တည်ငြိမ်စွာ ပြောသည့်အတွက် အားလုံးမှာ ဦးဇင်းရှေ့မှာ ဦးချကြသည်၊ ဦးဇင်းက သာဓု သုံးကြိမ်ခေါ်သည်၊ မိုးလေဝသ မှန်ပါစေဟု ဆုတောင်းပြီး ဘေးဝဲယာကို မကြည့်ပဲ ရွာဦးကျောင်းကို ကြွသွားပြီ၊ ဒီတော့ ကိုယ့်အိမ် ကိုယ်ပြန်ကြရချေပြီ၊

အော် - မိုးခေါင်ဒဏ်ကြောင့် ရွာက ခြောက်ကပ်နေသည်၊ ရွာဝန်းကျင်ရှိ လယ်တွေ၊ ခဲတောတွေက ခြောက်ကပ်နေသည်၊ အရင်ကလို ကျွဲနွားဆိုလို့ သိပ်မရှိတော့၊ လူသူလေးပါးလည်း လမ်းမပေါ်တွေ၊ အိမ်တွေထဲမှာ အသံပင် ကြားတော့၊ ယခင်က မိုးလေဝသကြောင့် ဆူဖြိုးခဲ့သည့်တမာစု၊ ခုတော့ လမ်းပေါ်၌ တွေ့ရသည့် ခွေးအချို့ပင်လျှင် ပိန်ပိန်ခြောက်ခြောက်၊ ကျယ်ကျယ်ဟောင် မဟောင်နိုင်ရှာတော့၊



www.burmeseclassic.com

www.burmeseclassic.com

ကိုမြသောင်းမှာ ပြန်လာပြီဆိုတော့ မိသားစုက ဝမ်းပန်းတသာ ကြိုရှာသည်။ ကိုမြသောင်းသာ မဟုတ်။ ကိုကျော်ညွန့်၊ ကိုထွန်းလှိုင်အပါအဝင် ကိုယ့်အိမ်ကိုယ်ဝင်၊ ရလာသည့်ငွေကိုအပ်၊ ပြုံးရွှင်စွာနှင့် မိသားစုတွေ ပြန်တွေ့ကြသည်။ သူတို့သာမဟုတ်၊ အခြားသူတွေကလည်း အိမ်ထောင်ရှိသူက မိသားစုထံ ပါတာအပ်၊ အိမ်ထောင်မရှိသူတွေကလည်း မိဘတွေထံ အပ်ကြ။

ပြီးတော့ – ရွာမှ ထွက်သွားသည့် ဦးဝိမလ ပြန်ကြွလာကြောင်း။

ရွာကို မိုးခေါင်သည့်ဒုက္ခမှ ကယ်ပေးရန် ကြွခဲ့ခြင်းဖြစ်ကြောင်း၊

သို့ကလို ပြောပြမိကြတော့ သူတို့မိသားစုတွေသာမက အခြားလူတွေ၊ အခြားမိသားစုတွေပါ ဝမ်းသာအားရ ဖြစ်နေကြရပြီ။ ပြီးတော့ – တိုသတင်းသည် ခဏချင်းပင် ပြန့်သွားပြီး ကျောင်းကို သွားကြပြီး ဦးဝိမလကို ဖူးမြော်သည်၊တွေ့ကြသည်။ ရှိသည့် ဘုဉ်းပေးစရာတွေ ကပ်ကြသည်၊

နောက် – ဦးဝိမလအကြောင်း တွေးကြသည်၊ တကယ်တော့ ....၊

ဦးကြာနှင့် ဒေါ်ရွှေတို့သည် တမာစုရွာပေါ်၌ ဩဇာရှိသည်၊ ချမ်းသာကြသည်။ ဦးကြာ၏မိဘများသည်လည်း ချမ်းသာကြသူတွေဖြစ်သလို ဒေါ်ရွှေ၏ မိဘတွေသည်လည်း ချမ်းသာကြသူတွေသာ ဖြစ်သည်။ ချမ်းသာသူတွေ အချင်းချင်းဆိုတော့ ဦးကြာဘက်က မိဘများက ဒေါ်ရွှေမိဘများကို သွားပြီး တောင်းရမ်းကြသည်၊ ဒေါ်ရွှေ၏ မိဘများကလည်း ဦးကြာ၏ မိဘတွေ၊ ဆွေမျိုးတွေ၏ ဂုဏ်ရှိန်ဂုဏ်ဝါကြောင့် သဘောတူကြသည်။ နောက်တော့ တောင်းရမ်းမှုမပြုခင် စကားကမ်းလှမ်းအပြီး အိမ်တင်အိမ်သားကိစ္စ၊ ကျွေးမွေးရေးကိစ္စများ ပြောအပြီး စကားကမ်းလှမ်းပွဲပြီးခဲ့သည်၊ တောင်းရမ်းမည့် မင်္ဂလာပွဲရက်ကတော့ လယ်တွေသိမ်းပြီးချိန်သာ ဖြစ်ခဲ့သည်၊

ပြောထားသည့်အတိုင်း လယ်တွေသိမ်းပြီးချိန်၌ ဦးကြာ၏ မိဘများက ထမင်းကျွေးပြီး တင့်တောင်းတင့်တယ်ဖြင့် တောင်းရမ်းခဲ့သည်၊ အိမ်တင်လက်ဖွဲ့အဖြစ် လယ်ကွက်ရော၊ ရွှေအချို့ပါ လက်ဖွဲ့ခဲ့သလို၊ မရွှေ၏ မိဘများကလည်း လယ်ကွက်အချို့နှင့် ရွှေသားအချို့လက်ဖွဲ့ခဲ့ကြသည်။



လက်ထပ်ပွဲအပြီး တစ်နှစ်အကြာ၌ အိမ်ထောင်ခွဲသည်၊ သီးခြား စီးပွားရေး သီးခြားဘဝအဖြစ် ထူထောင်ကြသည်၊ အိမ်ထောင်ခွဲပြီဆိုတော့ ကြိုတင်ဝယ်ထားသည့်အိမ်ဝိုင်းမြေကွက်မှာ အိမ်ဆောက်ပြီး ခွဲခဲ့ကြသည်၊ နှစ်ဖက်မိဘတွေပေးသည့် လယ်ကွက်တွေ၊ ယာမြေတွေပါ အပြီးခွဲပြီး ဦးကြာက တောင် အလုပ်ကို ကြိုးစားလုပ်သည်၊ ဒေါ်ရွှေက စီးတဲ့ရေ ဆယ်တဲ့ ကန်သင်းသဘောနှင့် မြိုးမြဲချွေတာခဲ့သည်၊ အစုအဆောင်း ကောင်းခဲ့သည်၊

အိမ်ထောင်ခွဲပြီး နှစ်နှစ်အကြာ၌ သားတစ်ဦး မွေးခဲ့သည်၊

အမည်က ဝင်းမောင်၊ ဗုဒ္ဓဟူးသား၊

ဝင်းမောင်သည် မွေးကတည်းက တစ်ချက်သာ အဲ့ခနဲ ငိုပြီးသည့်နောက် နောက်ထပ် မငိုတော့၊ ဝင်းမောင်မွေးအပြီး စီးပွားရေးက ပိုတက်လာသည်၊ ဝင်ငွေပိုကောင်းလာသည်၊ လယ်တွေက စပါးထွက်ပိုသည်၊ ပဲကြဲ၊ နှမ်းကြဲသည့် သဲတောမြေတွေက အထွက်ပိုခဲ့ကြသည်၊ နောက်တော့ – ဝင်းမောင်အသက်သုံးနှစ်အရတွင် သမီးတစ်ဦး မွေးခဲ့သည်၊ အမည်က မိကြောင်၊ စောစောက မည်သည့် မိဘများက ထင်ပေါ်ကျော်ကြားစေဖို့အတွက် နေ့သင့် နံသင့်အဖြစ် မိကျော်ဟု ခေါ်စေခဲ့သည်၊ သို့သော် မွေးအပြီး လူ့ဘဝတင်ခြေချသည့်အချိန်၌ အခြားကလေးများလို အသံမျိုးမဟုတ်ပဲ ကြောင်တစ်ကောင်လို အော်ဟစ်ငိုခဲ့၍ မိကျော်ဟု ခေါ်ရာမှ ကြီးသည့်အထိ မိကြောင်ဖြစ်သွားရသည်၊ မိကြောင်သည် အမည်နှင့် လိုက်ဖက်စွာ အသံရော၊ ရုပ်ရည်ပါ ကြောင်တစ်ကောင်နှင့် မခြား တူသည်၊ အသံကလည်း ကြောင်သံ၊ မျက်နှာကလည်း ကြောင်တစ်ကောင်မျက်နှာမျိုး၊ အားလုံးချွတ်စွပ်၊

ဝင်းမောင် ကျောင်းလိုက်အရွယ်ရောက်တော့ မိကြောင် ကျောင်းမလိုက်သေး၊ သုံးနှစ်သာ ရှိသေးသည်၊ ဝင်းမောင် သုံးတန်းရောက်မှ မိကြောင် ကျောင်းလိုက်အရွယ်သာ ရှိသေးသည်၊ တမာစုမှာ ကျောင်း မရှိသေး၊ ရွာနှင့် နီးမှိုင်ဝေးသည့် သရက်တောကို ကျောင်းတက်ရသည်၊ ဝင်းမောင် ရှစ်တန်းရောက် မူလတန်းကျောင်း ဖွင့်အပြီး မိကြောင် ငါးတန်းရောက်ခဲ့သည့်နှစ်၌ မူလတန်းကျောင်း ဖွင့်ခဲ့သည်၊

www.burmeseclassic.com

'မင်းကိုတော့ အားနာပါရဲ့ကွာ။ ပြောရဦးမယ်။

ဒီလိုကွ–မင့်ညီမ မိကြောင်က စုန်းမကြီးတဲ့'

'ဗျာ...'

'ဟုတ်တယ်–ဝင်းမောင်။ လကွယ်ညတိုင်း ရွာတောင်ဘက်

လယ်ကွင်းတွေဘက်ထွက်ပြီး ဟားတိုက်ရယ်တယ်တဲ့။

ပြီးတော့–ရွာပြင်ထွက်တဲ့ ခွေးတွေ၊ ကြောင်တွေ၊

လယ်ကြွက်တွေ၊ မြွေတွေကိုဖမ်းပြီး အစိမ်းလိုက်

စားနေတယ်တဲ့'



ဝင်းမောင် ရှစ်တန်း ဖြေချိန်၌ ဖခင်ဖြစ်သူ ဦးကြောတစ်ယောက် ဆုံးပါးခဲ့သည်။ ဝင်းမောင် ကျောင်းထွက်ခဲ့သည်။ ဝင်းမောင် ကျောင်းထွက်ပြီး တောင်သူလုပ်ရသည်။ ထိုနှစ်၌ပင် မိကြောင် ခြောက်တန်းအရောက်၌ ကျောင်းထည့်မရတော့။ မှတ်မှတ်ရရ ဖခင်ဖြစ်သူသေသည့်နှစ်၌ပင် မောင်နှမနှစ်ဦးစလုံး ကျောင်းထွက်ရသည့်နှစ်ဟု ဆိုရမည်။



တောသူလုပ်ငန်းလုပ်ရင်း နေလာခဲ့ကြရာ မိခင်ဖြစ်သူသည်လည်း လွန်ဆန်နိုင်သည့် သေလမ်းကို သွားရပြီ၊ သေမင်းနိုင်ငံသို့ သွားခဲ့ရသည်၊ ထိုစဉ်က ဝင်းမောင်အသက် (၂၁)နှစ်၊ မိကြောင်အသက် (၁၈)နှစ်ထဲ အရောက်၊

ပထမဆုံး အိမ်ထောင်ပြုသူက မိကြောင်၊ မိကြောင် အိမ်ထောင်ပြုသည့်လူက မိကြောင်တို့လို တောင်သူမဟုတ်၊ အလုပ်သမား၊ မိကြောင်တို့ အိမ်မှာခိုင်းသည့် လူငှား၊ အမည်က နောက်တိုး၊ နောက်တိုးသည် လူငှားဖြစ်သည်၊ နောက်တိုးတစ်ယောက် ဝင်းမောင်နှင့် ကျောင်းအတူတူ နေခဲ့သူဖြစ်သည်၊ ကျောင်းစာကညံ့၊ ဆိုးလည်း ဆိုးသည့်လူဖြစ်သည်၊ နောက်တိုးက ခုနစ်တန်းကျ၍ ကျောင်းထွက်ပြီး တောလိုက်လုပ်ငန်းလုပ်ခဲ့ရာမှ ဝင်းမောင် ချက်နာနှင့် ဝင်းမောင်တို့အိမ် လူငှားဝင်ခဲ့ခြင်းပင်၊ ဝင်းမောင်က နောက်တိုးကို ခင်မင်သူပီပီ၊ အတွင်းသိ၊ အစင်းသိပေမို့ ခေါ်ထားခဲ့သည်၊ နောက်ပိုင်း ဝင်းမောင် ကျောင်းထွက်၊ တောင်သူလုပ်ငန်း ဦးစီးပြီး လုပ်ကိုင်ပြန်တော့လည်း နောက်တိုးနှင့် အတူတူပင်၊

တကယ်တော့ ဝင်းမောင်က အေးသည်၊ ရိုးသည်၊ အခြားစိတ်တွေ ထား၊ အလုပ်ကို အလုပ်ဟုပဲမြင်သည်၊ သိသည်၊ စကားသိပ်မပြော၊ နောက်တိုးကတော့ လုပ်စရာရှိတာလုပ်၊ ထွန်စရာရှိတာ ထွန်၊ မျိုးကြဲ၊ မျိုးကြဲစရာရှိကြဲခဲ့ပြီး ညနေတိုင်း အရက်ဆိုင်သွားသည်၊ နောက်တိုး အရက်သောက်သည်ကို ဝင်းမောင် မပြော၊ အပြစ်မမြင်၊ မိကြောင်ကလည်း ဘာမှမပြော၊ တကယ်တော့ - နောက်တိုးနှင့် မိကြောင်က တစ်စိတ်ထဲ တစ်ကြံတည်း၊

နောက်တိုးနှင့် မိကြောင်တို့ ချစ်သူတွေ ဖြစ်နေတာ ဝင်းမောင် မသိ၊ နောက်တိုးမှာ မိကြောင်ကို ပိုင်နေပြီဆိုတော့ နောက်တိုးမှာ အိမ်ရှင်လိုဖြစ်နေပြီး ဝင်းမောင်က လူငှားလို့ဖြစ်နေခဲ့သည်၊ ဝင်းမောင်အပေါ်နိုင်ချင်သလို၊ မိကြောင်ကလည်း ဝင်းမောင်အပေါ် နိုင်ချင်သည်၊ ဝင်းမောင်ကတော့ စိတ်အေးအေးနေတတ်သူဖြစ်ပြီး မိကြောင်နှင့် နောက်တိုးစီမံသလို ခေါင်းညိတ်

www.burmeseclassic.com

ခဲ့သည်၊ လယ်ထွန်ဆိုရင် ထွန်၊ သဲတောထွန်ဆိုရင် ထွန်၊ ပြီးတော့ - ဘယ်ရက်ပျိုးကြဲဆိုရင် ကြဲ၊ ဘယ်ရက် ပေါင်းနုတ်ဆိုရင် နုတ်၊ ဘယ်ရက် လယ်ရိတ်ဆိုရင် ရိတ်၊ ကျီထဲ သွင်းဆိုရင် သွင်း။ ဒါ - ဝင်းမောင်တာဝန်။

ဝင်းမောင်ကတော့ ခိုင်းရင်လုပ်၊ ခေါ်ရင်သွား၊ ကျွေးရင်စား။

အရုပ်တစ်ရုပ် ...။

တကယ့်အရုပ်တစ်ရုပ်။ သူ့မျက်နှာက အမြဲတမ်းပြုံးနေသည့်အကျင့်အတိုင်း ပြုံးနေဆဲ၊ စိတ်ဆိုးတာမျိုး မရှိ၊ လောဘ၊ ဒေါသ၊ မောဟ မရှိ၊ ဝင်းမောင်သိတာက လောကအကြောင်း၊ လူတွေအကြောင်း ဘာမှမသိချင်ခြင်းသည် ဝင်းမောင်၏အသိပင်ဖြစ်သည်။ မှန်သည်၊ ဝင်းမောင် ဘာတိုမျှမသိချင်ပါ၊ မသိချင်တော့ပါ။

နောက်တော့ နောက်တိုးနှင့် ညီမဖြစ်သူအကြောင်း သိသွားသည်၊

"ညီမလေး - နောက်တိုးနဲ့ ယူကြတော့မယ်ဆို"

အေးဆေးစွာ မေးသူက ဝင်းမောင်၊

"ဟုတ်တယ် - ဘာပြုလို့လဲ"

"ဘာမှမပြုပါဘူး၊ အင်း - အရွယ်ရောက်ပြီဆိုတော့ အိမ်ထောင်ပြုတာမမှားဘူး၊ ညီမလေး စိတ်ချမ်းသာရင် ပြီးတာပဲ"

သို့ကလိုသာ ပြောသည်၊ နောက်ထပ်မပြော၊ လယ်တွေသိမ်းအပြီးနောက်တိုးမိဘတွေ၊ ဆွေမျိုးတွေက မင်္ဂလာဆောင်ပေးကြသည်၊ မင်္ဂလာဆောင်တော့လည်း မိကြောင်က ငွေထုတ်ပြီး ဆောင်ခဲ့သည်၊ မင်္ဂလာဆောင်သည့်ရက်က ဝင်းမောင်သည် လုပ်စရာရှိတာ လုပ်ပေးခဲ့ပြီ၊ မင်္ဂလာပွဲပြီးတော့ဝင်းမောင်တစ်ယောက် တကယ့်ကျွန်တစ်ယောက်၊ အလုပ်သမားတစ်ယောက်ဖြစ်ခဲ့ရပြီ၊ နောက်တိုး ခေါ်ရင် သွား၊ ခိုင်းရင် လုပ်၊ ညီမဖြစ်သူတလည်း ငေါက်ငမ်းဆဲဆူနှင့်၊

နောက်တော့ ...။



ဝင်းမောင်တစ်ယောက် စီးပွားရေးအကြောင်း၊ လူမှုရေးအကြောင်းတွေးမိသည်၊ စီးပွားရေးက အဆင်မပြေတော့၊ ယခင်က နွားတစ်ရှဉ်းအုပ်နှင့် ကျွဲတစ်ကောင် ရှိသည်၊ အခု - ကျွဲမရှိတော့၊ နွားတစ်ကောင် မရှိတော့၊ မိဘလက်ထက်က လယ်ကွက်တွေထဲက သုံးပုံနှစ်ပုံ ကုန်ပြီ၊ သဲတောလေးကွက်က နှစ်ကွက်ပဲ ကျန်တော့သည်၊ ဝင်းမောင်ကသာ တောင်သူလုပ်နေသည်၊ နောက်တိုးက ထန်းတောက မပြန်၊ အရက်ဖိုက မထ၊

ထားတော့၊ လူမှုရေး ...၊

ဝင်းမောင်တို့အိမ် လူဝင်လူထွက်မရှိ၊ ဘာကြောင့် အဝင်အထွက် မရှိကြတာလဲ၊ စီးပွားရေး ကျသွားလို့လား၊ နွား၊ ကျွဲတွေ မရှိတော့လို့လား၊ မိဘလက်ထက်က ရွှေထည်တွေ မရှိတော့လို့လား၊ လယ်ကွက်တွေ အားနည်းသွားလို့လား၊ သဲတောမြေတွေ ကုန်ခါနီးလို့လား၊

ဒါဝင်းမောင်အတွေး၊

သို့သော် -

"ဝင်းမောင်"

"ဗျာ"

"မင်းကိုတော့ အားနာပါရဲ့ကွာ၊ ပြောရဦးမယ်၊ ဒီလိုကွ - မင့်ညီမမိကြောင်က စုန်းမကြီးတဲ့"

"ဗျာ ..."

"ဟုတ်တယ် - ဝင်းမောင်၊ လကွယ်ညတိုင်း ရွာတောင်ဘက် လယ်ကွင်းတွေဘက် ထွက်ပြီး ဟားတိုက်ရယ်တယ်တဲ့၊ ပြီးတော့ - ရွာပြင်ထွက်တဲ့ ခွေးတွေ၊ ကြောင်တွေ၊ လယ်ကြွက်တွေ၊ မြွေတွေကို ဖမ်းပြီး အစိမ်းလိုက်စားနေတယ်တဲ့"

"ဟုတ်တယ် - ဝင်းမောင်၊ မင့်ညီမက ထမီခြုံလိုက်ရင် လင်းတဖြစ်သွားပြီး ပျံနေတာအထိ တွေ့နေကြပြီကွ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ရွာအပြင်လယ်ကွင်းစပ်မှာ သူငယ်ချင်းနှစ်ဦးနှင့်တွေ့သည်။ တွေ့တော့ - အမှန်တရားကို ရင်ဖွင့်ပြသည်။ ဒီတော့ - ဝင်းမောင် ဘာပြန်ပြောရမည်၊ ဘယ်လိုဖြေရမည်ကို မသိ။ အိမ်ကို လူသူလေးပါး မလာကြတာ ညီမဖြစ်သူ ပညာကြောင့်ဆိုတာ ဝင်းမောင် သဘောပေါက်ခဲ့ပြီ။

"ဟုတ်တယ် - ဝင်းမောင်၊ ဟိုနေ့က ကိုကြက်တောနဲ့ ကိုဖွေးအောင်ကို ဗိုက်နာအောင် လုပ်လို့ ဆရာခေါ်ပြီး ကုရတာတဲ့၊ အဲဒါ - ဆရာ့ရှေ့မှာ မင့် ညီမ ကုန်းကုန်းကြီး ပေါ်လာတယ်တဲ့"

"အေးကွာ - မင့်ညီမပညာစမ်းတာ ရွာကလူတွေ တော်တော်ခံနေရပြီ၊ ဝင်းမောင် - မင့်ညီမပညာက စုန်းထက် သာတယ်၊ ကဝေထက် သာတယ်တဲ့ကွ၊ ပညာအမည်တော့ မပြောတတ်ဘူး"

ပြောလာကြသည်က လူအမျိုးမျိုး။

အကြောင်းအမျိုးမျိုး၊ ဝင်းမောင်နားမှာ ညီမဖြစ်သူအကြောင်း မဆန့်တော့ပြီ၊

"နင် - ဒီပညာကို ဘုရားမှာ လှူလိုက်ပါ၊ ငါ ရွာဦးက ဆရာတော်နဲ့ တွေ့ခဲ့ပြီ၊ တိုင်ပင်ခဲ့ပြီးပြီ၊ အေး - ဆရာတော်က မိန့်လိုက်တယ်၊ ဘုရားမှာ ဒီပညာကို အလှူနိုင်းပါတဲ့၊ လှူလိုက်ရင် ဒီပညာတွေ ပျောက်သွားမယ်တဲ့"

"... ... ..."

မိကြောင် ဘာမျှမပြော၊ ဒေါသတကြီးနှင့် ဝင်းမောင်ထံ ကြည့်သည်၊ အကြည့်များက ရဲရဲစူးစူး၊

"သေချင်လို့လား"

"ဘာ"

မထင်မှတ်ဘဲ ညီမဖြစ်သူ မိကြောင်၏စကားကြောင့် လန့်သွားသူက အစ်ကိုဝင်းမောင်၊ ဝင်းမောင် မျက်လုံးပြူးသွားသည်၊ မယုံကြည်စွာနှင့်ပင် ကြည့်ရင်း နောက်ကို ဆုတ်သွားမိသည်၊



"ကျုပ် - မလှူဘူး - ဒါပဲ၊ နောက်တစ်ခါပြောရင် ဘယ်သူမှ မညှာဘူး၊ အခု - ကျုပ်ပညာကို တစ်ရွာလုံး သိသွားပြီဆိုတော့ ရယ်ချင်တယ်၊ ရယ်ချင်တယ်၊ မိကြောင် အားရအောင် ရယ်ချင်တယ် - ဟား - ဟား"

မိကြောင် အားရအောင် ရယ်သည်၊ နောက်ပိုင်း၌ မိကြောင်သည် ဝင်းမောင်အပေါ်ကို အငြိုးထားတော့သည်၊ အငြိုးထားခဲ့တာ အကြောင်းနှစ်ခုရှိသည်၊ တစ်ခုက သူက ကဝေမိစ္ဆာပညာကို လှူခိုင်းလို့၊ စွန့်ခိုင်းလို့၊ နောက်တစ်ချက်က ရှိသည့်ပစ္စည်းတွေ တစ်ဝက်တောင်းတော့မည်ကို စိုးလို့၊

ဒီတော့ အကြောင်းအရာအားလုံးသိသော ဝင်းမောင်၊

ရွာမှာ မနေတော့၊ ရွာဦးကျောင်းဆရာတော်ကို အကျိုးအကြောင်းပြောပြီး သက်နှးဝတ်၊ သာသနာ့ဘောင်ကိုတက်ပြီး ခရီးထွက်ခဲ့သည်၊ ဝင်းမောင် ခရီးက ဘယ်ရောက်လို့ ဘယ်ပေါက်မည်မသိ၊ ခရီးက ရှည်သည်၊ အကွေ့အကောက်များသည်၊ ဝင်းမောင် သိပါသည်၊ သို့သော် နောက်ကြောင်း မလှည့်တော့၊ ငဲ့စောင်းလို့ပင် မကြည့်တော့၊

ရွာက ထွက်ခဲ့တာ နှစ် နှစ်ဆယ်ပြည့်ပြီ၊ တစ်နှစ်စွန်းခဲ့ပြီ၊

✓ ✓✓

ရွာဦးကျောင်းပေါ်ဆရာတော်ကြီးအပါအဝင် ဦးဝိမလ၊ အစန်းနေ ဦးဇင်းသုံးပါးတို့သည် ဆွမ်းဘုဉ်းပေးရင်းရှိသည်၊ ဦးဝိမလသည် သက်သတ်လွတ်ဘုဉ်းပေးနေဆဲဖြစ်သည်၊ ဦးဝိမလ ရွာကို ရောက်ခဲ့တာ သုံးရက်ရှိပြီ၊ ရောက်သည့်ရက်ကတည်းက သက်သတ်လွတ် ဘုဉ်းပေးခဲ့သည်၊ ညရောက်ပါက ဘုရားထိုင်ပြီး မေတ္တာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းပွားများသည်၊ ပြီးပါက လယ်ကွင်းတွေ၊ သဲတောမြေတွေဆီသို့ တစ်ပါးတည်းကြွပြီး မေတ္တာပွားသည်၊ ရွာကိုပတ်ပြီး မေတ္တာပို့သည်၊ ဒါ - ညတိုင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဒီကနေ့ ဆွမ်းဘုဉ်းပေးချိန်မို့ ဆွမ်းဘုဉ်းပေးဆဲ။

ထိုအချိန် ကျောင်းအောက်မှာရော ကျောင်းပေါ်မှာပါ။ ရွာထဲက လူတွေ အပြည့်၊ ပြီးတော့ - အခြားရွာကလူတွေလည်းအပြည့်၊ တကယ်တော့ - တမာစုတစ်ရွာထဲကွက်ပြီး မိုးခေါင်ခဲ့တာ အများအသိ၊ ဘေးရွာကလူတွေ အသိ၊ တစ်နှစ်ထဲ မိုးခေါင်ရင် တော်သေးသည်၊ မိုးခေါင်ခဲ့တာ သုံးနှစ်ရှိပြီ လေးနှစ်ထဲ ဝင်ခဲ့ပြီ၊ တမာစုမိုးခေါင်သတင်းက အခြားမြို့တွေ၊ နယ်တွေထဲ



မိုးမရွာခြင်း ငါးပါးရှိပါတယ် ဘုရား။ အထက်ကောင်းကင်မှာ တေဇောဓာတ်ပျက်လို့ မိုးမရွာခြင်း။ လေတိုက်ခြင်းပျက်လို့ မိုးမရွာခြင်း။ ရာဟုလို့ခေါ်တဲ့ အသူရိန်နတ်ကြီး လက်ဝါးဖြင့်ခံလို့ မိုးမရွာခြင်း။ မိုးနတ်သားတို့ မေ့လျော့၍ မိုးမရွာခြင်း။ မင်းနှင့်လူတို့ တရားမစောင့်၍ မိုးမရွာခြင်းစတဲ့ အကြောင်းငါးပါး ရှိပါတယ် ဘုရား။ အဲဒီအချက်ထဲမှာ တစ်ချက်မှ ဖောက်ပြန်တာမျိုး မရှိဘူးလို့ တပည့်တော် ယုံကြည်တာကတစ်ကြောင်း၊ ပြီးတော့–တပည့်တော် ကြိုတင်တွေးထားတဲ့အကြောင်းတစ်ချက် ရှိပါတယ်



လူတွေအထဲလာကြည့်သည်၊ ဦးဖင်းများကို ပင့်ပြီး ငါးရုံ့မင်းပရိတ်ရွတ်ခဲ့တာ အခါခါ၊ လွန်ဆွဲပွဲ ကျင်းပခဲ့တာ အကြိမ်ကြိမ်၊ သို့သော် မိုးက အပ်ပေါက် တစ်ပေါက်မှပင်မကျခဲ့၊ ဒီတော့ - ထူးဆန်းသည်၊ ဆန်းကြယ်သည်၊ နက်နဲ သည်၊ ဖြစ်ရပ်က ရင်လေးစရာ၊ တွေးမယ်ဆိုရင် ရူးချင်စရာ၊

အခြားနယ်တွေ၊ ရွာတွေ မိုးကောင်းလွန်းလို့ စပါးတွေ၊ ပဲတွေ ကျီပြည့် ဆိုက်ပြည့် ရကြသည့်အချိန်၊ တမာစုမှာတော့ ကျီးအုပ်နှင့် မည်းမည်း၊ ယ်ကြားနှင့် ဖွေးဖွေးဖြစ်ခဲ့ရသည်ဆိုတော့ အထူးဆန်းဆုံးစာရင်း ဝင်ခဲ့သည်၊ သို့သော် မိုးရွာအောင် မဆောင်ရွက်ခဲ့ကြ၊ မဆောင်ရွက်နိုင်ကြ၊ ခုထက်ထိ မိုးမကျခဲ့၊

အဲ - ဒီကနေ့တော့ ဦးဝိမလတစ်ပါးတည်း မေတ္တာနှင့်ယှဉ်ပြီး မိုးကျ အောင်၊ ရွာအောင် လုပ်ပေးမည်ဟု မိန့်ခဲ့သည်၊

ဒီသတင်းကြောင့် ရွာလုံးကျွတ် ရောက်နှင့်နေကြပြီ၊ အခြားရွာက လူတွေလည်းရောက်လာကြပြီ၊ သို့ကြောင့် ကျောင်းပေါ်မှာ၊ ကျောင်းအောက် မှာ အပြည့်၊

ကျောင်းထိုင်ဆရာတော်ကြီးအပါအဝင် ဆွမ်းဘုဉ်းပေးပြီးသွားပြီ၊

"ဆွမ်းဘုဉ်းပေးပြီးပြီဟေ့"

"အားလုံး ကျောင်းအောက်ဆင်းကြ"

ရပ်ရွာတာဝန်ရှိ ကာလသားများကပြောတော့ ကျောင်းပေါ်မှ ထိုင်နေ သူတွေ ကျောင်းအောက်ဆင်းကြသည်၊ ကျောင်းပေါ်မှာ လူရှင်းသွားပြီ၊ သို့သော် ကိုမြသောင်းတို့၊ ထွန်းလှိုင်တို့အပါအဝင် ကာလသားဆယ်ဦးခန့် ကျန်ရစ်ဆဲ၊ ဦးဝိမလသည် ကျောင်းထိုင်ဆရာတော်ကြီးအား ဦးချမှုမပြုမီ ဘုရားရှင်မြတ်အား ရှည်စွာ၍ ဦးချသည်၊ ပြီးသည်နှင့် နတ်ကောင်းနတ်မြတ် များကိုတိုင်တည်ပြီး ဆရာတော်ကြီးအား ဦးချသည်၊ ဆရာတော်ကြီးက ဝင်းမောင်ဘဝနှင့်တုန်းက လူ့ဘဝမှ သာသနာ့ဝန်ထမ်းဘဝကူးပေးခဲ့သည့် ဆရာတော်ကြီး၊ သက်န်းဆီးပေးလိုက်သည့်ဆရာတော်ကြီး၊



www.burmeseclassic.com

www.burmeseclassic.com

ဦးဝိမလသည် ဆရာတော်ကြီးအား ဦးချအပြီး ခွင့်ပန်သည်၊

"အရှင်သူမြတ်ဘုရား - တပည့်တော်အား ဤရပ် ဤဒေသဝန်းကျင်ပေါ် သို့ အေးမြသည့်မိုးရေ၊ လူသားတွေကို အကျိုးပြုမည့်မိုးရေစက်တွေကျ အောင်၊ ရွာလာအောင် မေတ္တာဖြင့် ဆောင်ရွက်ခွင့်ပြုတော်မူပါ ဘုရား"

"ကောင်းပြီ - ခွင့်ပြုပါတယ် - တပည့်ကြီး"

"တပည့်တော်၏ဆောင်ရွက်ချက်ကို ဆရာတော် အရှင်သူမြတ်မှလည်း မေတ္တာဖြင့် ကူညီပါ ဘုရား"

"ကောင်းပြီ - ငါ ဆရာတော်ကြီး ကူညီမည်"

ဦးဝိမလသည် ဆရာတော် အရှင်မြတ်ကြီးအား ဦးချလျှောက်ထားအပြီး ပျပျဝပ်ဝပ်နေရင်းမှ ခါးကို ဆန့်သည်။ ဒူးတုပ်သည်၊ လက်အုပ်ချီရင်း ထိုင် နေဆဲ၊

"ဒီကနေ့ တပည့်တော် - သုသာန်မြေကို သွားမယ် ဘုရား"

ဦးဝိမလ အမိန့်စကားကြောင့် ကိုမြသောင်းတို့အဖွဲ့ မျက်လုံးပြူးသွား သည်၊

တစ်ယောက်တစ်ပေါက် ပြောကြသည်၊

"ဟာ - ဦးဇင်းက သုသာန်သွားမှာတဲ့"

"ဟုတ်တယ် - သုသာန်တဲ့ဟေ့"

"မိုးမရွာတာနဲ့ သုသာန် - ဘာဆိုင်လဲဟ"

"ရှူး - တိုးတိုး - ဦးဇင်းအပိုင်းပါကွ"

"မိုးရွာဖို့က အရေးကြီးတာဟေ့"

အမျိုးမျိုးပြောကြသည်၊ ဆရာတော်ကြီးသည် ဦးဝိမလအား ဘာမျှ မမိန့်၊ မတားမဆီး၊ သွားပါဟုလည်း မပြော၊ မမိန့်၊ ဆရာတော်ကြီးသည် ခေါင်းညိတ်ဆဲ၊

ဦးဝိမလက ဆက်လျှောက်သည်၊

"မှန်လှပါ ဘုရား၊ မိုးလေးပါးထဲမှာ ဂဇ္ဇိတာ နော ဝဿိတာ - ခြိမ်းကား ခြိမ်း၏၊ မရွာသောမိုး၊ ဝဿိတာ နော ဂဇ္ဇိတာ - မခြိမ်းဘဲ ရွာသောမိုး၊ ဂဇ္ဇိတာစ



ဝဿိတာ - ခြိမ်းလည်းခြိမ်း ရွာလည်းရွာသောမိုး၊ နေဝ ဂဇ္ဇိတာ နေဝ ဝဿိတာ - ခြိမ်းလည်းမခြိမ်း ရွာလည်း မရွာသောမိုး၊ မိုးလေးပါး ရှိပါတယ် ဘုရား၊ ဒါပေမဲ့ - ယခု တပည့်တော်တို့ရွာမှာ အဲဒီမိုးလေးပါးနဲ့လည်း မဆိုင်ပါဘူး ဘုရား၊ ဘာပြုလို့လည်းဆိုရင် အခြားဒေသ၊ အခြားအရပ်တွေမှာ မိုးရွာပြီး ရွာနဲ့ဝန်းကျင်မှာ မရွာစဲ့လို့ပါ ဘုရား"

"အင်း - အင်း - ဆက်ပါဦး"

ဦးဝိမလ စကားအဆုံး ဆရာတော်ကြီးက ခေါင်းတညိတ်ညိတ်၊

"မိုးမရွာခြင်း ငါးပါးရှိပါတယ် ဘုရား၊ အထက်ကောင်းကင်မှာ တေဇော ဓာတ်ပျက်လို့ မိုးမရွာခြင်း၊ လေတိုက်ခြင်းပျက်လို့ မိုးမရွာခြင်း၊ ရာဟုလို့ခေါ်တဲ့ အသူရိန်နတ်ကြီး လက်ဝါးဖြင့်ခံလို့ မိုးမရွာခြင်း၊ မိုးနတ်သားတို့ မေ့လျော့၍ မိုးမရွာခြင်း၊ မင်းနှင့်လူတို့ တရားမစောင့်၍ မိုးမရွာခြင်းစတဲ့ အကြောင်းငါးပါး ရှိပါတယ် ဘုရား၊ အဲဒီအချက်ထဲမှာ တစ်ချက်မှ ဖောက်ပြန်တာမျိုး မရှိဘူးလို့ တပည့်တော် ယုံကြည်တာကတစ်ကြောင်း၊ ပြီးတော့ - တပည့်တော် ကြိုတင် တွေးထားတဲ့အကြောင်းတစ်ချက် ရှိပါတယ် ဘုရား၊ အဲဒါကြောင့် - အဲဒီ အကြောင်းကိုတော့ မိုးရွာတဲ့အချိန်ကျမှပဲ လျှောက်တင်ခွင့်ပြုပါ ဘုရား"

"အင်း - အင်း - ကဲ - ကဲ - မိုးရွာရင် ပြီးတာပါပဲလေ - ဟုတ်လား"

"တင်ပါ့ ဘုရား၊ မိုးမရွာအောင်လုပ်ထားတဲ့ ကဝေမ၊ မိစ္ဆာမက သုသာန် ထဲမှာ ဘုရား၊ ဒီမကောင်းဆိုးဝါးမကို တပည့်တော် နိုင်အောင်ပြုရပါလိမ့်မယ် ဘုရား၊ ဒီမိစ္ဆာမကိုနိုင်ရင် မိုးရွာပါပြီ ဘုရား"

"အင်း - အင်း - ကောင်းပြီ"

"တပည့်တော် ဆောင်ရွက်ခွင့်ပြုပါ ဘုရား"

"ဟုတ်ပြီ"

ဦးဝိမလသည် နောက်တစ်ကြိမ် ဦးသုံးကြိမ်ချသည်၊ ပြီးသည်နှင့် လက် အုပ်ချီရင်း နောက်သို့ ရိုကျိုးစွာ ဆုတ်သည်၊ ပြီးမှ - တောင်ဝှေးနှင့် ပုတီး၊



www.burmeseclassic.com

www.burmeseclassic.com

ပြီးသည်နှင့် ဦးဇင်းပါလာသည့်လွယ်အိတ်ကြီးကို လွယ်ပြီး သက်န်း၊ အပို တစ်စုံကို ပခုံးထက်တင်သည်။ ဦးဝိမလ ကျောင်းပေါ်မှ ဆင်းလာပြီ။

"ဦးဇင်းလေး - ကြွလာပြီဟေ့"

"ဆင်းလာပြီဟေ့"

ကျောင်းအောက်မှ ပရိသတ်က အော်ဟစ်ကြသည်၊ ပြောကြသည်။ မိုးရွာမည့်အရေးဆိုတော့ ဝမ်းမသာပဲ ရှိမည်လား။

ကိုမြသောင်းက -

"ဦးဇင်းဘုရား - သုသာန်ကြွရမှာဖြင့် ဒီရွာကလူတွေပါ ခေါ်ခွင့်ပြုပါ ဘုရား"

"ဟုတ်ပါတယ် ဘုရား။ အရေးရယ်၊ အကြောင်းရယ်ဆိုရင် အကူအညီ ရအောင်လို့ပါ ဘုရား"

ကိုမြသောင်းစကားအဆုံး ကိုထွန်းလှိုင်က လျှောက်တင်သည်။

"အင်း - ရွာကလူတွေသဘောပဲ။ လိုက်ချင်လိုက်ခဲ့။ မလိုက်ချင်ရင်လည်း ရတယ်။ ဦးဇင်းတစ်ပါးထဲလည်း ရတယ်"

"အားလုံး ခေါ်ခွင့်ပြုပါ ဘုရား"

"မင်းတို့သဘော ..."

ဦးဝိမလက ခပ်တိုတိုပင်မိန့်ရင်း ရှေ့မှကြွသည်။ ရွာထဲကလူတွေ ဘေးသို့ ဖယ်ပြီး လက်အုပ်ချီထားသည်။

"ကဲ - ဦးဇင်းနောက်ကို လိုက်ခဲ့ကြ"

"အားလုံးလိုက်ခဲ့ကြ"

ကိုမြသောင်းတို့အဖွဲ့ အော်ပြောသည်။

"လာကြဟေ့"

"လိုက်ကြရအောင်ဟေ့"

"အားလုံးလာကြ"

"လိုက်ခဲ့ကြ"



ရွာကလူတွေ၊ အခြားရွာကလူတွေအားလုံး အော်ဟစ်ရင်း ပြောရင်းနှင့် ဦးဇင်းလေးနောက်က ပါလာသည်။ ဦးဇင်းနောက်မှ ကိုမြသောင်းတို့ ကာလသားအဖွဲ့ဝင်တွေ ပါလာသည်။ ဦးဇင်းလေးသည် ရွာဦးကျောင်းမှ တစ်ဆင့် ရွာထဲသို့ဖြတ်သည်။ ရွာ့အနောက်ဘက်ရှိ သုသာန်မြေကို ကြွမည် ဖြစ်သည်။

ရွာထဲအရောက် -

"ဒကာမြသောင်း"

"ဘုရား"

"တူရွင်းတစ်လက်၊ ပေါက်ပြား၊ ဓားတစ်ချောင်း ယူခဲ့။ မီးခြစ်ပါ ယူခဲ့"

"တင်ပါ့ ဘုရား"

ဟု လျှောက်တင်ရင်း လူငယ်လေးငါးဦးကို ပေါက်ပြား၊ တူရွင်း၊ ဓားတစ်ချောင်းနှင့် မီးခြစ် အယူခိုင်းသည်။ ဦးဇင်းသည် မိန့်အပြီး ဆက်ကြွသည်။ လူတွေသည် ရွာလယ်လမ်းမှာအပြည့်။ အဘိုး၊ အဘွားတွေ၊ ကလေးတွေပါ ပါကြသည်။

ဦးဇင်းသည် ပရိသတ်ထဲမှာ နောက်တိုးပါသည်ကို သိသည်။ နောက်တိုး သည် ညစ်ညစ်ပတ်ပတ်အဝတ်အစားတွေနှင့်။ ပြီးတော့ - အရက်မူးနေသည် ကိုလည်း သိသည်။ ဦးဇင်း၏ညီမနှင့် ရခဲ့သည့် တူမလေးလည်း ပါသည်ကို သိပါသည်။

ဦးဇင်း စဉ်းစားသည်။ စဉ်းစားရင်း ရွာထဲမှတစ်ဆင့် သုသာန်ဆီ ကြွနေ သည်။ သုသာန်သည် ရွာနှင့်ဝေးသည်။ ဝေးသော်လည်း မကြာပါ။ သုသာန်ကို ရောက်ခဲ့ပြီ။ ဦးဇင်းသည် သုသာန်မြေထဲ ဝင်လိုက်သည်။

"ကဲ - ရွာကလူတွေ - အားလုံး ဒီသုသာန်ချုပ်စပ်မှာ ရပ်ကြပါ။ ဦးဇင်းနဲ့ အတူ လူငယ် ဆယ်ဦး လိုက်ခဲ့ပါ"

"လာကြဟေ့"

ကိုမြသောင်းက လူငယ်များကို ရွေးပြီးခေါ်သည်၊ ကိုကျော်ညွန့်က -



www.burmeseclassic.com

www.burmeseclassic.com

"ဦးဇင်းယူခိုင်းတဲ့ပစ္စည်းယူတဲ့ကောင်တွေ ရောက်ပြီလား"

"ဟိုမှာ လာနေပြီ"

ကိုကျော်ညွှန့်စကားအဆုံး ကိုထွန်းလှိုင်က ပြောသည်။ ပြောရင်း ပစ္စည်းသွားယူသည့်လူငယ်များကိုပါ ခေါ်လိုက်သည်။ ပေါက်ပြား၊ တူရွင်းနှင့် ဓားယူသွားသည့်လူငယ်သုံးဦးလည်း အနားရောက်လာသည်။ အားလုံးစုံပြီဆိုသည်နှင့် ဦးဇင်းသည် သုသာန်ဇရပ်အနောက်ဘက် ထိန်ပင်ကြီးတွေ၊ အနောက်ဘေးရှိ အုတ်ဂူတွေဆီ ကြွခဲ့သည်။ မြေပုံတွေရော၊ အုတ်ဂူတွေရော သုသာန်မှာအပြည့်။ အချို့မြေပုံများက ဆွေးမြည့်နေဆဲ၊ အချို့က သစ်လွင်ဆဲ၊ ကာလကြာခြင်း၊ မကြာခြင်းတို့၏ ဖြစ်ပျက်မှုဟု ဦးဇင်း သိနေသည်။

"ဒကာ ထွန်းလှိုင်"

"ဘုရား"

"သုသာန်ရှုပ်စပ်မှာ နောက်တိုးဆိုတဲ့လူရှိတယ်၊ ခေါ်လိုက်ပါ"

"တင်ပါ့ ဘုရား။ ဟေ့ - လူအုပ်ထဲက နောက်တိုး - ဒီလာဟေ့"

"နောက်တိုး - မင့်ကိုခေါ်နေတာ"

"ဒီလာ"

ဦးဇင်းအမိန့်စကားအဆုံး ကိုထွန်းလှိုင်က လူအုပ်ထဲ လှမ်းကြည့်ရင်းခေါ်သည်။ အခြားလူငယ်တွေကပါ ခေါ်တော့ ကိုနောက်တိုးသည် မရဲတရဲနှင့်ရှေ့ရောက်လာသည်။ ဦးဇင်းရှေ့မှာ ရပ်သည်။ ဦးဇင်းက နောက်တိုးကိုခပ်ပြုံးပြုံးနှင့်ကြည့်သည်။

"ဒကာ နောက်တိုး"

"ဘု - ဘုရား"

"ဦးဇင်းကို သိလား"

"သိ - သိပါတယ် ဘုရား"

"ဟုတ်ပြီ - မင်းနဲ့အိမ်ထောင်ကျ၊ မင်းနဲ့ အိမ်ထောင်ကျအပြီး စီးပွားရေးတွေ ကုန်၊ အဲသလိုစီးပွားတွေပျက်တော့ မိကြောင် စိတ်ဆင်းရဲတယ်။ ပြီးတော့ - မိကြောင်ရဲ့ပညာကြောင့် လူတွေ ကြောက်ကြမယ် - ဟုတ်ရဲ့လား"



"တင် - တင်ပါ့ ဘုရား။ မိကြောင်ဟာ အဲဒီကဝေတို့၊ စုန်းတို့ဆိုတဲ့ ပညာတတ်တာ မသိခဲ့ပါဘူး ဘုရား။ နောက်မှသိရတာပါ ဘုရား"

ကိုနောက်တိုးစကားကြောင့် ဦးဇင်းက ခေါင်းညိတ်သည်။

"ဒကာ - နောက်တိုး - ဦးဇင်းပြောတာက စီးပွားတွေ ကုန်သွားတာ၊ ပျက်သွားတာ။ ဦးဇင်းညီမ သေခဲ့ရတာ။ ဦးဇင်း ဒေါသမဖြစ်ဘူး။ ဘာမှမခံစားရဘူး။ အကာ့အပေါ်လည်း အငြိုးမထားဘူး။ သိချင်တာကိုပဲ ဖြေပါ"

"တင် - တင်ပါ့ ဘုရား"

ဦးဇင်းက တည်ငြိမ်စွာ မေးသည်။ ကိုနောက်တိုးက ခပ်ကြောက်ကြောက်နှင့်ဖြေသည်။ ဘေးတွင်ရှိ လူငယ်တွေက ဦးဇင်းပြောစကား၊ ကိုနောက်တိုးပြန်ပြောသည့်စကားများကို နားစွင့်ရင်း စိတ်ဝင်တစား ဖြစ်နေကြဆဲ။

"ကဲ - မိကြောင် - ဘာဖြစ်လို့သေတာလဲ"

"ဒီ - ဒီလိုပါ ဘုရား။ သူဟာ ကဝေမမှန်းသိတော့ တပည့်တော် သူ့ကိုခေါင်းတော့ဘူး ဘုရား။ အဲဒီအချိန် ဦးဇင်းတူမဖြစ်တဲ့ တပည့်တော်ရဲ့သမီးဘလည်း သူ့အမေနဲ့ မနေချင်ဘူး။ မနေရဲဘူးဆိုပြီး တပည့်တော်မိဘအိမ်မှာ နေပါတယ် ဘုရား။ နောက်တော့ - မိကြောင်ဟာ တပည့်တော်ဆီ လိုက်လာပြီး သူ ဒီကနေ့ သေတော့မယ့်အကြောင်း၊ သေရင် မြေမမြှုပ်ဖို့ မှာခဲ့တယ် ဘုရား၊ ဂူပဲ သွင်းရမယ်တဲ့ ဘုရား"

"ဒကာက ဘာလုပ်ပေးလဲ၊ သေမှာကို မတားဘူးလား"

"မ - မတားရဲဘူး ဘုရား"

"ဆက်ပြောပါ - ဒကာ နောက်တိုး"

"အဲ့နဲ့ - မိကြောင်ဟာ အဲဒီရက်မှာပဲ သူ့ကိုယ်သူ သတ်သေသွားပါတယ် ဘုရား"

"အဲဒီနေ့ပဲ အလောင်းကို ဂူသွင်းတာပေါ့"

"တင်ပါ့ ဘုရား။ ဟိုဂူပါပဲ ဘုရား"

"ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကိုနောက်တိုးနှင့် စကားပြောအပြီး မိကြောင်အလောင်းရှိရာဂူအနီး ရပ်သည်။ ကာလသားတွေက ဦးဇင်းနောက်မှာ။ ဦးဇင်းလုပ်မည့်အလုပ် အတွက် ရင်ထိတ်ရင်း စောင့်ကြည့်ဆဲ။

"တကယ်တော့ - မိကြောင်ဟာ မိစ္ဆာမ။ ဟုတ်တယ် - မိစ္ဆာမပဲ။ တကယ် တော့ - သူ့ဘဝက စီးပွားလည်းပျက်၊ လင်နဲ့သမီးကလည်း ပစ်၊ ရပ်ရွာ ကလည်း ပယ်ထား။ လုပ်စားစရာမြေကလည်း မကျန်ဆိုတော့ - ဒီရွာ၊ ဒီလူ တွေကို ဒုက္ခပေးမယ်ဆိုပြီး သူ့ပညာနဲ့ မိုးမရွာအောင် တားခဲ့တာပဲ"

ဦးဇင်းက မိကြောင်ဂူကို ကြည့်ရင်း ပြောသည်။ ကိုမြသောင်းတို့အဖွဲ့ စကား မပြောနိုင်ကြ။ ဦးဇင်းသည် ဂူကို စူးရဲစွာကြည့်ဆဲ။ ကိုနောက်တိုးမှာ ကာလသားတွေနောက်နားရပ်ရင်း ရှိသည်။

"ဒကာ ထွန်းလှိုင်"

"ဘုရား"

"ဂူဖွင့်မယ် - လူရွေးပါ။ နှစ်ဦးဆိုရင် ရပါပြီ"

"တင်ပါ - တပည့်တော်နဲ့ မြသောင်း ဖွင့်မှာပါ ဘုရား"

"ကောင်းပြီ - အသင့်ပြင်ထား"

"တင်ပါ့ ဘုရား"

ဦးဇင်းသည် ကိုထွန်းလှိုင်ကို စကားဆက်မပြော။ ကိုထွန်းလှိုင်က ပေါက်ပြားကို ကိုင်ထားသည်။ ကိုမြသောင်းက တူရွင်း၊ ပေါက်ပြားနှင့် တူရွင်း ကို အရံသင့် ကိုင်ထားဆဲအချိန် ဦးဇင်းက ရပ်ဆဲ။ ရပ်ရင်း ပါးစပ်က တဖွဖွ ရွတ်ရင်းရှိသည်။ ပြီးသည်နှင့် ဦးဇင်းက လက်ထဲရှိ တောင်ဝှေးနှင့် ဂူထိပ်ကို ထိလိုက်သည်။

"အား ..."

ထိုအချိန် ဂူထဲမှ အော်သံ။ ကြောင်တစ်ကောင်မြည်သံမျိုး။

ဒါ - မိကြောင်ရဲ့အသံ။

"ဟင်"



"ဟာ"

"အော်သံကြီးဟေ့"

"ဒါ - သေသွားတဲ့ မိကြောင်အသံကြီးကွ"

အော်သံကို သုသာန်ချုပ်စပ်၌ နေခဲ့ကြသည့်လူတွေပါ ကြားကြသည်။

"မိစ္ဆာမ - နင့်အကြံ - ငါဖျက်ပြီ"

"နင့်ဂူကို ငါဖွင့်ပြီ - မိစ္ဆာမ"

"ဖွင့်တော့ ..."

ဦးဇင်းက သုံးကြိမ်တိတိမိန့်ကြားရင်း ဂူထိပ်ကို တောင်ဝှေးနှင့် ခပ်ဆတ် ဆတ် ရိုက်လိုက်သည့်အချိန် (အား - အမလေး) ဟူသည့်အသံတွေ ပေါ်လာ သည်။ ထိုအချိန် ကိုမြသောင်းနှင့် ကိုထွန်းလှိုင်က ဂူထိပ်ကိုဖွင့်သည်။ တူရွင်း နှင့် ထုရိုက်သံ၊ ပေါက်ပြားနှင့် ရိုက်ထုသံတွေက တအုန်းအုန်း၊ တဒုန်းဒုန်း။

မကြာပါ။

ဂူပွင့်သွားပြီ။

ဂူထဲ အသေအချာကြည့်ကြသည်။

"ဟင်"

"ဟာ"

"မိကြောင်သေတာ သုံးနှစ်ကျော်ပြီ။ အလောင်းက မပုပ်ဘူးဟေ့"

"ဟုတ်တယ် - အကောင်းပကတိအတိုင်းပါပဲလားကွ"

"ဟာ - ဟိုမှာ - ဟိုမှာ"

"ဟင် - ဟုတ်တယ်"

"ဟုတ်တယ်ဟေ့ - မိကြောင်ညာလက်က မိုးပေါ် ထောင်ထားပြီးနေ တာကွ"

"ဟုတ်တယ်ကွ - လက်ညှိုးနဲ့ ကောင်းကင်ကို ထိုးထားတာ"

"ဒါ - မိုးမရွာအောင် တားထားတဲ့သဘောကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဦးဇင်းသာ ကြွမလာရင် ဒီမိကြောင် တားထားလို့ ဘယ်တော့မှ မိုးရွာမှာ မဟုတ်ဘူးဟေ့"

"ဟုတ်ပ့ါကွာ ..."

"ဒါမှ - မိစ္ဆာအစစ်ကွ"

အုတ်ဂူအနားရှိ လူငယ်တွေ၏စကားကြောင့် သုသာန်ချုပ်စပ်၌နေကြသည့် ရွာထဲကလူတွေ၊ အခြားရွာကလူတွေ ပြေးလာပြီ။

ဦးဇင်းက မိန့်သည်။

"အလောင်းကို အပြင်ဆွဲထုတ်"

"တင်ပ့ါ ဘုရား"

"ဆွဲထုတ်ဟေ့"

"ဟင်"

"ဟာ"

"အမလေး"

"ညာလက်က မိုးပေါ်ထောင်ထားတယ်ဟေ့"

"လက်ညှိုးက မိုးပေါ် ထိုးထားတာကိုး"

"ဒါ - မိုးတားထားတာပဲ ဖြစ်မှာ"

"ဟုတ်တယ်ဟေ့"

နောက်မှရောက်လာသည့် လူတွေက မိကြောင်၏ အလောင်းကို ကြည့်ရင်း ပြောကြသည်။ ဦးဇင်းသည် မိကြောင်ထောင်ထားသည့်လက်ကို တောင်ဝေှးနှင့် ထိသည်။

"ဒကာမလေး - လက်ချလိုက်"

ဦးဇင်းက တည်ကြည်စွာ မိန့်သည်။ လက်က မချ။ ကောင်းကင်မှ ထောင်ထားဆဲ၊ လက်ညှိုးက ထိုးဆဲ၊ အခြားလက်လေးချောင်းက ကုပ်ထားဆဲ။

"ဒကာမလေး - လက်ချ - လက်ချ"



လက်က မကျ။ မချ။

"မိစ္ဆာမလေး - အများအကျိုး ပျက်ရာပျက်ကြောင်း မလုပ်ကောင်းဘူး၊ ချ - ချ - လက်ချလိုက်"

သုံးကြိမ်ပြောမှ မိကြောင်ညာလက်သည် ဗုန်းခနဲ လဲကျသွားချေပြီ။

"ဟင်"

"ဟာ"

"မိကြောင် - လက်ချသွားပြီ"

"ဟုတ်တယ် - ကျသွားပြီဟေ့"

အော်ပြောသံတွေက သုသာန်ထဲ နားကွဲလုလု။

"ဒကာ ထွန်းလှိုင်"

"ဘုရား ..."

"ဒီမိစ္ဆာမရဲ့အလောင်းကို မီးသင်္ဂြိုဟ်လိုက်ကြ၊ မီးမသင်္ဂြိုဟ်ရင် နောက်ထပ်မိုးတားနိုင်တယ်"

"တင်ပ့ါ ဘုရား"

"ကဲ - ဦးဇင်းကြွတော့မယ်၊ မိကြောင်အလောင်း မီးမသင်္ဂြိုဟ်ခင် သူ့သင်ရော၊ သူ့သမီးရော သူ့ဆွေမျိုးတွေပါ ပြရှင်းပြ"

"တင်ပ့ါ - ပြပ့ါမယ် ဘုရား"

"မီးသင်္ဂြိုဟ်ပြီးရင် - အရိုးကို မြေအနက်လေးငါးတောင်နက်အောင် တူးပြီး မြှုပ်ပါ"

"တင်ပ့ါ ဘုရား"

"ဆရာတော့်ကိုလည်း ကန်တော့သွားတယ်လို့ လျှောက်ပေးပါ။ ဦးဇင်း ကြွပါရစေ၊ မကြာခင် - မိုးရွာကျပေးပါလိမ့်မယ်"

"တင် - တင်ပ့ါ ဘုရား"

ဦးဇင်းသည် သုသာန်မှတစ်ဆင့် အဖော်မပါ၊ အပို့မခံပါပဲ တစ်ပါးတည်း ကြွသွားချေပြီ။ သုသာန်မြေကလွတ်တော့ ရွာဆီလှည့်ကာ သူ၏ လင်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဆရာအား ဦးချကန်တော့လိုက်သည်။ ရွာမှ ပရိသတ်ကြီးက ဦးဖင်းကို ကန်တော့သူ ကန်တော့၊ မိကြောင်အလောင်းကို ကြည့်သူကြည့်၊

လူငယ်များမှာ ထင်းတွေ သယ်သူသယ်၊ ထင်းတွေရတော့ စုပုံပြီး မီးရှို့ မြှင့်သည်၊ မြင့်ဆင်အပြီး မိကြောင်ကို မီးသဂြိုဟ်လိုက်ပြီ၊

ထိုအချိန် ဆရာတော်သည် အဝေးကို ရောက်နေပြီ၊

မီးကလည်း မိကြောင်ကို ဝါးမျိုဆဲ၊

ကောင်းကင်မှာတော့ တိမ်မည်းတွေ တက်လာနေပြီ၊

မိကြောင်အလောင်း ပြာကျသည့်အချိန်မှာတော့ မိုးက အပြိုးနှင့် ရွာရှ လိုက်ချေပြီတကား၊ သဲသဲမဲမဲ ရွာလိုက်ချေပြီတကား၊

✓ ✓✓

ခုတော့ ...၊

တမာစုရွာဝန်းကျင်၌ လယ်တွေက စိုစိုစိမ်းစိမ်း၊ ပဲခင်းတွေက လန်းလန်း ဆန်းဆန်း၊ တစ်ခါက ခြောက်သွေ့ခဲ့သည့်တမာစု၊ ခုတော့ ...၊

မိုးက အပြိုးနှင့် ရွာပေးနေချေပြီတကား၊

☛ တွင်းကြီးသား တင်ဝင်းဦး




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဒါနတောင်ခြေမှ ဘဝဆက်အနွယ်တော်

မုဒုံသူမွန်

ကျွန်တော်သည် ရုပ်ဝါဒသမားမဟုတ်ပေမဲ့ လက်တွေ့ဆန်သော သဘောတရားကို လက်ခံထားသူဖြစ်သည်။ ထို့ကြောင့်လည်း ထေရဝါဒ သိပ္ပံနည်းကျကျ လက်ခံခြင်းသူ ဖြစ်သည်။ နေရာတကာမှာ အကြောင်း ကြောင့် အကျိုးဖြစ်ရသည် ဆိုသည်ကို လက်ခံထားသူဖြစ်သည်။ အငြ အမြဲဖြစ်စဉ်တစ်ရပ်သည် နိုင်လုံသော ယုတ္တိယုတ္တာဖြင့် ဆက်စပ်မှု ရှိသလား ဆိုတာ ဆန်းစစ်လေ့ရှိသည်။ ပြီးမှ ယုံကြည်တတ်သူ ဖြစ်သည်။

ယခု ကျွန်တော် မြင်တွေ့နေရသော အဖြစ်အပျက်သည် လက်တွေ့ဆ နှင့် ကင်းကွာနေသည်။ စိတ်ကူးယဉ် သဘောဆန်နေသည်။ ထိုအဖြစ်ကို ကျွန်တော် မယုံကြည်ပါ။ မယုံကြည်ပါသော်လည်း အဖြစ်အပျက်သည် ကျွန်တော့်မျက်မှောက်တွင်ဖြစ်နေပါသည်။ မပြေးသော်လည်း ကန်ရာ ရှိနေသလိုဖြစ်သည်။

သူတို့မောင်နမငါးဦးကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့နေရသည် ထို့ပြင် ဆုတောင်းပြည့်အောင်စေတီ၊ ရင်ပြင်ပေါ်တွင် သွားလာလှုပ်ရှား



စဉ် ကိုယ်တိုင်ထိတွေ့မိပါသေး၏။ ယခုကဲ့သို့ သာယာသော ညနေခင်း နေ ရောင်ခြည်ကို သူတို့ မောင်နမတွေ သဘောတွေ့နှစ်မြို့က်ပါသည်။

ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တကေလာသ ကိုယ်တိုင် မိန့်ကြားလို့သာ ကျွန်တော် ယုံရပါ၏။ မှန်သော စကားကောင်းသောစကားကိုသာ ပြောကြား သည့် ဘုရားသားတော်ဖြစ်ခြင်းကြောင့် ကျွန်တော်ယုံကြည်ရခြင်း ဖြစ် သည်။

ဆရာတော်သည် သက်တော် (၅၆)နှစ်၊ ဝါတော် သိက္ခာ (၃၆)ဝါရှိပြီး သုခမ္မာဂိုဏ်းဝင် ဆရာတော်တစ်ပါးဖြစ်သည်။ အကျင့်သိက္ခာ သမ္မာဓိ၊ ပညာ နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သမာဓိပညာနှင့် ပြည့်စုံခြင်းကြောင့် ပင်လျှင် ဒဂုံဆိပ်ကမ်းမြို့နယ် (၈၉) ရပ်ကွက်တွင် ပဏ္ဍိတာရာမ ကျောင်းတိုက် ကြီးသည် မူလအခြေမှပျောက်ကာ ယခု ထည်ဝါခန့်ညားသော အခြေသို့ ရောက်နေပါတော့၏။

ကျောင်းကြီးကား ထည်ဝါခန့်ညား ကျယ်ပြန့်သလို ကျောင်းဝင်းအတွင်း ရှိအောင်စေတီလည်း ရွှေဆေးရောင်ဖြင့် သပ္ပာယ်နေပါတော့သည်။ မူလက ထုံးဖြူသက်န်းဖြင့် ပြုပြင်သူ ကင်းမဲ့နေသော စေတီသည် ဆရာတော် ရောက် ရှိလာမှ ရွှေရောင် ဝင်းလာရခြင်း ဖြစ်သည်။

ထိုသို့ ကျောင်းတွေ၊ ဘုရားတွေနှင့် ကျက်သရေရှိစွာ တိုးတက်လာမှ ကျောင်းရိပ်၊ ဘုရားရိပ်တွေကို အများသူတှာ ခိုလှုံရန် ရောက်လာကြတော့၏။ ခိုလှုံနေသူများထဲတွင် ထိုသို့သော မောင်နှမ (၅)ဖော်သည် အဦးအဖျား ရောက်ခဲ့သည်။

သူတို့ ရောက်လာကြပုံမှာလည်း တစ်စုတဝေးတည်း မဟုတ်၊ အအုပ် အစု သင်းကွဲကာ ဆင်းဆင်းရဲရဲ တစ်နယ်တစ်ကျေးမှ ရောက်လာကြသည်။ ညည်းမျှ ဆင်းရဲသနည်းဆိုသော် မသေရုံတစ်မည် ဒဏ်ရာဒဏ်ချက်တွေနှင့် ရောက်လာကြသည်။

"သူတို့မောင်နမတွေ ဘုန်းကြီးအိပ်မက်ပေးပြီး ရောက်လာတာပဲ ဒတာကြီး"

✓ ✓✓



www.burmeseclassic.com

www.burmeseclassic.com

အရက်ဆွမ်းဘုဉ်းပေးကတည်းက ကျောင်းဦးပဉ္စင်းကြီးတစ်ပါးနှင့် ကျောင်းသားနှစ်ဦးကို ကျိုစုရွာသို့ လွှတ်ထားသည်မှာ ပြန်ရောက်ချိန်တန် ပြီဟု ထင်သည်၊ သည်အတောအတွင်း ဆရာတော်ဦးကေလာသသည် မိမိနှင့် ဤဆင်ခြေရာရွာပဋ္ဌာန်းဆက် ရှိကြပုံကို စကြံလျှောက်ရင်း စဉ်းစားနေ၏။

ဆင်ခြေရာရွာသည် ရွာဟုသာ ခေါ်ပါသော်လည်း အိမ်ခြေဆိုတာ ဤဘုန်းတော်ကြီး တစ်ဝိုက်တွင်သာ ရှိသည်၊ ဘုန်းတော်ကြီးကျောင်းကလည်း ပျဉ်ကာ ဓနိမိုးကျောင်းကလေးသာ ဖြစ်သည်၊ ဤကျောင်းနေရာသည် မူလကလှည်းကူးအပိုင် ဖြစ်သည်၊ ဆင်ခြေရာ ကျိုစုသိမ်ကျောင်းကွေ့မဟူသော တစ်ဆက် တစ်စပ် ရွာကလေးသည်လှည်းကူးအပိုင် ဖြစ်သည်၊

ကျောင်းဝန်းကျင်တွင် လယ်ကွင်းတွေ ဓနိပင်တွေသာရှိသည်၊ မိုးတွင်း အခါဆို ရေတွေဖွေးကာ စပါးစိုက်သူစိုက်၊ ငါးရှာသူရှာနှင့် ကျိုစုကျောင်းကို အားထားနေရသည်၊ မူလကျောင်းထိုင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတ စသည် သက်တော် (၉၅) နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်၊ ထို့နောက် ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ စီစဉ်ပေးချက်အရဦးပဉ္စင်းတစ်ပါး ကျောင်းထိုင်ရန် ရောက်ရှိလာသည်၊ ထိုဦးပဉ္စင်းမှာ ဆရာတော်ဦးကေလာသ ဖြစ်သည်၊

ကျောင်းဆိုတာကလည်း ကျောင်းဖြစ်ရုံဆိုလောက်ပဲ၊ စေတီအဟောင်းကလည်း အင်္ဂါရပ်နှင့် မပြည့်စုံ၊ ထုံးသက်န်းတွေကပဲ့ကွာ၊ ထီးတော်ကမရှိ၊ စုံစမ်းကြည့်တော့ ရှေးဘုရားတဲ့၊ သီပေါမင်းပါတော်မူပြီး (၁၀) နှစ်အကြာ တည်ထားသော အထိမ်းအမှတ် ဘုရားတဲ့၊ ဟုတ်မည် ထင်ပါသည်၊ ဘုရားအုတ်ချပ်ကလည်း ရှေးဘုရားအုတ်ချပ်အတိုင်း ကြီးမားသော ထုထည်များနှင့် -

ဆရာတော်ဦးကေလာသလက်ထဲသို့ ရောက်ရှိလာသော သာသနာ့အမွေများမှာ ထိုအနေအထားများပင်ဖြစ်၏၊ ဆရာတော်က ကံ,ကံ၏ အကျိုးကို အကြွင်းမဲ့ ယုံကြည်သူဖြစ်၏၊ အကယ်၍သာ ရှေးဘုဉ်းရေးကံ ရှိခဲ့ပါမူ ဤကျောင်းဘုရားသာမက ကန်ကိုပါ တိုးတက်လာမည်ဟု ယုံကြည်ထား၏၊



ထို့ကြောင့် တရားထိုင်သည်၊ သတ္တဝါများကို မေတ္တာပို့သည်၊ ဘာဝနာအလုပ်ကိုသာ တွင်တွင်ကြီး လုပ်သည်၊ တစ်နေ့မှာတော့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းမှူးသည် မြေညီလမ်းမရှိသော ရွှံ့နွံဗွက်တောကို ခက်ခက်ခဲခဲ ဖြတ်ကျော်ရင်းရောက်လာသည်၊ ဆရာတော်ကို ဖူးတွေ့ရင်း ဒုက္ခသုက္ခကြားမှာ မွေ့လျော်သော ဆရာတော်အား ကြည်ညိုနေပါတော့သည်၊

ထို့နောက် ကျောင်းကြီးနှင့်တကွ ဘုရားစေတီအား ပြုပြင်ရန် ဒကာတစ်ဦး ပေါ်လာပြန်သည်၊ ထိုဘုရားဒကာမှာ တောင်ဒဂုံမိဘရိပ်သစ်စက်ပိုင်ရှင် ချမ်းမြေ့သီတဂူ မောင်နိုင်ဦးဖြစ်သည်၊

သူသည် နှစ်ထပ်ကျောင်းကြီး ဆွမ်းစားဆောင် စာသင်သားသံဃာ (၄၀) နေနိုင်သော ကျောင်းကြီးကျောင်းပရဝုဏ်ကိုလည်း လေးဧက ကျယ်အောင် လှူဒါန်း၏၊ ရှေးဟောင်းစေတီကိုလည်း မွမ်းမံပြီး ဒစ္စကို ရွှေချထားသည်၊ စိန်ဖူးတော်၊ ရွှေထီး၊ ရွှေသင်္ကန်း၊ ရွှေဆေးရင်ပြင်နှင့် ဆရာတော်သုံးရန် မော်တော်ယာဉ်၊ ကျောင်းမုခ်ဦးဝင်းကာရံခြင်း စသည်တို့ကို ဆောက်လုပ်လှူဒါန်းသည်၊ ဆရာတော်၏ ရှေးဘုန်းရှေးကံက ဖုံးဖိ၍ မရနိုင်အောင်ပင် ထွန်းတောက်ခဲ့သည်၊

ထိုမျှသာမက ဆရာတော်၏ ဘုန်းရိပ်ကံရိပ်ကား ဒီရေလှိုင်းကဲ့သို့ တက်လာပါသေး၏၊ နိုင်ငံတော်က မြို့ပြစီမံကိန်း တိုးချဲ့လာ၏၊ တိုးချဲ့လာခြင်းကြောင့် ယုဇနဉယျာဉ်မြို့တော်ကြီးလည်း ပေါ်ပေါက်လာခဲ့သည်၊ စက်မှုဇုန်ကြီးများလည်း ပေါ်ပေါက်လာခဲ့သည်၊ ဆရာတော်ကျောင်းတည်ရှိရာ ဆင်ခြေရာရွာသည်လည်း (၈၉) ရပ်ကွက် ဖြစ်လာခဲ့သည်၊ ထိုထိုသော ယုဇနဉယျာဉ်မြို့တော် အပါအဝင်မြို့နယ်တစ်ခုလုံးသည် ရန်ကုန်တိုင်းဒေသကြီး၏ ဆိပ်ကမ်းမြို့နယ် ဖြစ်လာတော့သည်၊

ထိုသို့ ဆိပ်ကမ်းမြို့နယ် ဖြစ်လာခြင်း လမ်းကောင်းကြီးတွေ လူနေရပ်ကွက်ကြီးတွေ၊ ဒီဌမျက်မြင် ဖြစ်ပါ၏၊ ဆရာတော်မှာ ပီတိဖြစ်မဆုံးဖြစ်နေပါတော့၏၊

✓ ✓ ✓



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် ညစဉ် သင်္ကန်းဝါများကို မေတ္တာပို့ပြီးမှ ကျိန်းစက်လေ့ရှိသည်။ တစ်ညသောအခါ၌ ဆရာတော်သည် အိပ်မက် မြင်မက်သည်။ အဝတ်အစား စုတ်ပြတ်ဟောင်းနွမ်းနေသော တိုင်းရင်းသူ ကောင်မလေးတစ်ယောက်ကျောင်းသို့လာရောက်ကာလျှောက်ထားသည်။စကားသံဝဲနေတာကြောင့် လုံးစေ့ပတ်စေ့ကိုတော့ ဆရာတော် နားမလည်လိုက်ပါ။ ဆရာတော် နားလည်သလောက် ပြန်လည်ပြောကြားရပါလျှင် -

သူတို့မောင်နှမများကို ကယ်ပါရန် လောလောဆယ်တော့ သူ့အတိဒုက္ခရောက်နေသည်။ မိုးလင်းလျှင် သူတို့တပည့်တော်မကို တရုတ် စားသောက်ဆိုင်မှာ သွားရောင်းကြမည်။ ထို့ကြောင့် ကျိုစုရှောင်းနံဘေးက ဖိုးတုတ်၏ တဲငါတဲသို့ လာရောက် ကယ်ပါရန်တဲ့။

ထို့ကြောင့် ဆရာတော်သည် အာရုံဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဦးပဉ္စင်းလေးဦးဩဘာသကို ကျိုစုရှောင်း နံဘေးရှိ တဲငါသည် ဖိုးတုတ်ဆီ လွှတ်လိုက်သည်။ အိပ်မက်ထဲမှ တဲသေည် ဖိုးတုတ်ကို သိကြတာ မဟုတ်ပါ။ ကျိုစုရှောင်းမှာ ငါးရှာသူများ နေထိုင်ကြသည်ကိုသာ သိပါသည်။

ခဏကြာတော့ လွှတ်လိုက်သော ဦးပဉ္စင်းဦးဩဘာသတို့ ရောက်လာကြသည်။ အံ့ဩဖွယ်ရာ မျက်နှာစိမ်း တစ်ယောက်လည်းပါလာသည်။ လက်ထဲတွင် အိတ်တစ်လုံးဆွဲလာသည်။ တဲငါသည်ဖိုးတုတ် ဖြစ်ရမည်ဟု ဆရာတော် သိလိုက်ပါသည်။


"ဒကာက - ဖိုးတုတ်လား။ ဒါနဲ့ ကယ်နိုင်းလိုက်တာ ဘာလဲကွဲ့" ဟု အိပ်မက်ကို ရှင်းလင်းပြောလိုက်လေသည်။ ကယ်နိုင်း၍သာ ကယ်လိုက်ရသည်။ ဆရာတော်ကိုယ်တိုင် ဘာကို ဘာက ကယ်ရမှန်းမသိ။ တဲငါသည် ဖိုးတုတ်အမည်ကိုသာ အိပ်မက်ထဲမှာ မှတ်ထားလိုက်ခြင်းဖြစ်သည်။

"ဒီ- ဆာလာအိတ်ထဲမှာပါ ဘုရား"

ဦးဇင်းကြီးသည် ဆာလာအိတ်ကို ဖွင့်ပြလိုက်သည့် အခါမှာတော့ ခြေသလုံးလောက်ရှိသော စပါးအုန်းမြွေတစ်ကောင် ထွက်လာ၏။ မြွေသည် အိတ်ထဲတွင် နံ့ချိကာ ပျော့ခွေနေသည်။ ငြိမ်သက်လွန်းမက ငြိမ်သက်နေ



မြွေသည် ဆာလာအိတ်အတွင်းမှ
လျှောထွက်လာပြီး ဆရာတော်၏
ခြေတော်ရင်းမှာ ရှိခိုးဝတ်ပြုသကဲ့သို့
ငြိမ်သက်နေလေ၏။
ဆရာတော်ကို ဦးခိုက်သည့်
သဘောပင် ဖြစ်၏။



သည်။ သည်တော့မှ ကယ်နိုင်းသည်မှာ မြွေတစ်ကောင်ပင် ဖြစ်သည်ဟု ဆရာတော် သိလိုက်ပါသည်။

"ဒါနဲ့ - တစ်ကောင်တည်းလား"

ဆရာတော် မေးတော့ တဲငါသည်ဖိုးတုတ်က မဆိုင်းမတွပင် ...

"ဒီအကောင် - တစ်ကောင်တည်းပါဘုရား ရှောင်းထဲမှာ ငါးရှာစားနေတုန်း ရိုက်ဖမ်းလိုက်တာ။ အသေဖမ်းတာပဲ မသေလို့ရှင်နေတာ။ ကနေ့မနက်ယုဇနက တရုတ်ကြီးဆီမှာ ဆေးဖော်ဖို့ ငါးထောင်နဲ့ သွားအရောင်းမှာ ဒီဦးပဉ္စင်းနဲ့တွေ့လို့ တပည့်တော် ယူလာတာပါဘုရား"

"ဟုတ်တယ် - ဘုရားတပည့်တော်တို့ အရောက်မြန်ပေလို့၊ သူ့အထုပ်ကိုဆွဲပြီး ထွက်အလာမှာ ဖိုးတုတ်ဆိုတာ တပည့်တော်ပါဘုရားဆိုတာနဲ့ ဒီကို ခေါ်လာတယ်"

"အေး - အေး ဒကာကြီးလည်း ကုသိုလ်ရအောင် ဘုန်းကြီးက ခြောက်ထောင်နဲ့ ဝယ်မယ်လေ"

www.burmeseclassic.com

"ဟာ - တပည့်တော်လည်း ကုသိုလ်ရအောင် ဆရာတော်ဘုရားကိုပဲ လှူလိုက်ပါ့မယ်ဘုရား"

"အေးကွယ် - သာဓု - သာဓု - သာဓု - သာဓု - သာဓု" ဘုန်းကြီးလို့ သက်တော်ရှည်ပါစေကွယ်"

မြွေသည် ဆာလာအိတ်အတွင်းမှ လျှောထွက်လာပြီး ဆရာတော်၏ ခြေတော်ရင်းမှာ ရှိနိုးဝတ်ပြုသကဲ့သို့ ငြိမ်သက်နေလေ၏။ ဆရာတော်ကို ဦးနိုက်သည့် သဘောပင် ဖြစ်၏။ ဆရာတော် ဦးခေါင်းကို ပွတ်သပ်လိုက်တော့ လျှာတစ်လစ်ထုတ်ကာ ငြိမ်ခံနေပါ၏။ ဆရာတော် မြွေကိုကြည့်ပြီး မသက်မသာ ညည်းညူလိုက်၏။

"အိုး - ရိုက်ထားတဲ့ ဒဏ်ရာတွေက မနည်းပါလားနော်၊ ကဲ - ကဲဆေး ထည့်ပေးကြရအောင်"

✓ ✓ ✓

လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ ...။

မနက်တိုင်း ညတိုင်း ဆရာတော်၏ မေတ္တာပို့ ဆုတောင်းခြင်းသည် ကျောင်းပရဝုဏ်စည်းမှ ကျော်ကာ ကမ္ဘာမြေတစ်လွှားသို့ ပြေးသွားနေသည် ဖြစ်၏။ မေတ္တာဆိုသည့် သဘောတရားကလည်း အလျားအနံ အတိုင်းမရှိ ကျယ်ပြန့်ခြင်းကြောင့် ကမ္ဘာမြေပြင်မဆိုထားနှင့် စကြဝဠာတံတိုင်းအထိ ရောက်မည် ဖြစ်၏။

ထို့ကြောင့်လည်းတစ်လကျော်ကျော်လောက်အကြာ၌ဒကာကြီးတစ်ဦး စပါးအုန်းမြွေကြီးတစ်ကောင်နှင့် ဆရာတော်ထံ ရောက်လာတော့သည်။ သူသည် လှည်းကူးမြို့နယ်မှ လယ်သမားကြီးတစ်ဦးဖြစ်သည်။ တစ်ညသ၌ သူ အိပ်မက်မြင်မက်မိသည်။ ပေကျံနေသော ကောင်လေးတစ်ယောက်က သူ့အား ဆရာတော်ထံ ပို့ပေးပါရန်နှင့် ယခု သူသည် လူတစ်ယောက်၏ ချုပ်နှောင်ထားခြင်းမှ ထွက်ပြေးလာရကြောင်း ဆရာတော်ထံတွင် သူ၏ အစ်မဆိုသူ ရောက်ရှိနေကြောင်းဟူ၍ မြင်မက်လေ၏။



နံနက်လင်း၍ တဲအပြင် ထွက်လာသည်တွင် မြွေကြီးတစ်ကောင် ခွေနေတာကို တွေ့ရသည်။ အိပ်မက်ခဲ့သည့်အတိုင်း ဆရာတော်အမည်နှင့် လိပ်တောကိုဖုံလွှမ်းနေသော အလယ်ပိုင်း ထိပ်ကမ်းမြို့နယ်၌ရှိနေကြောင်းသိရ၍ယခု ရောက်ရှိလာကြောင်း လျှောက်ထားလေသည်။ ဆရာတော်လည်း လက်ခံထားလိုက်၏။

ဆရာတော်မြင်မက်သော အိပ်မက်မှာ အမှန်အဖြစ်အပျက်များဟု ဆိုရမလို ဖြစ်နေ၏။ ပထမ ဆရာတော် မြင်မက်ခဲ့သည်မှာ မောင်နှမများဟု သိရသည်။ သို့ဖြစ်လျှင် တစ်ခုထက်ပိုနေခြင်းကြောင့် မောင်နှမများဟု ဆိုလေသလား။ ဒါမှမဟုတ် သုံးလေးခုဖြစ်နေတာကြောင့် မောင်နှမများဟု ဆိုလေသလား။

မကြာမီ အနီးအနားက လယ်သမားများသည် သူတို့လယ်ကွက်များမှ ဖမ်းဆီးလာသော လိပ်ကလေး ခြောက်ကောင်ကို လာရောက် လှူဒါန်းကြသည်။ ဤလိပ်ကလေးများသည် အဦးပိုင်းက ရောက်ရှိလာသော မြွေကြီးများနှင့် အတိတ်ပဋ္ဌာန်းဆက်များလားဟု သံသယ ဝင်နေမိပြန်သေးသည်။

သို့ဖြစ်၍ လိပ်တွေ၊ မြွေတွေရောက်လာခြင်းကြောင့် ဆရာတော်သည် အကြံတစ်ခု ပေါ်လာသည်။ သူတို့အား ဤအတိုင်း လွှတ်ထားပါက ခွေး၊ လူ၊ အား စသည်တို့ အန္တရာယ်ပြုနိုင်သည်။ ပြီးတော့ သူတို့သည် ရေကိုကြိုက်နှစ်သက်ခြင်းကြောင့် ရေကန်တစ်ခု တူးထားပေးသည်။ ထိုရေကန်ကို အမိုးအကာ တစ်ခုထဲတွင် ခွဲခြားကာ ထည့်ထားခြင်းအားဖြင့် သူတို့အတွက် လှောင်အိမ်ကလေးတစ်ခုသဖွယ် ဖြစ်သွားတော့၏။

ထိုသို့ရေကန်တူးထားခြင်းကြောင့်ဆရာတော်၏မူလရည်မှန်းချက်ဖြစ်သော ကျောင်းကန်ဘုရားဟူသော သာသနိက အဆောက်အဦ ပြီးပြည့်စုံသွားပါ၏။ ထို့ပြင် သုံးလေးလအတွင်း သူတို့ စပါးအုန်းမြွေမောင်နှမလည်း ရောပေါင်း ငါးကောင်ဖြစ်သွားတော့၏။ အားလုံးသည် ဒဏ်ရာဒဏ်ချက် အပြည့်နှင့် ရောက်လာခြင်းဖြစ်လေသည်။ တချို့က တိုက်ကြီးမှ ရောက်လာကြသည်။ အားလုံးသည် အိပ်မက်အရ စုံစမ်းပြီး လာပို့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအတူ လိပ်ကလေးများကိုလည်းလာလာ ရောက်လှူဒါန်းကြပြန်သည်၊ ယခုအခါ ဆရာတော်ကျောင်းမှာ အကောင် (၄၀) လောက် ရှိပါသည်။ လိပ်ကလေးသည် လည်းကောင်း၊ မြွေကြီးသည်လည်းကောင်း အေးဆေးစွာ နေတတ်သော သတ္တဝါများ ပီပီတစ်ထောင့် တစ်နေရာတွင် သီးခြားစွာ ခွေနေတတ်နေ နေတတ်သည်၊ အံ့ဩဖွယ်ကောင်းလောက်အောင် ရန်မမူကြပေ၊ သို့ပေမဲ့ - ဆရာတော်မေတ္တာပို့ချိန်ရောက်လျှင်တော့ ဆရာတော်ရှိရာသို့ ဦးခေါင်းကို လှည့်ထားကြ၏။

✓ ✓✓

တစ်နေ့မှာတော့ ဆရာတော်ထံ တော်မှလာသော ဒကာနှင့် ဒကာမကြီး တစ်ယောက် ရောက်လာသည်၊ အိပ်မက်အရ သူတို့၏ သားသမီးငါးယောက် ဆရာတော်မေတ္တာရိပ်အောက်တွင် ခိုလှုံနေကြောင်း သိရပါသည်။ မှန်မမှန်ကို လိုက်လံစုံစမ်းရာ ယခု ဆရာတော်လိပ်စာကို သိရခြင်းဖြစ်သည်။

သူတို့သည် ဖလူးကျေးရွာတွင် နေထိုင်ပါသည်၊ ဖလူးဆိုတာ ဒေါန တောင်ခြေရှိ ရွာကလေးတစ်ရွာဖြစ်သည်၊ နယ်စပ်နှင့်လည်း အလွန်နီးသည်။ အရွယ်ရောက်သော ယောကျ်ားမိန်းမအားလုံး တစ်ဖက်ကမ်းတွင် သွားရောက် အလုပ်လုပ်ရသည်။

ပြီးတော့ ဖလူးမှာ အရွယ်ရောက်သူများ လုံခြုံမှု မရှိကြပါ၊ တိုက်ပွဲများ မကြာ မကြာ ဖြစ်တတ်၍ ပေါ်တာဆွဲမှာကိုလည်း ကြောက်နေရပါသည်။ ထို့ကြောင့် ကလေးများကို ရွာမှာပင် ပစ်ထားပြီး လူကြီးများက တစ်ဖက်ကမ်းတွင် ညအိပ်ညနေ အလုပ်သွားလုပ်ရသည်၊ အရေးရယ် အကြောင်းရယ်ဆိုလျှင် ပုန်းအောင်းရန် ဗုံးခိုကျင်း တူးထားပေးသည်၊ ရွာရှိ ကလေးများ ခိုအောင်းရန် ဖြစ်သည်။

တစ်ညမှာတော့ တိုက်ပွဲ ဖြစ်သည်၊ ဖလူးရွာမှာ ကလေးအယောက် (၂၀) လောက် ဗုံးခိုကျင်းမှာ သွားပုန်းနေရသည်၊ သူတို့မိဘများကတော့ တစ်ဖက်ကမ်းတွင် အလုပ်သွားလုပ်နေဆဲ ဖြစ်သည်၊ ထိုအချိန်တွင် ကလေးတွေ ခိုအောင်းနေသော ဗုံးခိုကျင်းထဲသို့ အမြောက်ကျည်ဆန် တစ်လုံးကျရာ ခိုအောင်းနေကြသော ကလေးသူငယ် အားလုံးသေဆုံးသွားကြပါလေတော့၏။

"အဲဒါက လွန်ခဲ့သောငါးနှစ်က အဖြစ်အပျက်တွေပါဘုရား၊ တပည့်တော်ကို အိပ်မက်ပေးတာ နှစ်လကျော်ကတည်းကပါ၊ ခုမှ လိပ်စာကိုသိလို့ လိုက်လာရတာပါ ဘုရား"

"ဒါနဲ့ - ဟုတ် မဟုတ် ဒကာကြီး လိုက်ကြည့်လေ"

ဆရာတော်က မြွေလိပ်တွေ ထားရာ အဆောက်အအုံသို့ ခေါ်သွားလျှင်ပဲ မြွေတွေလိပ်တွေက ဂနာမငြိမ်ကြတော့ဘဲ လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်၊ အဖေဖြစ်သူက သူတို့လေးတွေကို ခေါ်လိုက်သည်။

"ဖိုးမူ (သမီး) ဖထီးဆီလာပါဦးကွယ်"

ထိုအခါ ဆရာတော်ကျောင်းဆီ ပထမဦးဆုံး ရောက်လာသော မြွေကြီးက ဖထီးဆိုသူထံ ချဉ်းကပ်လာသည်၊ ဖထီးကြီး၏ ခြေဖမိုးကိုနမ်းပြီး ငြိမ်နေ၏၊ ထို့နောက် ဖိုးခွား (သား) ရေဟုအသံပြုလိုက်ရာ သားဖြစ်သူ မြွေကလည်း အထက်ပါအတိုင်း ဖထီးကြီး၏ အနားသို့ ရောက်လာပြီး ငြိမ်နေ၏၊ ဤနည်းအားဖြင့် မြွေကြီးအားလုံး ရောက်လာ၏၊ ထို့နောက် လိပ်ကလေးတွေလည်း အသီးသီး ရောက်လာကြ၏။

"သူတို့လေးတွေက ဖိုးမူတို့နဲ့အတူ သေကြတဲ့ ကလေးတွေ ဖြစ်မှာပဲ"

ဖထီးက မျက်ရည်ဝဲကာ မှတ်ချက်ချသည်၊ ဖထီးသည် ဆရာတော်ထံ မြွေစာ၊ လိပ်စာအဖြစ် နာဝကမ္မငွေများ ဆရာတော်အတွက် ပစ္စည်းများ လှူဒါန်းပြီး သားသမီးများကို နှုတ်ဆက်တော့ အားလုံးသော မြွေလိပ်တို့သည် သူတို့အဆောင်အတွင်း ဖြည်းညင်းဖျော့တော့စွာဖြင့် ဝင်သွားကြ၏။

"ဖိုးခွားတို့ - ဖိုးမူတို့ရေ - မကြာမကြာ ဖထီး လာပါဦးမယ်ကွယ်၊ ခုတော့ ဖထီးပြန်ဦးမယ်နော်"

☛ မုဒ့်သုမှန်



www.burmeseclassic.com



# ပြဿဒိုရ် ကိုးမိုးကောင်း

ဂမ္ဘီရဆရာလှမျိုး (B.Sc)

လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်က ကရင်ပြည်နယ် ဖာပွန်အပိုင် နဂိုဒီးရွာကလေးမှာ အဘစောရွှေရင်အေးနှင့်အမိနော်နယ်ပိုစေးတို့၏ မောင်နှံသည် ရိုးသားအေးဆေးစွာနေထိုင်ပြီး တောင်ယာစိုက်ပျိုးရေး အလုပ်ဖြင့် အသက်မွေးမြူနေထိုင်ကြသည်။

ကရင်အမျိုးသမီးကြီး နော်နယ်ပိုစေး ကလေးနှစ်ဦးမွေးဖွားပြီး တတိယကိုယ်ဝန်ဆောင်ထားနေရချိန်တွင် -

"စောရွှေရင်အေး - အနု ကျုပ် ဘာသားငါးမှမစားချင်ဘူးဖြစ်နေတယ်။ ဟင်းသီးဟင်းရွက်ပဲ စားချင်တယ်"

"နင့်စိတ်ထဲမှာ စားချင်တာစား၊ ကလေးမွေးရင် အားရှိပြီး ချောချောမောမောမွေးဖို့ အရေးကြီးတယ်"

ဒီတစ်ခါ ကိုယ်ဝန်ခြောက်လလောက်ရှိကတည်းက နော်နယ်ပိုစေး တောင်ယာ၊ စိုက်ပျိုးခင်း မလိုက်ရ၊ မသွားရတော့ပေ။ အိမ်မှာနေရင်း အိမ်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်ကာ ဘုရားရှိခိုး၊ ပုတီးစိပ်အလုပ်သာ လုပ်နေရပါသည်။ ပထမ ကလေးနှစ်ဦးမှာ ကိုယ်ခန္ဓာဖွံ့ဖြိုးသန်မာ၍ သူ့ဖခင်နှင့်အတူဝိုင်းကူလုပ်ပေး နိုင်ကြသည်။ အဖေ၊အမေ သန်မာသလို သားသမီးနှစ်ဦးစကလည်း အလုပ် ကြမ်းလုပ်နိုင်သည်။

တစ်နေ့ ...

"စောရွှေရင်အေး - ငါဗိုက်နာလာပြီ၊ လက်သည် အမြန်သွားခေါ်ပေး"

စောရွှေရင်အေး ရွာထဲသို့ အပြေးအလွှားသွားကာ လက်သည်ဆရာမ ကြီးကို ခေါ်ဆောင်လာခဲ့သည်။

"အူဝဲ - အူဝဲ - အူဝဲ"

"ယောက်ျားလေး - ယောက်ျားလေးမွေးတယ်"

"ချစ်စရာလေးနော် - အသားဖြူဖွေးနေတာပဲ"

စောရွှေရင်အေးနဲ့ နော်နယိုစေးတို့ တတိယမြောက် သားရတနာကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပေပြီ။ ကလေးအမည်ကို စောဆာဖိုးဝါလို့ မှည့်ခေါ် ပေးကြသည်။ ကလေးငယ် တဖြည်းဖြည်းနှင့် ကျောင်းနေရမည့်အရွယ် အသက် ငါးနှစ်နီးပါး ရှိလာလေပြီ။

ပတ်ဝန်းကျင်ရှိ ဆွေမျိုးများက "နော်နယိုစေး နှင့်ကလေးက ပျော့နွဲ့နွဲ့ လေးပါလား။ ကြံ့ခိုင်တောင့်တင်းတဲ့ နင်တို့မိသားစုထဲမှာ တစ်မူထူးခြားနေ တယ်။ လူကလည်း ပိန်၊ ရုပ်ကလည်း ချော၊ အသားကလည်း ဖြူဆိုတော့ နင်တို့ အားကိုးလို့ရပါမလား"

"အရွယ်ရောက်ရင် သူ့ဘဝနဲ့သူ ကိုယ့်အားကိုယ်ကိုး ဖြစ်သွားမှာပါ၊ တောင်ယာ မလုပ်ချင်လည်း ဘုန်းကြီးဝတ်နိုင်းမယ်"

အမှန်တော့လည်း စောဆာဖိုးဝါဟာ အခြားကလေးတွေနဲ့အတူ တောင် ယာပဲခင်းမသွား၊ ဆော့ကစားနေတာမရှိ၊ လူကြီးတွေပြောတဲ့ ဇာတ်နိပါတ် တော်တွေကိုသာ တရိုတသေ နားကြားမှတ်သားနေလေ့ ရှိတတ်ပါတယ်။

"ငါးရာ့ငါးဆယ် ဇာတ်တော်တွေထဲမှာ ဘုရားအလောင်းဟာ ဘဝတိုင်း ဘဝတိုင်းမှာ ကိုယ်ကျိုးစွန့် အနစ်နာခံ(အသက်စွန့်ပါရမီဖြည့်)ပြီး အများ အကျိုး သယ်ပိုးဆောင်ရွက်ပုံတွေကို စောဆာဖိုးဝါ သိပ်သဘောကျတယ်"



ကလေးချင်း ဆိုတဲ့အခါ ...

"နင်တို့ကို ငါ ပုံပြောပြမယ်၊ ဘဝတစ်ခုမှာ ဘုရားလောင်းဟာ မျောက် မင်းဖြစ်ဖူးတယ်"

"ဟား - ဟား - ဟား - ဟား"

"ဘုရားက ဘယ်လိုလုပ် မျောက်ဖြစ်မှာတုံး။ မင်း စာမတတ်ဘဲနဲ့ ဘယ် လိုသိလဲ၊ မင်းကြွားပြီး ပြောနေတာပါကွာ"

စောဆာဖိုးဝါကို သူငယ်ချင်းတွေက မယုံကြည်လှောင်ပြောင် ဟား တိုက်ပြောဆိုကြပါသည်။

"မင်းတို့ မယုံရင် ဆေးဆရာကြီးကိုသွားမေး၊ ငါပြောတာနဲ့ အတူတူပဲ" လို့ သူငယ်ချင်းတွေကို ပြန်စိန်ခေါ်လိုက်သည်။

ဆေးဆရာကြီးဆိုတာ စာတတ်ပေတတ်ကြီး၊ တစ်ရွာလုံးက အထင်ကြီး အားကိုးနေရတာ၊ ဆေးဆရာကြီးလည်း ဘုရားလောင်းရဲ့ဖြစ်တော်စဉ်တွေ ဟောလေ့ပြောလေ့ရှိတာကိုး။ သူ့အိမ်က ဘုရားကျောင်းဆောင်ပေါ်မှာ ဇာတ် တော်စာအုပ်ကြီးတွေ တင်ထားတာ အားလုံးမြင်ဖူးကြတာကိုး"

စောဆာဖိုးဝါစိတ်ထဲမှာ "ဆေးဆရာကြီး ဘုရားကျောင်းဆောင်ပေါ်က စာအုပ်တွေ ငါ ဖတ်ချင်လိုက်တာ" လို့ မကြာခဏ တွေးမိနေပါတယ်။

အသက်ငယ်ရွယ်စဉ်မှာ မိဘတွေက ဆင်းရဲလို့ ကျောင်းမထားနိုင်ဘူး၊ အသက် (၁၅)နှစ်ခန့် ရှိရှိန်မှာတော့ ...

"သား - စာသင်ချင်တယ်" လို့ မိဘတွေကို ပူဆာပါတော့တယ်။

"ငါ့သား တောင်ယာပဲလုပ်ပါကွယ်"

"သား စာအုပ်ကြီးတွေ ဖတ်ချင်တယ်"

"ကျောင်းက အဝေးကြီးသွားရမှာ"

မိဘတွေက ဖျောင်းဖျပေမယ့် စောဆာဖိုးဝါ ဖွဲမလျှော့ဘူး၊ စာတတ်ချင် တဲ့စိတ်နဲ့ အိပ်လို့တောင်မပျော်ဘူး။ သူတို့ တောင်ပေါ်ရွာကလေးမှာနေ ဟို

www.burmeseclassic.com

အဝေး ရွှေကျင်မှာ စာသင်ကျောင်း ရှိလေရဲ့ဆိုပြီး လွမ်းနေခဲ့တာ၊ ကြာတော့ မိဘတွေ မကြည့်ရက်တော့ဘဲ ပညာသင်ကြားဖို့ ခွင့်ပြုလိုက်ပါတော့တယ်။

✓ ✓✓

ဒီလိုနဲ့ စောဆာဖိုးဝါဟာ (၁၅) နှစ်သားမှာ ရွှေကျင်မြို့ဘုန်းကြီးကျောင်းမှာ စတင် စာသင်ခဲ့ပါတယ်။ တစ်လအတွင်းမှာပဲ မြန်မာသင်ပုန်းကြီး တတ်မြောက်ခဲ့ပြီး နယုန်လမှာ မင်္ဂလသုတ် သင်ခွင့်ရတယ်။

"ဒီကလေး ဉာဏ်ပညာထက်တယ်။ အံ့ဩစရာပါပဲ၊ တစ်နေ့မှာ ထူးခြားတဲ့ပုဂ္ဂိုလ် ဖြစ်လာမယ်"

ကျောင်းထိုင်ဘုန်းကြီးက မှတ်ချက်ချတယ်။

ဝါတွင်းမှာ ကျောင်းသားတွေကို မိဘထံ ပြန်ခွင့်ပြုတော့ ဘုန်းကြီး ဖတ်တဲ့ စာအုပ်ထူထူကြီးကို စောဆာဖိုးဝါ ငှားယူပြီး ပြန်လာခဲ့တယ်၊ မိဘတွေအပါအဝင် တစ်ရွာလုံးက အံ့ဩချီးယူရတဲ့အထိ စောဆာဖိုးဝါ စာတတ်ခဲ့ပြီ၊ ညဘက် သူ့အိမ်ရောက်လာတဲ့သူငယ်ချင်းတွေကို စာအုပ်ထူထူကြီး လှန်ပြီး ဖတ်ပြတယ်၊ ရှင်းပြတယ်။ ပြီးတော့ စာသင်ဖို့ တိုက်တွန်းတယ်။

ဒီတစ်ခေါက် ကျောင်းပြန်တက်တော့ မင်္ဂလသုတ်အဖွင့် ဆက်သင်ရတယ်။ မေတ္တသုတ်အနက် အလွတ်ကျက်တယ်၊ မင်္ဂလာသုတ်ကို သင်တော့ သူ့မျက်ရည်ကျမိတယ်။ ခုထိ မိဘကို သူလုပ်မကျွေးနိုင်သေးဘူး၊ မေတ္တသုတ်မှာ မိဘက သားသမီးအပေါ်ထားတဲ့ မေတ္တာတရားကို နားလည်သဘောပေါက်ရတယ်၊ ဒီလိုနဲ့ အသိနဲ့အကျင့် လက်တွေ့အကောင်အထည်ဖော်ဖို့ ရွာပြန်လာတယ်၊ တောင်ယာပဲခင်းတွေမှာ ကူညီလုပ်ကိုင်ပေးခဲ့တယ်။

အဲဒီအချိန်မှာ နယ်ချဲ့တို့ရဲ့ သစ်ကုမ္ပဏီတွေ သူတို့နယ်ထဲ ရောက်လာခဲ့တယ်။ သစ်ကုမ္ပဏီက သစ်ထုတ်ဖို့ ဆင်ဖိုး၊ ကျွဲဖိုးတွေ ကြိုထုတ်ပေးလေ့ရှိပါတယ်၊ စောဆာဖိုးဝါရဲ့ဦးလေးဟာ "သစ်ခေါင်း" အလုပ်ရခဲ့ပြီး သစ်ထုတ်ဖို့ ဆင်တစ်ကောင်လိုနေတယ်။



"စောဆာဖိုးဝါ - မင်း ဆင်ရအောင် လုပ်ပေးနိုင်မလား"

"လုပ်ပေးနိုင်တယ်၊ ဆင်က ဘယ်အထိ သွားရှာရမှာလဲ"

"ရှမ်းပြည်နယ်အထိ သွားရှာပြီး ဝယ်ရမှာ"

"ကျွန်တော် ဆင်သွားဝယ်ချိန်မှာ ကျွန်တော့်မိဘတွေကို ကျွန်တော့်ကိုယ်စား ဦးလေး ကူညီလုပ်ကိုင်ပေးမှာလား"

"စိတ်ချသွား ငါကူညီမယ်"

စောဆာဖိုးဝါ ဆင်ရှာထွက်ခဲ့ပြီ၊ ဆင်ကြီးတစ်ကောင်ကို ထိန်းကျောင်းမောင်းနှင်ပြီး တောတောင်ခရီးက ပြန်လာရတာ လွယ်ပါ့မလား၊ မြန်ပါ့မလား၊ ပြီးတော့ မိုးရာသီမို့ တောင်ကျချောင်းတွေ ရေစီးသန်နေသရွေ့ ဆင်လည်း ဖြတ်မကူးနိုင်ဘူးလေ၊ စောဆာဖိုးဝါ နိုဝါစီးရွာကလေးမှာ တစ်လမျှ သောင်တင်နေခဲ့တယ်၊ အဲဒီရွာမှာ တစ်လလုံး သူရင်းငှားလုပ်ပြီး အားလပ်ချိန်မှာ နီးစပ်ရာ တောင်ပေါ်သစ်ပင်ကြီးအောက်တွေသွားပြီး မေတ္တာကမ္မဋ္ဌာန်း၊ သမထအကျင့်ကို ကျင့်တယ်၊ ရွာထဲမှာ စာအုပ်တွေ ရှာဖွေငှားရမ်း ဖတ်တယ်။

"စောဆာဖိုးဝါ ဆင်ဖိုးငွေတွေ လိမ်သွားပြီ"

"ကောင်လေးက ဘုရားအလောင်းအကြောင်း အမြဲပြောနေတာ၊ လိမ်ပါ့မလားကွာ"

"ဒီလောက်ကြာနေမှာတော့ လိမ်သွားတာ သေချာတယ်"

ရွာထဲက ဝေဖန်ပြောဆိုသံတွေကြောင့် မိဘနှစ်ပါး ခေါင်းမဖော်ရဲအောင် အရှက်ရကြပြီ၊ ဦးလေးလည်း မိဘတွေကို မကူညီတဲ့အပြင် အပြစ်တင်လေပြီ၊ ဒီလို ကဲ့ရဲ့ပြစ်တင်စကားတွေကြား တန်ဆောင်မုန်းလရဲ့ နေ့တစ်နေ့မှာ ဘွားခနဲ ပေါ်လာတာ စောဆာဖိုးဝါ။

"ဟေး - ဟိုဟာ လူတစ်ယောက် ဆင်ကြီးစီးပြီး ရွာထဲဝင်လာပြီ"

"အဲဒါ စောဆာဖိုးဝါ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်ပါ့၊ ဆင်ကြီးနဲ့ စောဆာဖိုးဝါ"

"ဖျောင်း - ဖျောင်း - ဖျောင်း -"



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးက ကလေးလူကြီးတွေ တအံ့တဩ ဩဘာပေး ကြိုဆိုနေသံ။

အဲဒီနောက် မိဘလုပ်ကျွေးခြင်း မင်္ဂလာအတွက် သူ မီးခဲရွာသို့ ရောက်ခဲ့ပြန်တယ်။ သူမီးခဲမှာ ဘုံဘေဘားမား သစ်ကုမ္ပဏီ အခြေစိုက်ပြီး သစ်တွေအများအပြား ထုတ်ယူနေချိန် ဖြစ်ပါတယ်။ သစ်ခေါင်း(တောခေါင်း) စောသက်ဖေက စောဆာဖိုးဝါကို လူဖလံလေး ပိန်သေးသေးမို့ ထမင်းချက်အလုပ်ခန့်တယ်။

ထမင်းချက်သာဆိုတယ်၊ ညည အလုပ်နားပြီဆိုရင် သစ်ကွင်းတစ်ကွင်းလုံးက အလုပ်သမားတွေဟာ စောဆာဖိုးဝါအနားမှာ ဝိုင်းအုံနေကြတယ်။ သူက ရေးဟောင်းကရင်လင်္ကာတွေ ရွတ်ပြတယ်၊ မင်္ဂလသုတ်ကို သင်ပြ၊ ဇာတ်တော်တွေ ဟောပြ၊ ငါးပါးသီလထိန်းဖို့ သင်ပြနဲ့ သူဟာ တကယ့်ဓမ္မကထိကကြီးပါပဲ၊ တောကြမ်း တောင်ကြမ်း၊ ဥတုကြမ်းမှာ ငှက်ဖျားစတဲ့ ရောဂါတွေကလည်း ကြမ်းလှတယ်၊ ဒါကြောင့် စောဆာဖိုးဝါက အလုပ်သမားတွေကို . . .

"သီလနဲ့ မေတ္တာအားကောင်းရင် ရောဂါဘယနဲ့ ဘေးအန္တရာယ်တွေကို တွန်းလှန်ကာကွယ်နိုင်တယ်"

"ငါးပါးသီလစောင့်ထိန်းရင် အရက်မသောက်ရတော့ဘူးနော်"

"အသက်သတ်၊ သူ့ပစ္စည်းခိုး၊ သူ့သားမယား ပြစ်မှား၊ လိမ်ညာပြော၊ အရက်မူးယစ်ဆေးဝါး သုံးစွဲ၊ အဲဒီငါးမျိုး ရှောင်ရမယ်"

"ရှောင်မယ်၊ ရှောင်ကြမယ်"

"သတ္တဝါတွေအပေါ် မေတ္တာထား၊ မေတ္တာပို့ပေး"

"အားလုံးစုပေါင်းပို့ရင် ကောင်းမယ်"



စောဆာဖိုးဝါတို့အဖွဲ့ သီလခံယူပြီး သတ္တဝါတွေ ကျန်းမာချမ်းသာဖို့ မေတ္တာပို့ ဆုတောင်းပြီးမှ အိပ်ကြပါတယ်။ စုပေါင်းပြီးတော့ ဆုတောင်းပွဲ မေတ္တာပို့ ပွဲကြီးပြုလုပ်ကြတယ်။

တစ်နေ့ တိုက်တိုက်ဆိုင်ဆိုင် သစ်ကုမ္ပဏီက လူကြီးတွေ ရောက်လာမယ်၊ တောကောင်တွေ ပစ်ခတ်ပြီး ဧည့်ခံမယ်လို့ စောသက်ဖေက ပြောတယ်၊ သူ့လူတွေကို သင်ပေးတယ်။

မုဆိုးကျော်နစ်ဦး သေနတ် (၂) လက်၊ တောချောက်သူ (၁၈) ယောက်တို့နဲ့အတူ တစ်နေကုန် တောလည်ပေမယ့် သားကောင် လုံးဝမရဘူး။ တောချောက်သူတွေက စောဆာဖိုးဝါ သင်ပေးထားတဲ့အတိုင်း မေတ္တာပို့နေကြတာကိုး။

ထူးခြားတာကတော့ သစ်ခေါင်းကြီး စောသက်ဖေကိုယ်တိုင် အမဲကောင်ကိုမတွေ့ဘဲ ဆင်ဖြူတော်ကို တွေ့မြင်ခဲ့ရခြင်းပါပဲ၊ ဆင်ဖြူတော်နောက် သဲကြီးမဲကြီး လိုက်ခဲ့ကြပေမယ့် ဖတ်ဖတ်သာ မောရော၊ ဆင်ဖြူတော်ကို အရိပ်အယောင်မျှ မတွေ့ရတော့ဘူး။ သစ်စခန်း ပြန်ရောက်တော့ အလုပ်သမားတွေကို စုပြီး စောသက်ဖေက စားကောင်းသောက်ဖွယ်တွေနဲ့ ကျွေးမွေးဧည့်ခံတယ်၊ ပြီးတော့ ကျုပ်တစ်သက်မှာ ဆင်ဖြူတော်ဆိုတာ ကြားသာကြားဖူးတယ်၊ အခု ကိုယ်တွေ့ကြုံတာပဲ၊ ဒါပေမဲ့ - မရခဲ့ဘူး။ အံ့ဩတယ်၊ သမ္မာဒေဝနတ်တွေက ကျုပ်တို့ကို ပေါ့ပေါ့မနေဖို့ သတိပေးလိုက်သလိုပဲ၊ အမျိုးဘာသာ သာသနာအတွက်လုပ်ဖို့ အချိန်တန်ပြီ၊ ကျုပ်က သာသနာအတွက် လုပ်ဖို့အချိန်တန်ပြီ၊ ကျုပ်ကတော့ သစ်ကုမ္ပဏီနဲ့ စာချုပ်မိပြီး မလှုပ်သာအောင် ဖြစ်နေပြီ၊ ဒီတော့ တစ်ယောက်ယောက်က ဦးဆောင်ပါ၊ ကျုပ် တတ်နိုင်သလောက် အားပေးကူညီပါမယ်" လို့ ကြေညာလိုက်တာနဲ့ အားလုံးပဲ "ဟာ" ခနဲ "ဟယ်" ခနဲ အံ့ဩသွားကြတယ်၊ အားလုံးရဲ့ မျက်လုံးတွေက စောဆာဖိုးဝါကို ကြည့်နေကြလေပြီး စောဆာဖိုးဝါ မတ်တတ်ထရပ်လိုက်ပြီ။

www.burmeseclassic.com

"ဒီတာဝန် ကျုပ်ယူတယ်၊ အမျိုး.ဘာသာ.သာသနာအတွက် အသက်ပေးပြီး ဆောင်ရွက်သွားပါမယ်"

"ဟုတ်ပြီ – အားလုံး သဘောတူကြတယ်။ ဒီတော့ မင်း ထမင်းချက်မလုပ်နဲ့တော့။ ရွာပြန်ပြီး မိဘတွေဆီမှာ ဒီလိုလုပ်မယ်ဆိုတာ ခွင့်တောင်းပါ။ ဘယ်နေရာရောက်ရောက် ငွေကြေးနဲ့ တခြားအခက်အခဲရှိရင် ငါ့ကို အကြောင်းကြားပါ"

လုပ်အားခနဲ့ အပိုကြေးပိုပြီး စောဆာဖိုးဝါကို ရွာပြန်လွှတ်လိုက်တယ်။ သစ်ကွင်းက အလုပ်သမားတွေကို ငါးပါးသီလထိန်းပြီး မေတ္တာကျင့်စဉ်ကို ဆက်ကျင့်ဖို့ မှာခဲ့ပြီး ရွာပြန်ရောက်တဲ့အခါ ပါလာတဲ့ပိုက်ဆံတွေ များလွန်းလို့ "ရှိးမှရှိးကြရဲ့လား" လို့ မိဘတွေက ပူပန်ကြတယ်၊ စောဆာဖိုးဝါက အကျိုးအကြောင်း ပြောပြတယ်။ အဲဒါ ဘိုးပိုက်ဆံဘဝ ဖြစ်လာဖို့ နိဒါန်းလို့ ဆိုနိုင်တယ်"

"အမျိုးဘာသာ သာသနာအတွက် ငါ ဆောင်ရွက်မယ်" လို့ စောဆာဖိုးဝါ ဆုံးဖြတ်ချက်ချလိုက်ချိန်မှာ သူ့အသက် (၂၄)နှစ်ရှိပေပြီ။ ရွာလူဦးရေ သုံးပုံတစ်ပုံ ဘာသာခြားတွေဖြစ်ကုန်တာ သူ့စိတ်မကောင်း၊ပြန်လည်စည်းရုံးဟောဆိုရမယ်။ စောဆာဖိုးဝါမှာ စကားပြောအလွန်ကောင်းသူ ဖြစ်တယ်။

ရွာလယ်မှာ မဏ္ဍပ်ကြီးထိုးပြီး တနင်္ဂနွေနေ့တိုင်း သီလခံယူပွဲ၊ မေတ္တာပို့ဆုတောင်းပွဲ၊ ရပ်ကျိုးရွာကျိုးတွေကို လူငယ်တွေနဲ့ စုပေါင်းဆောင်ရွက်ရင်း "နော်ဝါး" ဆိုတဲ့ ပါရမီဖြည့်ဖက်ကလေးနဲ့ ဆုံစည်းခဲ့ရပါတယ်။ "နော်ဝါးနဲ့ လက်ထက်ပြီး သားတစ်ဦးမွေးတယ်၊ နော်ဝါးကလေးမွေးပြီး မီးယပ်ရောဂါခံစားနေရချိန် အိပ်ရာထဲလဲနေချိန်မှာ အိပ်မက်သုံးကြိမ် မက်တယ်။ စောဆာဖိုးဝါ ဝတ်ဖြူစင်ကြယ်ဝတ်လျက် လူအများကို တရားဟော ဆုံးမနေတယ်။

"စောဆာဖိုးဝါ ကျွန်မမက်တာ အိပ်မက်မဟုတ်ဘူး၊ ရှေ့ပြေးနိမိတ်ဖြစ်တယ်၊ သတိပြုပါ ဆာဖိုးဝါ၊ ရှင်ဟာ သူတော်ကောင်း အလောင်းအလျာ"

ဒီလိုသတိပေးပြီး ဇနီးနော်ဝါး ကွယ်လွန်သွားသည်၊ မကြာခင် သားကလေးလည်း လိုက်ပါသေဆုံးသွားတယ်။ ဒီမှာ သံဝေဂရပြီး သူ့ရဲ့ ဓမ္မတရားတို့ နိုးကြားခဲ့ရပေတယ်။



ဓမ္မခရီး မထွက်ခွာမီ သူ့လူတွေကို ဒီလို မှာကြားခဲ့တယ်။

(၁) ကရင်ရိုးရာ ခလေ့ထုံးတမ်း ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းဖြင့် နယ်ချဲ့ရန်ကို ကာကွယ်ပါ။

(၂) ငါးပါးသီလ လုံပါစေ။

(၃) ဖြူဟွစိုက်ရှိတရား လက်ကိုင်ထားကြပါ။

အဲဒီနောက် အသက် (၃၀)အရွယ်မှာ ဂန္ဓာရီခရီး (သို့) ဓမ္မခရီး (သို့ ) တောထွက်ခဲ့ပါတယ်။ လူသူအရောက်အပေါက်နည်းတဲ့ တောင်ထိပ်ပေါ်တက်၊ တဲတစ်လုံးထိုးပြီး ငါးပါးသီလအခြေခံပြီး မေတ္တာကမ္မဋ္ဌာန်းကိုပြင်းပြင်းထန်ထန် အားထုတ်တယ်။ အထူးသဖြင့် အရှေ့တောင်ပေါ်မှာရှိတဲ့ ကရင်တိုင်းရင်းသားတွေကို ရှေးရှုပြီး မေတ္တာညွှတ် မေတ္တာပို့လွှတ်ပါတယ်။ နေဝင်ချိန်ကစပြီး တစ်ညလုံး ရောင်နီလာအရုဏ်ကျင်းသည်ထိ မေတ္တာဘာဝနာပွားနေတယ်။ အာရုံထဲမှာ ကရင်အမျိုးသား၊ အမျိုးသမီးတွေ သူ့ဆီလာနေတာ မြင်နေရတယ်။ နေ့စဉ်ရက်ဆက် ကြံ့ရာစား၊ သက်သတ်လွတ်သာစားပြီး တစ်ညလုံး အပြင်းအထန် ကျင့်ကြံမှုကြောင့် တစ်နေ့ သူ့တဲလေးထဲမှာ လဲကျသွားတယ်။

တောင်ပေါ်တက်လာတဲ့ ကရင်အမျိုးသားအချို့ သူ့တဲနားရောက်တော့ ...

"ဟာ – ဒီမှာ လူတစ်ယောက် လဲနေပါလား"

"ရွာကို ခေါ်သွားကြမယ်"

ရွာသူရွာသားတွေ ဝိုင်းအုံလာပြီး ပြုစုကြ၊ ရေတိုက်၊ အစားအစာ၊ ဆေးတွေ ယူလာပေးကြနဲ့ ပြုစုလိုက်လို့ သူ သတိပြန်ရလာတယ်။

သူက ထိုင်လိုက်တယ်၊ အစာစားပြီး ရေသောက်လိုက်တယ်။

"အများကိုပြင် အမှန်ကိုမြင်အောင် ဆုံးမစကား မိန့်ကြားပါ"

သူ့ဆီက တရားတောင်းနေကြပေပြီ။ ဒီအချိန်မှာ သူပေးနိုင်တာ မေတ္တာပြီးတော့ မျိုးချစ်တရား။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူ့ကြောင့်မှ မိမိတို့ရဲ့ ဓလေ့ထုံးစံ ရိုးရာယဉ်ကျေးမှုတွေ မပျက်ပါစေနဲ့"

ဒီကစပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးကို သင်ကြားပေးတယ်"

သူ အထူးပြုကျင့်နေတဲ့ မေတ္တာဘာဝနာကို သူတို့ဘာသာစကားနဲ့ (မောလေး)ကျင့်စဉ်လို့ ခေါ်တယ်။ မောလေးကျင့်စဉ်ရဲ့အခြေခံဟာ ငါးပါးသီလပါပဲ။ ဒီလိုနဲ့ သူ့တိုင်းရင်းသားတွေ ယဉ်ကျေးလာခဲ့ရုံမျှမက ဘဝအလင်းရောင် ရသွားခဲ့ကြတယ်။ အမှောင်မဖုံးတော့ပါဘူး။

သူကတော့ ဆက်ကျင့်ရပေဦးမယ်၊ တောင်ပေါ်မှတစ်ဆင့် ယိုးဒယားနယ်စပ်ထိရောက်အောင် ကျင့်ကြံမှုများပြုလုပ်ပြီး ယိုးဒယားမှ လောကီပညာရှင်ကြီးများထံ ချဉ်းကပ်ပြီး ပညာအမျိုးမျိုး သင်ယူလေ့လာခဲ့တယ်။ သူ မေတ္တာကမ္မဋ္ဌာန်းအောင်ခဲ့တဲ့ ဒီနေရာကို စွန့်ခွာပြီး နေရာသစ်ရှာမယ်၊ မြေပြန့်တစ်နေရာ ရွာကလူတွေ အာရုံယူပြီး မေတ္တာပို့လိုက်တော့ သူ့ရှေ့မှာ အလင်းရောင်ကြီး ပေါ်လာတယ်။


စာဆာမိုးဝါ (၈) ဘိုးပိုက်ဆံ ကျင့်ကြံနေသောကျင့်စဉ်မှာ ကမ္မဋ္ဌာန်းလေးဆယ်တွင် ပါဝင်သော ဗြဟ္မာစိုရ်တရား လေးပါးကျင့်စဉ်ဟု ဆိုနိုင်ပါသည်၊ အချို့က ဖူးဆန်ရေဟူ၍လည်း ခေါ်ကြသည်။

ဘိုးပိုက်ဆံ ရွာသူရွာသားတွေ တောင်ပေါ်၊ မြေပြန့် ကရင်တိုင်းရင်းသားတွေအတွက် ရေမြေနေရာသစ်ရှာရန် အာရုံပြုချိန်ပေါ်လာသော အလင်းရောင် လှိုင်းကြီးက အဝန်း (၁၀)ပေ၊ အမြင့်ပေ (၃၀) လောက် ရှိတယ်။

"သိပ်ထူးဆန်းပြီး သိပ်ရွှင်လန်းစရာကောင်းတယ်"ဟု နှုတ်မှ ရေရွတ်ပြီး ဝမ်းသာလိုက်မောစွာနဲ့ အလင်းလှိုင်းကြီးထဲ ခုန်ဝင်လိုက်တယ်။ အလင်းရောင်ရှေ့ကို ပြေးတယ်။ သူလိုက်တယ်။ မမီဘူး။ လိုက်မီပြီး အလင်းရောင်ကြီးထဲ သူရောက်သွားချိန်မှာ မောလှပြီ။ ဘယ်လောက်မောသလဲဆိုတော့ သတိလွတ်ပြီး အိပ်ပျော်သွားတဲ့အထိပါပဲ။



သူနိုးလာတဲ့အချိန်မှာ ပြန်ထိုင်ပြီး "ကျွန်ုပ်သည် တရားထူးတရားမြတ်ကို သိမြင်အောင် အားထုတ်ပါမယ်။ လူအများအကျိုး ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေစဉ်မှာ သူ့ရှေ့တွင် ထူးဆန်းသောပစ္စည်းတစ်ခု ကျရောက်လာလေတယ်။ ကြည့်လိုက်သောအခါ အရောင်လင်းလက်တောက်ပနေသော ကျောက်တစ်လုံးဖြစ်နေတယ်လေ။ အရောင်တောက်ပြောင် လင်းလက်နေသော ကျောက်လုံးကို ကိုင်ထားစဉ်မှာပင် လူအများ သူ့ရှေ့စုရုံးရောက်လာတော့တယ်။



စည်းဝိုင်းပြီး အပြင်ထွက်ကာ လှမ်းခေါ်လိုက်တော့
လူထွားကြီးမှာ အသိဉာဏ်မဲ့စွာ စည်းဝိုင်းအတွင်း
ဝင်လိုက်လေတယ်။ စည်းဝိုင်းအတွင်းရောက်သောအခါ
မြေကြီးပေါ် ရပ်မရဘဲ တုန်ခါ၍နေလေတယ်။
ဓာတ်လိုက်သကဲ့သို့ လူးလွန့်နေလေတာ။



www.burmeseclassic.com

www.burmeseclassic.com

"နတ်မင်းကြီး စားသောက်ဖွယ်တွေ လှူပါတယ်"

"နတ်မင်းကြီး သုံးဆောင်တော်မူပါ"

"နတ်မင်းကြီးကို ပူဇော်ပါတယ်၊ ကျွန်ုပ်တို့ တောင်ယာပဲခင်းများ စပါးများ အထွက်တိုးအောင် စောင့်ရှောက်ချီးမြှောက်တော်မူပါ"

တောင်ပေါ်သားတွေကို မေတ္တာပို့သပြီး "ကျုပ်က နတ်မင်းကြီး မဟုတ်ပါဘူး။ နတ်မင်းကြီးကဲ့သို့ လူတွေကို ကူညီစောင့်ရှောက်နိုင်အောင် ကျင့်ကြံအားထုတ်နေသူသာ ဖြစ်ကြောင်း" ရှင်းပြပါတယ်။

"ဒီနေရာမှာ ကျောင်းတစ်ဆောင် ဆောက်ပြီး ကျင့်ကြံအားထုတ်ပါ"

"ကျုပ်မြေကို လှူမယ်"

"အားလုံး လိုအင်ဆန္ဒ ပြည့်ဝဖို့ ကျောင်းဆောင်ပြီး ကျင့်ကြံမယ်၊ ရွာသူရွာသူတွေလည်း အစါကြီးရက်ကြီးများ သက်သတ်လွတ်စား အားထုတ်ရမယ်"

ရွာသားတစ်ဦးမှ ကျောင်းဆောက်ရန်အတွက် သစ်၊ ဝါးအစား သစ်မင်းသားနဲ့ ဆောက်ဖို့ အကြံပေးတယ်။ တောင်ပေါ်သားတို့၏ လုပ်အားဒါနဖြင့် သစ်မင်းတိုင် (၃၀) နဲ့ ဆောက်လုပ်ခဲ့မှုသည် ထူးခြားမှုတစ်ခုပါပဲ...။

ဘိုးပိုက်ဆံဟာ မြေပြန့်တစ်နေရာပြောင်းရွှေ့ရန် နောက်လိုက် သားသမီးအချို့ကို ခေါ်ပြီး ထွက်လေတယ်။ တစ်နေရာရောက်လျှင် မြေကြီးကို လက်ဖြင့်စမ်းတယ်။

"ဒီနေရာမှာ ငါ သားသမီးတွေ လုပ်ကိုင်စားသောက်ဖို့ မသင့်သေးဘူး"

နောက်တစ်နေရာရောက်သောအခါ မြေမကောင်းသေးဟု ဆိုကာ ဆက်လက်ခရီးထွက်ခွာပါတယ်။ ဘိုးပိုက်ဆံသည် စစ်တောင်းမြစ်အနောက်ဘက်ကမ်း ဆေးရိုးခင်ရွာတွင်နေစဉ် အနောက်ဘက် သစ်တောများဖုံးလွှမ်းသည့် မြေပြန့်တစ်ခုကို တွေ့ရှိတော့ ထိုနေရာသို့သွားပြီး တောထဲမှ ညောင်ပင်ကြီးတစ်ပင်ရှိရာနေရာတွင် အခြေချလေတယ်။



ထိုသို့ခေတ္တအနားယူအခြေချနေရှိန်မှာပဲ တောအုပ်ထဲမှ အလွန်သန်မာထွားကြိုင်းသော လူကြီးတစ်ဦး ထွက်လာတယ်။

"ဟေ့ - လူလေး၊ ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"

"ကျုပ်တို့ နေရာပြောင်း အခြေချဖို့ စီစဉ်နေတာလေ"

"ဒါ - ကျုပ် ပိုင်နက်မြေ၊ နေလို့မရဘူး၊ နေချင်ရင် ငါ့ကို နိုင်အောင် တိုက်ရမယ်၊ ငါနဲ့ နပန်းလုံးရမယ်။ ငါ အနိုင်ရရင် ထွက်ခွာပေးမယ်။ နင် အနိုင်ရရင် ဒီနေရာက ငါထွက်ပေးမယ်၊ ရှုံးသူ ပြေးရမယ်၊ သဘောတူလား"

လူထွားကြီးမှာ ဘိုးပိုက်ဆံကို အရပ်ပုပု ပိန်ပိန်သွယ်သွယ် လူနံကလေးဟုထင်ကာ အပြတ်စိန်ခေါ် လိုက်ပါတယ်။

"အေး ငါ သဘောတူတယ်၊ နင်နဲ့ငါ နပမ်းလုံးဖို့ စည်းဝိုင်းလိုက်ဦးမယ်၊ ဒီစည်းဝိုင်းထဲမှာ ချကြတာပေါ့" ဟုဆိုကာ အနီးရှိ တုတ်တံကလေးတစ်ချောင်းနှင့် စည်းဝိုင်းလိုက်ပါတယ်။

"ရပြီ၊ နင် - ဒီစည်းဝိုင်းထဲ အရင်ဝင်လာခဲ့"

စည်းဝိုင်းပြီး အပြင်ထွက်ကာ လှမ်းခေါ်လိုက်တော့ လူထွားကြီးမှာ အသိဉာဏ်မဲ့စွာ စည်းဝိုင်းအတွင်း ဝင်လိုက်လေတယ်။ စည်းဝိုင်းအတွင်း ရောက်သောအခါ မြေကြီးပေါ် ရပ်မရဘဲ တုန်ခါ၍ နေလေတယ်။ ဓာတ်လိုက်သကဲ့သို့ လူးလွန့် နေလေတာ။

"ဟေ့လူ - ဘယ်လိုလုပ်တာလဲ၊ ငါ ထွက်လို့မရတော့ဘူး၊ ရပ်လို့လည်း မရဘူး"

"ဒါဆို မင်းအရှုံးပေးပြီလား"

"ပေးတယ်ကွာ - ပေးတယ်"

ကတိပေးသောအခါ လူထွားကြီးကို စူးစိုက်ကြည့်ကာ မေတ္တာဓာတ်လွှတ်ပေးလိုက်လေတယ်။ လူထွားကြီး ဘိုးပိုက်ဆံနား ချဉ်းကပ်လာပြီး...

"ငါ အရှုံးပေးတယ်၊ တပည့်ခံပါတယ်ကွာ"

"နင်တို့ရွာသားတွေ ရွာတည်ရင်လည်း ကူညီပေးမယ်၊ အင်္ဂလိပ်အစိုးရ ဖမ်းဆီးတာကိုလည်း ကာကွယ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းကောင်းမွန်မွန်နေရင် ငါကူညီပေးမယ်၊ လူတွေကို ဒုက္ခမပေးနဲ့၊ မေတ္တာထား ကူညီပေးရမယ်"

လူသန်မာကြီးမောင်စိန်ဆိုသူလည်း ဘိုးပိုက်ဆံကို ကတိပေးပြီး ကောင်းမွန်စွာ နေထိုင်ပြီး ရွာတည်ရေးကိစ္စ ကူညီပေးတယ်၊ နောက်ပိုင်းတွင် ဝတ်ဖြူစင်ကြယ်ဝတ် ဘိုးပိုက်ဆံ တပည့်ခံကာ မည်သည့်နေရာသို့ ထွက်ခွာသွားသည်ကို မည်သူမျှ မသိရှိတော့ပါ၊ ကြီးမားသောညောင်ပင်နှင့် ကြီးမားသော လူမောင်စိန်ကို အမည်ပြု၍ ဇဒိ(ကြီးမားသော)ရွာဟု အမည်တွင်ခဲ့ပါတယ်၊ ဘိုးပိုက်ဆံနှင့် တပည့်များ တောများ ခုတ်ထွင်ရှင်းလင်းပြီး ရွာတည်ပေးလေတယ်၊ ဘိုးပိုက်ဆံမှ ...

"ဒီနေရာမှာ ရေတွင်းတူး ... ရေကြည်ရမယ်" ဟု တုတ်တစ်ချောင်းနှင့် ထောက်ပြလိုက်လျှင် အမှန်တကယ်ပင် ရေများ ကြည်လင်စွာ ရရှိတယ်၊ ရွာတည်ပြီးသောအခါ ညဘက်တွင် သူ၏ တပည့်များကို စုဝေးပြီး မေတ္တာပို့စေတယ်၊ ညမှောင်ချိန်တွင် ဘိုးပိုက်ဆံလက်ထဲမှ ကျောက်တုံးက အလင်းရောင် ဖြာထွက်နေသည်မှာ အံ့ဩစရာကောင်းလှပေတယ်၊

"ဒီနေရာမှာ ကျောင်းတစ်ဆောင် ဆောက်ရမယ်"

"စာသင်ကျောင်း, ဆေးရုံ၊ ဆေးခန်း တည်ဆောက်မယ်၊ ဘုရားစေတီတည်ရမယ်"

ဘိုးပိုက်ဆံ သူ၏ရည်ရွယ်ချက်များအတွက် ငွေကြေးလိုသောအခါ စဥ့်အိုးကြီးတစ်လုံးတွင် ရေထည့်၍ထားပြီး မေတ္တာတာတ်ပို့နေလိုက်တယ်၊

"အိုးထဲကို ဒင်္ဂါးတွေ ထည့်လှူရမယ်"

"ငါတို့လည်း တတ်နိုင်သလောက် ထည့်မယ်"

တစ်ခဏအတွင်း အိုးထဲမှာ ငွေများ ပြည့်သွားတယ်၊ စာဆာဖိုးငါ အလှူခံလျှင် အိုးထဲတွင် ငွေများ ပြည့်လျှံသွား၍ "ဘိုးပိုက်ဆံ" ဟု ခေါ်ကြသည်ဟု ဆိုသည့် "ဘိုးပိုက်ဆံ လူတွေ စုနေတယ်၊ အိုးထဲမှာလည်း ငွေတွေ ပြည့်လျှံနေတယ်၊ ဗြိတိသျှအစိုးရကို တော်လှန်ဖို့ဖြစ်ရမယ်"

မနာလိုသူ ဘာသာခြားတို့က တိုင်တောကုန်းချောကြတယ်၊



"ဒါဆို မောင်မင်းတို့ စောင့်ကြည့်နေ၊ သူ့ကို အမြန် ဖမ်းချုပ်ရမယ်"

ဗြိတိသျှနယ်ချဲ့အစိုးရဟာ ဘိုးပိုက်ဆံကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ကျောင်းကိုလည်း တပ်စခန်းပြုလုပ်ပြီး မော်လမြိုင်ထောင်မှာ ချုပ်နှောင်ထားလိုက်တယ်၊

"ငါ့မေတ္တာဓာတ် ဒီလူတွေပေါ်မရောက်လို့ပဲဖြစ်ရမယ်၊ သင်းတို့ကိုလည်း မေတ္တာဓာတ် စေလွှတ်ပေးရမယ်"

မကြာမီမှာပဲ ဘိုးပိုက်ဆံကို အချုပ်က အာမခံချက်နဲ့ လွှတ်ပေးလိုက်ကြတယ်၊ သစ်ခေါင်းကြီး စောသက်ဖေက အာမခံချက်ပေးပြီး သုံးဖို့ ငွေတစ်ထောင်ကျပ် လှူတယ်၊

"ဘိုးပိုက်ဆံ သာသနာပြုဖို့ လှူလိုက်တာကို"

"ငါတောင်ပေါ်ကျောင်းကို ပြန်သွားမယ်"

"တောင်ပေါ်ရောက်မှ ဒီငွေတွေ ဘာလုပ်ရမလဲလို့ အာရုံပြုမယ်"

"ကရင်တိုင်းရင်းသားတွေကို ကရုဏာထားပါ ဘိုးပိုက်ဆံ"

"သတ္တဝါတွေအားလုံးအပေါ် ကရုဏာထားတယ်"

တောင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်ပြီး အာရုံပြုလိုက်သောအခါ မျက်စိထဲတွင် ဘုရား,စေတီပုံတွေ ပေါ်လာတယ်၊

"ဟုတ်ပြီ - ဘုရားတည်ရမယ်၊ ငါတို့ အမျိုးသားတွေ ပူဇော်ဆည်းကပ် ကိုးကွယ်ဖို့ ဘုရားတည်မယ်၊ (၇)နေ့သားသမီး ဗုဒ္ဓဘာသာဝင်တွေ ပါဝင်စေမယ်"

ဘိုးပိုက်ဆံ (၄၉)ရက် သက်သတ်လွတ်စားပြီးလို့ အဓိဋ္ဌာန်ဝင်လိုက်တယ်၊ သူ့ကို လာကျွေးသောအစားအစာကို စားသုံးသော်လည်း စကားမပြော၊ ဝစီပိတ် အဓိဋ္ဌာန်ဝင်နေလိုက်တယ်၊

စောသက်ဖေ လှူလိုက်တဲ့ပိုက်ဆံတွေကိုလည်း တောင်းတစ်လုံးထဲမှာ ထည့်ပြီး တောင်ပေါ်တစ်နေရာမှာ ထားလိုက်တယ်၊ အဓိဋ္ဌာန်ပြီးသောအခါ သူထားသောငွေများ လျော့မသွား ပျောက်မသွားဘဲ ငွေတွေ ပွားနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

အစုလိုက် အပုံလိုက် ဖြစ်နေတယ်။ ရွာသူရွာသားတွေ လာလှူသွားကြတာပဲ ဖြစ်မယ်ဟု တွေးလိုက်တယ်။

"ငွေတွေ သုံးဆလောက် တိုးပွားနေပါလား၊ ဒီငွေတွေအားလုံး ဘုရား စေတီတည်မယ်"

တောင်းကို "မ"ကြည့်လိုက်တော့ လေးနေသည်ကို သတိပြုမိတယ်။ ငွေဒင်္ဂါးတွေ ဖယ်ကြည့်လိုက်တဲ့အခါ "ဟာ - ဘုရားရုပ်ပွားတော်တွေပါလား" ငွေ တောင်းထဲတွင် ကြီးကြီးငယ်ငယ် ဉာဏ်တော်အရွယ်စုံ ဘုရားကိုးဆူ တွေ့လိုက်ရတယ်။

"အံ့ဩစရာပါလား၊ ဘယ်ပုဂ္ဂိုလ် လာလှူ လာထည့်သွားတာလဲ၊ စဉ်းစား စရာပါလား"

"ရွာထဲမှာလည်း ဒီလိုဘုရားရုပ်ပွားတော်တွေ မတွေ့ဖူးပါဘူး။ ဒါ - စေတီတည်ရင် ဌာပနာထည့်ဖို့ပဲ ဖြစ်ရမယ်"

"အဘ ဘိုးပိုက်ဆံ ဘုရားတည်ရင် လုပ်အားပေးမယ်။ ဘယ်လို ဘုရား တည်မှာလဲ"

"ရာသီဥတုဒဏ် ခံနိုင်ပြီး သားစဉ်မြေးဆက်တည်အောင် စေတီကို သံနဲ့ တည်မယ်"

(ဘိုးပိုက်ဆံ ဆောင်ရွက်ပုံမှာ ရသေ့ကြီးဦးခန္တီ သာသနာပြုပုံနှင့် ခပ်ဆင် ဆင် တူနေပါသည်။ စာရေးသူ)

"ရွှေကျင်မြို့ကို သွား၊ သံတုံး.သံထည်တွေ ရှာကြ"

သံထည်ပစ္စည်းများ ရောက်လာသောအခါကျတော့ -

"ဒီပစ္စည်းတွေ တောင်ပေါ်အရောက် တင်ရမယ်"

"ရွာသူရွာသားတွေ တစ်စုံတစ်ယောက်မှ ထိခိုက်နာကျင်မှု၊ ပင်ပန်း ဆင်းရဲမှု မဖြစ်စေရဘူး။ ဘိုးပိုက်ဆံနှင့် တပည့်များ တောင်ပေါ်တောင်အောက် ပုဂ္ဂိုလ်၊ သတ္တဝါအားလုံးအား မေတ္တာအထူးပို့ပေးတယ်။ ထို့နောက် ရွာသား များကို အိုးကြီးတစ်လုံးမှ ရေတစ်ခွက်စီတိုက်ပြီး ကွမ်းရွက်တစ်ရွက်စီ ကျွေး လိုက်တယ်။ ပစ္စည်းအားလုံး တောင်ပေါ်သို့ချောမောစွာရောက်သွားကြတယ်။



သယ်ဆောင်ရတာ ခက်ခဲပင်ပန်းကျပေမယ့် အားလုံးပျော်နေကြတယ်။ ကုသိုလ်စိတ်နဲ့ ပီတိတွေ ဝေနေသလို ဘိုးပိုက်ဆံ တိုက်ကျွေး တဲ့ ရေနဲ့နှင့် ကွမ်းရွက်လည်း အစွမ်းထက်တယ်။ ဘုရားတည်ပြီးတဲ့အခါ (၇)ရက်ပတ်လုံး ဘုရားပွဲ ပြုလုပ်ကျင်းပပူဇော်ကြတယ်။ တောင်ပေါ်မှာ လေတွေတိုက်နေ ပေမယ့် ဆီမီးတိုင်တွေ မငြိမ်းဘဲ ထိန်ထိန်ညီးနေတယ်။ ဆိုင်းသံဗုံသံတွေ ကြားနေရပြီး ဂီတ၊ အကတွေနဲ့ ပျော်ရွှင်စွာတီးမှုတ်ပြီး ဘုရားပွဲတော် စည် ကားစွာ ကျင်းပနေကြတယ်။ ထုံးစံအတိုင်း ဗြိတိသျှ တော်လှန်ဖို့ ဘိုးပိုက်ဆံ လှုံ့ဆော်နေတာလို့ တိုင်တယ်။ ဘိုးပိုက်ဆံကိုယ်တိုင်က ခွင့်လွှတ်တယ်။ သည်းခံ တယ်။ မေတ္တာသာ တွင်တွင်ပို့လို့ သူ့လူတွေကို သင်ကြားပေးခဲ့တယ်။

"သက်ကယ်တောင်ပေါ်မှာ ဘုရားတည်ပြီး ဘိုးပိုက်ဆံ သုံးနှစ်တိုင်တိုင် ဘုရားစေတီအနီးမှာနေပြီး တရားကျင့်ကြံ အားထုတ်တယ်"

ရွာသူရွာသားတွေ အခက်အခဲရှိရင် ဘိုးပိုက်ဆံဆီ ရောက်လာတယ်၊ သူ့ထုံးစံအတိုင်း မေတ္တာတရားရှေ့ထား၊ ကရုဏာတရားနဲ့ ကူညီတယ်၊ မုဒိတာနဲ့ ဥပေက္ခာတရားကိုလည်း သဘောပေါက်အောင် ရှင်းပြတယ်၊ ဘိုးပိုက်ဆံရဲ့ ထူးခြားမှုကတော့ အခြားပုဂ္ဂိုလ်တွေလို ဂါထာမန္တာန်ရွတ်ဆို တာ မပေးဘဲ ဗြဟ္မစိုရ်တရားလေးပါးကိုသာ အစဉ်အမြဲ ရှင်းပြပါတယ်"

"ဗြဟ္မစိုရ်တရားလေးပါးဆိုတာ ဗြဟ္မဝိဟာရ တရားလေးပါးပါပဲ"

(၁) မေတ္တာဆိုတာ သတ္တဝါပုဂ္ဂိုလ်အပေါ် ချစ်ခြင်းစိတ် ပွားများရှုံးစိုက် ပေးရမယ်။ မိခင်က တစ်ဦးတည်းသားကို ချစ်ခင်သကဲ့သို့ (၅၂၈) မေတ္တာထားကြရမယ်။

(၂) ကရုဏာ - သတ္တဝါတွေအပေါ် သနားကြင်နာစိတ် ပွားများရှုံးစိုက် ပေးရမယ်။ ကိုယ်ချင်းစာစိတ် မွေးကြရမယ်။

(၃) မုဒိတာ - သူတစ်ပါးတွေ ချမ်းသာခြင်းကို ဝမ်းမြောက်စိတ် ပွားများ စိတ် ပွားများစွာစိုက်ရမယ်၊ မနာလိုဝန်တိုစိတ် မမွေးကြရဘူး။

"နောက်ဆုံးအချက်ပြောမယ်။ သေချာမှတ်ထားကြ"

အားလုံး စိတ်ဝင်တစား နားထောင်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၄) ဥပေက္ခာ - သတ္တဝါတွေအပေါ်မုန်းခြင်းချစ်ခြင်းမထားဘဲ ပွားများ
ရှုစိုက်ရမယ်။ မေတ္တာပို့လို့ မရရင် ဥပေက္ခာ ပြုရမယ်။

ဘိုးပိုက်ဆံ ရှင်းပြသည်ကို ရွာသူရွာသားမှ အားလုံး ယုံကြည်စွာ လက်ခံ ဆောင်ရွက်တယ်။ ဘိုးပိုက်ဆံ၏ စိတ်အာရုံထဲမှာ မြင်သည့်အတိုင်း ပြောဆိုမှုများမှာလည်း မှန်နေတယ်။ သမထ၏ စွမ်းအားဖြစ်တယ်။

"အလှူငွေတွေ ရွတ်ကောက်လား"

"မကောက်ပါဘူး၊ ဘုရားဖူးတွေ အလိုလို ထည့်ဝင်ကြတာ"

"တင်းတောင်းကြီးနဲ့အပြည့်ရတော့မှ ဘုရားတည် ကျောင်းဆောက် လုပ်ကြတာပါ"

တစ်နေ့ ဘိုးပိုက်ဆံနှင့် အင်္ဂလိပ်အရေးပိုင် တိုက်ရိုက်တွေ့ဆုံတယ်။ ဘိုးပိုက်ဆံမှ -

"လူကြီးမင်း - မနေ့က နေ့လယ်တစ်နာရီက ထွက်လာခဲ့တာ ကျုပ် သိတယ်"

အင်္ဂလိပ်အရေးပိုင် အံ့ဩသွားတယ်။ သိလိုက်တာနဲ့ ကျုပ် မေတ္တာပို့ခဲ့တယ်။ ကျုပ်အလိုကိုမလိုက်ဘဲ အထင်လွဲနေကြသေးတာကတော့ ကျုပ်ကိုယ်တိုင်ရဲ့ လိုအပ်ချက်ပါ။ ကျုပ်ရဲ့မေတ္တာ မပြည့်ဝသေးလို့ဖြစ်လိမ့်မယ်လို့ ဘိုးပိုက်ဆံက တည်ကြည်စွာ ပဋိသန္ဓာရပြုတယ်။ အရေးပိုင် အင်္ဂလိပ်ကြီး ငိုင်ကျသွားတယ်။ နောက်ဆုံးမှာ -

"သင်တို့ရဲ့မွန်မြတ်တဲ့မေတ္တာလုပ်ငန်းအတွက် ဘယ်သူမှ မနှောင့်ယှက်နိုင်အောင် ထောက်ခံစာ လက်မှတ်ထုတ်ပေးပါမယ်"

ထိုသို့ ကတိပေးပြီး အင်္ဂလိပ်အရေးပိုင်မင်းကို ကရင်ဝတ်စုံတစ်စုံ လက်ဆောင်ပေးကာ ပြန်သွားပါတော့တယ်။

ဘိုးပိုက်ဆံ မူလနေရာမှ လေချွန်တောင်သို့ ပြောင်းပြီး ဘုရားတည်ပြန်တယ်။ ဘုရားတည်ပြီး (၄)နှစ် ကျင့်ကြံအားထုတ်တယ်။

ဆန်ရေစပါး ရှားပါးနေချိန်မှာ ဘိုးပိုက်ဆံက -

"ဘာမှမပူနဲ့ စပါးကျီတွေ ဆောက်ထားကြ၊ စပါးတင်းတစ်သိန်း ရောက်လာမယ်"



မယုံကြည်သူတွေက လှောင်ပြောင်ကြတယ်။

မကြာမီမှာပဲ ဆန်ရေစပါး ရှားပါးတဲ့နေရာကို တောင်ပေါ်မြေပြန့်က ထေး လှည်းတွေ တန်းစီရောက်လာပြီး စပါးကျီတွေထဲ ထည့်ပေးကြတယ်။ ဆင်းရဲသားတွေကို ဝေငှပေးတယ်။ ဘိုးပိုက်ဆံက သူ့ရဲ့စပါးကျီတွေကို "မစိုးရိမ်စပါးကျီ" ၊ "မတောင့်တစပါးကျီ" တွေလို့ နာမည်ပေးတယ်။

"လူတိုင်း ငါးနှင့်ဂုံမင်းစားကြရမယ်၊ ငါးပါးသီလ စောင့်ထိန်းပြီး ဂုဏ်တော်ကိုးပါး ပွားများရမယ်"

"ရေမရှိတဲ့ နေရာတွေမှာ ရေစက်၊ ရေဘုံဘိုင်တွေ ဆောက်ပေးမယ်"

ပြောတဲ့အတိုင်း မကြာမီမှာ အကောင်အထည်ဖော်နိုင်တယ်။ လူတွေကတော့ ကယ်တင်ရှင် သိဒ္ဓိရှင်လို့ ထင်နေကြတယ်။

ဘိုးပိုက်ဆံရဲ့ ဆောင်ရွက်ချက်တွေဟာ သူ့ ကရင်တိုင်းရင်းသားတွေအတွက်ချည်း မဟုတ်ဘူး။ ဗြိတိသျှဖိနှိပ်မှုအောက် ခံနေရသူချင်း စိတ်ဝမ်းမကွဲဖို့ ဘာသာမတူပေမဲ့ မေတ္တာတရား အခြေခံဝါဒ တူကြတယ်။

"ဗမာ၊ ကရင်၊ ကချင်၊ ရှမ်း၊ ချင်း၊ ကယားတို့ကို ရည်ရွယ်ပြီး (၆) ဘာသာကျောင်းဆောက်မယ်"

"(၆) ဘာသာကျောင်းကြီး ခမ်းနားကြီးကျယ်စွာ ဆောက်ပေးပြန်တယ်"

ဆန်စက်တစ်လုံး တည်ပေးပြီး မည်သူမဆို ကြိတ်ခွဲပိုင်ခွင့်ပေးတယ်။ ခရီးသည်တွေအတွက် တည်းခိုအိမ်ဆောက်လှူပြီး ဘာသာတရားအားလုံးက လက်ခံတဲ့ မေတ္တာကမ္မဋ္ဌာန်း ပွားများဖို့ ဆော်ဩရှေ့ဆောင်ပြန်တယ်။

"ဘိုးပိုက်ဆံဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ပရဟိတစံပြအလှူတွေကို သူ မတူအောင် စွမ်းဆောင်သူပါပဲ"

"ကျုပ်မှာရှိတဲ့မြေတွေ တစ်ဧကစီ ခွဲဝေပေးမယ်၊ မြေမရှိတဲ့သူတွေ ခွဲဝေယူပြီး လုပ်ကိုင်စားကြပါ"

ရွာလယ်မှာ မြေကွက်ကိုတော့ "တာမှုလောင်" (သိမ်) ဆောက်ဖို့ သတ်မှတ်ပေးခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ပြဟ္မစိုရ်ဘိုးပိုက်ဆံ၊ သိဒ္ဓိရှင်ဘိုးပိုက်ဆံ၊ အဘဘိုးပိုက်ဆံ"

"ကျွန်ုပ်ရဲ့တာဝန် ပြီးဆုံးပြီဖြစ်လို့ ခရီးဆက်ရတော့မယ်၊ သင်တို့ကောင်းကျိုးအတွက် ကျုပ် (၃၃) နှစ် ဆောင်ရွက်ပေးခဲ့ပြီ။ ကျုပ်မရှိတော့ပေမယ့် ပြဟ္မစိုရ်တရားက ဆက်ရှိနေဦးမယ်။ လပြည့်လကွယ် အခါကြီး ရက်ကြီးတွေမှာ သက်သတ်လွတ် ဆေး၊ ဒါန၊ သီလ၊ ဘာဝနာပွားဖို့ မမေ့ကြပါနဲ့"

နောက်ဆုံးစကားမှာပြီး မကြာမီ ဘိုးပိုက်ဆံပျောက်သွားတယ်၊ အသက် (၅၈) နှစ်မှာ စခန်းသစ်ဆီ အောင်မြင်စွာ ထွက်ခွာကြွလှမ်းသွားခဲ့တာကတော့ အသေအချာပါပဲ...။

☛ ဂမ္ဘီရဆရာလှမျိုး (B.Sc)

စာရှုရှင်များသို့

"ဂမ္ဘီရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော တမှုများ၌ အချို့တမှုရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် တမှုရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တမှုခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

သဘောထားဖြင့်
ဂမ္ဘီရလောကမဂ္ဂဇင်း



www.burmeseclassic.com

# အိပ်မက်တံတား

အောင်ရာသက်ဝေ

တစ်နေ့သော ကျောင်းပိတ်ရက်တစ်ရက်တွင် စာရေးသူသည် မိခင်နှင့်အတူ မိခင်၏ အစ်မကြီးနေထိုင်သည့် ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၆)ရပ်ကွက်သို့ သွားရောက်လည်ပတ်ကြရာ ခြံဝင်းတံခါး လာဖွင့်ပေးသည့် အန်တီကြီးအနွေးထည်လေး ဝတ်ဆင်ထားကာ အတော်ပင် နေမကောင်းဟန်ရှိသည်ကို တွေ့မြင်လိုက်ရသောအခါ စာရေးသူက စတင်၍ -

"အန်တီကြီး - နေမကောင်းဘူးလား"

ဟု မေးလိုက်လေရာ အန်တီကြီးက -

"ဟုတ်တယ် - တူမလေးရေ၊ အန်တီကြီး - အခုတလော အစာအိမ်ပြန်ရောင်နေလို့ ဆေးခန်းသွားပြနေရတယ်လေ"

အန်တီကြီး၏အသံမှာ လိုတာထက် ပို၍တိုးလျှိုးညင်သာနေပြီး မျက်နှာမှာလည်း နွမ်းနယ်နေလေရာ စာရေးသူမှာ စိုးရိမ်စိတ် ဖြစ်မိသဖြင့် -

"အန်တီကြီးတို့အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား၊ ဘဘနဲ့အစ်ကိုတို့ရော ဘယ်သွားကြလဲ"



"မရှိကြဘူး - အန်တီကြီးအတွက် ယတြာသွားချေကြတယ်၊ အန်တီကြီး - အခုတလော ကျန်းမာရေး အရမ်းညံ့နေတယ် - တူမလေးရယ်"

စာရေးသူနှင့် အန်တီကြီးတို့ အပြန်အလှန် ပြောဆိုနေကြသည်ကို စာရေးသူ၏မိခင်က ဘာစကားမှ ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ ကြည့်နေရင်းမှ -

"နေပါဦး - အစ်မရယ်၊ အစာအိမ်ရောင်တာ အဆန်းလား၊ ကုသရလွယ်ကူတဲ့ ရောဂါဝေဒနာကို ရေးကြီးခွင်ကျယ်လုပ်ပြီး ဗေဒင်မေး၊ ယတြာချေနေစရာလား၊ မမတို့ကတော့ ပိုပြန်ပါပြီ"

ဟု ပြောလိုက်လေရာ အန်တီကြီးက -

"ယတြာမချေလို့ မရဘူး - ညီမလေးရေ၊ ဟိုတစ်နေ့က (၃၁)ရပ်ကွက်မှာနေတဲ့ အစ်မကြီးမိတ်ဆွေတစ်ယောက် အပူရှပ် အပြင်းဖျားပြီး သတိလစ်သွားတာ (၃)ရက်တောင် ကြာတယ်၊ သတိပြန်ရလာတော့ ပြိတ္တာဘုံတစ်ခုကို ရောက်သွားတဲ့အကြောင်းကို ပြန်ပြောပြတယ်လေ၊ လူတွေအားလုံး လှုပြည်ကို ရောက်တုန်းရောက်ခိုက် ကောင်းမှုကုသိုလ်ကို အတတ်နိုင်ဆုံး လုပ်ထားမှနော်၊ ကုသိုလ်လေး တစ်ပဲခြောက်ပြားလောက်နဲ့ မသေချင်သေးဘူးကွယ်" တဲ့လေ၊

ဒါနဲ့ စာရေးသူလည်း ပြိတ္တာဘုံဆိုတဲ့အသံကြောင့် စိတ်ဝင်စားသွားပြီး အန်တီကြီးကို မေးလိုက်မိလေသည်၊

"အန်တီကြီးမိတ်ဆွေက ပြိတ္တာဘုံရောက်သွားတဲ့အကြောင်းကို သမီးသိချင်လိုက်တာ၊ အန်တီကြီးသိရင် ပြောပြနော်"

ဟု စာရေးသူက ပြောလိုက်လေလျှင် အန်တီကြီးက စာရေးသူအား ပြုံး၍ ကြည့်ရင်း ခေါင်းညိတ်ပြလေသည်၊

"ဒီလို တူမလေးရေ - အန်တီကြီးမိတ်ဆွေက ဒေါ်ခင်လေးတဲ့"

နွေရာသီလဆိုတော့ ဒေါ်ခင်လေးတစ်ယောက် သူမနေထိုင်သည့် အိမ်ထဲတွင် ပူစပ်ပူလောင်ကြီး ဖြစ်နေသဖြင့် လေညင်းခံရန် အရိပ်အာဝါသကောင်းလှသည့် အိမ်ရှေ့ခြံဝတွင် စိုက်ပျိုးထားသော ပိတောက်ပင်ခြေရင်းရှိ ခုံတန်းပေါ်တွင် ထိုင်နေမိလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

တန်ခူးဖြစ်သဖြင့် အပူရှိန်မြင့်ပြီး လေပူတွေ တိုက်ခတ်ပေမယ့်လည်း သစ်ရိပ်ဝါးရိပ်နဲ့ဆိုတော့ အလွန်ပင် ထိုင်လို့ကောင်းလှပေသည်။ ထိုစဉ် ဖုန်းဝင်လာသဖြင့် ဖုန်းကိုင်လိုက်ပြီး အရေးကြီးကိစ္စကြောင့် အလျင်အမြန် ထီးမဆောင်းဘဲ နေပူကျဲကျဲထဲ ထွက်လာမိလေသည်။ နေမွန်းတည့်ချိန်ဖြစ်သဖြင့် အပူရှိန်အားကောင်းသည့်အချိန် ဖြစ်လေသည်။

ဒေါ်ခင်လေး အိမ်ပြန်လာတော့လည်း နေ့လယ်(၂)နာရီကျော်စ ရှိနေလေပြီ။ ဒေါ်ခင်လေးမှာ ထီးမပါ လက်ချည်းသက်သက် အသွားအပြန် ဖြစ်သည့်အပြင် အလွန်ပူအိုက်လွန်းလှသဖြင့် ရေချိုးခန်းထဲဝင်ပြီး ရေချိုးပစ်လိုက်လေသည်။ ညရောက်သော် အဖျားဝင်လာတော့သည်။ ဖေ့ါဖေ့ါဆဆ နေလိုက်မိလေရော အဖျားမှာ လုံးဝမကျချင်၊ အသက်အရွယ်မှာလည်း (၅၀)ပင် ကျော်စပြုလာလေရာ ငယ်စဉ်ကလို အစုသောက် အစုပျောက် မရတော့၊ အဖျားကြီးသထက် ကြီးလာပြီး ဒေါ်ခင်လေးတစ်ယောက် သတိလစ် မေ့မြောသွားလေသည်။

✓ ✓✓

ကျွန်မ ရောက်နေသည့် ပတ်ဝန်းကျင်အသစ်အား ထူးဆန်းလှ၍ အံ့ဩနေမိလေသည်။ လှလိုက်တဲ့ရှုခင်း၊ အလွန်ပင် ကြည်နူးဖွယ်ရာ သာယာအေးချမ်းလှတဲ့ တောအုပ်လေးတစ်ခုကို ရောက်နေပါလားဆိုတဲ့အသိကြောင့် လွတ်လပ်ပျော်မွေ့ပြီး လျှောက်ကြည့်နေမိလေသည်။ တောအုပ်စိမ်းစိမ်းလေးဘေးတွင် သာယာငြိမ့်ညောင်းစွာ စီးဆင်းနေတဲ့ ရေတံခွန်လေးတစ်ခုက ရှိနေသေးရဲ့။ ရေတံခွန်က စီးကျလာတဲ့ ရေအေးအေးလေးတွေက စိမ့်စမ်းရေလေးအဖြစ် ရေတံခွန်အောက်က ချောင်းငယ်လေးထဲ စီးနင်းဝင်ရောက်သွားလေသည်။

ကျောက်တုံးလှလှလေးတွေစီပြီး ခင်းထားသလိုဖြစ်နေတဲ့အတွက် ကျွန်မစိတ်ထဲ ကျောက်တုံးလမ်းပေါ်ကို တက်နင်းချင်လာမိသဖြင့် ကျောက်ခင်းလမ်းအတိုင်း လျှောက်လာမိလေသည်။ မိမိရောက်ရှိနေသည့် တောအုပ်လှလှလေးကို ဓာတ်ပုံရိုက်ချင်လာမိသဖြင့် ဝတ်ထားသော အနွေးထည်ဘေးအိတ်ထဲမှ ဖုန်းအား နှိုက်ယူလိုက်ရာတွင် မပါလာသဖြင့် ဒေါသအနည်းငယ်ပင် ဖြစ်မိသေးသည်။ လက်ထဲပါလာသည့် စက္ကူခေါက်လေးတစ်ခုအား ယူကြည့်လိုက်ရာ ငွေတစ်ထောင်တန်အသစ်လေးတစ်ရွက် ဖြစ်နေသဖြင့် အသာအယာပင်ခေါက်ပြီး အိတ်ထဲ ပြန်ထည့်ထားလိုက်လေသည်။

ကျွန်မ တစ်ယောက်တည်း ကျောက်ခဲလမ်းလေး လွန်ခဲ့ရင်း တစ်နေရာအရောက်တွင် -

"ဟဲ့ - ဟဲ့ - ဒါက ဘယ်ကိုသွားမလို့လဲ"

ဟု အဘွားအိုတစ်ဦးက ကျွန်မအား ခပ်ဆတ်ဆတ် မေးလိုက်လေရာ ကျွန်မ အသံရှင်အား ကြည့်လိုက်မိလေသည်။ တစ်ခါတစ်ရံမှ မတွေ့ဘူး၊ မမြင်ဘူးသည့် အသက်(၈၀)ကျော်အရွယ် အဘွားအိုကြီး ဖြစ်နေလေသည်။ ကျွန်မအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ အဘွားအို၏ မျက်နှာမှာဖြူဖပ်ဖြူရော်နှင့် အလွန်ညှိုးငယ်နေပြီး ပင်ပန်းကြီးစွာ အလုပ်လုပ်ပြီးထလာသော အသွင်သဏ္ဍာန်နှင့် တူနေလေသည်။

ကျွန်မ ထိုအဘွားအိုအား မှင်တက်ပြီး ကြည့်နေမိလေသည်။

"ဟဲ့ - ငါမေးနေတာ ဖြေစမ်းပါ"

ဟု ကျွန်မအား လှမ်းဟောက်၍ မေးလိုက်လေရာ ကျွန်မလည်း ထိုမှသာ သူမကို စူးစိုက်ကြည့်နေရာမှ သတိဝင်လာပြီးလျှင် -

"ဩော် - အမေ - သမီးလည်း ဘယ်ကိုရောက်နေမှန်း မသိပါဘူး၊ ဘယ်ကို သွားရမှန်းလည်း မသိပါဘူး၊ ဒါနဲ့ - အမေရယ် - ဘယ်ကနေလာလို့ ဘယ်ကိုသွားမှာလဲ၊ ဒီနေရာက ဘယ်နေရာလဲ"

ဟု ကျွန်မက မေးလိုက်ရာတွင် -

"အေး - ငါလည်း မသိပါဘူး ဟယ်၊ လာအေ - ငါနဲ့ လိုက်ခဲ့"

ဟု သူမ၏လက်ဖြင့် လှမ်းဆွဲလိုက်လေသည်။

ထိုအခါ ကျွန်မ ထိတ်လန့်တုန်လှုပ်ချောက်ချားသွားရပါတော့သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏လက်များသည် ကျွန်မ၏အသားနှင့် ထိတွေ့လိုက်သောအခါ ရေခဲတုံးကဲ့သို့ အေးစက်နေလေသည်။ ကျွန်မ ထိတ်လန့်သွားသည်ကို အမေကြီး သိသည့်အလား၊





www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - လာ - လာ - ဟိုရှေ့မှာ လမ်းလေး တွေ့လား၊ လာဟေ့ - အဲဒီလမ်းက သွားကြတာပေါ့"

ဟု ဂရုတစိုက် ဆိုလိုက်လေရာ ကျွန်မမှာ ကြောက်လန့်မနေအားပဲ အဘွားအို အတင်းဆွဲခေါ်သည့်လမ်းအတိုင်း လျှောက်လာလေသည်၊ လမ်းဆုံးသို့ ရောက်သောအခါ မြစ်ချောင်းတစ်ခုက ဆီးဆို့ခံနေပြန်၍ သက်ပြင်းတစ်ချက်ချလိုက်ရင်း -

"ဟင် - အမေရယ် - ဒုက္ခပါပဲ၊ ဒီချောင်းကြီးကို ဘယ်လိုဖြတ်ရမလဲ"

ချောင်းတစ်လျှောက်၌ ချုံနွယ်များ ထူထပ်စွာ ပေါက်နေသဖြင့် လမ်းပျောက်နေလေရာ အမေကြီးက -

"နေပါဦး - မြစ်ချောင်းတစ်လျှောက် ငါလိုက်ကြည့်ပါဦးမယ်"

ဟု ပြောပြီး ကျွန်မကို ခဏစောင့်နေခဲ့ရန်မှာပြီး ခပ်သုတ်သုတ်နှင့် ချောင်းအား လှည့်ပတ်ကြည့်နေလေသည်၊ ခဏအကြာတွင် အဘွားအို အနားသို့ ပြန်ရောက်လာပြီး -

"သမီးရေ - တွေ့ပြီ၊ တံတားဟောင်းလေးတစ်ခုပဲ - လာ - လာ၊ အဲဒီ တံတားပေါ်ကဖြတ်ပြီး ဟိုဘက်ကို ကူးကြစို့"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် နှစ်ယောက်သား တံတားပေါ်သို့ တက်လိုက်ကြလေသည်၊ တံတားမှာ အလွန်ပင် အိုမင်းဟောင်းနွမ်းနေပြီး ဖြတ်သွားဖြတ်လာ နည်းပုံ ရလေသည်၊

"ဖြည်းဖြည်း - သမီးရေ - ဖြည်းဖြည်း၊ တံတားက ဟောင်းနေပြီ၊ တော်ကြာ - ကျိုးကျသွားလို့ ရေထဲကျသွားဦးမယ်"

"ဟုတ်ကဲ့"

ဟု ပြောပြီး ကျွန်မ တံတားအောက်သို့ ငုံ့ကြည့်လိုက်လေသည်၊

"ဟယ် - မိချောင်းတွေ မနည်းပါလား"

"ဟုတ်ပါရဲ့ - သမီးရယ်၊ ကြောက်စရာကြီး၊ ကျသွားရင်တော့ မိချောင်းစာ ဖြစ်တော့မယ် - လာ - လာ - ခပ်မြန်မြန်ကူး"



ထိုကြောက်မက်ဖွယ်ရာအသံများနှင့်အတူ ထိတ်လန့်စရာ ကြီးမားတုတ်ခိုင်ပြီး ဦးချိုကြီးများပါသော သတ္တဝါကြီးများသည် ကျွန်မရှိရာ လမ်းကျဉ်းထဲသို့ ဝင်မလာဘဲ အဖြူရောင်လမ်းကျယ်ကြီးအတိုင်း တစ်ဟုန်ထိုး ပြေးလွှားသွားကြကာ တွေ့သမျှ လူကြီး၊ လူငယ်မရွေး လူများကို ဝရုန်းသုန်းကား နှင်းခြေသတ်ဖြတ်ကြလေတော့သည်။



ကျွန်မတို့နှစ်ယောက်လည်း အတတ်နိုင်ဆုံး ခြေဖော့၍ ခပ်သွက်သွက်လေး ဖြတ်ကူးလိုက်လေသည်၊ တံတားအောက်မှ မိချောင်းကြီးများမှာ ခေါင်းကြီးများ ထောင်၊ ပါးစပ်ကြီးများ ဖြဲပြီး ကြောက်မက်ဖွယ် ကောင်းလှပြီး အောက်သို့ မတော်တဆ ပြုတ်ကျလာသူများကိုစားရန် အဆင်သင့်ဟန်ပြင် စောင့်ဆိုင်းနေကြလေသည်၊

ရင်ဖိုလှိုက်မောလွန်းလှ၍ တံတားအောက်ခြေကိုပင် ရဲရဲမကြည့်ရဲ၊ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တံတားတစ်ဖက်သို့ ရောက်ရှိလာသောအခါ ညီညာပြန့်ပြူးပြီး အဆုံးအစကို ခန့်မှန်း၍မရနိုင်၊ မြေသားခပ်ဖြူဖြူနှင့် လမ်းကျယ်ကြီးတစ်ခုကို တွေ့ရပြန်လေသည်၊

ထိုလမ်းပေါ်တွင် ယောကျ်ား၊ မိန်းမအရွယ်စုံ၊ ဆိုက်စုံအား တွေ့မြင်ရပြီး ထိုလူများအားလုံး၏ အသားအရေမှာ ဖြူဖပ်ဖြူရော်နှင့်ဖြစ်ပြီး မျက်နှာများ



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း လုံးဝအရယ်အပြုံး ကင်းမဲ့နေပြီး မျက်တောင် လုံးဝမခတ်ဘဲ မျက်နှာသေများဖြင့် ဦးတည်ရာသို့သာ ကြည့်သွားနေကြသည်မှာ စက်ရုပ်များ သံပတ်ပေးထားသကဲ့သို့ပင်၊ ထိုလူများ၏ သွင်ပြင်လက္ခဏာများကို ကြည့်ပြီး ကျွန်မမှာ အံ့သြပြီး ငေးမောကြည့်နေစဉ် -

"ကဲ - သမီးရေ - ဒီကနေစပြီး လမ်းခွဲမယ်၊ ငါ - သွားတော့မယ်၊ သမီးလည်း သွားချင်တဲ့နေရာကို သွားတော့"

ဟု ပြောပြီး ရုတ်တရက်ထွက်ခွာသွားလေတော့သည်၊ ကျွန်မ ငေးကြောင်ကာ ဆွဲထားချိန်ပင် မရလိုက်၊ သူမ ထွက်သွားရာသို့ အမြန်ပြေးလိုက်သော်လည်း မတွေ့ရတော့သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် အဖော်မရှိ၊ တစ်ကိုယ်တည်း အထီးကျန်စွာ ခြေဦးတည့်ရာသို့ ထွက်သွားရန် ခဏရပ်ပြီး စဉ်းစားတွေးမောနေမိသည်မှာ ညနေပင် အတော်စောင်းနေပေပြီ၊

ကျွန်မ ဇဝေဇဝါစဉ်းစားမိသည်မှာ မြေကြီးဖြူဖြူ လမ်းကျယ်ကြီးသည် မျက်စိတစ်ဆုံးကြည့်လျှင်ပင် မပျောက်ကွယ်နိုင်သေးပဲ သစ်ပင်ချုံပင်မရှိဘဲ လွင်တီးခေါင်ကြီးလိုဖြစ်နေပြီး တမျှော်တခေါ်ကြီး ဝေးလှသည်ဟု စိတ်ထဲထင်မိသည်၊ ထိုအခါ ဆက်လက်သွားရန် မရွေးချယ်တော့ဘဲ လမ်းကျယ်ဖြူဖြူကြီး၏ ဘေးဘက်တွင်ရှိသော လမ်းကျဉ်းလေးထဲသို့ဝင်ရန် စဉ်းစားမိလေသည်၊ ခပ်ကြာကြာ ငိုင်နေမိသေးသည်၊

ထိုလမ်းကျဉ်းလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် ဆူးပင်၊ ချုံပင်များ ထူထပ်စွာ ရှိသည်၊ ကျွန်မလည်း အချိန်အကြာကြီး မစဉ်းစားနေတော့ပဲ ထိုလမ်းကျဉ်းလေးထဲသို့ကွေ့ပြီး လှည့်ဝင်ခဲ့မိသည်၊ ထိုလမ်းကြားအလယ်နားသို့ ရောက်သောအခါ ရုတ်တရက် -

"ဝေါ - ဝေါ - ဝုန်း - ဝုန်း"

ဆူညံသည့်အသံများ၊ ကြောက်မက်ဖွယ်ရာအသံများကို တရစပ်ကြားရလေတော့ရာ ကျွန်မလည်း နီးစပ်ရာ ချုံပုတ်တစ်ခုနောက်သို့ ပြေးပုန်းဝင်နိုလိုက်လေသည်၊ ကျွန်မရင်တွေ ခုန်နေမိသည်၊ ဘုရားရေ - ဘာသံတွေပါလိမ့်နော်၊



ထိုကြောက်လန့်ချောက်ချားစရာ ကောင်းလှသောအသံများ တဖြည်းဖြည်း နီးကပ်လာလေရာ ကျွန်မသည် နားနှစ်ဖက်ကို လက်နှင့်ပိတ်ပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်ပြီး အသံပင် မထွက်ရဲ၊ ကြောက်ကြောက်လန့်လန့် မရဲတရဲဖြင့် ကြည့်လိုက်မိလေရာ ထိုကြောက်မက်ဖွယ်ရာအသံများနှင့်အတူ ထိတ်လန့်စရာ ကြီးမားတုတ်ခိုင်ပြီး ဦးချိုကြီးများပါသော သတ္တဝါကြီးများသည် ကျွန်မရှိရာ လမ်းကျဉ်းထဲသို့ဝင်မလာဘဲ အဖြူရောင်လမ်းကျယ်ကြီးအတိုင်း တစ်ဟုန်ထိုး ပြေးလွှားသွားကြကာ တွေ့သမျှလူကြီး၊ လူငယ်မရွေးလူများကို ဝရုန်းသုန်းကား နင်းခြေသတ်ဖြတ်ကြလေတော့သည်၊

"ဝုန်း"

"အား"

"အမလေး"

"သေပါပြီ"

ထိုသူများထံမှ ထွက်လာသောသွေးများသည် ရဲရဲနီနေတော့ရာ လမ်းဖြူကြီးမှာ တစ်မုဟုတ်ချင်း လမ်းနီကြီးအဖြစ်သို့ ပြောင်းသွားသည်၊ ကျွန်မလည်း ကြောက်လွန်းလှသဖြင့် ဆက်ပြီးကြည့်ရန် အင်အားမရှိတော့ဘဲ မျက်စိကို စုံမှိတ်ထားလိုက်မိလေတော့သည်၊ ကွယ်ရာမှ ပုန်းလျှိုးပြီး ကြည့်နေသည့်ကျွန်မမှာ ကြောက်လွန်းလှသဖြင့် ထိုနေရာမှ အမြန်ပင် ထွက်ပြေးရလေတော့သည်၊

ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသဖြင့် မိုးချုပ်နေသည်ကို ပြေးရင်းလွှားရင်း သတိထားမိသည်၊ ထိုသို့ ခြေဦးတည့်ရာသို့ ဦးတည်ရာမဲ့ ထွက်ပြေးလာစဉ် အိမ်ခြေအတော်များများကို တွေ့ရသည်၊ ကျွန်မ ဝမ်းသာသွားသော်လည်း ထိုအိမ်များတွင် လူတစ်ဦးတစ်ယောက်မှ မရှိသဖြင့် စိတ်အားငယ်ပြီး ထိတ်လန့်တုန်လှုပ်ချောက်ချားနေစဉ် မနီးမဝေးတစ်နေရာဆီမှ ဆူညံဆူညံအသံများ လေနှင့်အတူ လွင့်ပါလာသည်ကို ကြားရသဖြင့် အသံရှိရာသို့ မှန်းဆ၍ ထွက်လာခဲ့မိခဲ့ပြန်သည်၊

ထိုအသံရှိရာအရပ်သို့ နီးလာလေလေ၊ လူသံများကို ပိုမို၍ ကြားရလေလေ ဖြစ်သဖြင့် ခပ်သုတ်သုတ်ခြေလှမ်းဖြင့် သွားရင်း ထိုလူများရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားလေတော့သည်၊ ထိုလူစုမှာ ညကြီးမိုးချုပ်နေသော်လည်း လူတစ်စု အလုပ်လုပ်နေကြသည်ကို တွေ့ရသည်၊ ထိုလူများနှင့် ပိုမိုနီးကပ်သည့်နေရာသို့ တိုး၍ကြည့်လေရာ အော်ဂလီဆန်ဖွယ် ဆိုးရွား၍ အပုပ်နံ့ တထောင်းထောင်း ထနေသည့် မစင်ပုပ်၊ အညစ်အကြေးများကို လက်နှစ်ဖက်ဖြင့် ပယ်ပယ်နယ်နယ် ကျုံး၍ သယ်နေကြသည်ကို တွေ့ရလေသည်၊ စိတ်ဝင်စားပြီး ကြည့်နေလေရာ အနားတွင် လူတစ်ဦးသည် ခေါင်းငိုက်စိုက်ချပြီး ထိုလူအုပ်ဆီသို့ သွားနေကြသည်ကို တွေ့ရသဖြင့် အော်ပြီး မေးလိုက်သည်၊

"ဒီမှာ – ဒီလူတွေ ဘာလုပ်နေကြတာလဲ"

ထိုလူသည် ရုတ်တရက်လန့်ဖျပ်သွားရာမှ ခပ်တိုးတိုး ပြန်ဖြေလေသည်၊

"ငါတို့က အညစ်အကြေးတွေ သွန်နေကြတာလေ"

"ပိုက်ဆံ တော်တော်ရမှာနော် – ဦးလေး"

ထိုလူသည် မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်သည်၊

"ဘယ်က ရမှာလဲ၊ အလကားလုပ်ပေးရတာ၊ မိုးလင်းတာနဲ့ ဒီနေရာကို လာပြီး မစင်သိမ်းတဲ့အလုပ်ကို လာလုပ်ပေးရတာလေ၊ မလုပ်ချင်လို့ မရဘူး၊ ဘယ်ကိုမှ ထွက်ပြေးလို့လည်း မရဘူး"

ဟု ညည်းညူ၍ ပြောလိုက်သည်၊

"ဘာဖြစ်လို့ – ထွက်ပြေးလို့မရတာလဲ – ဦးလေးရယ်၊ နားမလည်လို့ ကျွန်မကို ရှင်းပြပါလား"

ဟု သိချင်ဇောဖြင့် မေးလိုက်လျှင် –

"ဒီလူတွေက လူ့ပြည်မှာနေတုန်းက စိတ်ကောင်းမရှိဘူး၊ အလှူတစ်ခုမှာ ဝိုင်းပြီးချက်ပြုတ်ပေးတယ်၊ ဒါပေမဲ့ – သံဃာတော်တွေကို ကပ်လှူမယ့်ဆွမ်းတွေကို ဦးဦးဖျားဖျား စားတယ်၊ သူတစ်ပါးပေါ်ကို ရင့်ရင့်သီးသီး ပြောတဲ့သူတွေ၊ သူတော်ကောင်းတွေကို ဆဲရေးတိုင်းထွာတဲ့သူတွေကို အပြစ်ပေးထားတာပါ"

ဟု ရှင်းပြလေသည်၊



ထိုသို့ ပြောပြနေစဉ် မစင်ပုပ်မှ ထွက်လာသောအနံ့အသက်များ အသယ်လိုမှ ရပ်တည်၍မရအောင် ပိုမိုဆိုးရွားလာသဖြင့် ထိုနေရာမှ အမြန်ပြေးထွက်လာခဲ့တော့သည်၊ ကျွန်မ ထွက်လာသည့်လမ်းတစ်လျှောက်တွင် ပျဉ်ထောင်အိမ်အိုအိမ်ဟောင်းများစွာ တွေ့ရသည်၊ ထိုအိမ်ထဲမှ လူများသည် ကျွန်မကို အေးစက်စက် မျက်ဝန်းသေများဖြင့် လှမ်းကြည့်နေလေသည်၊

တချို့လူများ၏ မျက်လုံးများမှာ တောက်ပြောင်ပြီး အရောင်ထွက်နေသည်မှာ ကျွန်မအား ထ၍ ရန်မူတော့မယောင် ထင်ရလေသည်၊ ကျွန်မလည်း ကယ်သူမဲ့စွာဖြင့် ကြောက်ရွံ့စိုးထိတ်ရင်း ထိုသူများ၏ မျက်နှာများကို ပြန်ကြည့်လိုက်ရာ လူများထဲမှ ကံအားလျော်စွာပင် ကျောင်းသူဘဝက ခင်မင် ငဲနီးခဲ့သော သူငယ်ချင်းတစ်ယောက်နှင့် တူနေလေဟန်ရှိသဖြင့် အားကိုးစွာဖြင့် ဝမ်းသာအားရ သေချာစွာ ကြည့်ရင်း ထိုသူ၏နာမည်ကို ခေါ်လိုက်မိသည်၊

"နင် – နင် – ဖြိုးမောင် မဟုတ်လား"

ထိုသူသည် သူမ၏ အနားသို့ တိုးထွက်လာပြီးလျှင် –

"အေး – ဟုတ်တယ်၊ နင် – ဒီကို ဘာလာလုပ်တာလဲ"

"ငါ – ငါ – မျက်စိလည် လမ်းမှားပြီး ရောက်လာတာပါ၊ ငါ့ကို ကူညီပါဦး"

"အေး – လာ – လာ – ငါနဲ့လိုက်ခဲ့၊ ငါတို့အိမ်မှာ လိုက်နေပေါ့၊ အိမ်ရောက်ရင် ငါနဲ့ မောင်နှမတော်တယ်လို့ ပြော၊ ဘာမှမမေးနဲ့၊ အရေးအကြောင်းရှိရင် ငါတို့နေတဲ့ရွာမှာ လမ်းခွဲ(၃)လမ်းရှိတယ်၊ ရွာရဲ့အရှေ့ဘက်မှာရှိတဲ့လမ်းကို ပြေးနော်၊ ငါကြိုမှာထားတာ"

"အေးပါ – ဖြိုးမောင်ရယ်၊ ငါ့ကို ကူညီတာ ကျေးဇူးတင်ပါတယ်"

ဖြိုးမောင်တို့အိမ်သို့ရောက်သောအခါ ဖြိုးမောင်၏မိန်းမက ကျွန်မအား ရန်လိုသည့်မျက်နှာနှင့် ကြည့်နေပြီး ဖြိုးမောင်နားကပ်၍ ခပ်တိုးတိုးမေးမြန်းနေလေရာ ဖြိုးမောင်က ကျွန်မနှင့် ဆွေမျိုးတော်စပ်ကြောင်း ရှင်းပြနေလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကျွန်မအား ဖြိုးမောင်ဇနီးက နေရာထိုင်ခင်းပေး၍ နားစေရာ ကျွန်မလည်း မောပန်းစွာဖြင့် နစ်မြိုက်စွာ အိပ်ပျော်သွားလေတော့သည်။ နောက်နေ့မိုးလင်းသည်နှင့် ဖြိုးမောင်တို့နေထိုင်သော ရွာငယ်လေးကို အကဲခတ်နေမိလေသည်။

ဖြိုးမောင်နေထိုင်သောရွာငယ်လေးမှာ လူနေအိမ်ခြေ နည်းပါးသော်လည်း တစ်ဦးနှင့်တစ်ဦး အရောတဝင် တစ်အိမ်တက် တစ်အိမ်ဆင်း ဆက်ဆံပေါင်းသင်းခြင်း မရှိလှ။ ခပ်တန်းတန်း ခပ်စိမ်းစိမ်းဖြင့် နေထိုင်ကြသည်ကို တွေ့ရလေသည်။

နေ့ခင်းနေ့လယ်နေရောင်ခြည်၏ အပူရှိန်မှာ ပြင်းထန်ခြင်းမရှိဘဲ အလင်းရောင်ရှိရုံသာ ရှိလေသည်ကို ထူးခြားစွာ တွေ့ရလေရာ ကျွန်မ၏ စိတ်ထဲတွင် သစ်ပင်ကြီးများ ထူထပ်စွာ အုပ်ဆိုင်းပေါက်ရောက်နေပြီး တောရိပ်တောင်ရိပ်များ ကျရောက်နေကာ သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကြောင့် နေရောင်ခြည်၏အလင်းရောင် တိုက်ရိုက်မထိုးဖောက်နိုင်သည့်ရွာငယ်လေးတစ်ရွာလေးပဲဟု စိတ်ထဲမှာ ထင်မှတ်ထားမိလေသည်။

အိမ်မွေးတိရစ္ဆာန်များလည်း ရှိပြီး နေ့လယ်နေ့ခင်းတွင် လယ်လုပ်၊ ကိုင်းစိုက်၊ ရေခပ်၊ ထင်းခွဲ စသည့် အလုပ်များကို ကိုယ်စီလုပ်ကိုင်ကြရလေသည်။ တချို့မိန်းမသူငယ်များ၏ ကိုယ်ခန္ဓာတွင် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများပင် ဝတ်ဆင်ထားကြလေသည်။

တစ်နေ့မှာ ဖြိုးမောင်က "ညနေဘက်ကို အိမ်ပြင်မထွက်နဲ့။ ဘုရားစာလည်း မရွတ်နဲ့" ဟု မှာလေသည်။ ကျွန်မ ရောက်ရှိနေသောရွာကို စိတ်ထဲက အလိုလိုသိနေသော်လည်း ဘာကြောင့်လဲဟု ဖြိုးမောင်အား မမေးတော့ဘဲ သည်နေရာမှလွတ်အောင် ထွက်ပြေးရန်သာ ဦးနှောက်ထဲက တိုက်တွန်းနေမိသည်။ ကျန်ခဲ့သောလင်ယောကျ်ားနှင့် သားသမီးများကိုလည်း သတိရသည်။

ထိုနေ့က စိတ်ထဲတစ်မျိုးကြီး ဖြစ်နေသဖြင့် ဖြိုးမောင်၏မိန်းမ ကျွေးမွေးသောစားသောက်စရာများကို မစားပဲ အိပ်ပျော်နေရာမှ လန့်နိုးလာသည်။ ရွာထဲတွင်ရှိသောလူတွေ တစ်ယောက်မှမရှိဘဲ အပြင်မှာ ခွေးဟောင်သံပင်



မကြားရသဖြင့် ချောက်ချားမိသည်။ လူတွေ ရှိမည်ထင်ရသည့်ရွာ၏ အနောက်ဘက်ရှိ လမ်းအတိုင်း သွားကြည့်လိုက်လေရာ ငယ်သံပါအောင် အော်နေကြသော မရှိမဆန့်အသံများကြောင့် အသံကြားရာနေရာသို့ ခြေ တရဲနှင့်ပုန်းကွယ်ရင်း သွားကြည့်လေရာ ကျွန်မသည် ထိတ်လန့် ချောက်ချားသွားပြီ လန့်၍မအော်မိစေရန် ထိန်းချုပ်ထားရလေသည်။

ရွာထဲရှိ ဖြိုးမောင်အပါအဝင် လူများအားလုံးသည် ရွှံ့ဗွက်များ၊ ရွှံ့ပုပ်နှင့် တကွ ရှိသမျှ အညစ်အကြေးများ၊ မြေကြီးများကိုပါ ပါးစပ်ထဲ အတင်းထိုးထည့် ၍စားနေကြသည်။ ထိုအညစ်အကြေးများမှာလည်း ထိုသူများ၏ပါးစပ်ပေါက်၊ မျက်လုံးနှင့် အခြားရှိသမျှ အပေါက်ထဲမှ တွန့်လိမ်ကောက်ကွေးပြီး ပြန်၍ တိုးထွက်လာနေကြပြန်လေသည်။

ထိုမြေကျစ်စာများနှင့်အတူ တီကောင်များ ဒွါရပေါက်များမှ အထွေးလိုက် ပါလာလေသည်။ ထိုသူများသည် နာကျင်လွန်းလှ၍ မြေပေါ်တွင် လူးလိမ့်နေကြသည်။ ထိုသို့ ခံစားနေရသောသူများပေါ်သို့ အလွန်ကြီးမားသော ဒလိမ့်တုံးကြီးများက တက်နင်းပြီး ဖိကြိတ်လိုက်သည်နှင့် ထိုလူများသည် ပြားချပ်သွားကြလေသည်။

ထိုအဖြစ်မျိုးကို အဖန်ဖန် တလဲလဲ နာကျင်စွာ ခံစားနေကြခြင်းဖြစ်လေသည်။ ကျွန်မသည် စိတ်မကောင်းဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ချောက်ချားခြင်းများဖြင့် ကြည့်နေရာမှ ကျွန်မ၏နားထဲတွင် အသံတစ်သံကို ပီပီသသကြီး ကြားလိုက်ရလေရာ ကျွန်မလည်း ထိုနေရာမှ အမြန်ပြေးထွက်လာခဲ့လေသည်။

ကျွန်မ ကြားရသောအသံမှာ "နင်တို့တွေ လူ့ဘဝမှာ နေတုန်းက ကောင်းမှုကုသိုလ်လည်း မရှိ။ အပျော်အပါးနဲ့ လောင်းကစားလည်း မက်။ သူများငွေကို မတရားယူပြီး လိမ်သေးတယ်။ ဒါ့အပြင် - သူတစ်ပါးပိုင်တဲ့မြေကို ပိုင်ရှင်မသိအောင် ခိုးတယ်။ လူလိမ်၊ လူကောက်၊ လူယုတ်မာတွေ ..." ဟူသော အသံပင် ဖြစ်လေသည်။

ကျွန်မသည် ကြောက်ကြောက်နှင့် ဖြိုးမောင် မှာထားသည့်အတိုင်း ရွာ၏ အရှေ့ဘက်တွင်ရှိသောလမ်းအတိုင်း ဆက်ပြေးလာခဲ့ရာတွင် ခြေတံ



www.burmeseclassic.com

www.burmeseclassic.com

ရှည်အိမ်အိုဟောင်းကြီးတစ်လုံးသည် လမ်းဆုံတွင် ထီးထီးကြီး ပိတ်မိနေသဖြင့် ထိုအိမ်ကြီးရှေ့သို့ မရဲတရဲနှင့် တိုးကပ်လာခဲ့လေသည်။

ထိုအိမ်ကြီးမှာ နှစ်ထပ်အိမ်အိုကြီးဖြစ်ပြီး အောက်ထပ်မှာ အကာအရံမဲ့နေသည်။ ထိုအိမ်ကြီးရှေ့တွင် သျှောင်တစောင်းနှင့် အသက်ခပ်ကြီးကြီး အမျိုးသားတစ်ဦးမှာ သစ်သားများကို ရွှေပေါ်ထိုးနေလေရာ ကျွန်မလည်း သွား၍စကားပြော မိတ်ဖွဲ့ပြီး အိမ်အပြန်လမ်းမေးလျှင် ကောင်းမလားစဉ်းစားနေမိသည်။

ထိုအချိန်တွင် အမျိုးသမီးကြီးတစ်ဦးမှာ အနီးအနားမှ ဖြတ်သွားလေရာ ကျွန်မက -

"အဒေါ် - အဒေါ်"

"ဘာလဲ - ကောင်မလား"

"အဒေါ်ရယ် - ကျွန်မ အိမ်ကို ပြန်ချင်လို့ လမ်းပျောက်နေတယ်။ ဘယ်လမ်းက ပြန်ရင် ကောင်းမလဲ သိချင်လို့ပါ။ အခုပဲ - ဒီလမ်းက ပြန်မလို့လုပ်တုံး လမ်းအဆုံးမှာ ဒီလမ်းကြီး ခံနေတယ် - အဒေါ်ရယ်"

ထိုအခါ အဒေါ်ကြီးသည် -

"အေး - ဟုတ်တယ်။ ကောင်မလေး - အဲဒီအိမ်က လင်မယားနှစ်ယောက် ခွင့်ပြုမှသာ ညည်းရဲ့အိမ်ကို ပြန်ရောက်မှာ ငါတို့ရွာကို အုပ်ချုပ်နေတာ။ အခု ရွှေပေါ်ထိုးနေတဲ့အဘပဲ။ သူ့ရဲ့ခွင့်ပြုချက်မပါပဲ ဒီရွာက ထွက်လို့မရဘူး။ ညည်းပြန်ချင်ရင် သူတို့ကို ခွင့်တောင်းကြည့်"

ဟု ပြောပြီး ထွက်သွားလေသည်။

ကျွန်မလည်း မရဲတရဲနှင့် ထိုလူကြီးအနီးအနားကို တဖြည်းဖြည်းချင်းချဉ်းကပ်လာမိလေသည်။ အနားသို့ရောက်လျှင် ကျွန်မကပင် စတင်၍ -

"အဘိုး - အဘိုး"

"ဟေ - ဘာကိစ္စလဲ - သမီး"

"အဘိုးရယ် - သမီး - အိမ်ကို ပြန်ချင်တယ်။ အိမ်ကလည်း မျှော်နေလောက်ပြီ။ သမီး - ဒီရွာမှာ မပျော်ပါဘူး။ သမီး - အရမ်းကြောက်တယ်။ သမီးကို သနားရင် ပြန်ခွင့်ပြုပါ - အဘိုးရယ်"



ဟု တောင်းပန်ရင်း အသနားခံလိုက်လေသည်။

ထိုအခါ အဘိုးအိုသည် သနားသည့်အမူအရာနှင့် -

"အေး - အေး - သမီး - ခဏထိုင်စောင့်နော်"

ဟု ပြောလိုက်လေသည်။ ထိုအချိန်တွင် အမျိုးသမီးတစ်ဦး အိမ်ပေါ်မှ ဆင်းလာသည်။ ထိုအမျိုးသမီးသည် ကျွန်မကို သဘောမကျဟန်ဖြင့် -

"ဒီလို လွယ်လွယ်နဲ့ ပြန်လွှတ်လို့ရမလားဟဲ့။ ညည်းမှာ ငါတို့ကို ပေးဖို့ ပိုက်ဆံပါရဲ့လား။ ပြီးတော့ - ညည်း - လူ့ပြည်လူ့ရွာမှာ ရှိတုန်း ကုသိုလ်ကောင်းမှုတွေလုပ်တာ အရမ်းနည်းတယ်"

ဟု ဆူပူလေတော့သည်။ ပြီးလျှင် - ကျွန်မကို ထိုအိမ်ကြီး၏ နောက်ဘက်သို့ ခေါ်သွားပြီး လက်ညှိုးထိုးပြလေသည်။

"ဒီမှာ - တွေ့လား တံတား။ ညည်း - အဲ့ဒီတံတားပေါ်က ဖြတ်သွားရင် လူ့ပြည်ကို ပြန်ရောက်သွားမယ်။ အဲ့ဒီတံတားကိုဖြတ်ပြန်ဖို့ဆိုတာ ငါတို့ဆီက ထောက်ခံစာလိုတယ်ဟဲ့ - သိရဲ့လား။ ကဲ - ဘယ်မှာလဲ - ပိုက်ဆံ"

ဟု ကျွန်မအား ခပ်ဆတ်ဆတ်အသံဖြင့် ပြောသည်။

ကျွန်မမှာ ကြောက်ရွံ့နေရသည့်အထဲ အားငယ်လာသဖြင့် အပြောအဆိုကြမ်းတမ်းပြီး စိတ်တိုနေသည့် ထိုအမျိုးသမီးအား ဝမ်းနည်းစွာဖြင့် ငိုယိုပြီးလျှင် -

"ကျွန်မမှာ ပိုက်ဆံအများကြီး မပါပါဘူး။ ငွေတစ်ထောင်ပဲ ပါပါတယ်။ လူ့ပြည်လူ့ရွာကိုပြန်ရောက်ရင် ကောင်းမှုကုသိုလ်တွေ များများလုပ်ပါ့မယ်။ ပြီးတော့ - ဟိုရောက်ရင် ကျွန်မ ကောင်းမှုကုသိုလ်လုပ်တိုင်း အဒေါ်တို့လင်မယားကို အမျှပေးဝေပါ့မယ် - အဒေါ်ရယ်။ ကျွန်မ - မလိမ်ပါဘူး။ တကယ်ပြောတာပါ။ ကျွန်မကို ဟိုဘက်ကမ်းကိုရောက်အောင် ပို့ပေးပါနော်"

ဟု ငိုယိုတောင်းပန်မိလေသည်။ ထိုအခါ အဘိုးက -

"ကဲပါ - မိန်းမရယ်။ ကောင်မလေးအတွက် ငါ ဟိုဘက်ကမ်းရောက်ဖို့အတွက် ထောက်ခံစာရေးပြီးနေပြီ။ သူ မလိမ်ပါဘူး။ ငါတို့ကို အမျှဝေမှာပါ။ ကဲ - ကဲ - ပြန်လွှတ်လိုက်။ တံတားထိပ်ကို ခေါ်သွား လမ်းပြလိုက်"

www.burmeseclassic.com

ဟု အဘိုးအိုက ပြောလိုက်လေတော့သည်။

ထိုအခါ အဘိုးအို၏ဇနီးသည် ကျွန်မအား ပြန်မလွှတ်ချင်သောအမူအရာရှိသော်လည်း အဘိုးအို၏စကားကို လွန်ဆန်နိုင်ခြင်းတော့ ရှိပုံမရပေ။

"ကဲ - လာ - လာ - ဒီဘက်ကိုလာ"

ဟု ကျွန်မအား ဆောင့်ဆောင့်အောင့်အောင့် မကျေမနပ် လမ်းပြောလေသည်။ အဘိုးအိုက -

"ကဲ - သွားတော့ - သမီးရေ၊ ဟိုမှာ ကုသိုလ်ကောင်းမှုတွေ များများလုပ်ပြီးတိုင်း ဘာဝနာပွားများတိုင်း ငါတို့ကို အမျှဝေ - ကြားလား၊ ရော့ - ဒီစာရွက်လေးကို ယူသွား။ တံတားတစ်ဖက်ရောက်ရင် ပေးလိုက်"

ဟု ပြောလေသည်။

ကျွန်မလည်း ဝမ်းသာအားရနှင့် ထိုစာရွက်အား လှမ်းယူ၍ အင်္ကျီအိတ်ထဲမှ ငွေစက္ကူတစ်ထောင်တန်အား အဘိုးအိုအား လှမ်းပေးလိုက်လေသည်။

အဘိုးအို၏ဇနီးက -

"ကဲ - သွားတော့"

ဟု တံတားပေါ် တက်ခိုင်းလေသည်။ ကျွန်မလည်း ထိုအခါကြီး စိတ်မပြောင်းခင် တံတားပေါ် အမြန်ပြေးတက်ခဲ့သည်။ တံတားပေါ်သို့ ရောက်သောအခါ တဖြည်းဖြည်းချင်း လျှောက်လာရာ တံတားထိပ်သို့ ရောက်ရှိလာသည်။

တံတားထိပ်တွင် မုတ်ဆိတ်များဖြူဖွေး၍ ထူထဲစွာ ပေါက်နေပြီး မျက်ခုံးမျက်တောင်မွေးများ သာမန်ထက် ပိုရှည်နေသည့် အဘိုးအိုတစ်ယောက်သည် ထောက်ခံစာ တောင်းသည်။

ကျွန်မလည်း အဘိုးပေးလိုက်သော ထောက်ခံစာပေးလိုက်သောအခါ ထိုမုတ်ဆိတ်ဖြူအဘိုးအိုသည် ကျွန်မ ပြန်ရမည့်လမ်းကို ညွှန်လိုက်သည်။ ထိုလမ်းအတိုင်း ဆက်လျှောက်လာရာ ကျွန်မ နေထိုင်သောနေရာသို့ ရောက်ရှိလာခဲ့ပေသည်။

ကျွန်မ အိပ်မက်ခရီးထဲမှ ပြန်ထွက်လာသောအခါ ကျွန်မအား စိုးရိမ်ကြီးစွာ ထိုင်ကြည့်နေသော မိသားစုဆွေမျိုးများနှင့် အရင်းနှီးဆုံးမိတ်ဆွေ



များသည် ကျွန်မ မေ့မြောနေသည်မှာ (၃)ရက်ပင် ကြာခဲ့ပြီဟု ပြောလေသည်။

ကျွန်မကလည်း အိပ်မက်ထဲတွင် ရောက်သွားသည့်နေရာတွင် မြင်တွေ့ခဲ့ရသည်များကို ပြန်လည်ပြောပြလေသည်။ အားလုံးက အံ့ဩကြသည်။

✓ ✓✓

စာရေးသူသည် အဖြစ်အပျက်များကို အစအဆုံး နားထောင်ပြီးသောအခါ -

"ဒါဆိုရင် - အန်တီကြီးသူငယ်ချင်းက သူ့ကတိပေးခဲ့တဲ့အတိုင်း အမျှဝေပေးရမှာပေါ့နော်"

"အေးပေါ့ - တူမလေးရယ်။ ကောင်းမှုကုသိုလ်တွေ လုပ်တိုင်း အမျှဝေပေးတာပေါ့"

"သူတို့တွေက ဘယ်သူတွေလဲ - အန်တီကြီး၊ နောက်ပြီး - အဲဒီနေရာက ဘယ်နေရာလဲ"

ထိုအခါ ဘေးမှထိုင်ပြီး နားထောင်နေသည့် မေမေက တည်ငြိမ်အေးဆေးစွာ စာရေးသူ မေးသည်ကို ဖြေသည်။

"သမီးရယ် - (၃၁) ဘုံထဲက ဘုံတစ်ခုပေါ့ကွယ်။ နေစံပြီး ညခံရတဲ့ အောက်ဘုံဖြစ်တဲ့ အသူရကာယ်ဘုံပဲနေမှာပါလေ"

ဟု အန်တီကြီးကိုယ်စား ကြားဖြတ်ဝင်ပြီး ဖြေလိုက်ပေသည်။

☛ ဒေသင်ဇာသက်ဝေ

www.burmeseclassic.com

www.burmeseclassic.com




# မိုးလုံးကြီးများ

မောင်မြင့်မား (ပိုလ်ကလေး)

ကျွန်ုပ်သည် ဝါသနာအလျောက် စာများရေးရာတွင် စိတ်ကူးထဲတွင် သော်လည်းကောင်း၊ ကိုယ်တွေ့ကြုံရ၍သော်လည်းကောင်း စိတ်ထဲတွင် ရေးစရာပေါ်လာပါက လက်ကရေးချလိုက်သည်သာ ဖြစ်သည်။ ထိုကဲ့သို့ ရေးရာတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်များကို ကျွန်ုပ် အရေးသန်သည်။ ကဗျာ၊ ဆောင်းပါးတို့ကို ဝါသနာမပါ။

ထိုကဲ့သို့ စိတ်ထဲတွင် ရေးစရာပေါ်လာပါက ရေးချလိုက်သော စာများသည် ဘဝသရုပ်ဖော်တွေ၊ သင်ခန်းစာပေးတွေ၊ ဟာသတွေ၊ မှုခင်းတွေ၊ တောတွင်းအမဲလိုက်ဇာတ်လမ်းတွေ၊ အိမ်ထောင်ရေးဇာတ်လမ်းတွေ၊ ဂမ္ဘီရ ဆန်သော အဖြစ်အပျက်တွေ၊ ဖြစ်ရပ်မှန်ကိုယ်တွေ့တွေ စသည်ဖြင့် စုံအောင် ရေးပါသည်။ တမင်သက်သက် စုံအောင်ရေးခြင်းတော့ မဟုတ်ပါ။ စိတ်ထဲ တွင် ဆန္ဒရှိ၍ ရေးလိုက်သောအကြောင်းအရာများပင် ဖြစ်ပါသည်။

www.burmeseclassic.com

ကျွန်ုပ် စကားရှည်သွားပါသည်။ လိုရင်းကို ပြောပါမည်။ ထိုကဲ့သို့ စာစုံအောင်ရေးရင်း တစ်ခါတစ်ရံတွင် ကိုယ်တွေ့ကြုံရသော အကြောင်းအရာ တလေများကိုပြန်လည်ဆန်းစစ်ကြည့်သောအခါ ခေတ်နှင့်မဆီလျော်သော ဂမ္ဘီရဆန်သောအကြောင်းများ ဖြစ်နေ၍ ဂမ္ဘီရမဂ္ဂဇင်းများသို့ ပေးပို့ခြင်းဖြင့် ကျွန်ုပ်သည် ဂမ္ဘီရစာရေးဆရာ မဖြစ်တဖြစ် ဖြစ်လာပါသည်။

မည်သို့ဆိုစေ၊ စာရေးနေရ၍ ကိုယ့်စာမူကိုပုံနှိပ်စာလုံးနှင့် မဂ္ဂဇင်းစာအုပ်ထဲတွင် မြင်လိုက်ရလျှင် ကျေနပ်ပီတိဖြစ်နေသော ကျွန်ုပ်သည် အောက်ဖော်ပြပါ ဂမ္ဘီရဆန်သော ဇာတ်လမ်းတစ်ပုဒ်ကို ရေးသားတင်ပြလိုက်ရပေသည်။

✓ ✓ ✓

ကျွန်ုပ် ငယ်စဉ်ကပင် ပင်ရင်းစကားပြေ လက်ရွေးစင် စာအုပ်ထဲတွင် "ရေကြောင်းသွားလာ ရွက်နာဝါ" ဟူသော စကားပြေတစ်ခုကို အမှတ်ထင်ထင် ခေါင်း၊ထဲမှာ မှတ်မိနေသည်။ ထိုစကားပြေမှ ကျွန်ုပ် တင်ပြလိုသော အချက်မှာ ပင်လယ်တွင်းသို့ ငါးဖမ်းထွက်သော ရေလုပ်သားများ၏ လှေရွက်တိုင်ထိပ်တွင် မီးလုံးကြီးများ လာရောက်စွဲကပ်သည်။ ထိုစွဲကပ်သော မီးလုံးကြီးများကို ရေလုပ်သားများက ရွက်တိုင်ထိပ်သို့ တက်ရောက်၍ မီးလုံးတိုဓားနှင့် ခုတ်လိုက်သည်နှင့် ထူးဆန်းသော အသံများမြည်ဟည်းကာ ပျောက်ကွယ်သွားကြသည်။

ထိုကဲ့သို့ မဟုတ်ဘဲ မီးလုံးများ စွဲကပ်လာပါက လှေထဲတွင်ရှိသော လှေသားများသည် ဒေါသစက်ထန်လာကြကာ တစ်ဦးကိုတစ်ဦး မမှတ်မိကြတော့ဘဲ ခုတ်ကြထစ်ကြနှင့် တစ်ခါတစ်ရံတွင် လှေတစ်စင်းဖျောလာပြီး လှေသားများအားလုံး လှေထဲတွင် တစ်ဦးကိုတစ်ဦး ခုတ်ကြထစ်ကြကာ သက်ရှိတစ်ယောက်မျှမရှိဘဲ တွေ့ကြုံကြရသည်။



ထိုကဲ့သို့ စွဲကပ်လာသော မီးလုံးများသည် နာနာဘာဝမဟုတ်ပါ။ (Meteor) သာဖြစ်ပါကြောင်း၊ ထိုစကားပြေထဲတွင် ရေးသားထားသည်ကို သတိရနေပါသည်။

ကျွန်ုပ် စဉ်းစားသည်။ ထိုကဲ့သို့ ကမ်းမမြင်၊ လမ်းမမြင် ဘာမျှမရှိသော ပင်လယ်ထဲတွင် ရွက်လွှင့်လာသော လှေကိုလာရောက်စွဲကပ်သော မီးလုံးသည် ဘာလဲ၊ စကားပြေထဲကအတိုင်း အင်္ဂလိပ်အခေါ် (Meteor) ၏ အဓိပ္ပာယ်ကို ကျွန်ုပ်မသိပါ။ စကားပြေထဲက ဖတ်မိ၍ မှတ်မိသော အင်္ဂလိပ်စကားလုံးကို ရေးပြခြင်းသာဖြစ်ပါသည်။

(ဤကား စကားချပ်)

✓ ✓ ✓

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်က ဖြစ်သည်။ ကျွန်ုပ်အိမ်ထောင်မကျသေး၊ လူပျိုဘဝပင် ရှိသေးသည်။ ကျွန်ုပ်သည် ရန်ကုန်မြို့ထဲရှိ အစိုးရဌာနတစ်ခုတွင် အလုပ်လုပ်ကိုင်ရင်း စာတိုစာစများကို မတောက်တစ်ခေါက် ရေးသားနေဆဲ ဖြစ်သည်။ စာရေးသက် ငါးနှစ်အတွင်း မည်သည့် စာစောင် မဂ္ဂဇင်းကမှ ဖော်ပြခံရဖူးခြင်း မရှိသေး။

အလုပ်အား ရက်တစ်ရက်တွင် ကျွန်ုပ်တွင် မိဘရပ်ရွာဖြစ်သော ဘိုကလေးမြို့သို့ သိဒ္ဓိမင်္ဂလာ မော်တော်ကြီးကို စီးကာလာခဲ့သည်။ သင်္ဘောသည် ညနေ (၆း၃၀) ထွက်၍ တစ်ညလုံး မောင်းကာ နောက်တစ်နေ့ နံနက် (၅း၀၀) နာရီခန့်လောက် ဘိုကလေးမြို့ရောက်သည်။

ထိုကဲ့သို့ တစ်ညလုံး သင်္ဘောစက်သံနှင့်အတူ အတွေးနယ်ချဲ့ကာ လိုက်လာရင်း နံဘေးနေရာမှ မရွှေနုတို့ မိသားစုနှင့် အသိမိတ်ဆွေ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့က ရန်ကုန်ကို အလည်လာကာ ကျိုက်ထော်မြို့သို့ ပြန်ကြမည် ဖြစ်သည်။ ကျိုက်ထော်မြို့အနောက်ဘက် လေးငါးမိုင်မျှဝေးသော မော်တော ရွာတွင် နေထိုင်ကြသည်။ မရွှေနမိဘများက စောစောစီးစီ အိပ်ပျော်နေကြ သော်လည်း ကျွန်ုပ်နှင့် မရွှေနက အိပ်မပျော်သောကြောင့် တစ်ညလုံး စကား ကောင်းနေကြကာ ရိုးရိုးနှင့် ယဉ်ယဉ်ကလေးလှသော မရွှေနနှင့် ကျွန်ုပ်တို့ ပါးစပ်ချင်းရော မျက်လုံးချင်းပါ စကားပြောဖြစ်ကြသည်။

ရက်အတန်ကြာသောအခါ မရွှေနနှင့် ကျွန်ုပ်သည် တစ်ဦးကိုတစ်ဦး စာရေးကာ နှလုံးသားစကားများကို စာနှင့်ပြောဖြစ်ကြသည်။ ထိုအချိန်က ကျိုက်ထော်မြို့သည် ရွာကြီးတစ်ရွာအဆင့်သာရှိ၍ ကျိုက်ထော်မြို့ တရုတ် ပိုင်း၊ မောင်ကံလမ်းနေ ကိုဝင်းမောင်မှတစ်ဆင့် ကျွန်ုပ်က မရွှေနအား ရည်း စားစာပေးရသည်။ ကိုဝင်းမောင်က မော်တောရွာသို့သွားသော လှေကြုံ (သို့) မော်တော်များမှတစ်ဆင့် မရွှေနထံ စာပေး ပေးသည်။

စာထည့်တိုင်း မရောက်၊ မရွှေနသည် မော်တောရွာ၏ ကွမ်းတောင်ကိုင် တစ်ဦးဖြစ်သောကြောင့် သူ့ဆီလာသော စာများအတွက် မနာလိုရှိဟန် တူကြသည်။ မနာလိုသူများက ကြားမှနေ၍ စာများကို ဖျောက်ဖျက်ပစ်ကြ သည်။

လိုရင်းကို ဆက်ပါမည်။ ကျွန်ုပ်သည် ရန်ကုန်မြို့ကြီးမှ အစိုးရဌာန တစ်ခု တွင် အလုပ်လုပ်နေရ၍ ရန်ကုန်မြို့သူနှင့် နဖူးစာမဆုံပဲ တောမှ ကွမ်းတောင် ကိုင်နှင့်မှ ဖူးစာဆုံရသည်။ ဒါလည်း ဖူးစာပဲဟု ပြောရမည်။ အလုပ် လုပ်ရင်း နေ့စဉ်လိုလို မရွှေနထံမှ စာကိုမျှော်ရသည်။ စာထည့်တိုင်း စာပြန်မလာ၊ စာ များက ကြားတွင် ပျောက်နေတတ်သောကြောင့် တစ်နေ့တွင် ကျွန်ုပ်သည် ခွင့်ယူကာ မော်တောရွာသို့ လာခဲ့သည်။

ရောက်ရောက်ချင်း အတိုးချကာ စကားများပြောချင်သော်လည်း မရွှေန ၏မိဘများရှိသောကြောင့် အားရပါးရမပြောရပေ။ နေ့ခင်းဘက်တွင် မျက်စိ မျက်ခြည်ပြကာ အချိန်းအချက်ပြုကြရင်း ညဘက်တွင် ချိန်းတွေ့ကြရန်ဖြစ် သည်။



လမိုက်ရက်ဖြစ်သောကြောင့် မော်တောရွာတစ်ရွာလုံး ထိတ်ထိတ် ငြိမ်သက်ကာ ဝါးရုံများ၏ လေတိုးသံကြောင့် တရှဲရှဲမြည်သံတို့ မှုန်မှိုင်းရှိ သာ ကြားရသည်။ ကျွန်ုပ်နှင့် မရွှေနသည် အုံ့ဆိုင်းလှသော ဝါးရုံကြီးတစ်ရုံ အောက်တွင် နှစ်ယောက်ယှဉ်တွဲ၍ ထိုင်နေကြသည်။ မပြောရတာကြာလှပြီ ဖြစ်သော စကားများကို အတိုးချကာ ပြောနေရသည်။ အချိန်အားဖြင့် ည (၁၂) နာရီခန့်ကထိုင်၍စကားတွတ်ထိုးနေကြသည်မှာ ည (၂) နာရီလောက် အထိ မပြီးသေး။ စကားကောင်းတုန်း။

ကျွန်ုပ်တို့ ထိုင်နေရာနှင့် ကိုက် (၅၀) အကွာလောက်တွင် မှုလတန်း ကျောင်းကလေးရှိသည်။ ကျောင်းပတ်ဝန်းကျင်သည် အိမ်များနှင့် ဝေးလှ သောကြောင့် ကျောင်းအနီးမှ ဝါးရုံတစ်ရုံအောက်တွင် ကျွန်ုပ်တို့ စကားပြော နေကြခြင်းဖြစ်သည်။ စကားပြောနေရင်း မှောင်မည်းမည်းထဲမှ တစ်နေရာ တွင် မီးရဲရဲတစ်ခုကို ကျွန်ုပ်မြင်မိလိုက်သည်။ မရွှေနကတော့ မြင်ဟန်မတူ။ စကားဖောရပ်ကာ ကျွန်ုပ်က ထိုမီးရဲရဲနေရာကို သေသေချာချာကြည့်လိုက် သည်။

မီးရဲရဲသည် သေးသေးမဟုတ်၊ ထန်းသီးလုံးခန့်ရှိသောကြောင့် ကျွန်ုပ် စိတ်ထဲတွင် တစ်စုံတစ်ယောက်သည် အလေးအပေါ့သွားရင်း ဆေးလိပ် သောက်နေခြင်းတော့ မဟုတ်တန်ရာ၊ ဆယ်ပေခန့်အကွာမှ ဆေးလိပ် သောက်နေသော မီးရဲရဲပင်လျှင် မီးတောက် ဤမျှမကြီးနိုင်။ အနားတွင် မရွှေနတစ်ယောက်လုံး ရှိသော်လည်း ကျွန်ုပ် ကြက်သီးတဖျန်းဖျန်းထသွား သည်။ ကျွန်ုပ်က အမှောင်ထဲတွင် မရွှေနလက်ကို စမ်းလိုက်ရင်း ...

"မရွှေန - ဟိုဟာဘာလဲဟင်"

"ဘာကို ပြောတာလဲ"

"ဟိုရှေ့က မီးရဲရဲကို ပြောတာ"

အမှောင်ထဲတွင် ရဲရဲနီသော အရောင်ဆို၍ ထိုတစ်ခုသာ ရှိသောကြောင့် သိသာနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟို - မီးတောက်ရဲရဲကို ပြောတာလား"

"အင်း - ဟုတ်တယ်"

"ဟီ ဟိ"

မရွှေနု၏ "ဟီ - ဟိ" ဆိုသော အသံကြောင့် ကျွန်ုပ် ကြောင်တောင် တောင်ဖြစ်သွားသည်။ မှောင်ထဲတွင် မရွှေနုမျက်နှာကို သေချာစွာ မမြင်ရ၍ ကျွန်ုပ် သေချာစွာ မကြည့်လိုက်သော်လည်း အလင်းရောင်ရှိသော နေရာ ဖြစ်လျှင် မရွှေနု၏ "ဟီ - ဟိ" ဆိုသောအသံကြောင့် ကျွန်ုပ် သူမျက်နှာကို သေချာစွာ ကြည့်မိမှာ အမှန်ဖြစ်သည်။

ထို့ကြောင့် မရွှေနု၏ အသံကြောင့် စဉ်းစားနေစဉ်မှာပင် မီးလုံးရဲရဲကြီး သည် ကောင်းကင်သို့ တစ်ရှိန်ထိုး ထိုးတက်သွားတော့သည်။ ကျွန်ုပ်လည်း မရွှေနုလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားတော့သည်။ ကျွန်ုပ် မျက်တောင် မခတ်စိုက်ကြည့်နေစဉ်မှာပင် ထိုမီးလုံးကြီးသည် မြေပြင်ပေါ်သို့ ပြန်ဆင်း လာကာ တစ်နေရာတွင် စက်ပိုင်းသဏ္ဍာန်ပျံလျက် လုပ်နေပြန်သည်။

"မရွှေနု အဲဒီမီးလုံးကြီးကဘာလဲဟင်"

"အဲဒါမျိုး မတွေ့ဘူး ဖူးလား"

"တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"ကဲပါ - အဲဒါတွေ စိတ်ဝင်စားမနေနဲ့၊ ပြောစရာစကားတွေ အများကြီး ကျန်သေးတယ်ဆို၊ မပြောတော့ဘူးလား"

ကျွန်ုပ်သည် မရွှေနု ပြန်ပြောသံကို ကြားတစ်ချက် မကြားတစ်ချက် ရှိနေ ရာမှ စောစောက မီးလုံးကြီးဆီသို့ အာရုံရောက်နေမိသည်။ ထိုမီးလုံးကြီး သည် မြေပြင်တွင် ဆင်းလိုက်တက်လိုက် ဝဲပျံနေရာမှ ရွာအနောက်ဘက် ဆီသို့ ပျံတက်သွားကာ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

ကျွန်ုပ်နှင့် မရွှေနုသည် ဝေလီဝေလင်း ရောင်နီလာခါနီးမှ ဝါးရုံနောက် က ထပြန်ခဲ့သော်လည်း ထိုအကြောင်းကို မရွှေနုအား သေချာစွာ မမေးမိ တော့။ ထို့ထက် စိတ်ဝင်စားစရာကောင်းသော စကားများကို မရွှေနုနှင့်



ကျွန်ုပ်သည် ချစ်သူ၏ မေးစေ့ကိုကိုင်ထားရာမှ လွှတ်လိုက်ကာ ထိုမီးရဲရဲဆီသို့ ကြည့်လိုက်သည်။ ယခင်က တွေ့ခဲ့ဖူးသော မူလတန်း ကျောင်းကလေးအနီးမှ မီးလုံးကြီးတစ်လုံးသည် မြေပြင်မှ အမြင့်သုံးလေးပေခန့်တွင်ဝဲပျံကာ တက်လိုက် ဆင်းလိုက်နှင့်လုပ်နေပါသည်။ သီတင်းကျွတ်တွင် ကလေးများ မီးပန်းကိုမီးရှို့၍ ဝှေ့ယမ်းနေသည့်ပုံမျိုးဖြစ်သည်။



တီးတိုးအပြန်အလှန် ပြောနေကြခြင်းကြောင့် ဖြစ်သည်။ ထိုမီးလုံးကြီး အကြောင်းကို ဆက်မမေးဖြစ်ခြင်းကား ကျွန်ုပ်သည် ကြောက်ချင်ယောင် ဆောင်၍ မရွှေနုကို တင်းကြပ်စွာ ဖက်ထားခြင်းကြောင့်လည်း ဖြစ်ပေ သည်။

✓ ✓✓



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မှ ခွင့်ရက်မရသောကြောင့် နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် မော်တောရွာမှ ဖွတ်ချက် ဖွတ်ချက် မော်တော်ကလေးစီးကာ ဒေးဒရဲမြို့သို့ လာခဲ့သည်။ ဒေးဒရဲမှ ဧရာဝတီ သင်္ဘောကြီးစီးကာ ရန်ကုန်သို့ပြန်လာခဲ့သည်။ ရန်ကုန်ရောက်သည်နှင့် ကျွန်ုပ်က မရွှေနုထံသို့ စာတစ်စောင် ချက်ချင်းပြန်ရေးသည်။ စာထဲတွင် ကျွန်ုပ် သိလိုသော မီးလုံးကြီးအကြောင်းပင်ဖြစ်သည်။

ထူးထူးဆန်းဆန်းအကြောင်းကို သိလိုလှသောကြောင့် မရွှေနုထံမှ ပြန်စာကို မျှော်သည်။ မလာ၊ တစ်ပတ်လည်းမလာ၊ နှစ်ပတ်လည်းမလာ၊ တစ်လလည်း မလာ။ ကျွန်ုပ် ရေးသောစာ ပျောက်ပြီထင်မိ၏။ ရောက်လျှင် ပြန်စာတော့ လာရမည်။ ဘာကြောင့် မလာရသနည်း။ ကျွန်ုပ် စိတ်မရှည်တော့ အထက်လူကြီးအား ခွင့်တောင်းကာ ခွင့်ဆယ်ရက်ခန့်ယူ၍ မော်တောရွာသို့ပြန်လာခဲ့သည်။ ရွာရောက်သောအခါ ကျွန်ုပ်ထင်သည့်အတိုင်း ကျွန်ုပ်ထည့်သော စာမရောက်ကြောင်းနှင့် မရွှေနုလည်း တိုက်ဖွိုက်ရောဂါဖြစ်၍ အတော်ပိန်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်ရောက်မှ နာလန်ထစ လူမမာသဖွယ်ဖြစ်နေသည်။

ရောက်ရောက်ချင်း ညမှာပင် ကျွန်ုပ်နှင့် မရွှေနုသည် ချိန်းတွေ့နေကျ ဝါးရုံပင်ကြီးအောက်တွင် ည (၁၂) နာရီလောက်မှာ ဆုံကြသည်။ တစ်လကျော်လောက် မပြောလိုက်ရသော စကားများကို အတိုးချကာ ပြောကြသည်။ မှတ်မှတ်ရရ ထိုတစ်ညသည်လည်း လရောင်မရှိ၊ အလွန်မှောင်မိုက်သော လမိုက်ရက်ဖြစ်သည်။ ကျွန်ုပ်လည်း ချစ်သူနှင့် တစ်လကျော် ခွဲခွာနေရပြီးမှ ပြန်လည်ဆုံတွေ့ကြရသောကြောင့် ပတ်ဝန်းကျင်အမှောင်ထုကိုလည်း ဂရုမစိုက်အား၊ တစ်ခါတွေ့ဖူးခဲ့သော မီးလုံးကြီးအကြောင်းကိုလည်း မမေးမိဘဲ သာယာကြည်နူးနေမိပါကြောင်း ဦးစွာဝန်ခံလိုပါသည်။

ကျွန်ုပ်၏ချစ်သူသည် အတော်ကြာအောင် ဖျားနေရာမှ နာလန်ထစဖြစ်သောကြောင့် အသားအရေများ ကြုံလှီလှသည်။ ညှိုးငယ်နေသော မျက်နှာ



ကလေးကို မေးစေ့မှကိုင်၍ ကျွန်ုပ်၏ မျက်နှာအနီးကို ဆွဲယူလိုက်သော အချိန်တွင် အမှောင်ထုထဲမှ မီးရဲရဲကို မျက်စိထဲတွင် မကြည့်ပဲနှင့် ရိပ်ခနဲမြင်လိုက်မိသည်။ ကျွန်ုပ်သည် ချစ်သူ၏ မေးစေ့ကိုကိုင်ထားရာမှ လွှတ်လိုက်ကာ ထိုမီးရဲရဲဆီသို့ ကြည့်လိုက်သည်။ ယခင်က တွေ့ခဲ့ဖူးသော မူလတန်း ကျောင်းကလေးအနီးမှ မီးလုံးကြီးတစ်လုံးသည် မြေပြင်မှ အမြင့်သုံးလေးပေခန့်တွင် ဝဲပျံကာ တက်လိုက်ဆင်းလိုက်နှင့် လုပ်နေပါသည်။ သီတင်းကျွတ်တွင် ကလေးများ မီးပန်းကိုမီးရှို၍ ဝှေ့ယမ်းနေသည့် ပုံမျိုးဖြစ်သည်။ သို့သော် - မီးပန်းမှ ထောက်ပသော အလင်းရောင်နှင့် ထိုမီးလုံးကြီးမှ တောက်ပနေသော အလင်းရောင်သည် တစ်ခုနှင့်တစ်ခု မတူပါ။ ကွဲပြားသည်။

ကျွန်ုပ်က မရွှေနုကို လက်ကုတ်၍ ထိုမီးလုံးကြီးကို ပြလိုက်သည်။ မရွှေနုက ငြိမ်နေသည်။ ကျွန်ုပ်က -

"အဲဒါ ဘာလဲဟင်"

"သိချင်လို့လား"

"အင်း"

"ကျွန်မတို့ အရပ်မှာ ဒါမျိုးတွေ မကြာခဏ တွေ့ဖူးတယ်။ လူကြီးတွေ မေးကြည့်တော့ "ဟဲ့ - ကလေးတွေ ဘာတွေလျှောက်ပြောနေတာလဲ။ နောက်မပြောနဲ့"လို့ပြောတယ်။ လူကြီးတွေက မေးတာမကြိုက်ဘူး။ ညဘက် ကလေးတွေနဲ့ ထုပ်စီးတိုးတမ်းကစားရင်း ချုံထဲဝင်အပေါ့အပါးသွားရင်းနဲ့တောင် တစ်ခါတလေ တွေ့တယ်။ တွေ့တာမှ မီးလုံးတစ်လုံးတည်း မဟုတ်ဘူး။ သုံးလေးလုံးတောင် တွေ့တယ်။ ခဏခဏတွေ့တော့လည်း ရိုးသွားတာပါပဲ"

"ဒါဆို အဲဒါတွေက ဘာလဲဆိုတာ မရွှေနု မသိဘူးပေါ့"

"အင်းပေါ့"

"မရွှေနု မိဘတွေကို မေးရင်ကော ရမလား"

www.burmeseclassic.com

"သူတို့လည်း ပြောမှာ မဟုတ်ဘူး၊ ဘယ်လိုလုပ် တွေ့တာလဲမေးရင်တောင် သူက ဘယ်လိုပြောမှာလဲ၊ ဒီအချိန်မျိုးမှာ ထွက်တတ်တဲ့ မီးလုံးကြီးတွေကို သူကတွေ့တယ်ဆိုတော့ ညော့်သည်က ဒီအချိန်မှာ ဘာထွက်လုပ်လို့တွေ့တာလည်းဆိုရင် သူက ဘယ်လိုပြန်ပြောမလဲ၊ နောက်ဆိုရင် ခုလိုတွေ့ဖို့တောင် လွယ်မှာ မဟုတ်ဘူးနော်"

"အင်း – ဒါလည်း ဟုတ်တာပဲ"

ကျွန်ုပ်သည် ထူးထူးဆန်းဆန်းများကို စပ်စုတတ်သူပီပီ နောက်တစ်နေ့တွင် ညကမရွှေနနှင့် ကျွန်ုပ်တို့အတူ ထိုင်ခဲ့သော ဝါးရုံအောက်တွင် တိုင်လိုက်သည်၊ ပြီးမှ ညအမှောင်ထဲတွင် မီးလုံးကြီးတွေ့သောနေရာသို့ စိတ်နှင့် မှန်းကာ လျှောက်လာခဲ့သည်၊ ထိုမှ ကျောင်း၏ အနောက်ဘက် ပေငါးဆယ်ခန့်အကွာရှိ ဝါးရုံတောအတွင်းသို့ ထိုဝါးရုံတောအတွင်းမှ မီးလုံးကြီးကို မြင်ရခြင်း ဖြစ်သည်၊ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် တိတ်ဆိတ်နေသည်၊

တိတ်ဆိတ်နေသောကြောင့် ကျွန်ုပ်သည် စိတ်ကို ငြိမ်ငြိမ်ထားကာ တစ်လှမ်းချင်း လျှောက်လာခဲ့သည်၊ ထိုအရပ်သည် ဝါးခြုံများစိုက်သော အရပ်ဖြစ်၍ ဝါးရုံပင်များက အုံ့အုံ့ဆိုင်းဆိုင်းနှင့် နေပြောက်မထိုးအောင် ကောင်းလှသည်၊ ကျောင်းအနောက်ဘက်မှ ဝါးရုံတောအတွင်းတွင် ထူးခြားတာဆို၍ ဘာမျှမရှိ၊ တွေ့မိတာက ခနိမိုး၊ ပျဉ်ကာနှင့် နစ်ခန်းတွဲအိမ်သာ တစ်လုံးသာ ဖြစ်သည်၊

တောအရပ်က အိမ်သာဖြစ်၍ ရေလောင်းအိမ်သာမဟုတ်၊ ကျောင်းသူကျောင်းသားများ နေ့စဉ်စွန့်ပစ်ရာ အိမ်သာဖြစ်၍ မစင်ပုံကြီးက အိမ်သာကြမ်းခင်းနှင့် ထိလုနီးနီးဖြစ်နေသည်၊ မီးလုံးကြီးကို မြင်ရသောနေရာသို့ သိချင်ဇောနှင့် ကျွန်ုပ် မှန်းဆ၍ လာခဲ့ပါသော်လည်း ထူးထူးဆန်းဆန်း မစင်ပုံကြီးသာ တွေ့ခဲ့ရ၍ အန့်မခံနိုင်သောကြောင့် နောက်ကြောင်းပြန်လှည့်ခဲ့ရပါသည်၊



တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ထိုအကြောင်းကို ထိုအရပ်မှ လူကြီးသူမများ၊ ကျွန်ုပ် မတော်ရသေးသော ယောက္ခမများ အပါအဝင်ကို မေးမြန်းစုံစမ်းမည်ဟု ရည်ရွယ်ထားသော်လည်း ကျွန်ုပ်သည် ထိုရွာသို့ နောက်ထပ်လုံးဝ မရောက်ဖြစ်တော့၊

ကျွန်ုပ်၏စိတ်ထဲတွင် ယနေ့တိုင် လိပ်ခဲတည်းလည်းဖြစ်ကာ ဘာလည်းဆိုတာ သိချင်နေမိပါတော့သည်၊

☛ မောင်မြင့်မား (ဗိုလ်ကလေး)


စာရှုသူများသို့

ရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့
ခြင်းမပြုတော့ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com




# ကျွတ်သူတော် စောနောင်

ဦးသောဘိတ

မုံရွာနယ်တွင်းရှိ ဖိုလ်ဝင်တောင်ကြီး၏ အနောက်ဘက်တော ခပ်ယွန်းယွန်း၊ ခရီးမိုင် (၂၀)ကျော်ခန့်အကွာ နဂူရွာ၏အတွင်း အတော်ကြီးသော အိမ်ကြီးပေါ်တွင် အသက် (၅၀)ကျော်ခန့်ရှိ ယောကျ်ားနှင့် အသက် (၄၀) ကျော်ခန့်ရှိ မိန်းမတို့ပြောဆို တိုင်ပင်နေကြသည်မှာ . . .


"ဘယ့်နယ်လည်း မဖြည့်ရေ - တို့သား ဘိုးကျော်လည်း အသက် (၁၅) နှစ် ရှိလာ ပြီ၊ ရှင်ပြုမှ တော်မယ်။ သူ့ဆရာ ဘုန်းတော်ကြီးကတောင် မနေ့က စကားစပ်မိလို့ ဘိုးကျော်ဟာ အတော်ဉာဏ်ကောင်းတယ်။ ယခု အသက် နှင့် သင်ရိုးဖြစ်တဲ့ မင်္ဂလသုတ်၊ နမက္ကာရလောကနီတိ၊ ပရိတ်ကြီးတို့ ကျွတ် သွားပြီ။ အတော်ပါရမီထူးတဲ့ သူငယ်တဲ့။ သင်း - ကျောင်းမှာနေတာ (၂)နှစ် လောက် ရှိသေးတယ်လို့ ပြောပြသေးတယ်" ဟုပြောရာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - ကိုလျော်ရေ၊ ရွာထဲကလူတွေကလည်း ဦးလျော်တို့ အိမ်ပြည့်တို့မှာ လယ်ယာကလည်း စပါးအသီးအနှံကောင်းစွာ၊ အခြား အရောင်းအဝယ်ကလည်း ပစ္စည်းတိုးတက်လျက်နှင့် ဘာမြှလို့ သားကလေး ရှင်မပြုသေးတာလည်း မြုပါတော့လား၊ အရွယ်တော်ပြီ" ဟု ပြောကြသေး တယ်လို့ ပြောပြရာ ...



ပြီးတော့လည်း လူသေကောင်ကြီးကို ခါးစောင်းတင်ပြီး ပြေးခြောက်၊ ခေါင်းထဲက လူသေကောင်ကြီးက ခေါင်းပြူကာ ပြူကာ လုပ်ပြပြီးခြောက်၊ ဆင်ကြီးများအစွယ်ကြီးနှင့်လို လုပ်ပြ၊ မြင်းတစ်ကြီးကို ဖြုန်းဖြုန်း ဖြင်းဖြင်းနှင့် ဆူညံသွားအောင် ပြုလုပ်ပြီးခြောက်သတဲ့။ ခြောက်လို့လန့် ထိတ်ပြီးဆိုမှဖြင့် ဖမ်းစားလိုက်ရောတဲ့။

"အေးကွယ် - ယခုလထဲမှာဝင် ရက်ကောင်းများ ရွေးပြီး ပြုရအောင် ဟော့လို့"

ပြောဆိုကြပြီး ထိုနေ့ကပင်စ၍ ရှင်ပြုရန်ကိစ္စကို တစ်စတစ်စ မိမံ၍ လာကြလေ၏။

တစ်နေ့သောညတွင် ဦးလျော်က ...

"မပြည့်ရေ - နက်ဖြန်ဈေးသို့သွား၍ ဝယ်ရခြမ်းရအောင် စောစောကြီး ထနော်၊ သို့မှ နေမပူမီ ဈေးက ပြန်လာနိုင်မယ်" ဟု ပြောလိုက်ရာ ...

"အမယ် - စောစောကြီး မိုးမလင်းခင်တော့ မသွားဝံ့ပါဘူးတော်၊ ဟိုရွာ နှစ်ရွာအကြား ဘုရားပျက်နှင့် သံရေကျိုးချောက်ပျက်ဆီက ထွက်ထွက်ပြီး ခရီးသွားတွေကို ပြိသာဒ်တလားကြီးပေါ်တွင် လူသေကောင်ကြီးကိုတင်၍ ခေါင်းပေါ်ရွက်ပြီး ပြေခြောက်သတဲ့၊ ပြီးတော့လည်း လူသေကောင်ကြီးကို ခါးစောင်းတင်ပြီး ပြေခြောက်၊ ခေါင်းထဲက လူသေကောင်ကြီးက ခေါင်းပြူကာ ပြူကာ လုပ်ပြပြီး ခြောက်၊ ဆင်ကြီးများအစွယ်ကြီးနှင့်လို လုပ်ပြ၊ မြင်းတစ်ကြီးကို ဖြုန်းဖြုန်း ဖြင်းဖြင်းနှင့် ဆူညံသွားအောင် ပြုလုပ်ပြီးခြောက်သတဲ့၊ ခြောက်လို့လန့် ထိတ်ပြီဆိုမှဖြင့် ဖမ်းစားလိုက်ရောတဲ့၊ အလွန်ခြောက်နေတဲ့ အကြောင်း လူတိုင်းလည်းပြော၊ ကိုလျော်လည်း အသိသားနဲ့" လို့ ပြောလိုက် ရာ ...

"အေး - အေး စောစောဆိုပေမယ့် မိုးမလင်းခင်တော့ ဘယ်ဟုတ်မလဲ၊ လင်းမှ သွားတာပေါ့၊ အပေါင်းအဖော်လည်း ခေါ်ရဦးမှာပဲ၊ တို့နှစ်ယောက် တည်းနှင့် ရှင်ပြုဖို့ ကိစ္စယာတွေကို ပြည့်စုံအောင် ဘယ်မှာသယ်ဆောင် နိုင်မလဲ" ဟု ပြောဆိုကာ ထိုနေ့ညအချိန်ကုန်လေ၏။

✓ ✓✓





www.burmeseclassic.com

www.burmeseclassic.com

နံနက်သို့ ရောက်သောအခါ ဈေးသို့သွားကြရာ ထိုသံရေကျိုချောက်ပျက်နှင့် ဘုရားပျက်အနားသို့ရောက်လျှင် ကြောက်သည်နှင့်ရမ်းဆ၍...

"မိတ်ဆွေကြီးရှိရဲ့မဟုတ်လား၊ ရှိလျှင် ယခုကတည်းကပဲ တင်ကြို၍ ဖိတ်ကြားရပါသည်။ လပြည့်ကျော် (၁) ရက်နေ့ရောက်တော့ သားရှင်ပြု တရားတော်နာ ကြွတော်မူခဲ့ပါ၊ စားရင်းသောက်ရင်း ပျော်ပျော်ပါးပါးပေါ့" လို့ ပြောကာ ခပ်သုတ်သုတ်သွားကြလေ၏။

ဈေးက ပြန်လာသောအခါလည်း ထိုနေရာသို့ရောက်လျှင် နံနက်ကလိုပင် ထပ်မံ၍...

"ဆက်ဆက်ကြွလာခဲ့နော် မိတ်ဆွေကြီးမလာဘဲ မနေနှင့် တရားများ နာရအောင်" ဟု

ထပ်၍ ဖိတ်ပြီးပြန်ခဲ့ကြပြီးနောက် ရှင်ပြုရန် အရပ်ရပ်ကိစ္စတို့ကို စီမံပြုလုပ်ဆောင်ရွက်ကာ နေကြလေ၏။

တစ်နေ့သောနေ့၌ နဂ္ဂရွာနှင့် မနီးမဝေးရှိ ထနဲရွာ၊ ရဆိုးရွာအစရှိသော ရွာနီးများမှ လူတို့သည် မိမိတို့၏ရွာမှ ထွက်လာကြပြီး လမ်းတွင်တွေ့ဆုံကြသော သူငယ်ချင်း အချင်းချင်း...

"တရားနာသွားမယ်လို့ မဟုတ်လား၊ နဂ္ဂရွာကို မဟုတ်လား၊ ဦးလော်၊ ဒေါ်ပြည့်တို့ သားရှင်ပြုကိုမဟုတ်လား" ဟု

ပြောဆိုဖြေကြား၍ လာကြရာ ထိုဘုရားပျက်နှင့် သံရေကျိုချောက်ပျက်နားသို့ ရောက်ကာလ တချို့ကလည်း ကြောက်ရွံ့သည်နှင့် တချို့ကလည်း ပြောင်လှောင်သလိုနှင့် ...

"လာဟေ့ - တရားနာသွားမယ် လိုက်မယ်မဟုတ်လား"

တချို့ကလည်း...

"သူလိုက်မှာပေါ့ကွဲ့၊ သူ့ကိုလည်းဖိတ်ထားတာပဲ" ဟုပြောဆိုခေါ်ငင်ကာ ခပ်သုတ်သုတ် ထွက်လာကြလေ၏။ ဦးလော်၊ ဦးပြည့်တို့လည်း သားကို



သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်လှူဒါန်းကြပြီးကာလ ရွာ၏အနီးရှိ ထိုနဂ္ဂရွာ ဘုန်းတော်ကြီးကျောင်းမှာပင် ထားလေ၏။

ထိုကျောင်းမှာလည်း အမြဲလိုပင် ရင်ဘတ်နာစွဲကပ်၍ ဝေဒနာခံစားနေရသော ဦးပဥ္စင်းတစ်ပါးနှင့် မျက်စိပျက်လုမတတ် တိမ်စွဲကပ်ကာ မျက်စိနာနေသော ကျောင်းသားတစ်ယောက်တို့သည် ရောဂါဝေဒနာကို ပြင်းပြစွာခံစားလျက် နေကြရလေ၏။

ထို့ကြောင့် ဆရာ ဘုန်းတော်ကြီးသည် တပည့်များကိုလည်း သနားကရုဏာရှိတော်မူသည်တစ်ကြောင်း၊ ထိုဂိလာနပုဂ္ဂိုလ်တို့ ရောဂါမပျောက်မချင်း ဘုန်းတော်ကြီးနှင့်တကွ အတူနေရဟန်းသာမဏေတို့ပါ ကူညီစောင့်မ ကုစားကြမည့် ဝတ္တရားကလည်း ရှိကြသည့်အတိုင်း ဆေးနည်းကောင်းများကို ဟိုမှာမေး သည်မှာမေး၊ ဆေးဆရာများကျောင်းသို့ ရောက်လာကလည်းအကြောင်းကိုပြောပြ၍ဆေးများကိုအလှူခံကာ တတ်အားသမျှ ကုစားကြသော်လည်း ရောဂါများသည် မပျောက်ဘဲ အမြဲ စွဲကပ်ကာ ဝေဒနာခံစားလျက်နှင့်ပင် နေ့ရက်ကုန်လွန်လာခဲ့ရလေ၏။

✓ ✓ ✓

ထိုသို့ နေလေရာ တစ်နေ့သောနံနက်စောစောတွင် အိပ်ရာကနိုးကြ၊ ထကြသည်နှင့်တစ်ပြိုင်နက် ကိုရင် ဘိုးကျော်က ဘုန်းတော်ကြီးအပါးသို့ ချဉ်းကပ်လျှောက်ထားသည်မှာ...

"ယခု မိုးလင်းခါနီး၌ အိပ်မက် မြင်မက်သည်မှာ ဖိုးသူတော်တစ်ယောက်သည် တပည့်တော်ထံလာရောက်၍ ကိုရင်ကလေး ဤဆေးလုံးကြီးကြီးတို့ ရင်ဘတ်နာသော ဦးပဥ္စင်းကို တိုက်ပါ၊ ဤ ခပ်ငယ်ငယ်ဆေးလုံးတို့ [illegible] နာသော ကျောင်းသားကို တိုက်ပါ၊ အလတ်ဖြစ်သော ဤဆေးလုံးတို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တလေးစားပါ၊ ရောဂါစွဲကပ်ခြင်းမှ ချမ်းသာပျောက်ကင်းကြပါလိမ့်မည်၊ ကိုရင်လည်း အကျိုးထူး ခံစားရပါလိမ့်မည်"ဟု ပြောပြကာ

"ဆေးသုံးလုံးကို ပေးပြီးသကာလ ပျောက်ကွယ်သွားပါသည်၊ တပည့်တော်လည်း ချက်ချင်းလန့်၍ နိုးသည်နှင့်ကြည့်လိုက်ရာ တပည့်တော်၏ လက်ထဲတွင် ဤဆေးလုံး(၃)လုံးကို တကယ်တွေ့ရှိနေပါသည် ဘုရား"ဟု

ဆေးလုံးများကို ပြသရာ ဘုန်းတော်ကြီးနှင့်တကွ အနီးတွင်ရှိကြသော ဦးပဥ္စင်း သာမဏေတို့ပါ အံ့အားသင့်၍ နေကြလေ၏။

ထို့နောက် ဘုန်းတော်ကြီးသည် မကျန်းမာသော ဦးပဥ္စင်းနှင့် ကျောင်းသားတို့ကို အိပ်မက်ထဲတွင်မှာသည့်အတိုင်း တိုက်ကျွေးလိုက်ရာ ချက်ချင်းသက်သာလာကြပြီးလျှင် နောက်တစ်ရက်မှာ ရောဂါပျောက်ကင်းချမ်းသာခြင်းဖြင့် ပကတိအကောင်း ဖြစ်ကြလေ၏။

ဤကဲ့သို့ နေလာကြရာ (၃)နှစ်လောက်ကြာကာလ ကိုရင်ကလေးသည် လူထွက်၍ မိဘတို့နှင့်အတူ ရပ်ရွာ၏ ဓလေ့၊ လယ်ယာကိုင်းကျွန်းများကို လုပ်ကိုင်ကာ နေထိုင်ခဲ့ရာ နှစ်ကာလအတော်ကြာလျှင် ဦးလှော်၊ ဒေါ်ပြည့်တို့လည်း မိဘတို့ ဝတ္တရားရှိကြသည့်အတိုင်း မောင်ဘိုးကျော်ကို သင့်လျော်သော မိန်းကလေးနှင့် အိမ်ရာထူထောင်ပေးခြင်းတည်းဟူသော လက်ထပ်မင်္ဂလာကို ပြုပေးလေ၏။

ထိုလက်ထပ်သောညမှာပင် အိပ်မက် မြင်မက်သည်နှင့် ညတွင်းချင်းပင် မိမိမယားအားနိုး၍ ပြောပြသည်မှာ ဟိုအရင်ကျောင်းမှာ ကိုရင်ဝတ်နှင့် နေစဉ်က အိပ်မက်ပေးဖူးတဲ့ ဖိုးသူ တော်ကြီးဟာ ယခုလာပြီး ငါ့အား အိပ်မက်ပေးပြန်သည်မှာ . . .

"မောင်ဘိုးကျော် မင်းချမ်းသာလိုလျှင် ယစ်မျိုးငါးပါးကို မသောက်စားနှင့်၊ လောင်းတမ်းကစားခြင်းကိုမပြုနှင့်၊ ကတိသစ္စာနှင့်နေ၍ ဤလယ်ယာကိုင်းကျွန်းကိုလည်း လုပ်မစားနှင့်တော့၊ ဆေးဆရာလုပ်၍ စားရမည်၊ ဆေးဆရာလုပ်လိုလျှင် နံနက်စောစော သပြေပန်းနှင့် မြေစာပန်းများကိုယူ၍ ရွာနစ်ရွာစပ်ကြား သံရေကျို ချောက်ပျက်နားသို့ လာခဲ့ရမည်"ဟု

အိပ်မက်ပေးသွားသည်လို့ ပြောပြီးကာလ မိုးလင်းလာသောအခါ မှာထားခဲ့သည့်အတိုင်း သပြေပန်းနှင့် မြေဇာပန်းတို့ကို ရှာယူ၍ သွားရောက်လေ၏။

✓ ✓✓

အဆိုပါနေရာသို့ ရောက်လာကာ ဖိုးသူတော်ကို ကိုယ်ထင်တွေ့သောအခါ ရှိသေစွာ ပန်းသပြေမြေဇာတို့ကို အပ်လိုက်ရာ ဖိုးသူတော်က . . .

"မောင်ဘိုးကျော်၊ ဟိုသစ်ပင်ရင်းမှာ ဆေးထမ်းပိုးခေါ် မျှစ်ပိုကြီးသဏ္ဍာန်အခေါင်းနှင့် ဆေးတစ်ခု၊ တိုက်နွား (၁)၊ ခံနွား (၁)၊ နွား (၂)ကောင်၊ ရင်းပြင်အခြားဆေး များလည်း ရှိသည်ယူလော့"ဟု ပေးပြီးကာလ ထပ်၍မှာသည်မှာ . . .

"ရန်သူများ ပေါ်လျှင် တိုက်နွားနှင့်တိုက်၊ ခံနွားကို ကိုယ့်ထံမှာ အမြဲထား၊ မျက်စိနာ၊ ရင်ဘတ်နာ၊ နားကိုက်၊ ခေါင်းကိုက် အစရှိသော ရောဂါဝေဒနာတို့ကို ဆေးထမ်းပိုးနှင့် နာသောနေရာ၊ ကိုက်သောနေရာကိုမှုတ်၊ အခြားရောဂါများကိုလည်း ဉာဏ်ရှိသလို ပြုလုပ်ကုစားလေ၊ အဂတိတရားကို မလိုက်စားနှင့်၊ တဲ - ပြန် တော့"ဟု ခွင့်ပေးပြီးကာလ ပျောက်ကွယ်၍ သွားလေ၏။

✓ ✓✓

ကိုဘိုးကျော်လည်း ထိုနေ့မှစ၍ ဆေးဆရာအလုပ်နှင့် ကုသခဲ့ရာ အတွေ့ခံကြရသော လူနာတိုင်းလိုပင် ချက်ချင်းယူပစ်ခဲ့သလို ရောဂါများ ပျောက်ကင်းချမ်းသာကြသဖြင့် "ဆရာကျော်"ဟူသော နာမည်ထင်ရှားပြီး စီးပွားတိုးတက်၍ နစ်ချင်းပင် ချမ်းသာလာလေ၏။





www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်ခန့်မျှ ကြာသောအခါ ဆရာ ကိုဘိုးကျော်သည် မိမိကို မစကူညီ ဖူးသော ဖိုးသူတော်နှင့် တွေ့လိုတွေ့ငြား ကျေးဇူးတင်စကား ပြောကြရန် ယခင်က အိပ်မက်ပေးသောနေရာသို့ သပြေပန်း၊ မြေစာပန်းများနှင့် သွား ရောက်ရာ ဖိုးသူတော်ကို တွေ့ရှိရပေ၏။

ထိုသို့ တွေ့သောအခါ ဖိုးသူတော်က . . .

"ယခု - ငါသည်၊ ဘုရား တရားတော် ကို အားထုတ်ပြီး ငြိမ်သက်တည် ကြည်စွာ နေသည်။ သင့်အား ငါ ကျေးဇူး ဆပ်ခြင်းမှာ ရှေးအခါက ငါသည် ဤနေရာကနေ၍ ခရီးသွားလာသူတို့ကို ဆီး၍ ခြောက်လှန့်ဖမ်းစားနေသော "ကျတ်တေနောင်" ဆိုသူဖြစ်သည်။ သင့်ကို - ရှင်အပြုတွင် သင့်မိဘများက သင့်မိဘများက ငါ့ကို ဖိတ်ကြား၍ တရားလည်း နာရ၊ အမျှဝေသည်ကို သာဓုလည်း ခေါ်ရဖြင့် ထိုနေ့က စပြီး ငါ တရားရပြီး ဖိုးသူတော်လုပ်နေသည်။ ငါ့အား အမှတ်မဲ့တွေ့သော သူတို့က ဖိုးသူတော်ဝတ်နှင့်သာ တွေ့ကြသော ကြောင့် "ကျတ်သူတော် တေနောင်" ဟု ခေါ်ကြပြန်၏" ဟု ပြောပြလေ၏။

ကျတ် ။ ။ "ဦးသူတော်နှင့် တွေ့လိုလျှင် ဤနေရာမှာ ဘယ်ခါမဆို တွေ့နိုင်မည် မဟုတ်ပါလား"

သူတော် ။ ။ "ငါ့ကို ဤနေရာမှာသာမဟုတ်၊ မည်သည့်နေရာမှာမျှ တွေ့ရတော့မည် မဟုတ်ပေ။ ငါ - ကျွတ်လွတ်ရတော့မည်။ ကောင်းမွန်စွာသာ နေရစ်လေတော့" ဟု ပြောဆိုမှာကြား ပြီးနောက် ကွယ်ပျောက်၍ သွားလေ၏။

ဆိုခဲ့သည့်အကြောင်းအရာများကို ဆရာတော်က စကားစပ်လျက် တစ်ဆင့်ပြန်ကြားပြောဆိုသဖြင့် ဥဒါန်းစကားတစ်ခုဖြစ်၍ ယခုတိုင် ရှိလေ သတည်း။

မှတ်ချက် ။ ။ ကျတ်မှစ၍ နာနာဘာဝဖြစ်သောအမျိုးတို့သည် လူတို့က ဖိတ်ကြားလျှင် လာ၍တရားနာနိုင်ခြင်း၊ အမျှဝေတာလည်း သာဓုခေါ်နိုင်ခြင်း၊ အိပ်မက်ပေးနိုင်ခြင်း၊ ကိုယ်ထင်ပြ၍ စကားယှဉ်ပြိုင်ပြောဆိုနိုင်ခြင်း၊ လူရုပ်ပေါ်အောင် ဖန် ဆင်း၍ပြနိုင်ခြင်း၊ လူတို့အား ရွှေငွေမှစ၍ အခြားဝတ္ထုတို့ကို တကယ် အမှန်ပေးနိုင်ခြင်း၊ ကံဇာတာညှိုးခိုက် လူများကို ဖမ်းစား၊ သတ်ဖြတ်နိုင်ခြင်း၊ ရောဂါဝေဒနာဖြစ်ရုံလည်း ညှဉ်းပန်းနိုင်ခြင်း၊ ကျေးဇူးကို ဆပ်တတ်၊ သိတတ်ခြင်း စသည်တို့တည်း။

အမျှအတန်းဝေရာ၌ သာဓုအနုမောဒနာပြုနိုင်ခွင့်ရ၍ ချက်ချင်းယုတ် ကြမ်းသောအတန်းမှ နူးညံ့သော အတန်းသို့ ပြောင်းလဲသွားပုံကို ထောက် ချင့်ခြင်းအားဖြင့် ကောင်းမှုကုသိုလ်၏အကျိုးသည် မည်မျှကြီးကျယ်ကြောင်း သိသာနိုင်လေသည်။ ထို့ကြောင့် အကုသိုလ်ပါး၍ ကုသိုလ်များအောင် ကြိုး စားကြဖို့ပင်။

☛ ဦးသောဘိတ



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော် . . . လမ်းမပေါ် ခြေချလိုက်တယ်ဆိုရင်ပဲ
တောတောက စည်ကားသိုက်မြိုက်နေတဲ့ လမ်းဘေးကားလမ်း
ဝဲ. ယာ တစ်ဖက်တစ်ချက်က ဈေးဆိုင်တန်းတွေ၊ ဥဒဟိုသွားနေတဲ့
မော်တော်ကားတွေ၊ ဆူညံနေတဲ့ အသံတွေ ရုတ်ခြည်းပျောက်ကွယ်
သွားပါတော့တယ်။ ကားဂိတ်မှာ ဧရာ်ခဲရေ ရောင်းနေသည့်
ကောင်မလေးတစ်ယောက်၏ အသံ။

www.burmeseclassic.com

www.burmeseclassic.com




ရာဇဝတ်မှုခင်းတစ်ခုကို အထိတ်တလန့်ဖြစ်အောင် လိုတာထက်ပိုပြီး ကြော်ငြာအော်ဟစ် ရောင်းချနေတဲ့ ဂျာနယ်လက်ပွေ့သမားတစ်ယောက်ရဲ့ အသံတွေဟာ တိခနဲ ဖြတ်တောက်သွားပါတယ်။

အသံလှုပ်ရှားမှုတွေ ဘယ်လို၊ ဘာ့ကြောင့် မျက်မှောက်ကနေ ပျောက်ကွယ်သွားရသလဲဆိုတာ စဉ်းစားနေတုန်းမှာပဲ ဟိုးအမှောင်ကောင်းကင်ဆီကနေ မိုးစက်မိုးပေါက်တွေ တဖြောက်ဖြောက် ယိုဆင်းလာပါတော့တယ်။ မိုးစက်တွေဟာ အသည်းခိုက်လုမတတ် အေးစက်လှပြီး ကျွန်တော့်ခန္ဓာကိုယ်နဲ့ထိတဲ့ အကျီလွတ်နေတဲ့အသားတွေကို အပ်ဖျားနဲ့တူးဆွသလို ခံစားနေရတယ်လေ၊ မိုးစက်တွေ တဝေါဝေါ မြည်ကြွေးဆဲ၊ လမ်းမပေါ်ကို မိုးစက်တွေထိခိုက်ပြီး လွင့်စဉ်ကျေမွသွားတဲ့အသံတွေကို မီးလင်းဓာတ်တိုင်ရဲ့ အလင်းမှိန်မှိန်အောက်မှာ မြင်နေရတယ်။



ကျွန်တော် အိမ်ပြန်ချင်ပြီ၊ ကျောင်းတာရော - ကျွန်တော်ကျောင်းသင်နေတုန်းပဲလေ၊ ဒုတိယနှစ်အင်္ဂလိပ်စာအဓိကနဲ့ ဒဂုံတက္ကသိုလ်ကျောင်းသားပါ၊ ဒါနဲ့ - ကျွန်တော် ယောင်လည်လည်နဲ့ ဘယ်သွားရင်ကောင်းမလဲ စဉ်းစားနေတုန်း ရှေ့တူရူတလမ်းကိုပဲ ဆက်လျှောက်ဖို့ ရွေးချယ်လိုက်ပါတယ်။

ကောင်းကင်အမှောင်တွေကလည်း ရှာလိုက်တာ၊ မိုးစက်တွေတမှောင်မည်းတုန်း။

မိုးကောင်းကင်ပေါ်ကနေ စိမ့်ယိုကျစရာ ကောင်းကင်အပေါက်အပြဲကို ဖာထေးနိုင်ဖို့နည်းလမ်း ရှာဖွေစဉ်းစားနေတုန်းမှာ အချိန်တွေဟာ ကျွန်တော့် ဦးခေါင်းပေါ်ကနေ ဒုန်းစိုင်းပျံသန်းသွားကြပါပြီ၊

ဒီအချိန်မှာမှ မိုးစက်တွေ အကျရပ်သွားပါတယ်၊ ကျွန်တော် ခုထိ ဝေခွဲမရသေးတာကတော့ လမ်းမပေါ်မှာ ကျွန်တော်တစ်ယောက်တည်း ဘာဖြစ်လို့ရောက်နေသလဲဆိုတာပါပဲ၊

ကျွန်တော် အိမ်ပြန်ချင်ပါပြီ၊

အမေ ...၊

ကောင်းကင်ဟာ နက်မှောင်၊ လမ်းဘေးဝဲယာဘက်က သစ်ပင် သစ်ကိုင်းခြောက်တွေက တစ္ဆေလက်တံတွေလို အရိုးပြိုင်းပြိုင်းထောင်၊ မာကြောလှတဲ့လေက အမှောင်တွေကို ပစ်ဖောက်လို့ ...၊

ကျွန်တော် ကျောင်းကနေ အိမ်အပြန် အကြောင်းတစ်ခုခုနဲ့ နောက်ကျရင် အမေဟာ ခြံဝကနေ စိတ်ပူပြီးစောင့်မျှော်နေတဲ့ အမေ့ပုံရိပ်က ကျွန်တော့် အာရုံထဲကို လွင့်ဝေလာပါတယ်၊ ရုတ်တရက် ရင်ထဲမှာ ပူလိုက်တာဗျာ၊ မီးစနဲ့ ထိုးလိုက်သလိုပါပဲ၊ ဝေဒနာတစ်ခုက ကောက်ခါငင်ခါပါပဲ၊ ဒါနဲ့ ဝေဒနာကို အောင့်အည်းပြီး ကျွန်တော် ဆက်လျှောက်လာမိတယ်၊ လမ်းပေါ်မှာ ဘယ်သူမှ မရှိဘူး။ လမ်းဘေးမှာတော့ သစ်ပင်ကြီးတွေ လေတိုးသံကြောင့် တရှဲရှဲမြည်ပြီး လှုပ်ရှားနေကြတယ်၊ မိုးရွာထားလို့ တစ်နေရာမှာ ရေစီးကြောင်းတစ်ခုဖြစ်ပေါ်ပြီး တတွတ်တွတ်မြည်သံ အဆက်မပြတ် ကြားနေရတုန်း။ လမ်းဘေးဝဲယာက သစ်ပင်ကြီးတွေ၊ ကြဲပါးလှတဲ့ နေအိမ်အချို့ဟာ အမှောင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်အောက်မှာ မှောင်မည်းခြောက်သွေ့ပြီး မြို့ပျက်ကြီးလို ဖြစ်နေတယ်၊ ကပ်ရောဂါကြီးတစ်ခုကြောင့် လူတွေ စွန့်ခွာပြေးတဲ့မြို့ပျက်ကြီး များလားဗျာ၊ လမ်းမီးတိုင်အချို့က ခါးကြီးတွေ ငုံ့ကိုင်းပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်၊ ဟိုးဝေးဝေး ကုက္ကိုပင်ကြီးဆီက ရွက်ခြောက်တွေ လွင့်မျောရှပ်တိုက် ပြေးလွှားလာပုံက ဝိညာဉ်တွေရဲ့ခြေသံတွေလိုပဲ၊ သစ်ပင်ကြီးတွေက အလျားလိုက် ရွေ့နေတယ်၊ တိမ်တွေကလည်း ပြေးလွှားရပ်တန့်လို့ ...။

တိတ်ဆိတ်ငြိမ်သက်လွန်းလှတဲ့ညမှ ကျွန်တော့်ခြေထောက်တွေကပဲ ရွေ့လျားနေသလား၊ ဒါမှမဟုတ် - ခြေဖဝါးအောက်က လမ်းမကြီးကပဲ ရွေ့လျားနေသလား မသိတော့ပါဘူး၊ လမ်းမကြီးဟာ ပဟေဠိဆန်လှပြီး အစာမျိုထားတဲ့ မြွေကြီးတစ်ကောင်လို ငြိမ်သက်နေလေရဲ့။

ထိုစဉ်မှာပဲ သင်းပျံ့တဲ့မွှေးရနံ့တစ်ခုကို ကျွန်တော် ရှူရှိုက်လိုက်မိပါတယ်၊ မည်သည့်ရနံ့ရယ်လို့ အမျိုးအမည် ခွဲခြားနိုင်စွမ်းမရှိတဲ့ အနက်အဓိပ္ပာယ် မသိနိုင်တဲ့ ရနံ့ပါ၊ မွှေးလိုက်တာဗျာ၊ ရင်ထဲကို အေးမြသွားတာပါပဲ၊

တဖြည်းဖြည်း ကြဲပါးသွားတဲ့မိုးစက်တွေအောက်မှာ ခံစားလိုက်ရတဲ့ မွှေးရနံ့ဟာ စိတ်ကို တိမ်းညွတ်ထွေပြားသွားစေပြီး ရနံ့လာရာကို မှန်းဆပြီး ရှာဖွေမိပါတယ်၊ ရနံ့ရဲ့ညို့ငင်မှုအောက်မှာ တိမ်းညွတ်ယိမ်းယိုင်သွားပြီဆိုတာ ဝန်ခံပါတယ်၊

ကျွန်တော်ရဲ့ပတ်ပတ်လည်မှာ ရနံ့ထွက်ပေါ်လာစရာ မရှိပါဘူး၊ အမှောင်ထဲမှာ ကုန်းခတ်နေတဲ့ အဆောက်အအုံတွေ၊ သစ်ပင်တွေကတော့ရှိနေဆဲပဲ၊ ရနံ့ကို ရှာဖွေနေတုန်း၊ ဒီအချိန်မှာ ကျွန်တော့်အသိစိတ် ဖြန်းခနဲ ပြိုကွဲသွားတဲ့ အရာတစ်ခု ပေါ်လာပါတယ်၊

✓ ✓ ✓



ကျွန်တော့်အမြင်အာရုံဟာ ခပ်လှမ်းလှမ်းလမ်းဘေးအုတ်ခုံမှာ ထိုင်နေတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရပါတယ်၊ ကောင်မလေးဟာ ကျွန်တော်နဲ့ သက်တူရွယ်တူလို့ ထင်ပါတယ်၊ ကောင်မလေးဟာ တစ်နေရာကို ငေးမောနေပြီး တစ်စုံတစ်ယောက်ကို စောင့်မျှော်နေတဲ့ပုံပါ၊ ပိုးထည်နဲ့ ချည်ထည် ရောစပ်ပြီး ချုပ်လုပ်ထားတဲ့ ဂါဝန်အပြာနုကလေးကို ဝတ်ဆင်ထားပြီး လက်ထဲမှာ ချည်ထူနဲ့လုပ်ထားတဲ့ အိတ်ကလေးတစ်လုံး ကိုင်ထားတယ်၊ ညအမှောင် လူသူကင်းမဲ့တဲ့လမ်းမပေါ်မှာ ကောင်မလေး ဘာဖြစ်လို့ ထိုင်နေရတာလဲ၊

ကျွန်တော် ကောင်မလေးဆီကို ခြေလှမ်း တဖြည်းဖြည်း ရွှေ့လိုက်မိပါတယ်၊ ကျွန်တော့်ခြေသံဟာ တိတ်ဆိတ်နေတဲ့ ညဥ့်ယံကိုဖောက်ပြီး တရှပ်ရှပ် ထွက်ပေါ်နေပါတယ်၊ ကောင်မလေးက ကျွန်တော် ချဉ်းကပ်လာတာကို ရိပ်စားမိလောက်ပါရဲ့၊ ဒါပေမဲ့ - တစ်ချက်ကလေးမှ လှည့်မကြည့်ပါဘူး၊ ဒါနဲ့ ကျွန်တော် သူကြားအောင် ဖိနပ်ကို ရှပ်တိုက်ပြီး တမင်လျှောက်လိုက်တယ်၊ ဒါလည်း သူ လှည့်မကြည့်ပါဘူး၊

ဘယ်လိုကောင်မလေးပါလိမ့်၊

"အဟမ်း"

ကျွန်တော် ချောင်းတစ်ချက် ဟန့်လိုက်တယ်၊ ဒီတော့မှ သူ့ရဲ့ခန္ဓာကိုယ်ကလေးက မဆိုစလောက် တုန့်ခါသွားပြီး ခေါင်းကလေး မသိမသာ လှည့်လာတယ်၊ ဒီအချိန်မှာ ကျွန်တော် စောစောက စူးရှမွှေးပျံ့စွာ ရနေတဲ့ပန်းရနံ့တစ်မျိုးကို စူးစူးနင့်နင့် ရလိုက်ပါတယ်၊ လက်စသတ်တော့ - ထူးခြားဆန်းကြယ်တဲ့ရနံ့က ကောင်မလေးဆီက ထွက်နေတာကိုး၊ ကျွန်တော် သေချာအောင် ထပ်ပြီးရှူရှိုက်လိုက်ပြန်တယ်၊ ကောင်မလေးဆီက တသုန်သုန် စီးဆင်းနေတဲ့ရနံ့ဆိုတာ သေချာသွားပါပြီ၊ ပန်းရနံ့တွေ ကောင်မလေးဆီက ချွန်းရင်းဆန်ခတ် ထွက်ပေါ်နေတာ အံ့သြစရာပဲ၊

ကျွန်တော် ခြေလှမ်းကို ရပ်ပစ်လိုက်တယ်၊ ဒီအချိန်မှာ ကောင်မလေးနဲ့ မျက်နှာချင်း ဆုံမိသွားတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

အို - သတိရခြင်းတွေ တိတ်တဆိတ် အိပ်ရာဝင်ကြ၊ ချုပ်ရိုးအထပ်ထပ်နဲ့ အမှောင်ကောင်းကင်၊

"ဘုရားရေ - ငါ သူ့ကိုသိတယ်"

ကျွန်တော့်မှတ်ဉာဏ်ကို အပြင်းအထန် တူးဆွလိုက်မိပါတယ်၊

ကျွန်တော်တို့နှစ်ယောက် ခရီးရှည် အဝေးပြေးကားကြီးနဲ့ အထက်မြန်မာပြည်ကို လိုက်ပါလာတာကိုပဲ နောက်ဆုံးသတိရလိုက်ပါတယ်၊ ကျွန်တော့်နေရာက နောက်ဆုံးခုံတန်းရဲ့ပြတင်းပေါက်နားကပါ၊ ကောင်မလေးက ကျွန်တော့်ရှေ့တစ်ခုံကျော် လူသွားလမ်းဘေးက ခုံမှာပါ၊ သူ့ဘေးမှာ အဘွားကြီးတစ်ယောက် ပါလာတယ်၊ စကားတပြောပြောနဲ့ဆိုတော့ ဆွေမျိုးသားချင်း ဖြစ်ဖို့များတယ်၊

သူက တော်တော်လှပါတယ်၊ ဆံပင်ရှည်ရှည်၊ အသားဖြူဖြူ၊ ဂါဝန်အပြာနုကလေးနဲ့ဆိုတော့ အရုပ်ကလေးတစ်ရုပ်အတိုင်းပဲ၊ သူ့လှတယ်ဆိုတာ ဘယ်လိုစာဖွဲ့ရမှန်းတောင် မသိပါဘူး၊ နှုတ်ခမ်းသေးသေး ထူထူ၊ မျက်တောင်ကော့ကော့၊ မျက်ခုံးထူထူစိပ်စိပ်နဲ့ ချစ်စရာကောင်းပါတယ်၊

ကျွန်တော်တို့ကားကြီး ရန်ကုန် - မန္တလေးခရီးစဉ်အတိုင်း မောင်းနှင်လာကြတာပါ၊ ကားပေါ်မှာဆိုတော့ သူကလည်း (ဘာဖြစ်လို့မှန်းမသိ) မကြာမကြာ လှည့်ကြည့်၊ ကျွန်တော်နဲ့ မျက်ဝန်းချင်း ခလုတ်တိုက်မိ၊ ဒီလိုနဲ့ ပဲခူးကနေ အထွက်ပဲ ရှိပါသေးတယ်ဗျာ၊ ဘယ်လိုမှ မမျှော်လင့်မိတဲ့ ...၊

နောက်တော့ ...၊

✓ ✓✓

ကျွန်တော် သူ့ရှေ့မှာ မတ်တတ်ရပ်လိုက်တော့ သူ တော်တော်အံ့ဩသွားပုံရတယ်၊ ခန္ဓာကိုယ်ကလေး ဆတ်ခနဲ တုန်သွားပါတယ်၊ ကျွန်တော်ကလည်း ခရီးတစ်ခုကို ကားတစ်စီးတည်းစီးလာတဲ့ ခရီးသည်မှန်း ရိပ်မိတယ်၊ သူလည်း ကျွန်တော့်ကို ချက်ချင်းမှတ်မိသွားပုံရတယ်၊ သူ့မျက်နှာမှာ အပြုံးတစ်ခု ငြိစွန်းသွားတယ်၊ သူ့ရဲ့အေးစက်တည်ငြိမ်တဲ့မျက်ဝန်းတွေက မှတ်ဉာဏ်ကို ချက်ချင်းဖော်ပြလိုက်တယ်လေ၊ ကျွန်တော်ကတော့ သူ့ရဲ့ ရှည်လျားနက်မှောင်တဲ့ ဆံပင်တွေကိုပဲ မှတ်မိနေတယ်ပေါ့၊

ခုတော့ - ကောင်းကင်ဟာ နပျိုတဲ့ကေရီတစ်ပါးရဲ့ဆံနွယ်တွေလို နက်မှောင်လို့၊ ကျွန်တော် ပျော်လိုက်တာ၊ ရင်ခုန်သံတွေ တွန့်လိမ်ကောက်ကွေးလို့၊ ကျွန်တော့်ကို သူ အသိအမှတ်ပြုတယ်ပေါ့၊ ဒါပေမဲ့ - သူ့အပြုံးက ဘာကြောင့်မှန်းမသိဘူး၊ ချက်ချင်းပျောက်ကွယ်သွားတယ်၊ ဒီလိုနဲ့ ကျွန်တော်လည်း ကောင်မလေးကို စတင်ပြီး စကားပြောဖို့ ဆုံးဖြတ်လိုက်မိရဲ့၊

"ဩော် - ဟော့ - နင် - အဝေးပြေးကားပေါ်က ကောင်မလေးလား"

သူ့နှုတ်က မဖြေပါဘူး၊ ခေါင်းညိတ်ပြတယ်၊ ကျွန်တော် စကားစပြောလိုက်တော့ သူ့မျက်နှာက ရွှင်ရွှင်ပျပျပါပဲ၊ ဒါနဲ့ ကျွန်တော်က ဆက်ပြီး -

"နင်နဲ့ပါလာတဲ့ ဟို - အဘွားကကော"

"အဘွားလေ"

"ဟုတ်တယ် - အဘွားကော"

ကောင်မလေး မျက်နှာ ချက်ချင်းညှိုးမှိုင်းအုံ့ပျသွားတယ်၊ သူဟာ ကမ္ဘာ့ပျက်မှုခင်းကြီးတစ်ပုဒ်ကို ကြားလိုက်ရသလို တထိတ်တလန့်ဖြစ်သွားပါတော့တယ်၊ ကျွန်တော့်မေးခွန်းက သူ့ကို စိတ်အနှောင့်အယှက်ပေးသလို ဖြစ်သွားသလား မသိဘူး၊ အားနာလိုက်တာဗျာ၊ ဒါနဲ့ - ကျွန်တော် ဆက်မမေးတော့ပါဘူး၊ သူကလည်း မပြောတော့ဘူး၊ တစ်နေရာကို ငေးနေပြန်တယ်၊

"နင် - တစ်ယောက်ထဲ ဒီအုတ်ခုံမှာ ထိုင်နေတာ ကြာပြီလား"

"ကြာပြီလေ - ငါတစ်ယောက်ထဲ ဒီမှာထိုင်နေတာကြာပြီ၊ ဘယ်မှမသွားနိုင်လို့ ကြောက်ပြီးထိုင်နေတာ၊ ဘယ်မှလည်း ဆက်ပြီးမသွားတတ်တော့ဘူး၊ အဘွားလည်း ဘယ်ရောက်သွားမှန်းမသိဘူး၊ အဲ - အဲ - အဲဒါနဲ့ ဘာဆက်လုပ်ရမလဲ စဉ်းစားနေတုန်း နင်ရောက်လာတာပဲ"

သူ့မျက်နှာက ဝမ်းသာသွားတဲ့ပုံပဲ၊ ကျွန်တော့်ကို ပြုံးပြခေါင်းတစ်ချက် ညိတ်ပြတယ်၊

www.burmeseclassic.com

"ဟုတ်တယ် - ငါလည်း အမှောင်ထဲမှာ ပြန်နိုးခဲ့ဆိုတော့ ဘယ်သွားလို့ ဘယ်ရောက်သွားမှန်းမသိဘူး။ ငါတို့စီးလာတဲ့ကားကလည်း ဘယ်ရောက်သွားမှန်းမသိဘူး။ ခက်ပါတယ်။ အဲဒါနဲ့ - အဖော်တစ်ယောက် တွေ့လိုတွေ့ငြား လိုက်ရှာရင်း နင့်ကို စတွေ့တာပဲ"

"တော်သေးတာပေါ့ဟယ်။ တစ်ယောက်ထဲ အမှောင်ထဲမှာ နေနေရတာ ထက်စာရင် နင်ရောက်လာတာပဲ ကျေးဇူးတင်ရဦးမယ်။ ဝင်ထိုင်လေဟယ်။ နင်ကလည်း မတ်တတ်ကြီးနဲ့ - လာထိုင်။ တို့ - ဒီကနေ စောင့်ပြီး နောက်ထပ် အဝေးပြေးကားတစ်စီးတလေကို စောင့်ပြီး အသွားတို့ကားကိုမီအောင် လိုက်မှရမယ်။ ဟို - ဟို - ဟင်"

ကောင်မလေး ကျွန်တော့်ကို အခေါ်ရခက်နေတယ်။ ခုမှ စကားပြောဖြစ် ကြတာကိုး။ ဒါနဲ့ -

"ဩော် - ငါ့နာမည် မော်ဇင်ပါ၊ နင့်နာမည်ကောဟင်"

ကောင်မလေး တစ်ချက်ပြုံးလိုက်တယ်။ သူ့အပြုံးက သိပ်လှတာပဲဗျာ။ သူ့မျက်ဝန်းတွေမှာ အဓိပ္ပာယ်ဖော်ရခက်ခဲတဲ့ ဝွယ်ငြိမှုတစ်ခုကို တွေ့လိုက် ရသလိုပဲ။ ဒါလည်း ကျွန်တော့်အထင် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဝိုင်းစက်တဲ့ သူ့ရဲ့မျက်လုံးတွေ ဝိုပြီးတောက်ပလာသလိုပဲ။

"ငါ့နာမည် - ဆောင်းနှင်းဝေ"

ကျွန်တော် မျက်ခုံးတစ်ချက် ပင့်သွားမိတယ်။ နာမည်ကလည်း လှ၊ လူ ကလည်း လှတယ်လို့ ပြောချင်ပေမယ့် မပြောဖြစ်လိုက်ပါဘူး။ တော်တော် ကြာ နာဘူးထင်နေဦးမယ်။ ဒီလိုနဲ့စကားတွေ မပြောဖြစ်တော့ပါဘူးလေ။ စက္ကန့်ဝက်လောက် ကြာသွားတယ်။ ကျွန်တော် သူ့ဘေးမှာ ဝင်ထိုင်လိုက် တယ်။ သူ့ကိုယ်က မွှေးလိုက်တာဗျာ။ ခုလို နီးနီးကပ်ကပ်ထိုင်လိုက်မှ ရိပ်မိ သာတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးကိုအမွှေးရနံ့တွေက ကူးစက်လောင်ကျွမ်း နေတယ်။

"အဝေးပြေးကားတစ်စီးအလာကို စောင့်နေတာတော့ ဟုတ်ပါတယ်။ နင်က ဘယ်လိုဆက်သွားမှာလဲ"



"ငါ မန္တလေးဘုရားဖူးကို အသွားနဲ့သွားတာ၊ ဟိုမှာ ဖေဖေနဲ့ မေမေ ကိုကိုတို့က စောင့်နေကြပြီလေ၊ မန္တလေးမှာ ငါတို့ဆွေမျိုးတွေ ရှိတယ်၊ မန္တလေးဘုရားစုံဖူးမယ်၊ စစ်ကိုင်းတောင်မှာ တို့လှူထားတဲ့ဇရပ် ရှိတယ်၊ အဲဒီမှာ တရားစခန်းဝင်မယ်၊ ငါ့မုန့်ဖိုးထဲက စုထားတဲ့ပိုက်ဆံနဲ့ အလှူ့အတန်း တွေ လုပ်ရမယ်၊ အဲဒီရည်ရွယ်ချက်တွေနဲ့ ငါ ဘုရားဖူးထွက်ခဲ့တာ၊ လမ်းကျမှ ဘယ်လိုဖြစ်မှန်းမသိပါဘူးဟာ၊ နင်ကောဟင် - မော်ဇင်"

ကျွန်တော့်နာမည်ကို ပထမဆုံးခေါ်လိုက်တဲ့ကောင်မလေးရဲ့အသံကို စပြီး ကြားရတော့တယ်၊ သူက ကောင်းမှုကုသိုလ်တွေနဲ့ ခရီးထွက်လာတဲ့ သူပဲကိုး၊ ကျွန်တော်တော့ ကိုယ့်ကိုယ်ကိုယ်တောင် ရှက်မိပါသေးရဲ့၊ ကျွန် တော့်ခရီးစဉ်က သူ့ခရီးစဉ်နဲ့ ဆန့်ကျင်ဘက်ကိုးဗျ၊ ကျွန်တော်က မန္တလေးမှာ သူငယ်ချင်းတွေနဲ့ စုပြီး ပျော်မယ်၊ ပါးမယ်၊ ဂစ်တာတီးမယ်၊ မေမြို့မှာ ကျွန်တော်တို့ ကဲကြမယ်၊ သောက်ကြ စားကြမယ်ပေါ့ဗျာ၊ ကျွန်တော်တို့အဖွဲ့ မီးကုန်ယမ်းကုန်ပါပဲဗျို့၊ အဲဒီရည်ရွယ်ချက်တွေနဲ့ စာမေးပွဲဖြေပြီးပြီးချင်း ကျွန်တော် ထွက်လာတာပါ၊ ကျွန်တော့်မေမေက ကျွန်တော် မန္တလေးတက် ရင် ပြဿနာဖြစ်တတ်လွန်းလို့ မသွားစေချင်ဘူး၊ မေမေ တားဆီးနေတဲ့ ကြားထဲက ကျွန်တော်က ဖွတ်ထွက်လာတာပါ၊ မေမေက "သားရယ် - မေမေ အိပ်မက်တွေ မကောင်းဘူး၊ သား - သစ်ပင်ပေါ်က လိမ့်ကျတယ်ဆိုပြီး အိပ်မက် မက်တယ်၊ နိမိတ်မကောင်းဘူး - သား၊ ခရီးမထွက်ပါနဲ့ကွယ်" လို့ တားဆီးနေတဲ့ကြားထဲက ဖွတ်ထွက်လာတယ်ပဲဆိုပါတော့၊ ကျွန်တော်က "ဟာ - မေမေကလဲဗျာ၊ အတွေးအခေါ်တွေ ဒိတ်အောက်နေပါပြီ၊ မေမေ သွေးလေချောက်ချားပြီး အိပ်မက်ဆိုးတွေ လျှောက်မက်တာနေမှာပါ မေမေ၊ မန္တလေးမှာကော၊ မေမြို့မှာကော စီစဉ်ပြီးပြီဗျ၊ မေမေကလဲဗျာ၊ တစ်နှစ်မှာ တစ်ခါပဲ ပျော်ရတဲ့ဥစ္စာ၊ မရဘူးနော် - မေမေ၊ သား - သွားမှာပဲဗျ" လို့ပြောပြီး ဖွတ်ထွက်လာတာပါ၊

"ငါ - မန္တလေးမှာ အနားယူပြီး မေမြို့မှာ သူငယ်ချင်းတွေနဲ့ နေဦးမှာ"

"ဟုတ်လား - ဘာကိစ္စလဲ - မော်ဇင်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အဖြေရကျပ်သွားတယ်။

"ဟို - အင်း - ကိစ္စထူးထူးထွေထွေတော့ မရှိပါဘူး။ ကျွန်တော် တည်ထောင်ထားတဲ့တီးဝိုင်းကိစ္စပါ။ မေမြို့မှာ ကျွန်တော်တို့ ဝိုင်းရှိတယ်လေ၊ အဲဒီမှာ တီးကြ ဆိုကြမှာ၊ ဆောင်းနှင်းဝေကို ဖိတ်ပါတယ်၊ ဝိုင်းရှိရင် လာခေါ်မယ်လေ"

ကောင်မလေး လက်ခနဲ ပြုံးတယ်၊

"အေးပါ ဟယ်၊ ငါ - နင်တို့တီးဝိုင်းကို အားပေးချင်ပါတယ်၊ ဒါပေမဲ့ - ငါက ဒီလိုဆူဆူညံညံတွေကို သိပ်ခံစားလို့မရဘူး။ ပြီးတော့ - လူတွေ သိပ်များရင်လည်း ငါမနေတတ်ဘူး၊ နင်ဖိတ်လို့ ငါမလာနိုင်ရင်တော့ စိတ်မဆိုးနဲ့ . . . "

ဒါ - ကောင်မလေးရဲ့ဂီတနဲ့ ပတ်သက်တဲ့ သူရဲ့ သဘောထားအမှန်ပါ တယ်၊ ကိစ္စမရှိပါဘူး။

ဒီလိုနဲ့ စကားသံတွေ နှစ်ယောက်ကြားမှာ တိတ်ဆိတ်သွားပြန်ရော၊ ညဟာ ပိုပြီးမှုန်ရီအေးစက်လာပြန်ပါတယ်၊ ဟိုးဝေးဝေးက သစ်ပင်အိုကြီးရဲ့ ကိုင်းလက်တံကြီးတွေဟာ ငြိမ်သက်နေပြီး ညအမှောင်ထုထဲမှာ ငေးငြိမ် တိတ်ဆိတ်နေပုံက ကြောက်စရာအသွင်တစ်မျိုးပါ၊ တစ်ခါတစ်ခါ သူ့ရဲ့ လက်တံမည်းကြီးတွေနဲ့ အဆောက်အအုံရဲ့ခေါင်မိုးကို တဖျတ်ဖျတ်ကုတ်ခြစ် လိုက်ပါတယ်၊ အဆောက်အအုံကြီးကတော့ စေးပြစ်ထူထဲတဲ့ အမှောင်ထု အောက်မှာ မလှုပ်ရှားနိုင်လောက်အောင် ငြိမ်သက်တိတ်ဆိတ် သမ်းဝေလို့၊ လမ်းဘေးက ဈေးဆိုင်အချို့ ကဖီးဆိုင်အချို့အသေကောင်တွေလို အမှောင် ထဲမှာ ပက်လက်လှန့်မျော၊ မြေတွင်းအောင်း ပိုးပရစ်တွေ တစီစီမြည်၊ ကြယ် ပြာတွေဟာ အမှောင်ထုနောက်မှ ပုန်းလျှိုး၊ အရိပ်တွေဟာ တဖြည်းဖြည်း အမှောင်ထုပေါ်မှာ ဖြတ်သန်းစီးမျော၊

ဒီလိုနဲ့ ကောင်မလေးနဲ့ ကျွန်တော်ဟာ တဖြည်းဖြည်း ရင်းနှီးတွယ်ငြိစ ပြုလာပြီ၊ စကားပြောရတာ အဆင်ပြေလာပါတယ်၊ ကောင်မလေးက



ချစ်စရာကောင်းသလို၊ သဘောလည်း ကောင်းပါတယ်၊ ဒါနဲ့ - ကျွန်တော် သိချင်တဲ့မေးခွန်းတစ်ခုကို မေးချင်စိတ် ပေါ်လာပါလေရော၊

"ဪ - ဒါထက်"

"ပြောလေ"

"နင့်ဆီက သိပ်မွှေးတဲ့ရနံ့တစ်ခု ထွက်နေသလိုပဲ၊ နင် - ဘာရေမွှေးတွေ ဖြန်းထားတာလဲဟင်"

ဒီတော့မှ ကောင်မလေးက မလုံမလဲ ရှက်ကိုးရှက်ကန်းဖြစ်ပြီး သူ့ကိုယ် ကလေးကို ငုံ့ကြည့်ပါတယ်၊

"ဟုတ်တယ်ဟဲ့၊ နင်ပြောမှ သတိရတယ်၊ ငါ့ကိုယ်က မွှေးလိုက်တာ ဟယ်၊ ဒါပေမဲ့ - ငါ ဘာမှ မလိမ်းထားဘူး၊ ရေမွှေးလည်း မဆွတ်ခဲ့ဘူးဟာ၊ ဘာဖြစ်လို့ ငါ့ကိုယ်က ရေမွှေးရနံ့တွေ ထွက်နေရတာလဲ မသိပါဘူး"

"သိပ်မွှေးတာပဲ"

"ဟုတ်တယ် - မော်ဖင်"

"ရင်ထဲကို အေးသွားတာပဲနော်"

ကောင်မလေးက ချစ်စရာကောင်းလောက်အောင် နှုတ်ခမ်းကလေး စူပြလိုက်ပါတယ်၊ သူ ဟန်ဆောင်နေမှန်း သိသာပါတယ်၊ ညဟာ တဖြည်း ဖြည်း မှုန်ရီအေးစက်ပြီး လွမ်းမြစရာ ကောင်းလာပါတယ်၊ အမှောင်ဟာ တစ်ခါတစ်ရံတော့ အဖြူရောင်ရနံ့တစ်မျိုးနဲ့ လှုပနေတတ်ပါရဲ့၊

"တို့နှစ်ယောက် - ဒီလိုပဲ ထိုင်နေလို့ မဖြစ်သေးဘူး ဟယ်"

"ထိုင်ပါဦး - လမ်းကမှောင်နေတော့ တို့ ဘယ်ကိုသွားရမှန်းမသိပေမဲ့ အတူတူ နည်းနည်းအလင်းရောင်ရတဲ့အထိစောင့်ရင် ကောင်းလိမ့်မယ်၊ ဪ - ဒါထက် - နင် ဘယ်ရီးယားရောက်ပြီလဲ၊ ငါက ဒုတိယနှစ် အင်္ဂလိပ် စာမေဂျာ၊ စာမေးပွဲပြီးပြီ၊ နင်ကောဟင် - ဆောင်းနှင်းဝေ"

"ငါလည်း ဒုတိယနှစ်ပဲ၊ သန်လျင် ဂျီတီစီက စာမေးပွဲဖြေပြီးပြီ၊ နင်နဲ့ အတူတူပေါ့"

"အေး - ဟေ့ - ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်မှန်းမသိ၊ ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး မျက်နှာမော့လှန် ရယ်မောကြပြန်တယ်၊ ရယ်သံတွေဟာ တိတ်ဆိတ်နေတဲ့ ညဥ့်ယံမှာ သစ်ရွက်တွေကြားထဲကို ပြေးဝင်သွားတယ်၊

နောက်တော့ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် အမှောင်ထဲမှာ စိုက်ကြည့်ကြပြန်ရော၊ သူ့မျက်လုံးတွေက အရောင်တောက်နေတဲ့တန်ဖိုးကြီးကျောက်မျက်ရတနာတွေနဲ့ တူပါတယ်၊ အရောင်တဖျတ်ဖျတ်တောက်နေတယ်၊ ဘာဖြစ်လို့ - သူ့မျက်လုံးတွေ အရောင်တောက်နေရသလဲဆိုတာ စဥ်းစားရခက်လှပါတယ်၊

"တို့ - ဒီလိုပဲ ဆက်ပြီးထိုင်နေကြမှာလား"

"ပြောလေ - နင် ဘာလုပ်ချင်သလဲ - ဆောင်းနင်းဝေ"

ကောင်မလေးရဲ့မျက်လုံးလှလှလေးတွေက အမှောင်ထုထဲကို နစ်မြုပ်စိုက်ဝင်သွားတယ်၊ သူနဲ့ နီးနီးကပ်ကပ် ထိုင်နေရတာကိုပဲ မှုးယစ်မိန်းမူးတဲ့ ခံစားမှုတစ်မျိုးက ကျွန်တော့်ကို ဖမ်းစားထားပါပြီ၊ ကောင်မလေး လှစ်ခနဲ ပြုံးပြလိုက်ပြန်တယ်၊

"ဒီလိုလေ - မော်ဇင်ရယ်၊ တို့ - ဒီကနေ အဝေးပြေးလမ်းမကြီးရှိမယ့် နေရာကိုမှန်းပြီး လျှောက်ကြမယ်ဟာ၊ အဝေးပြေးလမ်းမကြီးဟာ တို့ဒီနေရာကနေ မြောက်ဘက်လောက်မှာ ရှိလိမ့်မယ်လို့ ထင်တယ်၊ အဲဒီနေရာကို မှန်းဆပြီး သွားကြစို့၊ တကယ်လို့ - မော်တော်ကားတစ်စီးတလေ တွေ့နိုင်တယ်လေ၊ အဆင်ပြေရင် - မော်ဇင်ပါ လမ်းကြုံတာပဲ လိုက်ခဲ့ပေါ့၊ တို့အသွားနောက်ကို မီအောင်လိုက်မှဖြစ်မယ်"

ကျွန်တော် လွယ်ကူစွာပဲ ခေါင်းညိတ်လိုက်မိတော့တယ်၊ ကောင်မလေးအတွက်ဆိုရင် ဘာမဆို၊ ဘာပဲဖြစ်ဖြစ်၊ ကောင်မလေးက တစ်ချက်ပြုံးလိုက်ပြန်တယ်၊ လှစ်ခနဲ ပြုံးလိုက်တဲ့ သူ့မျက်ဝန်းတွေအောက်မှာ ကျွန်တော် ခွေညွတ်လဲယိုင်မတတ် ပျော့ရှင်သွားမိတယ်၊

"အေးလေ - နင်အဆင်ပြေသလိုပေါ့၊ ခဏလောက်တော့ စောင့်ကြည့်ဦးဟာ၊ ကားတစ်စီးတလေ မတော်တဆ တွေ့ချင်တွေ့ဦးမှာဟ၊ အဲဒီ အခါကျတော့ တားစီးကြတာပေါ့နော်"



ကောင်မလေးက ဘာမှပြန်မပြောတော့ပါဘူး၊ ခဏကြာတော့ ဒါး... တဲ့လက်ဆွဲအိတ်ကလေးထဲက ပစ္စည်းတစ်ခုကို သူ ဆွဲထုတ်လိုက်ပါတယ်၊ ချောကလက်အကောင်းစားတစ်တောင့်ပါ၊ ရွှေစက္ကူ ထုပ်ထားတယ်၊ ကျွန်တော်လည်း ယောင်ယမ်းပြီး ကျွန်တော့်ကျောပိုးအိတ်ကို စမ်းကြည့်လိုက်တော့ ရေသန့်ဘူးပဲ ပါတယ်၊ ဘာစားစရာမှ မပါပါဘူး၊

ကောင်မလေးက ချောကလက်တောင့်မှာ ပတ်ထားတဲ့ ရွှေရောင်စက္ကူခဲပတ်ကို ခွာရင်း ကျွန်တော့်ကို တစ်ချက်တော့ ပြုံးပြလိုက်သေးရဲ့၊ သူ ချောကလက်တောင့်ကို ခွာတာ မြန်လိုက်တာဗျာ၊ မျက်စိတစ်မှိတ်လောက်ပဲ ကြာမယ်လို့ ကျွန်တော် ခံစားရတယ်၊ ဘယ်လိုခွာလိုက်မှန်းတောင် မသိဘူး၊ နောက်တော့ စက္ကူပတ်က လက်ထဲမှာတင် ပျောက်သွားရော၊ ဒါနဲ့စက္ကူပတ်ဘယ်ရောက်သွားလဲဆိုတာ ကျွန်တော် ကတ္တရာလမ်းပေါ် ငုံ့ကြည့်လိုက်တော့ မီးညွှန့်တွေ တလူလူတက်ပြီး စက္ကူပတ်ဟာ ပြာကျသွားပါလေရောဗျို့ ဒါ - ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူ မီးရှို့ပစ်လိုက်တာလဲ၊ ကျွန်တော်မတွေ့မိပါဘူး၊ စက္ကူပတ်မှာ ပါသွားတဲ့ ချောကလက်စတွေကို မီးလောင်သွားတာ၊ ထူးဆန်းလိုက်တာ၊

"ရော့ - စားလေ"

သူ လှမ်းပေးပါတယ်၊ ချောကလက်ကို မြင်မှ ကျွန်တော် ဆာလောင်သွားတယ်၊ ဟုတ်တယ် - ကျွန်တော် မနက်ကတည်းက ဘာမှမစားရသေးဘူးလေ၊ ဒါကြောင့် ကျွန်တော် မရှက်နိုင်တော့ပါဘူး၊ သူ့ဆီက နည်းနည်းဖဲ့ပြီး ယူစားမယ်လုပ်တော့ ကျွန်တော့်လက်ကို တစ်စုံတစ်ခုက လက်လှမ်းလို့မရအောင် ဆွဲငင်ထားသလို ခံစားလိုက်ရတယ်၊ ကျင်ခနဲ ခံစားလိုက်ရတဲ့ ခံစားမှုမျိုး၊ ရင်ထဲမှာ လေးလံထွေပြားမှုတစ်ခုနဲ့ ချက်ချင်းမွန်းကြပ်သွားမိတယ်၊ ပြီးတော့ - ကျွန်တော့်လက်တွေ တဆတ်ဆတ်တုန်ခါလို့၊ ဒါပေမဲ့ - ကျွန်တော် အားတင်းပြီး လက်ထဲက ချောကလက်ဆီ လက်ဖျားရောက်အောင် ကြိုးစားလိုက်တယ်ဆိုရင်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com

ဘုရား-ဘုရား-သူ့ရဲ့ဘယ်ဘက် လက်ကြီး တစ်လံကျွာကျွာလောက် ရှည်ထွက်သွားပြီး ဟမ်ဘာဂါကို ဆတ်ခနဲ ယူလိုက်ပါတယ်။ လက်ကြီး ရှည်ထွက်လာတာ သားရေပင်ကို ဆွဲဆန့်လိုက်သလိုမျိုးပါ။ ဆတ်ခနဲပဲ မြန်လိုက်တာ။ တစ်လံကျော်ကျော် ရောက်နေတဲ့မုန့်ကို လက်တစ်ကမ်း လှမ်းယူဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါ။



ကောင်မလေးလက်ထဲက အညိုရောင် ချောကလက်တောင့်ဟာ ကြောက်မက်ဖွယ် လှုပ်ရှားလူးလွန့်နေတဲ့ မြွေတစ်ကောင်၊ ပါးပျဉ်းထောင်နေတဲ့ မြွေတစ်ကောင် ဖြစ်နေပါရောလား။ မြွေဟာ ခါးလယ်ကနေ ညှစ်ပြီး အကိုင်ခံထားရတဲ့အတွက် ဒေါသတကြီး လူးလွန့်နေပြီး အစွယ်တဖွေးဖွေးနဲ့ ပါးစပ်က ဟစီဟစီ ဖြစ်နေတာပါ။

ဘုရား-ဘုရား။

ကျွန်တော် လက်ကို ယောင်ယမ်းပြီး နောက်ဆုတ်လိုက်မိတော့ ကောင်မလေးက အံ့သြတကြီး ငေးကြောင်နေတယ်။

"ဘာဖြစ်လို့လဲဟင်-ယူလေဟယ်"

ကျွန်တော် လက်မလှမ်းရဲတော့ဘူး။ စားချင်စိတ်လည်း မရှိတော့ဘူး။ ဒါကြောင့်-

"နင်ပဲ စားပါ၊ ငါ မဆာသေးဘူး"

"စားပါဟ-ငါ့မှာ ချောကလက်တွေ အများကြီးပါပါတယ်၊ ပြီးတော့ တခြားမုန့်တွေကော ပါပါတယ်"

ကျွန်တော် ခေါင်းယမ်းလိုက်မိတယ်၊ လက်ထဲက ချောကလက်ဟာ ဘယ်လိုဖြစ်ပြီး မြွေတစ်ကောင် ဖြစ်သွားရတာလဲ၊

ကျွန်တော် မစားချင်ကြောင်း တိုတိုပဲ ခေါင်းခါလိုက်တော့မှ ဆက်ပြီး မကျွေးတော့ပါဘူး။ ဒါနဲ့-သူ ချောကလက်ကို တစ်ကိုက်ကိုက်လိုက်တယ်၊ သူကတော့ အေးအေးဆေးဆေးပါပဲလေ၊ ဘာမှမသိသလို မဖြစ်သလိုပါပဲ၊ ကျွန်တော် သူ့လက်ထဲက ချောကလက်ကို သေသေချာချာကြည့်လိုက်တော့ ချောကလက်တောင့်ပါပဲ၊ ဘယ်လိုဖြစ်သွားရပါလိမ့်၊ ကျွန်တော့် အမြင်အာရုံ ချွတ်ယွင်းသွားတာလား။ ညအမှောင်အောက်မှာ အမြင်အာရုံ မှားယွင်းတယ်ဆိုတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမဲ့-ကောင်မလေး ချောကလက် စားလိုက်ပုံက ကျွန်တော့်ကို ပိုပြီးအံ့သြသွားစေတယ်၊ သူ့လက်ထဲက ချောကလက်တောင့်ကြီးဟာ တစ်ခေါက်ဝါးစားလို့ မကုန်နိုင်ပါဘူး။ သူ စားပစ်လိုက်တာ စက္ကန့်ပိုင်းအတွင်း လက်ဖျစ်တစ်တွက်ပဲ၊ မြန်လိုက်တာဗျာ၊ ဘယ်လိုစားပစ်လိုက်မှန်းတောင် မသိဘူး၊ ဝါးစားတာလဲ မတွေ့လိုက်ဘူး။ ပါးစပ်လှုပ်တာတောင် မတွေ့ဘူးဗျာ၊ ဘယ်လိုတွေဖြစ်ကုန်ပြီလဲ၊ ချောကလက်ဆိုတာ ထမင်းစားသလို၊ ခေါက်ဆွဲခြောက်တွေ စားသလို အားရပါးရ ပလုတ်ပလောင်းစားရတဲ့ အစားအစာမျိုး မဟုတ်ဘူးလေ၊ နည်းနည်းချင်းစီ အရသာခံ မြုံ့ပြီး စားရတဲ့အစားအစာမျိုးပါ။ သူစားတာ မြန်လိုက်တာဗျာ၊ ပါးစပ်ဟပြီး စားလိုက်တာများ မြွေမြိုချောင်းကြီး

www.burmeseclassic.com

ထဲကို ကျောက်စရစ်ခဲကလေး ပစ်ထည့်လိုက်သလိုပါပဲလား။ ရှောခနဲပဲ ကျွန်တော် ငုံ့ကြည့်လိုက်တော့ သူ့လက်ထဲမှာ ဘာမှမရှိတော့ဘူး။ သူက တော့ ဘာမှမဟုတ်သလိုပဲ၊ စက္ကန့်ပိုင်းအတွင်းမှာ သူ့လက်ထဲက ချော ကလက်တောင့်ဟာ ကုန်သွားတာတော့ ဩချစရာပဲပေါ့။ ဒါနဲ့ - သူ့အိတ်ကို ထပ်ပြီး နှိုက်ပြန်ရော။ ဒီတစ်ခါတော့ ဟမ်ဘာဂါတစ်လုံး ထွက်လာတယ်။ ကျွန်တော့်ဘက်ကို "စားလေ" ဆိုပြီး လှမ်းတော့ လက်ထိုးပေးသေးတယ်။ ကျွန်တော်လည်း မစားရဲတော့တာနဲ့ ခေါင်းကို တွင်တွင်ပဲ ယမ်းခါလိုက်မိ တယ်။

သူကတော့ ခစ်ခနဲ တစ်ချက်ရယ်ပြီး ဟမ်ဘာဂါကို ဖွင့်ဖောက်ပြီး စား မယ်လုပ်တုန်း ဘယ်လိုဖြစ်တာလဲ မသိဘူး၊ လက်ကနေ ချော်ပြီး ကတ္တရာ လမ်းပေါ်ပြုတ်ကျ၊ မုန့်က လိမ့်ထွက်ပြီး ခြေထောက်နားကနေ တစ်လံကွာ ကွာလောက်မှာ ရပ်သွားတယ်။ ဒါနဲ့ - သူ ထိုင်နေလျက်ကနေ လက်လှမ်း ပြီး ယူလိုက်တာ၊ ဘုရား - ဘုရား - သူ့ရဲ့ဘယ်ဘက်လက်ကြီး တစ်လံကွာ ကွာလောက် ရှည်ထွက်သွားပြီး ဟမ်ဘာဂါကို ဆတ်ခနဲ ယူလိုက်ပါတယ်။ လက်ကြီး ရှည်ထွက်လာတာ သားရေပင်ကို ဆွဲဆန့်လိုက်သလို မျိုးပါ။ ဆတ်ခနဲပဲ မြန်လိုက်တာ၊ တစ်လံကျော်ကျော်ရောက်နေတဲ့ မုန့်ကို လက် တစ်ကမ်း လှမ်းယူဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါ။

ကျွန်တော့် ခန္ဓာကိုယ်ထဲကိုတော့ ထိတ်လန့်မှုရယ်၊ အံ့ဩမှုရယ် ပေါင်း စပ်ပြီး နွေးရှိန်းရှိန်းစွာ စီးဆင်းသွားတော့တယ်၊ သူမဟာ ဘာလဲ၊

နောက်တော့ သူ ဟမ်ဘာဂါကို စားတာကလည်း စောစောက ချော ကလက်တောင့်ကို စားလိုက်သလို မျိုးပါပဲ၊ ပါးစပ်ဟာပြီး တစ်ချက်တည်း စားပစ်လိုက်တာ မျက်စိတစ်မှိတ်ပဲဗျ။

ဝါးတာလည်း မတွေ့၊ ပါးစပ်လှုပ်တာလည်း မမြင်၊ သူကတော့ ခပ်တည် တည်ပဲ၊ ဒီလိုနဲ့ -

"ကဲ - ဆောင်းနှင်းဝေ - တို့နှစ်ယောက် ကားလမ်းမကြီးဆီ လိုက်ရှာကြ ရအောင်နော်"



ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် လူသူကင်းမဲ့ပြီး တိတ်ဆိတ်အေးဆေး တဲ့ လမ်းမကြီးအတိုင်း လျှောက်လာကြတယ်။

"ခြော် - ဆောင်းနှင်းဝေ၊ ခု - ကျောင်းပိတ်ရက်နဲ့ ထောင်ဦးသုံးခနိုင်တာ မန္တလေးပဲလား"

"ဒါ - ပထမဆုံးပဲ၊ ကျောင်းပိတ်ပိတ်ချင်း မဟာစည်မှာ (၁၀)ရက် ဝင် တယ်လေ - မော်ဇင်ရဲ့ နောက်ထပ် နွေရာသီကျောင်းပိတ်ရက်မှာ ရတ်ရှည် တစ်လကိုတော့ သီလရှင်ဝတ်ဖို့ စိတ်ကူးထားပြီးပြီ"

"ဟင် - ဒီဆံပင်ရှည်ကြီးကို ဖြတ်ပစ်မယ် - ဟုတ်လား"

ကောင်မလေးက ခပ်သွက်သွက် ခေါင်းညိတ်တယ်၊

"နမြောစရာကွာ"

"ဆံပင်ရှည်ကို ဖြတ်ပြီးရင် ရွှေတိဂုံဘုရားကို လှူမယ်၊ အရာအားလုံးဟာ သခါရချည်းပဲ - မော်ဇင်ရဲ့ စွဲလမ်းမှုတဏှာပေမကြောင့် အကုသိုလ်ဖြစ် တတ်တယ်၊ သံသရာရှည်တယ်၊ ဆောင်းနှင်းကတော့ တရားအလုပ် လုပ်တယ်၊ တတ်နိုင်သလောက် စိတ်ကောင်းထားတယ်၊ အလှူလုပ်တယ်၊ ဒါမှ လူဖြစ်ကျိုး နပ်မှာ၊ တိုတောင်းတဲ့လူ့ဘဝမှာ လူလူချင်း ခေါင်းပုံဖြတ်၊ မတရားတာ မှန်သမျှလုပ်၊ ယုတ်မာကောက်ကျစ်၊ အလှူအတန်းကို လူရှိသေ အောင် ဟန်ပြလုပ်၊ ပဉ္စာနန္တရိယကံ ထိုက်နေတဲ့လူတွေထဲမှာ ကိုယ်မပါဖို့ လိုတယ်၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့၊ ကိုယ့်လုပ်ရပ်ကို သံသရာက ဆုံးဖြတ်လိမ့်မယ်၊ မပူနဲ့မော်ဇင်"

"ကြောက်စရာကြီးပဲဗျို့"

ကျွန်တော် တစ်ချက်ရယ်ကာ မျက်လုံးပြူးပြီး ဟန်ပါပါနဲ့ ပခုံးတစ်ချက် တွန့်ပြီး ကြောက်ချင်ယောင်ဆောင်ပြလိုက်တယ်၊ ဒီတော့သူက တစ်ချက် ရယ်ပြန်ရော၊

"ကြောက်ရင် မသေခင်မှာ ကောင်းမှုကုသိုလ်လုပ်၊ ယုတ်မာကောက် ကျစ်တဲ့စိတ်ကို ဖျောက်၊ ကိုယ်ချင်းစာစိတ်ထား၊ သူများကို နာကျင်စေချင် တိုင်း လက်ဖျားကလေးကို လက်နဲ့ကိုက်ကြည့်၊ ကိုယ်တောင် [illegible]တတ်ရင်



www.burmeseclassic.com

www.burmeseclassic.com

သုရှားလည်း နာတတ်မယ်၊ လောကမှာ အသက်ကြီးကြီးလာရင် သံဝေဂရမယ်မထင်နဲ့ – မော်ဇင်၊ ကြီးလေ မိုက်လေ၊ ကြီးလေ မိုက်လေ၊ ကြီးမိုက်တွေထဲမှာတစ်ခေါင်း၊ သေရင်တော့ ငရဲပြည်ပဲ တန်းနေတယ်၊ ဒါကြောင့် မသေခင် ဗုဒ္ဓရဲ့တရားတော်အတိုင်း နေနိုင်အောင် ကြိုးစား – မော်ဇင်"

"ပြီးတော့ကော"

"ဘာသာရေးလုပ် – တရားထိုင် – တရားမှတ်"

"ပြီးတော့"

"ရှာလို့ရသမျှ အိတ်ထဲချည်း မထည့်နဲ့၊ အလှူလုပ်ပေါ့"

"နောက်ကော"

"နင်က နောက်နေပြန်ပြီ – မပြောတော့ဘူးဟာ"

"ငါ့ကို စောင်းပြောနေတာတော့ မဟုတ်ပါဘူးနော်"

ကောင်မလေးရဲ့မျက်စောင်းလှလှက ရောက်လာပြန်တယ်။

"စောင်းမပြောတတ်ဘူး၊ တန်ဖိုးရှိတဲ့လူ့ဘဝကို အကျိုးရှိရှိ အသုံးချတတ်ဖို့ ..."

"ကျေးဇူးတင်ပါတယ်၊ အင်း – ဆောင်းနှင်းဝေက ရှေးခေတ်က အဘွားကြီးကျနေတာပဲနော်၊ ဒါပေမဲ့ – ကျွန်တော် ဆောင်းနှင်းဝေလို မကျင့်နိုင်သေးဘူးဗျာ၊ တရားစခန်းဆိုတာတွေလည်း ကျွန်တော်နဲ့ မပတ်သက်သလိုပါပဲ၊ ဆောင်းနှင်းဝေက ကျွန်တော့်ထက် အများကြီး သာလွန်ပါတယ်၊ သူတစ်ပါးကို ကူညီတတ်တယ်၊ မျက်လုံးတွေက ဖြူစင်ရိုးသားမှုကို ဖော်ညွှန်းနေတယ်၊ အဲဒီလိုပဲ – စောစောက ဘာသာရေးတရားစခန်းဆိုတာတွေကျွန်တော်နဲ့ နည်းနည်းတော့ အလှမ်းဝေးနေပေမယ့် ကျွန်တော့်ကြောင့်သူတစ်ပါး ဒုက္ခရောက်အောင် မလုပ်ဘူး၊ မျက်ရည်မကျစေရဘူး၊ ဆောင်းနှင်းဝေ ပြောသလို ကံငါးပါးကို တတ်နိုင်သမျှ လုံခြုံအောင် ထိန်းတယ်၊ ဘုရားမကြိုက်တဲ့ လူတစ်ခုထဲမှာ မပါအောင် ကြိုးစားတယ်ဗျာ၊ ရတနာမြတ်သုံးပါးကို မစော်ကားဘူး၊ လောလောဆယ် ဒါလောက်ပဲ – ဆောင်းနှင်းဝေ"

"ဟင်း – ဟင်း – ဟင်း – တော်သေးတာပေါ့"



ကျွန်တော်တို့ ပျော်ရွှင်စွာ ရယ်မောကြပြန်တယ်၊ ကောင်မလေး ရယ်သံက လှုပ်ခါသည့်ဆိုရုံကလေးပါ၊ တကယ်တော့ – ဒီညဟာ ကျွန်တော့်ကိုသိမ်မွေ့နူးညံ့စွာ ပြုစားထားတယ်ဆိုတာ ယုံကြည်မိပါပြီ၊ တကယ်လို့များ – မှောင်မိုက်ထုထဲတဲ့ ညတစ်ညမဖြစ်ပဲ လရိပ်ပြာပြာ ရွှန်းမြမြသာနေတဲ့ ညတစ်ညဆိုပါရင် တိမ်မျှင်တွေ သယ်ဆောင်ရာ လေအလျဉ်နောက်ကို လိုက်ပါလွင့်မျောမိမှာ အမှန်ပဲ၊

ဒီလိုနဲ့ ရှည်လျားတဲ့လမ်းမကြီးအတိုင်း ကျွန်တော်တို့ တိတ်ဆိတ်စွာပဲ ဆက်လျှောက်လာမိတော့တယ်။

✓ ✓✓

တဖြည်းဖြည်းနဲ့ လျှောက်လာလိုက်တာ လမ်းမဟာ အမှောင်ထုထဲကို ကျွံဝင်နစ်မြုပ်နေတယ်၊ အမှောင်ထုဟာ နက်ရှိုင်းသိပ်သည်းလာတာနဲ့အမျှ ဆောင်းနှင်းဝေဟာ ကြောက်ရွံ့စိတ် ဝင်လာပုံရပါတယ်၊ ကျွန်တော့်ပခုံးနဲ့ သူ့ပခုံးချင်း ထိမိပြီး လျှောက်နေတာပါ၊

ကျွန်တော့်ကျောပိုးအိတ်ထဲမှာ ငွေကြေးအရှိန်နဲ့ ရေသန့်ဘူးပဲ ပါတယ်၊ ရေဆာပေမယ့် သောက်ဖို့ ကြောက်နေမိတယ်၊ ဘာဖြစ်လို့လဲ မသိပါဘူး၊

ဒီလိုနဲ့ တော်တော်လေး လျှောက်မိလိုက်တော့ ရှေ့မှာ လမ်းတစ်ဆစ်ချိုးတစ်ခုကို တွေ့လိုက်ရပါလေရော၊ အဲဒီမှာ လမ်းဘေးဝဲယာနှစ်ဖက်မှာ သစ်ပင်ကြီးတွေ ထူထူထပ်ထပ် သိပ်သိပ်သည်းသည်း ပေါက်ရောက်နေတယ်၊ အမှောင်ထုထဲမှာ မငြိမ်မသက် ရပ်တည်နေပုံဟာ မြို့ပျက်ဟောင်း တစ္ဆေမြို့ကြီးတွေလိုပါပဲ၊

ဒီအချိန်မှာ ဧရာမသစ်ပင်ကြီးတစ်ပင်ကို ရုတ်တရက် လှမ်းကြည့်လိုက်တယ်ဆိုရင်ပဲ ထူးဆန်းတာတွေကို တွေ့ရတော့တာပဲ၊ သစ်ပင်ကြီးက အရွက်တွေ နည်းနေပြီး သစ်ခြောက်ပင်တော့ မဟုတ်ဘူး၊ အဲဒီအပင်ကြီးရဲ့အကိုင်းအသီးသီးမှာ ဧရာမအကောင်တွေ၊ ဖောက်ထိုးကြီးတွေ ဘာကောင်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com

လည်း မသိဘူး။ တချို့ ငုတ်တုတ်၊ တချို့ ခြေတွဲလောင်း။ တချို့ ပက်လက်၊ လင်းဆွဲကြီးတွေလား။ ရောမငှက်ကြီးတွေလား။

သေသေချာချာကြည့်လိုက်တော့ ကျွန်တော်ထင်တာတွေ တစ်ခုမှ မဟုတ်ဘူးဗျို့။

ဘုရား - ဘုရား - ဘာကောင်ကြီးတွေလဲ။

ဒီအချိန်မှာ ကောင်မလေးရဲ့ခြေလှမ်းတွေဟာ ရှေ့ဆက်မတိုးဝံ့တော့ပဲ ရပ်တန့်သွားရဲ့။ သူ့ရဲ့လက်တစ်ဖက်က ကျွန်တော့်လက်မောင်းကို အားကိုးတကြီး တင်းကြပ်စွာ ဆုပ်ကိုင်လို့။

"မော်ဇင် - ကြည့် - ကြည့်စမ်း။ လင်းဆွဲကြီးတွေမှ မဟုတ်ပဲ - ဘုရား - ဘုရား - ဘုရား"

"အမလေး - ဟုတ်ပါရဲ့"

"လူတွေဟဲ့ - မော်ဇင်"

"ဟုတ်တယ် - လူတွေ"

မှန်ပါတယ်၊ လူတွေပါ။ စကန် လူစစ်စစ်တွေပါ။ ဒါမှမဟုတ် သက်ရှိလူတွေဆိုရင် ပိုမှန်ပါလိမ့်မယ်။ လူတွေဟာ သစ်ပင်ကြီးပေါ်မှာ ပုံစံအမျိုးမျိုးနဲ့ ငြိမ်သက်တိတ်ဆိတ်နေခြင်းပါ။ တချို့အဝတ်အစားမပါဘူး။ အမွေးရှည်ကြီးတွေ တစ်ကိုယ်လုံး ဖုံးလွှမ်းနေတယ်။ တချို့အဝတ်အစား ပြည့်ပြည့်စုံစုံပါပဲ။ သစ်ပင်တစ်ပင်လုံးမှာ အသီးတွေ ပြွတ်သိပ်နေသလို သတ္တဝါတွေ တိုးလိုးတွဲလောင်းပုံစံမျိုးနဲ့ပါ။ အောက်ဆုံးက အမွေးထူထူနဲ့ အကောင်တစ်ကောင်က ကျွန်တော်တို့ကို လျှာထုတ်ပြလေရဲ့။ အဲဒီအကောင်ကြီးရဲ့လျှာဟာ နစ်တောင်လောက်ရှည်ပြီး တစ်ထွာလောက် ကျယ်ပြန့်တဲ့လျှာကြီးကို ထုတ်ချည်သွင်းချည်နဲ့ လုပ်ပြနေတာပါ။ ခြောက်လှန့်ပြနေတာပါ။

"အမလေး - ကြောက်တယ် - မော်ဇင်"

"ဆောင်းနင်းဝေ - လမ်းမဘက် ထွက်နေတဲ့ သစ်ကိုင်းက လူကို ကြည့်လိုက်စမ်း။ ဖောက်ထိုးကြီး။ ခေါင်းကြီးကိုယ်သေးနဲ့။ ဟိုး - နောက်တစ်ကိုင်းမှာ တစ်ယောက်၊ နားရွက်ကြီးက ဗျာလောက်ရှိတယ်။ သူ့နားရွက်



ကြီးတစ်ဖက်ကို စောင်လိုခြုံပြီး အိပ်ပျော်နေလိုက်တာ၊ ဟောက်သံတောင် ကြားရတယ်"

"ဟင့်အင်း - မကြည့်ရဲဘူးဟယ် - သွားကြစို့"

ကျွန်တော်တို့နှစ်ယောက်ရဲ့စကားပြောဆိုသံတွေကို သစ်ဝင်ပေါ်က ပုံစံအမျိုးမျိုးနဲ့ သတ္တဝါကြီးတွေ ကြားလိုက်ရတယ် ထင်ပါရဲ့။ ခြေတွင်းထဲက ကြွက်တွေ၊ တိုင်ကီပြွတ်ထဲက ငါးရှဉ့်တွေလို ခွေခေါက်တွန့်လိမ်ပြီး လှုပ်လှုပ်ရွရွ ဖြစ်လာကြပြီး မြောက်ဘက်သစ်ကိုင်းက အိပ်ပျော်နေတဲ့ သတ္တဝါကြီးကတော့ သပိတ်လုံးလောက်ရှိတဲ့ မျက်လုံးကြီးနှင့် ပေါက်တူးလောက်ရှိတဲ့သွားကြီးတွေ ဖြဲပြပြီး တဟီးဟီး ရယ်ပြီး ခြောက်လှန့်ပြနေပြန်ပါရော။

"ကြောက်စရာကြီးတွေ - ခဲမော်ဇင်ရယ်"

ဆောင်းနင်းဝေဟာ သူ့နှုတ်ကလေးနဲ့ ကျွန်တော်ပခုံးစွန်းကို ထိကပ်ပြီး မျက်စိစုံမှိတ်ထားလေရဲ့။

"သွားကြစို့"

ဒီလိုနဲ့ ကျွန်တော်တို့ ဆက်ပြီး လျှောက်လာကြပြန်တယ်၊ လမ်းက ရှည်လျားပြီး လူသူကင်းမဲ့နေတုန်း။ ကျွန်တော်တော့ ဘယ်လိုဒေသမျိုးကို ရောက်ပြီး ဘယ်လိုအမည်မဖော်လိုတဲ့သတ္တဝါတွေကို တွေ့နေရတယ်ဆိုတာ စဉ်းစားလို့ မရပါဘူး။ အဲဒီသတ္တဝါကြီးတွေက ဘာတွေလဲ၊ တစ္ဆေတွေလား၊ လူ့ဘဝမှာတုန်းက အကုသိုလ်ကြီးများပြီး ဘဝသစ်မှာ ငရဲကျနေသူတွေလား။

ဒီလိုနဲ့ အမှောင်ဟာ ဆက်လက်ပြီး အမှောင်ထုနဲ့အတူ လောင်မြိုက်နေတုန်း။ အလင်းရောင်ဆိုတာကို ဆံခြည်ခြမ်းစာမျှတောင် မတွေ့ရသေးပါဘူး။ ဆောင်းနင်းဝေဟာ ကျွန်တော့်အနားကို တဖြည်းဖြည်း တိုးကပ်လာတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပျော်ပါတယ်၊ လရောင်တွေ ခန်းခြောက်နေတာ၊ တူးလူးပြန်နှံ့ဆဲဖြစ်တဲ့ ပန်းရနံ့ကို ကိုယ်တိုင်စိတ်လွတ်ကိုယ်လွတ်ဆယ်သို့ မ.ရတာက လွဲလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

တောင်မလေးရေ - ရင်ထဲမှာ မိုးနှင်းတွေ တမြည့်မြည့် ရဲရဲတောက် ဝေဘတ် လောင်ကျွမ်းနေဆဲပေါ့။

ဒီအချိန်မှာ ကျွန်တော်တို့ ရှေ့မှန်ဝါးဝါး လမ်းကြားတစ်နေရာကနေပြီး ညာသံပေး အော်ဟစ်လိုက်သံတစ်သံကို ကြားလိုက်ရပါတယ်။ လန့်ဖျပ် အသည်းတုန်စရာပါပဲ။

✓ ✓✓

ဒီလိုတိတ်ဆိတ်နေတဲ့ညမှာ ပထမဦးဆုံး ကြားလိုက်ရတဲ့ ကြောက်မက်ဖွယ် အော်ဟစ်လိုက်သံတစ်ခုပါ။ ကျွန်တော်တို့ရှေ့ကို ဆက်ပြီး မတိုးဝံ့လောက်အောင် ခြေလှမ်းတွေကို ရပ်တန့်လိုက်မိကြပြီး ဘာသံတွေပါလိမ့်။

လူအုပ်စုတစ်စုရဲ့အော်သံ၊ ညာသံပေး အော်ဟစ်တဲ့အသံတွေ။

"မော်ဇင် - ဘာသံတွေလဲ မသိဘူး၊ လမ်းဘေးကပ်နေမှ"

"ဟုတ်တယ် - ဆောင်းနှင်းဝေ"

ကျွန်တော်တို့ စကားမဆုံးခင်မှာပဲ လူအုပ်စုတစ်စုဟာ လမ်းကြားထဲက ထွက်လာကြတော့တာပါပဲ။ လမ်းကြားဆိုတာ နောက်ဖေးလမ်းကြားကို ပြောတာပါ။ သူတို့ဟာ စုစုပေါင်း လူငါးယောက်တိတိ။

"ဝေး - ဟေး - ဟေး"

"ဟေး - ဝါး - ဝါး - ဝါး"

"မ,ကြဟေ့ - အောက်မကျစေနဲ့ဟေ့"

"လွှတ်မချလိုက်နဲ့"

လူငါးယောက်က ဝမ်းသာအားရအသံ တစ်ယောက်တစ်ပေါက် အော်ဟစ်ညာသံပေးရင်း ကြီးမားဖြူဖွေးတဲ့ အရာဝတ္ထုကြီးတစ်ခုကို ထမ်းရွက်လာကြတာပါ။

ကျွန်တော်တို့နှစ်ယောက်ဟာ ခပ်လျှိုလျှိုနဲ့ လမ်းဘေးသစ်ပင်ရိပ်အောက်မှာ ဝင်ခိုကပ်ရင်း သူတို့ ဘာကြီးကို ထမ်းလာသလဲဆိုတာ သိချင်



ဇောနဲ့ ငြိမ်သက်နေလိုက်မိပါတယ်။

"သူတို့ တစ်ခုခုကို ဝမ်းသာအားရ ထမ်းလာကြတာကွ၊ ဘာကြီးလဲ မသိဘူး - ဆောင်းနှင်းဝေ"

"ဖြူဖြူလုံးလုံး - ရှည်ရှည်ကြီးနော်"

ဖြူဖြူရှည်ရှည် လုံးလုံးကြီးကို လမ်းမကြီးအတိုင်း ထမ်းရွက်လာကြသော လူတစ်စုဟာ ကျွန်တော်တို့ ရပ်တန့်၍ ငေးမောနေရာဆီကိုတောင် တစ်ချက်ကလေး လှည့်မကြည့်ဘဲ သူတို့ အာရုံစိုက်နေကြတဲ့ အရာဝတ္ထုကြီးကိုပဲ ထမ်းပိုးရင်း ညာသံပေးပြီး ဖြတ်သွားကြလေရဲ့။

အလိုလေး - ဘုရားရေ။

ဖြူဖြူရှည်ရှည်အလုံးကြီးက ဧရာမ ထမင်းလုံးကြီးပါကလား။ သူတို့ငါးယောက်စလုံးရဲ့မျက်နှာမှာ ပါးစပ်ပေါက်ဆိုတာ မရှိဘူး။ နားရွက်ကြီးတွေက ယပ်တောင်လောက် ရှိတယ်။ နားရွက်ကြီးတွေ တဖျပ်ဖျပ်နဲ့ ခြေထောက်တွေက တံတောင်လောက် ရှည်လျားကျယ်ပြန့်ကားပြီး ဘဲခြေထောက်ကြီးတွေလို ပြားပြားကြီးတွေပါ၊ ဩော် - နောက်ဖေးလမ်းကြားထဲက ထမင်းလုံးကြီးက လည်း ဧရာမကြီး။ သူတို့ရဲ့ခါးကြားမှာ ပုဆိန်တွေ၊ လွှတွေ ထိုးထည့်ထားတာ တွေ့လိုက်ရတယ်။ အဲဒီပုဆိန်တွေ၊ လွှတွေနဲ့ ဧရာမထမင်းလုံးကို ခုတ်ဖြတ်၊ ဖြတ်တောက်ပြီး စားကြမှာဆိုတာ သေချာပါတယ်၊ သနားစရာပဲ၊ ကျွန်တော် တို့ အံ့သြတကြီး ငေးငိုက်ကြည့်ရှုနေဆဲမှာပဲ သူတို့အားလုံးဟာ ဧရာမထမင်း လုံးကြီးနဲ့အတူ အမှောင်ထုထဲကို ပျော်ပျော်ပါးပါး ညာသံပေး အော်ဟစ်ပြီး တိုးဝင်ပျောက်ကွယ်သွားကြပါပြီ။

ကျွန်တော်တို့ တစ်ယောက်လက် တစ်ယောက် ဖေးဖေးမမ ဆုပ်ကိုင်ရင်း ဆက်လျှောက်လာမိတယ်။ အမှောင်ထုက ဆတ်ဆတ်ခါယောင်ကိုင်းလို့၊ ညဟာ ထိတ်ထိတ်ပျာပျာ၊

"အံ့သြစရာချည်းပဲနော် - မော်ဇင်"

"ဟုတ်တယ် - ပြဿနာတွေလား မသိဘူး၊ လူမဟုတ်တာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လှည့်ကြည့်လိုက်တယ်ဆိုရင်ပဲ

အရိုးစုကမ္ဘာ့ဗွာန်းကောင်ကြီးဟာ မဝိနိုင်မှန်းသိတော့


သူ့ရဲ့ ဘယ်ဘက်လက်မောင်းရိုးလက်တံကြီး

တစ်ခုလုံးကို ဖြုတ်ချလိုက်ပါတော့တယ်။ ပြီးတော့–

ခပ်ဝေးဝေး ရောက်နေပြီဖြစ်တဲ့ ကျွန်တော်တို့ဆီကို

သူ့လက်မောင်းရိုးကြီးနဲ့ အားကုန်လွှမ်းပြီး

ပစ်ပေါက်လိုက်တယ်။



"အကုသိုလ်များလိုက်ကြတာနော် - မော်ဇင်၊ သံသရာတော့ ရှည်ဦးတော့မှာပဲ။ တို့တစ်တွေ အဲဒီလို သတ္တဝါတွေကို ဘာဖြစ်လို့ ကိုယ်တိုင်ကိုယ်ကျ မြင်နေရပါလိမ့်နော်"

ကောင်မလေးက ညည်းညည်းညူညူပြောတယ်၊ ဒါပေမဲ့ - အမှောင်ထု မမြင်ရတဲ့လေထုထဲမှာ ခြောက်သွေ့အေးစက်တဲ့ရနံ့ကို ရနေတုန်းပဲ။ ပတ်ဝန်းကျင်လေထုဟာ တိတ်ဆိတ်အေးစက်၊ ငေးငြိမ်၊ ကျွန်တော့်ရင်ထဲမှာ



သာယာတဲ့နှလုံးခုန်သံတို့နဲ့စွန်းထင်းပေတျံနေလေတယ်၊ ဒါပေမဲ့ - ကျွန်တော် ကောင်မလေးအပေါ်မှာ ဘယ်လိုအစွင့်အရေးမျိုးတွေမှ မယူပါဘူး၊ အဲ - ရနံ့ မွှေးပျံ့တွေ သင်းပနေတဲ့ ပန်းပွင့်ကလေးရဲ့နောက်တော့ကိုတော့ မထိုးဘူးဗျာ၊

မှုန်ရီအေးစက်တဲ့လေထုနဲ့အတူ ဟိုးဝေးဝေးက သစ်ပင်ကြီးတွေဆီက သစ်ရွက်ခြောက်တွေ ဖွဲဖောင်းကြွေကျနေပုံက ကျွန်တော့်စိတ်အာရုံတို့ကို ထွေပြားစေပါဘူး၊ မဖြားယောင်းစေခဲ့ပါဘူး၊

ဒီလိုနဲ့ ကျွန်တော်တို့ အဝေးပြေးလမ်းမကြီးကို တွေ့လို့တွေ့ခြား ဆက်ပြီး လျှောက်လာမိတယ်၊ အမှောင်ကတော့ တိတ်ဆိတ်ခြင်းကို ပွေ့ဖက်ထားတုန်းပဲ၊ ကျွန်တော်တို့ အမှောင်ထဲမှာ ကျံဝင်နေတုန်းပဲ၊

ကျွန်တော် သူ့ကို တစ်ခုခုပြောဖို့ ကြံစည်တုန်း ရှိသေးတယ်၊ ကျွန်တော်တို့အနောက်ဘက်တစ်နေရာကနေ လျှင်မြန်သော ခြေလှမ်းတွေနဲ့ ပြေးလာတဲ့ ခြေသံတစ်စုံကို ကြားလိုက်ရပါတယ်၊

ခြေသံဟာ တဖြည်းဖြည်း နီးကပ်လာပါပြီ၊

✓ ✓✓

အန္တရာယ်ရဲ့ရနံ့၊ ခြေသံမှာ ကြောက်မက်စရာ အန္တရာယ်တွေ လိမ်းကျံထားတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်၊ ခြေသံရှင်ဟာ ကျွန်တော်တို့ဆီကို ဒေါသတကြီး ရန်လိုဟန်နဲ့ လိုက်လာတယ်ဆိုတာ သိသာပါတယ်၊

"မော်ဇင် - ခြေသံက ကျွန်မတို့နောက်ကို ပြေးလိုက်လာတဲ့ခြေသံနော်၊ သတိတော့ ထား"

ခြေသံဟာ တဖြည်းဖြည်း နီးကပ်လာပါပြီ၊ ကျွန်တော်တို့ဆီကို ပြေးဝင်လာတဲ့ လူတစ်ယောက်၊ သွေးရူးသွေးတန်း ပြေးဝင်လာတဲ့ပုံစံပါ၊ ခြေသံဟာ တစ်စတစ်စ နီးကပ်လာတယ်ဆိုရင်ပဲ ရုပ်ဝတ္ထုအကောင်အထည်ကြီးကို ထင်ထင်ရှားရှားမြင်လိုက်ရတော့တယ်၊ ဘယ်လိုအရာကြီးပါလိမ့်၊



www.burmeseclassic.com

www.burmeseclassic.com

အခလေး - ဘုရား - ဘုရား။

ခြေသံနဲ့အတူ အရပ်ရှစ်ပေကျော်ကျော် ကြောက်မက်ထိတ်လန့်ဖွယ်ရာ အရာဝတ္ထုကြီးပါ။ ခန္ဓာကိုယ်မှာ အသားဆိုလို့ ရွေးစရာမျှပင် မရှိတဲ့အရိုးစု တစ္ဆေဘွားကောင်ကြီးပါ။ အရိုးစုကြီးဟာ ကျွန်တော်တို့နောက်ကို ပြေးလိုက်လာခြင်းပါ။

"ဆောင်းနှင်းဝေ - ပြေးကြစို့"

ကျွန်တော် ကောင်မလေးလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး ပြေးထွက်လာမိပါတယ်။ နောက်ကို လှည့်ကြည့်လိုက်တော့ အရိုးဂေါက်ဂက်၊ မျက်တွင်းဟောက်ပက်၊ အရပ်ကြီးကလန်ကလားနဲ့ အရိုးစုကြီးပါ။ အရိုးစုကြီးဟာ တဖေားဖေား အော်ဟစ်ရင်း ပြေးလိုက်လာခြင်း ဖြစ်ပါတယ်။ တကယ်တော့ - အရိုးစုကောင်ကြီးဟာ ကျွန်တော်ထင်သလို မပြေးနိုင်ပါဘူး။ သူ့ရဲ့အရိုးစုတွေချင်း ပွတ်ထိရိုက်ခတ်သံဟာ တကျွိကျွိ တဖျောက်ဖျောက် အော်မြည်နေပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့လည်း လျင်မြန်တဲ့ခြေလှမ်းတွေနဲ့ ခြေကုန်သုတ်ပြေးလိုက်ရတော့တယ်လေ။

ကျွန်တော် လှည့်ကြည့်လိုက်တယ်ဆိုရင်ပဲ အရိုးစုကစ္ဆေဘွားကောင်ကြီးဟာ မမီနိုင်မှန်းသိတော့ သူ့ရဲ့ ဘယ်ဘက်လက်မောင်းရိုးလက်တံကြီး တစ်ခုလုံးကို သူ့ညာလက်နဲ့ ဖြုတ်ချလိုက်ပါတော့တယ်။ ပြီးတော့ - ခပ်ဝေးဝေးရောက်နေပြီဖြစ်တဲ့ ကျွန်တော်တို့ဆီကို သူ့လက်မောင်းရိုးကြီးနဲ့ အားကုန်လွှမ်းပြီး ပစ်ပေါက်လိုက်တယ်။

"ဝိုး"

"ဂလုတ် - ဂလောက် - ဖြောက် - ဖြောက်"

ဒါပေမဲ့ - လက်မောင်းရိုးကြီးက ကျွန်တော်တို့ဆီကို မရောက်လာဘူး။ မာကြောတဲ့ ကတ္တရာလမ်းမနဲ့ အရိုးချင်း ထိခိုက်ပွတ်ရှသံ ဂလောက် ဂလက် မြည်သံထွက်ပေါ်လာပြီး လမ်းမပေါ်မှ ပြုတ်ကျကျန်ရစ်ခဲ့တော့တယ်။ ဆက်ပြီး မလိုက်နိုင်တော့တဲ့ အရိုးစုကောင်ကြီးဟာ ညာဘက်လက်ရိုးကြီးနဲ့ ခါးထောက်မကျေမနပ်ဖြစ်ပြီး ကျန်ရစ်ခဲ့တော့တယ်လေ။ သူ့ရဲ့ ဘယ်ဘက်လက်မောင်း



ရိုးကြီးတစ်ခုလုံးကို ပြန်မကောက်တော့ဘဲ အမှောင်ထုထဲကို တုန့်[illegible] ထော့နင်း ထော့နင်းနဲ့ လှည့်ထွက်သွားတော့တယ်။

ကျွန်တော်တို့ အပြေးမြန်လို့သာပေါ့။ နို့မို့ဆိုရင် တစ္ဆေဘွားကောင်ကြီး ဖြုတ်ပစ်လိုက်တဲ့ လက်မောင်းအရိုးကြီးဟာ နောက်စေ့ခဲ မှန်လေသလား မျက်နှာ ကုန်းပဲ မှန်မလားပဲ။

✓ ✓✓

ဒီလိုနဲ့ ရှည်လျားနက်မှောင်တဲ့ လမ်းမကြီးအတိုင်း တရွေ့ရွေ့ လျှောက်လာခဲ့ကြပြန်ရော။ ရင်တထိတ်ထိတ်နဲ့ပါ။ နောက်ထပ် ဘယ်လိုထူးဆန်းအံ့ဩဖွယ်ရာ သတ္တဝါတွေနဲ့ ထပ်တွေ့မှာလဲဆိုတဲ့အတွေးက ရင်ထဲတို့ ဖိစီးနေတယ်။

ဒီလိုနဲ့ ဆက်လျှောက်ရင်း လျှောက်ရင်း ဟိုး ရှေ့တူရူမှာ အလင်းစက်ကလေးတစ်စက် တွေ့မြင်လိုက်ရသလိုပဲ။ ဟုတ်ပါတယ်။ အလင်းရောင်အစက်ကလေးတစ်စဆိုတာ သေချာပါပြီ။

"မော်ဇင်ရေ - တို့ အလင်းရောင်ကို စပြီးမြင်နေရပြီထင်တယ်။ ဟိုမှာ - ကြည့်စမ်း။ လမ်းမကြီးရဲ့မြောက်ဘက်က အလင်း။ တို့ရှိနေတဲ့ တောင်ဘက်က အမှောင်။ နယ်နိမိတ်ကန့်သတ်ထားသလိုပဲ။ ကြည့်လို့တောင် လှသား"

"ဟုတ်တယ် - ဆောင်းနှင်းဝေ။ အလင်းနဲ့ အမှောင်ရဲ့နယ်နိမိတ်လိုပဲ ဖြစ်နေတာ။ အံ့ဩစရာကောင်းလိုက်တာ"

ကောင်မလေးရဲ့မျက်ဝန်းတွေ အရောင်တောက်ပလာတယ်။

"တို့ - အဲဒီကို သွားကြည့်ရအောင်နော်။ မော်တော်ကားတစ်စီးသေး တွေ့လို့တွေ့ငြားပေါ့။ ကံကောင်းပါစေဟာ"

"သွားကြတာပေါ့"

ကျွန်တော်တို့ရဲ့ခြေလှမ်းတွေ သွက်လာတယ်။ မျှော်လင့်ချက်တွေ ယှက်သမ်းလာတယ်။ အလင်းကိုမြင်ရတော့မှာ၊ အလင်းတို့ ဆုံတဲ့[illegible] မှာ မှုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ဆက်လျှောက်လာကြတယ်၊ ဒါပေမဲ့ - အလင်းစက်တွေဆီကို ရောက်လုဆဲဆဲမှာ ပြဿနာတစ်ခုက ပေါ်လာပြန်ရော၊

ဆောင်းနှင်းဝေက ခြေလှမ်းတွေ စိပ်လာတယ်၊ နေးကွေးလာတယ်၊ နှုတ်ခမ်းမှာ ချွေးတွေ စို့စပြုလာတယ်လေ၊

"ဘာဖြစ်လို့လဲ ဟင်"

"မောလို့ ..."

အလို - ဘယ်လိုဖြစ်ရပြန်တာလဲ၊ ချက်ချင်းကြီး ကောက်ခါငင်ခါ၊ ကျွန်တော် သူ့မျက်နှာ ဖြူဖြူဝိုင်းဝိုင်းကလေးကို စူးစမ်းကြည့်မိလိုက်တော့ ...၊

ချွေးသီးချွေးပေါက်တွေ ကျလာပြန်ပါကလား၊ ဘယ်လိုဖြစ်တာလဲ ဆောင်းနှင်းဝေရယ်၊ တို့တစ်တွေ အလင်းရောင်ဆီ ရောက်ခါနီးပါမှ၊

အားတင်းစမ်းပါကွယ်၊ အားတင်းစမ်းပါ၊ ဒါနဲ့ - ကျွန်တော် သူ့လက်မောင်းကလေးကို ဖေးမကိုင်လိုက်ပြီးတော့ -

"ခကနားပါလား - ဆောင်းနှင်းဝေ"

"မောတယ် - အရမ်းပဲ၊ မ - မလျှောက်နိုင်တော့ဘူး"

ကျွန်တော့်ရင်ထဲမှာ တုန်ခါသွားမိတယ်၊ သူ့ကိုလည်း သနားသွားမိတယ်၊ ကျွန်တော် ဘာဆက်လုပ်ပေးရမလဲ၊ ဒါနဲ့ - ခကနားနိုင်စရာနေရာ ရှာမိလိုက်တော့ သစ်တုံးရှည်မျောမျောတစ်တုံး လမ်းဘေးမှာ လှဲချထားတာ တွေ့လိုက်ရတယ်၊

"လာ - တို့ - ဒီမှာ ခကထိုင်နားကြစို့လား၊ အမောပြေတော့ ဆက်လျှောက်တာပေါ့၊ အားတင်းထားစမ်းပါ - ဆောင်းနှင်းဝေရယ်၊ လမ်းမလျှောက်နိုင်တော့ရင် ငါတွဲခေါ်မယ်လေ"

သူ ခေါင်းခါတယ်၊ ရှိုက်မွှေတ်ရစရာကောင်းလှတဲ့ သူ့မျက်နှာကလေးမှာ ချွေးသီးချွေးပေါက်တွေ တွဲခိုနေပါပြီ၊ ကျွန်တော် စိတ်မကောင်းဖြစ်သွားမိတယ်၊ ဒါနဲ့ပဲ - သူ့လက်မောင်းကို ဖေးမကိုင်ပြီး သစ်တုံးကြီးရှိရာကို ခပ်ဖြည်းဖြည်း လျှောက်လာတယ်၊ သူ့တစ်ကိုယ်လုံး တုန်ခိုက်နေတယ်၊ မိုးမိတဲ့ ငှက်ကလေးတစ်ကောင်လို တုန်ခိုက်နေတာပါ၊



သစ်တုံးပေါ်မှာ ကျွန်တော်တို့နှစ်ယောက် ထိုင်မိတယ်ဆိုရုံရှိသေး ကျွန်တော်တို့နောက်ကျောဘက်ကနေ အနက်ရောင်ငှက်တစ်ကောင် [illegible] မြည်ပြီးအလန့်တကြား ထပျံသွားတယ်၊ တစ်ချိန်တည်းမှာပဲ [illegible] မိုးကောင်းကင်ဆီကနေ ကြယ်ကြွေတစ်စင်း အရှေ့ဘက်ဆီကိုပဲ ပျံဆင်း သွားလေရဲ့၊ တကယ်တော့ ကြယ်ကြွေတာပါ၊ ကျွန်တော့်ရင်ထဲမှာ [illegible] ဖိစီးမှုအာရုံတစ်ခုဟာ တငွေ့ငွေ့လောင်မြိုက်သွားပါပြီ၊ [illegible] ဦးခေါင်းကလေးဟာ ကျွန်တော့်ရင်ခွင်ထဲကို အားကိုးတကြီး တွဲမှီလာသို့ပါ၊ သူ့ကိုယ်လုံးကလေးကို ညင်သာစွာပဲ ထွေးပွေ့ထားလိုက်မိတယ်၊ ဘုရား ရေ - ကောင်မလေးတစ်ကိုယ်လုံး ချွေးတွေနဲ့ ရွှဲနစ်ပြီး တုန်ယင်နေပါတော့ လား၊ ဒီအချိန်မှာ မေ့လျော့နေမိတဲ့ မွှေးပျံ့တဲ့ရနံ့တွေ အုတ်အော်သောင်း တင်း ရနေပြီးထူးဆန်းတဲ့မွှေးရနံ့တွေက သူ့ကိုယ်က ထွက်နေတာပါ၊ ထူး ဆန်းလိုက်တာ၊

သူ့နှဖူးပြင်ဖွေးဖွေးလေးမှာ တွဲခိုနေတဲ့ ချွေးစက်တွေကို ကျွန်တော် ဖွတ် သပ်ဖယ်ရှားနေစဉ်မှာပင် -

"မောလိုက်တာ - မော်ဇင်ရယ်"

"ဘယ်လိုဖြစ်ရတာလဲကွာ"

ကျွန်တော် ကောင်မလေးကိုကြည့်ပြီး ကြေကွဲလောင်မြိုက်နေမိတယ်၊ ဒီအချိန်မှာ ကောင်းကင်မှာ ကြယ်တစ်စင်း ဖြာခနဲ ကြွေကျသွားပြန်တယ်၊ ဘုရားရေ - ကြယ်ကြွေတာ နှစ်ခါရှိသွားပြီ၊

ကျွန်တော် မျက်စိကို စုံမှိတ်ထားလိုက်မိတယ်၊ ကောင်မလေး ဘာမှ မဖြစ်ပါစေနဲ့ - ဘာမှမဖြစ်ပါစေနဲ့၊

"အသက်ကို မှန်မှန်ရှူ - မျက်စိမှိတ်ထား"

ကျွန်တော့်စကားဆုံးလို့ သူမ ခေါင်းတစ်ချက် ညိတ်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်တို့ရဲ့အရှေ့ဘက်ကနေ တဖြည်းဖြည်း တိုးရွေ့လာတဲ့ [illegible] ခြေသံတွေကို ကြားလိုက်ရပါတော့တယ်၊ ခြေသံတွေက အုပ်စုလိုက် [illegible] လှမ်းချင်း လှမ်းလာတဲ့ခြေသံတွေပါ၊

ကျွန်တော် ကြောက်လန့်သွားမိတယ်၊

www.burmeseclassic.com

"ခြေသံတွေ ..."

သူ့ရဲ့ခန္ဓာကိုယ်ကလေးဟာ ဆတ်ခနဲ တွန့်ခါသွားတယ်၊ ဖေါ့ဖွဖွ နင်းလျှောက်လာတဲ့ခြေသံတွေဟာ ကျွန်တော်တို့ထိုင်နေတဲ့ သစ်တုံးကြီးဆီကို ဦးတည်ရွေ့လျားလာတာဖြစ်ပြီး တဖြည်းဖြည်း နီးကပ်လာပါပြီ၊ တည်ငြိမ်တဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာတဲ့ခြေသံတွေပါ၊ ဘယ်လိုပုဂ္ဂိုလ်တွေပါလိမ့်၊ ကျွန်တော် မဝံ့မရဲလှမ်းကြည့်လိုက်တယ်၊

"ခြေသံတွေ - ခြေသံတွေ"

တဖြည်းဖြည်း တိုးကပ်လာတဲ့ခြေသံတွေ၊ ခြေသံတွေ တိုးကပ်လာတဲ့ အမျှ ရုပ်ဝတ္ထုအကောင်အထည် မမြင်ရပါဘူး၊ ကျွန်တော် ကြောက်လန့်သွားမိတယ်၊ ဒါပေမဲ့ - အလင်းရောင်မြင်နေရတဲ့နေရာမှာ အလင်းပြန်နဲ့ အတူ မြူလိုလို၊ နှင်းလိုလို ဒေါင်လိုက်ရွေ့မျောလာတဲ့အရာဝတ္ထုတွေကိုတော့ ရုတ်တရက်တွေ့လိုက်ရပါပြီ၊ များပြားလှတဲ့ ဒေါင်လိုက်အမြှေးစင်းတွေဟာ ကျွန်တော်တို့ရှိရာနေရာကို ဝိုင်းရံစုဝေးရောက်ရှိလာပါပြီ၊

ဒီအချိန်မှာ အရိပ်ဖြူဖြူတွေဟာ ကျွန်တော်တို့ကို စက်ဝိုင်းသဏ္ဍာန် ဝိုင်းရံပိတ်ဆို့လိုက်ပါတယ်၊ ကျွန်တော် အလန့်တကြား မျက်စိမှိတ်ထား မတတ် ကြောက်လန့်မိပါပြီ၊

"ဘုရား - ဘုရား"

ဒီအချိန်မှာ ချွေးပြိုက်ပြိုက်ကျပြီး မိန်းမောနေတဲ့ ဆောင်းနှင်းဝေဟာ ကျွန်တော့်ရင်ခွင်ထဲကနေ ရုတ်တရက် ရုန်းထလိုက်ပြီး -

"မော်ဇင် - သူ - သူတို့ လာခေါ်နေကြပြီ၊ ငါ - ငါ - လိုက် - လိုက် - လိုက် သွားရတော့မယ်"

"ဘယ်က သူတို့လဲ - မလိုက်သွားရဘူး"

ချွေးပြိုက်ပြိုက်ကျနေသည့်ကြားထဲကနေ ကောင်မလေးခေါင်းကို တွင် တွင်ပဲ ခါယမ်းပါတယ်၊

"မရဘူး - ငါ လိုက်သွားရတော့မှာ"



ကျွန်တော် သွေးရူးသွေးတန်း အော်လိုက်တယ်၊ [illegible] ဒဏ်ရာရ သားကောင်ရဲ့အော်သံမျိုးနဲ့ အော်ဟစ်လိုက်တာပါ၊

"မလိုက်ရဘူး - မလိုက်သွားနဲ့ - ဒီမှာပဲနေ"

မြူနှင်းလိုလို၊ မီးခိုးငွေ့လိုလို ရွေ့လျားနေတဲ့ ဒေါင်လိုက်အစင်းတွေ ကျွန်တော့်တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသလို ခံစားလိုက်ရတယ်၊ ကျွန်တော့် တစ်ကိုယ်လုံး တွန်းထုတ်ခံလိုက်ရသလို လွင့်စဉ်သွားပြီး ကောင်မလေးနဲ့ ကျွန်တော် ဝေးကွာသွားတယ်၊ အသိစိတ်ပါ လွင့်စဉ်သွားတယ်၊ အနက်ရောင်တွင်းကြီးထဲကို လွင့်စဉ်ကျသွားတာပါ၊

"အား"

ရန်ကုန်မှ မန္တလေးမြို့ဆီသို့ ဦးတည်ရွေ့လျားထွက်ခွာလာသော အဝေးပြေးကားတစ်စီးပေါ်တွင် ခရီးသည်အယောက်လေးဆယ်ခန့် လိုက်ပါလာသည်၊ ကျွန်တော်၏ ရှေ့တစ်ခုံကျော်တွင်ကောင်မလေးတစ်ယောက်နှင့် အသက်ခြောက်ဆယ်ခန့် အဘွားကြီးတစ်ဦး လိုက်ပါလာသည်၊ မြေးအဘွား နှစ်ဦးဖြစ်ဟန်တူပါသည်၊ သူတို့စကားပြောသံထဲတွင် ဘုရားဖူး၊ တရားစခန်း စသည်တို့ ပါဝင်နေသဖြင့် ကုသိုလ်ကောင်းမှုခရီးစဉ်တစ်ခုဟု ဆိုရပါမည်၊ ဤတွင် ကျွန်တော်၏ ခရီးစဉ်ကို ဖွင့်ပြောပြရမှာပင် ခပ်ရှုံ့ရှုံ့ဖြစ်မိသည်၊ ကျွန်တော်၏ရည်ရွယ်ချက်များမှာ ရန်ကုန် - မန္တလေး - ပြင်ဦးလွင်ရှိ သူငယ် ချင်းများနှင့် တွေ့ဆုံကာ အပျော်ခရီးထွက်ခြင်း၊ ကျွန်တော် တည်ထောင်ထား သော တီးဝိုင်းကိစ္စ ဆွေးနွေးခြင်း၊ စားသောက်ပျော်ပါးခြင်း စသည် စသည်၊

ကျွန်တော်၏ ရှေ့တစ်ခုံကျော်မှ ကောင်မလေးက တော်တော်လှပါ သည်၊ လှသည်ကို စာဖွဲ့ပြရလျှင် တော်တော်ခက်ခဲသောကိစ္စဟု ဆိုရမည် ဘိစ္စပင်၊ ရှည်လျားကော့ပျံသော ဆံနွယ်ရှည်ရှည်များ၊ ဖြူဝင်းသော အသား အရေ၊ မိုးပြာရောင်ဂါဝန်ကလေးနှင့်ဆိုတော့၊

www.burmeseclassic.com

ကောင်မလေးသည် ကျွန်တော် ထိုင်နေရာခုံရှိရာသို့ တစ်ခါတစ်ခါ မသိမသာ လှည့်ကြည့်တတ်ပါသည်။ သူမ၏မျက်ဝန်းများ လှပတောက်ပကြောင်း ခံစားမိပါသည်။

ကျွန်တော်၏အတွေး မဆုံးမီမှာပင် ....။

ကြောက်မက်ဖွယ် ကျယ်လောင်စူးရှလှသော တိုက်မိသံကြီးနှင့်အတူ အော်ဟစ်ဆူညံသံများ၊ လဲပြိုကျသံများ။

ကျွန်တော်၏ ခန္ဓာကိုယ်နှင့် အသိစိတ်သည် ပြိုကွဲလွင့်စဉ်ကာ ....။

ကျွန်တော်ဟာ အမှောင်ထုထဲကို နစ်ချလိုက်ပါသည်။

✓ ✓ ✓

ကျွန်တော် ဆေးရုံပေါ်တွင် သတိလစ်မေ့မြောနေသည်မှာ နှစ်ရက်ရှိပြီဟု မေမေက ပြောပါသည်။ မေမေကတော့ ကျွန်တော့်ကို စိုးရိမ်တကြီးမျက်နှာ၊ မျက်ရည်စက်လက်ဖြင့် ကြည့်ရှုအကဲခတ်နေပါတယ်။

မေမေ၏မျက်ဝန်းများတွင် တစ်ဦးတည်းသောသားတစ်ယောက်ကို မတော်တဆ လက်လွှတ်ဆုံးရှုံးရတော့မည်ကဲ့သို့ လွန်မင်းစွာ စိုးရိမ်မှုပန်းသောကမျိုးဖြင့် ခံစားနေရကြောင်း သိသာပါသည်။ ကျွန်တော် သတိလစ်မေ့မြောနေတာ နာရီပေါင်း (၄၈) နာရီကျော်ပြီး ယခုမှ သတိရလာခြင်း ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ပြောပါသည်။ မေမေနှင့် ဆေးရုံအုပ်ကြီးသည် ငယ်သူငယ်ချင်းဖြစ်ရာ ဖေဖေကတော့ မြစ်ကြီးနား ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ ကျွန်တော် ဆေးရုံပေါ် ရောက်ရောက်ချင်း ဖေဖေ ရောက်ရှိလာပြီး အရေးပေါ်ကိစ္စ ပေါ်ပေါက်လာသဖြင့် မြစ်ကြီးနားသို့ ပြန်သွားရကြောင်း မေမေ ပြောပါသည်။

ကျွန်တော် သတိရရချင်း ရှေ့ဘာစ်ခုံကျော်မှ ကောင်မလေးအကြောင်းကို မေးလိုက်မိသည်။ မေမေသည် ဆောင်းနှင်းဝေဟူသောအမည်ကို ကြားလိုက်ရသည်နှင့် ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပျက်ယွင်းသွားပါသည်။



ကျွန်တော်နှင့် ဆောင်းနှင်းဝေကို ရှေးမှုလကပင် သိကျွမ်းနေသည်ဟု မေမေ ထင်မြင်ယူဆထားပုံလည်း ရပါသည်။ အမှန်တော့ - ဆောင်းနှင်းဝေဆိုသောကောင်မလေးကို စကားပင် ပြောဖူးသူ မဟုတ်ပါ။ ဘယ်တုံးကမှလည်း သူမနှင့် ရင်းနှီးကျွမ်းဝင်ဖူးခြင်း မရှိခဲ့ပါ။ ကျွန်တော်တို့နှစ်ယောက် အိပ်မက်ထဲတွင်သာ တွေ့ဆုံခဲ့ခြင်း ဖြစ်ပါသည်။ ထိုအကြောင်းတွေကို မေမေ့ကို ပြောပြလျှင် မေမေ ယုံကြည်ပါ့မလား။

ကောင်မလေး ဘယ်ဆီကို ရောက်သွားပါသလဲ။ ကျွန်တော် သိချင်ပါသည်။ ကျွန်တော်၏ဘယ်ဘက်ခြေထောက် သွင်သွင်ကျိုးသွားသည်ကိုပင် ကျွန်တော် ဂရုမစိုက်နိုင်ဘဲ ကောင်မလေးကိုသာ သတိရနေမိပါသည်။

မေမေသည် ပျက်ယွင်းသွားသောမျက်နှာကို တည်ငြိမ်စွာ ပြင်လိုက်ပြီးလျှင် -

"သူ - ရှိပါတယ် - သားရဲ့၊ ခု - သူက ဒဏ်ရာနည်းနည်းပြင်းတော့ အထူးကြပ်မတ်ဆောင်ကို ပို့ထားရတယ်"

မေမေသည် စကားကို ထိုမျှသာပြောပြီး ကျွန်တော်၏မေးခွန်းများ ထပ်မလာမီမှာပင် မသိကျိုးနွံပြုကာ စားပွဲပေါ်မှ ဆေးပုလင်းတွေကို ဟန်ဆောင်ပန်ဆောင် ရှင်းလင်း နေပါသည်။

သည်လိုနှင့် ...။

✓ ✓ ✓

ကျွန်တော်၏ဘဝတွင် ကြောက်မက်ဖွယ်ရာ ဖြစ်ရပ်ဆိုးကြီးကို ရင်ဆိုင်ဖြတ်သန်းလာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်တိတိ ကြာမြင့်ခဲ့ပေပြီ။ ထိုအဖြစ်ဆိုးကြီးသည် ရုံဖန်ရံခါဆိုသလိုပင် ကျွန်တော်၏ အတိတ်ကို ပြောင်းလှန်နေခဲ့သည်။ ဖြစ်ရပ်များသည် မနေ့တစ်နေ့ကလိုပင်၊ ရှင်သန်ထင်ရှားနေဆဲပင်။

www.burmeseclassic.com

ယနေ့သည် ကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီးကို ဖြတ်သန်းလာခဲ့သည့် ဆောင်းရာသီအစ၏နေ့ရက် ဖြစ်သည်သာမက ကျွန်တော့်ဘဝအတွက် အထူးခြားဆုံးသောမှတ်တိုင်တစ်ခုဟုဆိုက မှားမည်မဟုတ်ပေ။ 'New Dawn' ဧတးဂီတခေါင်းဆောင်ကျွန်တော်နှင့်ဒေါက်တာကေသီလွင်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စများကို ကျွန်တော်၏ ဂီတမိတ်ဆွေသူငယ်ချင်းများနှင့် ဆောင်ရွက်ပြီးနောက် နေအိမ်သို့ ပြန်လာခဲ့ချိန် ဖြစ်သည်။

ကျွန်တော်၏ဖေဖေနှင့် မေမေသည် လူမှုကိစ္စတစ်ခုဖြစ်သည့် လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်သားမွေးခြင်း စသည့် လူသားတာဝန်ကို ထမ်းဆောင်ရန် နောက်ကျ အရွယ်လွန်နေပြီဖြစ်သော ကျွန်တော့်ကို သူတို့သဘောတူနှစ်မြို့က်သည့် ဒေါက်တာကေသီလွင်နှင့် သဘောတူ စေ့စပ်ကြောင်းလမ်းခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာကေသီလွင်သည် အဖက်ဖက်က ပြည့်စုံသော အမျိုးသမီးတစ်ယောက်ဖြစ်သည်မှန်သော်လည်း ကျွန်တော် သူမကို မချစ်ပါ။ လက်ထပ်သင့်သည့်အမျိုးသမီးတစ်ယောက်ထက်လည်း မပိုပါ။ သူမတွင် ချို့ယွင်းအားနည်းချက်များမရှိဟု ယုံကြည်ပါသည်။

ကျွန်တော်သည် စိတ်ထွေပြားပြီး ငြီးစီစီဖြစ်နေသဖြင့် ခြံတံခါးမကြီးကို ပိတ်ရန် လျှောက်လာစဉ် ခြံဝသို့ ဦးတည်မောင်းနှင်လာသော အနက်ရောင် ပရာဒိုကား တစ်စီးကို သတိထားမိလိုက်ပါသည်။ မည်သည့်ဧည့်သည်ပါလိမ့်ဟု ကျွန် တော် စဉ်းစားနေမိစဉ်မှာပင် ကားတံခါးပွင့်သွားပြီး ကောင်မလေး တစ်ယောက် ဆင်းလာသည်။ ကောင်မလေးသည် မိုးပြာရောင် အထက်အောက် ဆင်တူဝတ်စုံကလေးကို ဝတ်ဆင်ထားပြီး ခွာမြင့်ဖိနပ်အပြာကလေး ကိုစီးထားပါသည်။ ကောင်မလေးသည် ကားတံခါးကိုမပိတ်သေးဘဲ ကျွန်တော့်ကို လှမ်းကြည့်နေသည်။ ကျွန်တော်ကလည်း လှမ်းကြည့်လိုက်မိသည်။



ရုတ်ခြည်းပင် ပတ်ဝန်းကျင်တစ်ခုလုံး လေထုမဲ့ အသံမဲ့ လှုပ်ရှားမှုမဲ့တာ လှုပ်ရှားမှုမှန်သမျှအားလုံး အားလုံး ရပ်တန့်ဆွံ့အသွားသည်ဟု ထင်လိုက်ရသည်။ တစ်လောကလုံး တိတ်ဆိတ်သွားသည်။ တစ်တမ္ဘာလုံးရှိ တိတ်ဆိတ်မှုမှန်သမျှ ဤနေရာကို ရောက်ရှိနေသလို ခံစားလိုက်ရခြင်း ဖြစ်သည်။

မဖြစ်နိုင်ဘူး၊ ကျွန်တော် ကောင်မလေးကိုမြင်နေရတာ မဟုတ်နိုင်ပါဘူး။ သူ ကွယ်လွန်သွားတာ နှစ်နှစ်ဆယ်ရှိပြီ။ သူ့ကို စွဲလမ်းစိတ်နဲ့ မြင်နေရတာ မှတ်ဖူး၊ သူ သေဆုံးသွားတာကြာပြီ၊ လောကကြီးမှာ သူ မရှိတော့ဘူး။

အမှန်ပင် – အပြာနရောင်အရိပ်ကလေးတစ်ခု ခြံဝမှာ ရပ်နေသည်။ အသက် (၁၉)နှစ်ခန့် ရှိမည်ထင်ရသော မည်းနက်တောက်ပသော မျက်ဝန်းလက်လက်များနှင့် လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ကောင်မလေး တစ်ယောက်နှင့် ထပ်တူထပ်မျှ လွန်မင်းစွာ အလွန်တူသော ကောင်မလေးတစ်ယောက်သည် အံ့ဩတကြီး အမူအရာနှင့် ငေးကြည့်နေရာမှ ခြေလှမ်းတို့ စ၍ရွေ့လျားလိုက်၏။ သူမ၏ မျက်လုံးများက ရုတ်ခြည်းရီဝေသွား၏၊ ညှိုးမှိုင်းပြာဝေသွားသည်။

ကျွန်တော်သည် လက်ထဲမှ ခြံတံခါးသော့တံကို လွှတ်ချလိုက်ပါသည်၊ ကျွန်တော်သည် လူမျိုးပေါက်စကလေးတစ်ယောက်ကဲ့သို့ နှလုံးသွေးတွေ တဆတ်ဆတ် တုန်ခါနေသည်။

ကောင်မလေးသည် ရှည်လျားသောဆံနွယ်များကို ဖွာခနဲဝဲလွင့်စေကာ လေးလံသော ခြေလှမ်းများဖြင့် ရွေ့လာလေပြီ။ ကောင်မလေး၏ မျက်ဝန်းများကို ကျွန်တော် လုံးဝမှတ်မိသွားသည်၊ နှုတ်ခမ်းများကို မှတ်မိသွားသည်။

တိတ်ဆိတ်မှုသည် နက်ရှိုင်းရာမှ ပြိုကွဲသွားသည်။ မလှုပ်မယှက် ငေးမောနေသော ကောင်မလေး၏မျက်ဝန်းများသည် မှုန်မှိုင်းရီဝေသွား၍ နှုတ်ခမ်းများသည်လည်း ချိုမြသောအပြုံးဖြင့် တောက်ပသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏စိတ်အာရုံသည် လွန်ခဲ့သောနှစ်နှစ်ဆယ်က ညတစ်ည ကို လုံးဝမှတ်မိသွားသည်၊ ကြေကွဲသောညတစ်ညကို နာကျင်စွာ သတိရမိ သွားသည်။

ကောင်မလေးသည် အပြေးတစ်ပိုင်းဖြင့် ကျွန်တော့်ထံသို့ လျှောက်လာ သည်၊ အိပ်မက်တစ်ခုကို ပွေ့ပိုက်သယ်ဆောင်လာသည်၊

"အို - ရှာလိုက်ရတာ - မော်ဇင်ရယ်၊ မြန်မာပြည်အနှံ့ပဲ၊ အို - ဆောရီး နော် - ဆောရီး - ဦးမော်ဇင်ရယ်"


လရောင်ထိမှန်ထားသော အိပ်မက်တစ်ခု ပြုတ်ကျသွားသည်၊ ထို အိပ်မက် တစ်မျိုးတည်းကို မက်ခဲ့ဖူးသူ ကမ္ဘာပေါ်တွင် နှစ်ယောက်တည်းသာ ရှိလိမ့်မည်။

☛ မင်းဘုန်းသိခ်သူ


စာမူများ ပေးပို့လိုပါက

အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း


www.burmeseclassic.com